


# သူတို့ပျော်ကြလေပြီ

## မင်းလူ

www.myanmarcupid.net

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၁၉၈၆၊ အောက်တိုဘာလ)
ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၂၊ ဧပြီလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [၂၇/၂၀၀၂(၁)] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ်            တို့အရ
ဦးသန်းဆွေ(၀၁၄၇၃) စစ်သည်တော်စာပေ၊ ၁၁၃၁/(က)၊
၁၉ ရပ်ကွက်၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်မှ ထုတ်ဝေပြီး
မျက်နှာဖုံးကို ဦးဇော်မြင့်ဝင်း (၀၆၈၂၁) ကာလာဖုံ ပုံနှိပ်တိုက်၊
အမှတ် (၁၈၄/ဘီ)၊ ၃၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်ပြီး
အတွင်းစာသားများကို ဦးမြသိန်း (၀၁၄၂၇) သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
၉၆/၁၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်သည်။

တန်ဖိုး (၅၈၀) ကျပ်

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

**pdf** မှတ်တမ်း

ကွန်ပြူတာ စာစီစာရိုက်

**zarni86 & sideeffect**

MMCP pdf Creator Group

မှတင်ဆက်သည်။

မြန်မာအီးဘွတ်အဖြစ်

ပထမအကြိမ်

ဖေဖော်ဝါရီလ ၂၀၀၉

# သူတို့ပျော်ကြလေပြီ

မင်းလူ

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

ဟော . . .

တစ်ပွင့်ကြွေကျလာပြီ။

ဟင် . . .

ဟိုမှာလည်းတစ်ပွင့်။

ဒီမှာလည်း တစ်ပွင့်။

ပွင့်တွေ အများကြီးပါလားကွယ်။

တသဲသဲ တဖွဲဖွဲ ကြွေကျနေကြတယ်။

တစ်ပွင့်ကို လေထဲမှာ လှမ်းဖမ်းကြည့်တယ်။ မရ။

ဝဲကျလာတဲ့ အပွင့်ကလေး တွေကို လက်ခုပ်နဲ့ ခံကြည့်တယ်။ မမိ။

လက်နှစ်ဖက်ကို ဇော့ယမ်းပြီး ဆုပ်ကိုင်တယ်။ လွဲပြန်တယ်။

အပွင့်မှုန်မှုန်တို့ကို မြင်လည်းမြင်နေရတယ်။ ကိုယ်ကို လာထိမှန်တယ်လို့လည်း ခံစားရတယ်။ ဒါပေမယ့် ဖမ်းဆုပ်ကိုင်လို့တော့ မရ။ မြေပေါ်မှာလည်း ရှာလို့မတွေ့။

ဩော် . . . လက်စသတ်တော့ သူတို့က မြက်ခင်းကလေးတွေရဲ့ အဖျားမှာ သွားစုပြီး တွဲလွဲခိုနေကြတာကိုး။

မြက်ခင်းအစပ်မှာ ထိုင်လိုက်တယ်။ မြက်ပင်ဖျားက နှင်းရည်စက်ကလေးတွေကို လက်ဝါးနဲ့ တယုတယ ခံယူတယ်။ ခဏအကြာမှာ လက်ဖဝါးနှစ်ဖက်စလုံး နှင်းရည်တွေနဲ့ ရွှဲရွှဲစိုပြီ။

ဆောင်းရဲ့ မနက်ခင်း ပုဂံလမ်းပေါ်မှာ တစ်ယောက်တည်း နှင်းပွင့်ကလေးတွေကို လိုက်ဖမ်းလိုက်၊ မြေပေါ်မှာ ကောက်ယူဖို့ ကြိုးစားလိုက်၊ မြက်ဖျားကနှင်းသီးလေးတွေကို ခူးလိုက် လုပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို အရူးမလေးလို့များ ထင်သွားကြမှာလား။

ထင်ပလေ့စေ။

လူဆိုတာ တစ်ယောက်တည်း ရှိနေတဲ့အခါ ကိုယ်နှုတ်အမူအရာနဲ့ မရူးတာတောင် စိတ်ကူးနဲ့တော့ ရူးလိုက်တတ်ကြတာပဲ မဟုတ်လား။

တစ်ခါတစ်လေ ခုလို လွတ်လွတ်လပ်လပ် နေချင်လို့ ကားကို လမ်းထိပ်မှာရပ်ခိုင်းပြီး ပုဂံလမ်းအတိုင်း လျှောက်ဝင်လာခဲ့တာပဲလေ။

မနက်အစောကြီးမို့လို့ ပုဂံလမ်းပေါ်မှာ လူရှင်းနေတယ်။ သူနဲ့ နှင်းပွင့်ကလေးတွေပဲ ရှိတယ်။ ဩော် . . . မေ့လို့၊ မနက်စောစော စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း လုပ်နေကြတဲ့ လိပ်ပြာကလေးတွေလည်း ရှိကြပါသေးတယ်။

လေ့ကျင့်ခန်းလုပ်လို့ မောတဲ့အခါ ပန်းပွင့်ကလေးတွေပေါ်မှာ အနားယူရင်းဝတ်ရည်စုပ်ကြတယ်။ သူတို့အဖို့တော့ ပွင့်ဖတ် ပွင့်ချပ်ကလေးတွေဟာ ဆိုဖာကြီးတွေလို ဖြစ်နေမှာပဲ။ ပန်းပွင့်တွေ အများကြီးကို အထပ်ထပ်ခင်းပြီး အဲဒီအပေါ်မှာ အိပ်လိုက်ရရင် ဘယ်လောက် ဇိမ်ရှိလိုက်မလဲ။

အင်း . . . ဒီချိန်ဆိုရင်တော့ သူအရင်လာနေကျ လမ်းရိုးတစ်လျှောက်မှာ ခြုံခိုတိုက်ခိုက်ဖို့ စောင့်နေတဲ့လူတွေ နေရာယူထားပြီး နေကြရော့မယ်။

ရယ်စရာတော့ အကောင်းသား။

ကားပေါ်ကဆင်းပြီး အတန်းရှိရာကို လျှောက်လာပြီဆိုရင် စာလိုက်ပေးတဲ့လူ၊ စကားလိုက်ပြောတဲ့လူ၊ နောက်က လိုက်ကြည့်တဲ့လူ၊ တစ်နေရာရာကချောင်းကြည့်နေတဲ့လူတွေ ရှောင်လို့ကို မလွတ်နိုင်ဘူး။

ဘယ်နေရာကိုပဲ သွားသွား၊ တစ်ယောက်မဟုတ် တစ်ယောက်တော့ ကပ်ပါလာတတ်တာပဲ။ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် သွားရတယ်လို့ မရှိဘူး။

တစ်နေရာရာ သွားချင်ရင် တစ်ယောက်တည်း မသွားရဲ။ သူငယ်ချင်းတွေ အဖော်ခေါ်သွားမှ။ ယုတ်စွအဆုံး အိမ်သာသွားချင်ရင်တောင် အလစ်မပေးဘဲ စောင့်ကြည့်နေတဲ့လူက ရှိသေး။

ဩော် . . . လှရတဲ့ဒုက္ခကလည်း မသေးပါလား။

ဟုတ်တယ်။ လှတယ်။

နာမည်ကလည်း လှတယ်။

"လှိုင်ထိပ်ထားဦး"

လူကလည်း လှတယ်။ အရပ်အမောင်းကောင်းတယ်။ မြန်မာမိန်းကလေး တွေထဲမှာ ရှားပါးတဲ့အရပ်။ ငါးပေ လေးလက်မတိတိ ရှိတယ်။ သို့ပေမယ့် တချို့ အရပ်ရှည်တဲ့ မိန်းကလေးတွေလို ကလန်ကလားကြီးတော့ မဟုတ်။ အရပ် အမောင်းနဲ့ လိုက်ဖက်တဲ့ ကိုယ်ခန္ဓာအချိုးအစားရှိတယ်။ မြင်သာအောင် နှိုင်းပြ ရရင် ဖာရာဖောဆက်ရဲ့ အချိုးအစားကို စကေးကိုက် နည်းနည်းချုံ့ကြည့်လိုက်။

အသားအရေက သိပ်စိုပြေတယ်။ နွားနို့ဖန်ခွက်ထဲကို စတော်ဘယ်ရီ ရောင်ကလေး နည်းနည်း စပ်ထားသလို ပန်းရောင်ပြေးနေတဲ့ အသားမျိုး။ ပိရိတဲ့ နှုတ်ခမ်းနဲ့ စူးရှတဲ့မျက်လုံးတွေက "မဟာသွေး" မကင်းကြောင်း ပြနေတယ်။

ဆံပင်ကို သုံးရာတန် အကြေကောက် ကောက်ထားတယ်။ မျက်နှာသုတ် ပဝါအသားလို အမွေးပွအင်္ကျီ လက်တို ပန်းရောင်၊ ထမီက အနီရဲရဲ။ နိုင်ငံခြားဖြစ် ဖိနပ်ပါးကလေးကို စီးထားတယ်။

လှိုင်ထိပ်ထားဦးရဲ့ အကျင့်က တစ်ခုခု ထူးခြားအောင် လုပ်လာတတ်တာပဲ။ ဒီနေ့အဖို့တော့ မျက်နှာကို သနပ်ခါးမှုန့်၊ မိတ်ကပ်တို့တောင် မခြယ်သဘဲ လုံးဝ နဂိုနေအတိုင်းထားပြီး လာခဲ့တယ်။ ဒါကိုက တစ်မျိုးကြည့်လို့ ကောင်းနေပြန် တယ်။ ပြောင်တင်းတင်းကလေး ဖြစ်နေတဲ့ အသားကို ဆောင်းလေအေး ဖျန်းထားလို့ ပါးကလေးတွေ ရဲနေတာကို မြင်ရတဲ့လူမှာ အောက်ဆီဂျင်နဲ့

ကာဗွန်ဒိုင်အောက်ဆိုက် ဖလှယ်မှု ကမောက်ကမ ဖြစ်သွားနိုင်တယ်။ အသက်ရှူ မှားသွားမယ်လို့ ဆိုလိုတာ။

ဒါက သူ့ရဲ့အလှ။

ပြီးတော့ သူ့ရဲ့ဘဝ။

တချို့လူတွေရဲ့ စိတ်ထဲမှာ "ဘဝ" လို့ ဆိုလိုက်တာနဲ့ ရုန်းကန် လှုပ်ရှား ရတာကို ပြောတာလို့ ထင်လိုက်တတ်ကြတယ်။ တကယ်တော့ ဘဝဆိုတာ "ဖြစ်ခြင်း" လို့ပဲ အဓိပ္ပါယ်ရတယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ လူတော်တော် များများဟာ လူရယ်လို့ ဖြစ်လာပြီဆိုတာနဲ့ ရုန်းကန်လှုပ်ရှား နေကြရတာ မဟုတ်လား။ ဒီတော့ ဘဝဆိုတာ တိုက်ပွဲတို့ ဘာတို့ အဓိပ္ပါယ် ဖွင့်ဆို ကုန်ကြ တာပေါ့။

လှိုင်ထိပ်ထားဦးရဲ့ ဘဝကလား။ ရုန်းကန်လှုပ်ရှားမှုနဲ့ ဘယ်ကင်းပါ့မလဲ။ ဟုတ်တယ်လေ၊ မွေးခါစတုန်းကပေါ့။ မိခင်ဝမ်းထဲကနေ အပြင်ကို ထိုးထွက်ဖို့ ရုန်းကန်လှုပ်ရှားခဲ့ရတာပဲ။ အင်း . . . ဒါတစ်ခုတည်းပါပဲ။ တခြားတော့ မရှိပါ ဘူး။

မိခင်ရဲ့ ဝမ်းထဲက ကျွတ်ပြီးနောက်ပိုင်းမှာတော့ အရာရာဟာ အဆင်သင့်။ လှိုင်ထိပ်ထားဦးရဲ့ ဘဝဟာ တော်သလင်းမြစ်တွင်း သင်ဖြူးခင်းနေတဲ့အချိန်မှာ ဇိမ်ခံသင်္ဘောကြီးပေါ်က အထက်တန်းခန်းထဲ စီးနင်းလိုက်ပါရသလို တငြိမ့်ငြိမ့် ပဲ။ ပူပင်စရာ ဘာမှမရှိဘူး။

မျိုးနဲ့ ရိုးနဲ့ ချမ်းသာတယ်လို့ ဆိုကြတာပဲလေ။ ကမ္ဘာဦးအစကတည်းက ချမ်းသာတဲ့မျိုးရိုးလို့တော့ မဆိုလိုပါ။ ဘာပဲဖြစ်ဖြစ် လက်လှမ်းမီသလောက် မျိုးဆက်ကို ပြန်လှမ်းမျှော်ကြည့်လိုက်ရင် ဆင်းရဲတဲ့လူရယ်လို့ မရှိတာတော့ အမှန်။

ဖေဖေတို့ဘက်က ရေနံတွင်းစား တွင်းရိုး မျိုးဆက်။ မယ်မယ်တို့ဘက် ကျတော့ မင်းသမီးတစ်ပါးက တိုက်ရိုက် ဆင်းသက်လာတဲ့မျိုးရိုး။

ခြုံငုံပြီးပြောရရင် လှိုင်ထိပ်ထားဦးဟာ လူကလည်းလှတယ်။ ဘဝကလည်း လှတယ်။ ကဲလေ . . . ဒီလိုလူမျိုးကို မကြိုက်ချင်တဲ့လူများ ရှိပါဦးတော့မလား။

အများကြီးပဲ။ တစ်ပုံတစ်ခေါင်းကြီးပဲ။ သူ့သတင်းက ရန်ကုန်တက္ကသိုလ်နယ်မြေကို ကျော်လွန်ပြီး စီးပွားရေး၊ ဆေး၊ စက်မှု၊ ပညာရေးတက္ကသိုလ်တွေအထိ ပျံ့နှံ့နေတယ်။ ဒါကြောင့်လည်း သူ့ဘေးမှာ ဆရာဝန်လောင်းတွေ၊ အရာရှိလောင်းတွေ၊ အလုပ်လက်မဲ့လောင်းတွေ ဝိုင်းဝိုင်းလည်နေတာပေါ့။

ဘာကြောင့်လဲ။ ရှင်းပါတယ်။ ချောလို့၊ လှလို့၊ ပိုက်ဆံချမ်းသာလို့။ ဒါတွေက အဓိက မဟုတ်ပါဘူး။ တကယ့် အချစ်စစ်အချစ်မှန်နဲ့ပါ ဆိုတဲ့လူမျိုး မရှိနိုင်ဘူးလား။ ရှားရှားပါးပါး ဆိုသလိုတော့ ရှိနိုင်ပါရဲ့။ သို့ပေမယ့် ဘယ်သူ့ကို ယုံရမလဲ။ အချစ်စစ်အချစ်မှန်ဆိုတာ "ချို" ပါတာမှ မဟုတ်ဘဲ။

များသောအားဖြင့်ကတော့ ချစ်တာ မဟုတ်ဘူး။ ကြိုက်တာ။ သူတို့ ဘယ်အချိုးမျိုး ချိုးမယ်ဆိုတာ သိပါတယ်လေ။ အမြန်ကား စပယ်ယာတွေလိုပေါ့။ ကားပေါ် မရောက်ခင်မှာ သဘောကောင်းလိုက်တာ။

"ညီမလေး၊ နေစရာတွေ ရှိတယ်၊ ဖြည်းဖြည်းတက် ရတယ်၊ လေးဘီးလုံး ရပ်ပြီး စောင့်နေမယ်" ဆိုပြီး ဖားလိုက်တာလွန်ရော။ ကားပေါ်လည်း ရောက်ပြီးလို့ ပိုက်ဆံလည်း ပေးပြီးရော၊ တစ်သက်လုံး သူကျွေးထားတဲ့ ထမင်းကို စားလာခဲ့သလိုပဲ ဟိန်းလိုက် ဟောက်လိုက်တာ။ မှတ်တိုင်ရောက်လို့ ဆင်းမယ်ကြံရင်လည်း ကန်မချရုံတစ်မည်ပဲ။ ယောကျ်ားတွေက ဒီလိုပဲ၊ ဘာထူးသလဲ။

ဒါကြောင့် ဘယ်သူ့မှ မယုံဘူး။ ဘယ်သူ့မှ မချစ်ချင်ဘူး။ ကိုယ့်ကိုယ်ကိုပဲ ချစ်တာ အကောင်းဆုံး။

ဘာတဲ့။ သနားပါတဲ့ ဟုတ်စ။ ဘာလို့ သနားရမှာလဲ။ သူတို့က နူနေလို့လား၊ ကျိုးကန်းနေလို့လား။ သူတောင်းစားဆိုရင်တော့ ပိုက်ဆံ ဆယ်ပြား တစ်မတ်လောက် ပေးလိုက်ပါတယ်။

တချို့လည်း လာလာချေသေးတယ်။ သူတို့ကို ပြန်မချစ်လို့ စိမ်းကားသူ၊ ရက်စက်သူကြီးတဲ့။ ပြဿနာပါလား။ ဘယ်သူကမှ ကြိုက်ပါချစ်ပါလို့ အတင်း တိုက်တွန်းတာလည်း မဟုတ်။ သူတို့ဘာသာ မနေနိုင် မထိုင်နိုင် လာကြိုက်ကြပြီးတော့။ ဒါကို ပြန်မကြိုက်ရကောင်းလားလို့ အပြစ်ပြောချင်တာ တရားသလား။ ကိုယ်ကြိုက်ချင်မှ ကြိုက်မှာပေါ့။ လာပြီး ချဉ်းကပ်တိုင်းသာ ပြန်ကြိုက်ရမယ်

ဆိုရင် အငတ်ဘေးဒုက္ခသည်တွေကြားထဲကို ပေါင်မုန့်တစ်လုံး ပစ်ပေးလိုက်သလို တစ်စစီ ဖြစ်သွားမှာပေါ့။

ရယ်စရာကောင်းပါတယ်။ တချို့ကလည်း လွယ်လွယ်နဲ့ အချောင်ရမလားလို့ စမ်းကြည့်ချင်သေးတယ်။ မရတော့မှ နောက်သလိုလို ပြောင်သလိုလိုလုပ်ပြီး နောက်ဆုတ်သွားကြတာ။

အချစ်ဆိုတာ ဒန်အိုးဒန်ခွက်လို ပဲလျော်နဲ့ လဲလို့ရတယ်များ မှတ်နေသလား။ အဲသလိုဆိုရင်တော့ မေတ္တာပုလင်းခွံတွေ၊ သံယောဇဉ် ဝါယာကြိုးအဟောင်းတွေ၊ နှလုံးသား မီးသီးအကျွမ်းတွေပဲ ရတော့မှာပေါ့။

ဟော . . . အရူးတွေအကြောင်း လျှောက်စဉ်းစားနေတာနဲ့ ကျောင်းချိန်တောင် နောက်ကျနေပြီလားမသိ။

နေရောင်ခြည်နွေးနွေးက ကုတ်သားပေါ်ကို ကျလာတယ်။ မကြာခင်မှာ နှင်းတွေကွဲပြီး နေပြင်းပြင်း ပူလာတော့မယ်။ မြက်ပင်ဖျားမှာ ဒန်းစီးရင်း အပျော်ကြီး ပျော်နေကြတဲ့ နှင်းရည်စက်ကလေးတွေဟာ အခိုးအငွေ့အဖြစ်နဲ့ နေရာဟောင်းကို ပြန်ထွက်ပြေးကြရတော့မယ်။ နှင်းကလေးတွေရေ၊ မင်းတို့ကိုတော့ သနားပါတယ်ကွယ်။

ဟိုကောင်တွေကိုတော့ မသနားပါဘူး။

လှိုင်ထိပ်ထားဦး လာမယ့် လမ်းတစ်လျှောက်မှာ အသင့်နေရာယူပြီး စောင့်ဆိုင်းနေကြတဲ့ ကောင်တွေပေါ့။ သူတို့ထင်သလို လာနေကျလမ်းက မလာဘဲ မမျှော်လင့်တဲ့ဘက်က ရုတ်တရက် ဝင်လာတာတွေ့ရင် ဘယ်လောက် ရတ်ရတ်သဲသဲ ဖြစ်ကုန်ကြမလဲ မသိဘူးနော်။

စဉ်းစားနေတုန်းမှာ နောက်ဘက်က စက်သံသဲ့သဲ့လိုလိုကြားလို့ ကြည့်မိတယ်။

ဆိုင်ကယ်တစ်စင်းပေါ်က လူတစ်ယောက်။ ဆိုင်ကယ်ကို ဘီးလိမ့်တယ်ဆိုရုံကလေး လှိမ့်လာတာ။ ဒီလောက် အရှိန်နှေးနှေးကလေးနဲ့ မောင်းနေတာတောင် ဆိုင်ကယ်က တိမ်းစောင်းမသွားဘဲ တည့်တည့်မတ်မတ် ရှိနေတာတော့ ချီးကျူးစရာပဲ။

အဲဒီလူက လှိုင်ထိပ်ထားဦးကို စောင်းငဲ့ကြည့်တယ်။ ဆိုင်ကယ်စီးဦးထုပ်က စိမ်းဖန့်ဖန့် လေကာမှန်ကို ချထားလို့ မျက်နှာကိုတော့ မမြင်ရ။

ဆိုင်ကယ်ကောင်ဆီက ရယ်သံသဲ့သဲ့ ထွက်လာတယ်။ ပြီးတော့ မြက်ခင်းစပ်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ လှိုင်ထိပ်ထားဦးကို . . .

"ပိုက်ဆံဆယ်ပြားလောက် ကျပျောက်တာများ အပင်ပန်းခံပြီး ရှာမနေပါနဲ့လေ။ မုန့်စားစရာ မရှိရင်လည်း ဝယ်ကျွေးမှာပေါ့" လို့ ပြောတယ်။

လှိုင်ထိပ်ထားဦး ဆတ်ကနဲ ထရပ်လိုက်တယ်။ သို့ပေမယ့် နောက်ကျသွားပြီ။

ဆိုင်ကယ်ကို ဟဲကနဲ စက်ရှိန်မြှင့်ပြီး မောင်းထွက်သွားပြီ။ သူ ဘယ်သူမှန်း မသိလိုက်ရ။ မျက်နှာကိုလည်း မမြင်လိုက်ရ။ တစ်ခုပဲ။ မရိန်းတပ်သားတွေ ဝတ်တဲ့ ဂျက်ကက်ပြောက်ကျားကြီး ဝတ်ထားတာကိုး။

လှိုင်ထိပ်ထားဦး နှုတ်ခမ်းကို ကိုက်လိုက်တယ်။

*

ဆိုင်ကယ်စီးရတဲ့ အရသာဟာ ဘာနဲ့မှ မတူဘူး။ လျှာပေါ်မှာ ခံစားရတဲ့ ချိုတယ်၊ ချဉ်တယ်၊ ဆိမ့်တယ်ဆိုတာမျိုး မဟုတ်။ အရေပြားကနေတစ်ဆင့် စိတ်ထဲမှာ ခံစားရတဲ့ အရသာမျိုး။

အိမ်မှာ ကားနှစ်စင်းတောင် ရှိသားပဲ။ သို့ပေမယ့် ကားစီးရတာ သိပ်မကြိုက်လှဘူး။ မော်တော်ကားဆိုတာ သေတ္တာအကြီးကြီး တစ်လုံးကို စက်တပ်ထားသလိုပဲ။ အထဲဝင်လိုက်တာနဲ့ လှောင်အိုက်မွန်းကျပ်သွားတာပဲ။

နောက်ပြီးတော့ ကားဆိုတာ ကိုယ့်ဘက်က အစစအရာရာ အသာစီးရအောင် လုပ်ထားတာ။ တိုက်မိခိုက်မိတဲ့အခါ အပျက်အစီး၊ အထိအခိုက် နည်းနိုင်သမျှနည်းအောင် ဘန်ပါတွေ၊ မတ်ကတ်တွေနဲ့ ခုခံကာကွယ်ထားတာ မဟုတ်လား။

ဆိုင်ကယ်စီးတာဟာ အန္တရာယ်များတဲ့အလုပ်လို့ ပြောကြတယ်။ သိပ်မှန်တာပေါ့။ ကားနဲ့ တိုက်မိရင်လည်း ကိုယ်ပဲနာတယ်။ ဆိုက်ကားတို့၊ စက်ဘီးတို့နဲ့ တိုက်မိရင် သူရော၊ ကိုယ်ရော နာတယ်။ လူကို တိုက်မိရင်တောင် ကိုယ်လည်း နည်းနည်းတော့ ထိတတ်သေးတာပဲ။ ယုတ်စွအဆုံး ခဲလုံးကလေး တစ်လုံးကတောင် ဆိုင်ကယ်ကို ကျွမ်းပြန်သွားအောင် ဒုက္ခပေးနိုင်တယ်။

အဲဒီလို အန္တရာယ်နဲ့ ပြိုင်ရတာမျိုးကိုက အရသာတစ်မျိုးပဲ။

နောက်တစ်ချက်က ဆိုင်ကယ်စီးတဲ့အခါမှာ လေထုရဲ့ တုံ့ပြန်မှု။ ဆိုင်ကယ်ရဲ့ အရှိန်မြင့်လေ လေတိုးတဲ့အရှိန် မြင့်လေပဲ။ ဥပမာ ဆိုင်ကယ်ကို တစ်နာရီ ကီလိုမီတာ ငါးဆယ်နှုန်း မောင်းတယ်ဆိုရင် အဲဒီနှုန်းလောက်ရှိတဲ့ လေမုန်တိုင်းထဲမှာ ဖြတ်သွားနေရသလိုပဲ။

အရှိန်သိပ်မြင့်လာတဲ့အခါ တိုးဝင်လာတဲ့လေဟာ အရေပြားကို ဖောက်ပြီး သွေးကြောထဲ စိမ့်ဝင်သွားတယ်လို့ ထင်ရတယ်။ အထူးသဖြင့် ခုလို ဆောင်းရာသီရဲ့ မနက်ခင်းမှာ။ လေတိုးခံရတာကို သဘောကျပေမယ့် မျက်စိကို ဥပဒ်ပေးမှာစိုးလို့ ဆိုင်ကယ်စီးဦးထုပ်က လေကာမှန်ကိုတော့ ချထားရတယ်။

ခုစီးနေတဲ့ ဘီအမ်ဒဗလျူ ဆိုင်ကယ်ကြီးကို သိပ်သဘောကျတယ်။ ဒီမှာတော့ ရှားရှားပါးပါးပဲ။ ရှားဆို ဒီအမျိုးအစား ဒီပုံစံ ဒီတစ်စင်းပဲ ရှိတယ်။ ဂျာမနီက သင်္ဘောနဲ့ တိုက်ရိုက်သွင်းလာတာ။ ဒီအရောက် ဒေါ်လာနှစ်ထောင်လောက်ကျတယ်။ ရုပ်ရှင်မင်းသားတစ်ယောက်က ရှစ်သောင်းခွဲအထိ ပေးပြီး အတင်းလိုက်ဝယ်သေးတယ်။ မရောင်းဘူး။

ဟွန်ဒါ၊ ယာမဟာ၊ ကာဝါဆကီ စတဲ့ ဆိုင်ကယ်မျိုးတွေက လူတကာ တက်ခွနေတတ်တာမျိုး မဟုတ်လား။ ဒီကောင်ကြီးကတော့ တစ်စင်းတည်းမို့ တစ်ဦးတည်းပိုင်လို ဖြစ်နေတယ်လေ။ ဒါကြောင့် ပိုပြီး သဘောကျတာ။

ဒီနေ့မနက် နည်းနည်းပိုအေးတယ်။ ဒါကြောင့် ဖီးလ်ဂျက်ကက်ကြီး ဝတ်လာခဲ့တယ်။ အအေးကြောက်တတ်လို့တော့ မဟုတ်။ မနေ့ကမှ သင်္ဘောသားတစ်ယောက်ဆီက ကိုးရာနဲ့ ဝယ်ထားတဲ့ ဂျက်ကက်ကို ဝတ်ကြည့်ချင်လို့။

တက္ကသိုလ်ရိပ်သာလမ်းပေါ်မှာ စိတ်ကြိုက်မောင်းလာခဲ့ပြီး ကျောင်းဝင်းထဲ ချိုးဝင်ပြီးတော့ အရှိန်လျှော့လိုက်တယ်။

ပုဂံလမ်းပေါ်က မြက်ခင်းအစပ်မှာ ကောင်မလေးတစ်ယောက် ထိုင်နေတာ လှမ်းတွေ့လိုက်ရတယ်။

ဘာလုပ်နေပါလိမ့်လို့ သိချင်တာနဲ့ ဆိုင်ကယ်ကို အသံမမြည်အောင် ဘီးလိမ့်တယ်ဆိုရုံလေး လိမ့်လာခဲ့တယ်။

ဩော် . . . ကောင်မလေးက မြက်ပင်ကလေးတွေကို ထိုင်ကြည့်ရင်း စိတ်ကူးယဉ်နေတာကိုး။ နည်းနည်းနောက်ချင်စိတ် ပေါ်လာတာနဲ့ သူ့အနား ရောက်တဲ့အခါ ဆိုင်ကယ်အင်ဂျင်သံကို နည်းနည်းမြှင့်လိုက်တယ်။

သူ့ကို စပြီးတော့ ဆိုင်ကယ်ကို အရှိန်နဲ့ မောင်းထွက်ခဲ့တယ်။ ကောင်မလေး ဒေါကန်ပြီး ကျန်ခဲ့မှာပဲ။

လှတော့ တော်တော်လှတဲ့ ကောင်မလေး။ တော်ရုံတန်ရုံ လှတာဆိုရင် စကားထဲ ထည့်မပြောပါဘူး။ ခုဟာက . . . ဩော် သိပြီ။ လှိုင်ထိပ်ထားဦး ဆိုတာ သူပဲဖြစ်ရမယ်။

တက္ကသိုလ်မှာ ဘာသာရပ်အလိုက် ဌာနတွေကနေ အလှဘုရင်မ တစ်ယောက်စီ ရွေးလေ့ရှိတယ်။

သူကတော့ အဲဒီ အလှဘုရင်မတွေထဲမှာမှ အလှဆုံးအဖြစ် ထပ်အရွေးခံထား ရတဲ့ အလှကြေးရီပဲ။

ကျောင်းသားတွေထဲမှာတော့ ဧကရာဇ်ဆိုပြီး ရွေးလေ့မရှိပါဘူး။ အကယ်၍ ရှိခဲ့ရင်တော့ "ချစ်ထွတ်တင်" ကိုပဲ ရွေးရမှာပဲ။ ဧကရာဇ်ဆိုရင် ဧကရီနဲ့သာ လိုက်ဖက်ညီရတော့မှာပေါ့။

ဟောဗျာ။ ဒီကောင်မလေးကိုများ စိတ်ဝင်စားနေမိ လေရော့သလား။ ချစ်ထွတ်တင်ရဲ့ ဆိုင်ကယ်သံကြားလို့ ကောင်မလေး ဖျတ်ကနဲ လှည့်အကြည့်မှာ နှလုံးသားက ဒိတ်ကနဲ ဖြစ်သွားမိသလား မသိ။

ကိုယ့်ရင်ဘတ်ကို ကိုယ့်နားနဲ့ ပြန်ကပ်ပြီး နားထောင်ကြည့်လို့ မရတော့လည်း ခက်သားကလား။ နေပါဦးလေ။ အရင်းနှီးဆုံး မိတ်ဆွေနှစ်ယောက်ဖြစ်တဲ့ ဦးနှောက်နဲ့ နှလုံးသားတို့ တိုင်တိုင်ပင်ပင် လုပ်ကြဦးပေါ့။

ခု လောလောဆယ်မှာတော့ စားသောက်ဆိုင်ဝင်ပြီး နွားနို့ပူပူလေးတစ်ခွက်လောက် သောက်လိုက်ပါဦးလား ချစ်ထွတ်တင်ရယ်။

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

အောင်စိုးသည် ဘတ်(စ်)ကား ကျပ်နေသည်ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေ၏။ ဒီနေ့မနက် တော်တော်ချမ်းသည်။ အိမ်မှ ကားမှတ်တိုင်သို့ လမ်းလျှောက်တုန်းကဆိုလျှင် မြောက်လေအေးကလည်း တိုက်နေသဖြင့် ကြက်သီးများတောင် ထလာသည်။

မနေ့ကပင် အိုက်စပ်စပ်ရှိနေတုန်း ဖြစ်သည်။ ဒီမနက်ကျ ဆောင်းက ရုတ်တရက် ပီသလာခဲ့၏။ အပူအအေး ချက်ချင်း ပြောင်းလဲသွားသဖြင့် ပို၍ ချမ်းသည်ဟု ထင်မိခြင်းပင်။ အေးဖန်များလျှင်တော့ ရိုးသွားလိမ့်မည် ထင်သည်။

အိမ်က ထွက်ခါနီးတွင် ချမ်းမှန်းသိသော်လည်း ဘာမျှမတတ်နိုင်ချေ။ တစ်ထည်တည်းသော တိုက်ပုံအင်္ကျီကို သူငယ်ချင်းတစ်ယောက် မနေ့က ငှားသွားသည်။ မင်္ဂလာဆောင် သွားစရာရှိသောကြောင့်ဖြစ်၏။ ဂျာကင်အင်္ကျီ ကိုလည်း လျှော်ထားခဲ့သည်။ မခြောက်သေး။ ထို့ကြောင့် အင်းဝစွပ်ကျယ် လက်စကကို အောက်ကခံပြီး တက်ထရွန်လက်ရှည် အဖြူကလေး ဝတ်လာခဲ့ရ သည်။

ကားပေါ်ရောက်ပြီး တဖြည်းဖြည်း လူတွေကျပ်လာသည်။ လူငွေ့ဖြင့် နွေးလာသည်။ ဘတ်(စ်)ကားအိုကြီးတွင်လည်း ဇိဝ အပူပေးစက်ပါသားပဲဟု တွေးမိသည်။

မနက်စောစောဖြစ်သောကြောင့် လူကျပ်သော်လည်း ကားထဲမှာ သိပ်မွန်း ကျပ်ခြင်း မဖြစ်သေးချေ။ ကားပေါ်ရှိ လူအားလုံးလိုလိုမှာ အိမ်က ထွက်လာခါစ လည်းဖြစ်၊ ဆောင်းရာသီလည်း ဖြစ်သဖြင့် ချွေးသိပ်မထွက်ကြသေး။ မိန်းကလေးများလည်း အမွှေးနံ့သာ လိမ်းခြယ်လာခါစဖြစ်သည်။ ပြီးတော့ ဒီကားပေါ်မှာ အများစုသည် ကျောင်းသူကျောင်းသားများဖြစ်ကြ၏။ ထို့ကြောင့် ကားပေါ်မှာ ချွေးနံ့၊ ချေးညှော်နံ့ စသော အနံ့ဆိုးတို့ သိပ်မရှိ။ နည်းနည်းတောင် မွှေးနေသလား မသိ။

ဤသို့ တွေးမိတော့မှ သူ့ဘေးနားကို မျက်လုံးဝေ့ကြည့်မိသည်။ သူသည် ကားဂိတ်မှစ၍ စီးသူဖြစ်သဖြင့် ထိုင်စရာနေရာ ရတတ်သည်။ ဒီနေ့လည်း နေရာရခဲ့၏။

သူ့ဘေးမှာ ကပ်လျက်ရပ်နေသူမှာ ကျောင်းသူကလေးဖြစ်သည်။ မျက်နှာ ထိတော့ မော့မကြည့်ဖြစ်။ ထမင်းဘူးကိုင်ထားသော လက်ကလေးကိုသာ ကြည့်ဖြစ်သည်။ သနပ်ခါးနံ့သည် ထိုမိန်းကလေးဆီက ရခြင်းဖြစ်မည်။

ကျောင်းချိန်ဖြစ်သဖြင့် မှတ်တိုင်တစ်ခုမှာ ရပ်လိုက်တိုင်း ဆင်းသူထက် တက်သူက ပို၍များနေသည်။ ကားစပယ်ယာကလည်း တက်လာသောသူများကို နေရာချထားခြင်းဖြင့် မအားမလပ်အောင် ရှိနေသည်။

"ကျောချင်းကပ်ကြပါ။ ဟိုအကျီနဲ့အစ်မ အတွင်းဘက် နည်းနည်းတိုးပေး ပါ။ ဟုတ်ပြီ။ နည်းနည်းလောက်ဗျာ၊ တစ်လက်မစီလောက်ပဲ တိုးပေးကြပါ။ ခရီးသည်ချင်း ကိုယ်ချင်းစာကြပါ။ ကျောင်းချိန်ကလေး မီသွားအောင် သွက် သွက်ကလေး၊ သွက်သွက်ကလေး"

ရန်ကင်း ဆယ့်နှစ်လုံးတန်းကို ကျော်လာသောအခါ ကားထဲမှာ အပြင်လေ မတိုးနိုင်လောက်အောင်ပင် ကျပ်ညပ်နေသည်။ ကား ချိုင့်ဆောင့်လိုက်သောအခါ တွင် ဘေးမှာရပ်နေသော ကျောင်းသူ၏ တံတောင်က အောင်စိုးခေါင်းကို လာဆောင့်မိသည်။

"ဆောရီး"

ခပ်တိုးတိုး ရေရွတ်သံ ကြားရ၏။ သူမော့ကြည့်လိုက်သည်။ မိန်းကလေးက အားနာဟန်ဖြင့် တစ်ချက်ပြန်ကြည့်သည်။

မိန်းကလေးသည် ကျပ်ကျပ်တည်းတည်း လူတွေကြားထဲတွင် အဆင်ပြေပြေ နေနိုင်အောင် ကြိုးစား၍ ရပ်နေသည်။ သို့ရာတွင် လူဝဝကြီးတစ်ယောက်ရှိနေသည်။ ထိုလူကြီးက ဖိတွန်းထားသဖြင့် ဖြောင့်ဖြောင့်မတ်မတ် မရပ်နိုင်။ လက်တစ်ဖက်က ထမင်းဘူး ကိုင်ထားရသဖြင့် ကျန်လက်တစ်ဖက်တည်းဖြင့် တန်းကို လှမ်းကိုင်ပြီး ယိုင်လဲမသွားအောင် တောင့်ခံထားပုံရသည်။ ထိုလက်ကလည်း တန်းကို မမီမကမ်း လှမ်းဆွဲထားရခြင်းဖြစ်သည်။

ဘတ်(စ်)ကားကို တွယ်စီးရမှ မဟုတ်။ အထဲဝင်စီးလျှင်လည်း ခုလိုမျိုး ကြုံရသည့်အခါ လက်အံသေလာတတ်ကြောင်း အောင်စိုး သိသည်။

ထပြီး နေရာဖယ်ပေးလိုက်ရ ကောင်းမလားဟု စဉ်းစားမိသည်။ တစ်မျိုးထင်သွားမှာလည်း စိုးသည်။ ထမင်းဘူးကို ယူကိုင်ပေးထားလျှင်တော့ လက်တစ်ဖက် အားသွားပြီး ထိုင်ခုံနောက်မှီက တန်းကို ကိုင်ထားလို့ ရမည်။ ရပ်ရတာ နည်းနည်း သက်တောင့်သက်သာရှိမည်။ ထို့ကြောင့် . . . "ထမင်းဘူး ပေးထားပါလား" ဟု ပြောလိုက်သည်။

မိန်းကလေးက ဟန်လုပ်မနေတော့။ "ကျေးဇူးပဲ" ဆိုပြီး ထမင်းဘူးကို လှမ်းပေးသည်။ အောင်စိုးက မိန်းကလေး၏ ထမင်းဘူးကို သူ့ထမင်းဘူးပေါ်မှာ ထပ်တင်ပြီး ကိုင်ထားလိုက်၏။

ထမင်းဘူးကလေးကို ကြည့်မိသည်။ အညာဖြစ် လက်သုတ်ပဝါကလေးဖြင့် သပ်ရပ်စွာ ထုပ်ချည်ထားသည်။ အထဲမှာ ဘာဟင်းပါလေမလဲ မသိ။ ဟင်းအကောင်းစားတော့ ဖြစ်လိမ့်မည်မထင်။ ဘာပဲဖြစ်ဖြစ် သူ့ထမင်းဘူးထက်တော့ သာမှာ သေချာ၏။ သူ့ထမင်းဘူးထဲမှာ ပုန်းရည်ကြီး၊ ကြက်သွန်ဖြူ၊ ငံပြာရည်၊ ငရုတ်သီးမှုန့်တို့နှင့် ရောနယ်ထားသော ထမင်းသုတ်သာပါသည်။

ကျောင်းလမ်းမှတ်တိုင် အရောက်တွင် ကျောင်းသားကျောင်းသူအချို့ဆင်းသွားသဖြင့် နည်းနည်းချောင်သွားသည်။ ထမင်းဘူးကိုတော့ ပြန်မပေးဖြစ်သေး။

အမရဆောင်ရှေ့ မှတ်တိုင်မှာ ရပ်ခါနီးတွင် မိန်းကလေးက ထမင်းဘူးဆီသို့ လက်လှမ်းရင်း "ကျေးဇူးပဲ" ဟု ထပ်ပြောသည်။

အောင်စိုးက ထမင်းဘူးကို ပြန်ပေးသည်။ တစ်ချက် မော့ကြည့်သည်။ မိန်းကလေးက ပြုံးယောင်ယောင်လုပ်ရင်း နှုတ်ဆက်သည်။ သူကလည်း ပြန်ပြုံးပြလိုက်သည်။

ကားရပ်သည်။ မိန်းကလေးက ရှေ့က ဆင်းသည်။ အောင်စိုးလည်း နောက်က လိုက်ဆင်းသည်။ တမင်လိုက်ဆင်းခြင်းတော့ မဟုတ်။ သူလည်း ဒီမှတ်တိုင်မှာပင် ဆင်းရမည်ဖြစ်သောကြောင့်ပင်။

ကျောင်းဝင်းထဲ ဝင်လာသည်။ အောင်စိုးသည် ဝိဇ္ဇာကျောင်းဆောင်ဘက် သွားရမည်ဖြစ်၏။ အမရဆောင်၊ တောင်ငူဆောင်တို့ကြားက ဖြတ်သွားမည်ဟု စိတ်ကူးသည်။ မိန်းကလေးကလည်း ထိုလမ်းအတိုင်း သွားရန် ချိုးကွေ့လိုက်သည်။

မိန်းကလေးက ရှေ့က အရင်သွားသော်လည်း အောင်စိုးက ခြေလှမ်းကျဲသဖြင့် ခဏချင်းမှီပြီး ဘေးချင်းယှဉ်မိလာသည်။ တစ်ခုခုပြောပြီး နှုတ်ဆက်လိုက်ရမှာလားဟု တွေးသည်။ ဘာမျှမဆိုင်ချေ။

ဘတ်(စ်)ကားပေါ်မှာ ကူညီသည့်အနေဖြင့် ထမင်းဘူး ကိုင်ပေးခဲ့ရုံသာ ရှိသည်။ သိပ်ထူးထူးခြားခြား ကူညီခဲ့ရသည် မဟုတ်။ ပြီးတော့ ဒါမျိုးက ဘတ်(စ်)ကားတွေပေါ်မှာ နေ့စဉ်နှင့်အမျှ တွေ့ကြုံရတတ်တာမျိုး။ အသေးအဖွဲ ကိစ္စ။ ဒါကို အကြောင်းရှာပြီး မိတ်ဖွဲ့သည်ဟု ထင်စရာဖြစ်သွားမည်။

ထို့ကြောင့် ဘာမျှမပြောတော့ဘဲ မိန်းကလေးကို ကျော်တက်လာခဲ့သည်။ ဘတ်(စ်)ကားပေါ်မှာတုန်းကတော့ "ကျေးဇူးပဲ" ဆိုသော စကားတစ်ခွန်းကို ပြောပြီး အပြန်အလှန် ပြုံးပြီးတော့တောင် နှုတ်ဆက်ခဲ့ကြသေးသည်။ ခုကျမှ တစ်ယောက်နှင့်တစ်ယောက် မသိကြသော လူတွေလို ပြန်နေလိုက်ကြရသည်မှာ တစ်မျိုးကြီး ဖြစ်နေသည်။

အောင်စိုးသည် မိန်းကလေးကို တစ်ချက်လောက် ပြန်လှည့်ကြည့်ချင်သလို ဖြစ်လာ၏။ သို့ရာတွင် မကြည့်ရဲ။ ဘယ်ဌာနက ကျောင်းသူပါလိမ့်ဟူ၍တော့ သိချင်စိတ် ဖြစ်လိုက်မိလေသည်။

သူတို့နှစ်ယောက် စတင်သိကျွမ်းသွားကြပုံမှာ ရိုးရိုးကလေးပင်ဖြစ်သည်။

အောင်စိုးက တာမွေလေးမှာ နေသည်။ သူ့အိမ်မှ အမှတ်လေးဆယ့်ငါး ဘတ်(စ်)ကားဂိတ်ရှိရာ အရှေ့မြင်းပြိုင်ကွင်းလမ်းသို့ ခပ်သုတ်သုတ်ကလေး လျှောက်လျှင် ငါးမိနစ်သာသာလောက် လျှောက်ရသည်။ ဘတ်(စ်)ကားစီးလျှင်တော့ တစ်မှတ်တိုင်သာ ရှိ၏။ ကားခက ပြားလေးဆယ်ဖြစ်သောကြောင့် မစီးဖြစ်။ လမ်းသာ လျှောက်လေ့ရှိသည်။

အေးအေးဝင်းတို့အိမ်က ဘောက်ထော် ဘုတာရုံနားမှာ ဖြစ်သည်။ အမှတ်လေးဆယ့်ငါးကားကို တစ်ခါတစ်ရံ ဂိတ်မှ သွားစီးသည်။ တစ်ခါတစ်လေကျတော့ ကျောက်ကုန်းကို ဖြတ်ထွက်ပြီး ရန်ကင်းဆယ့်နှစ်လုံးတန်း မှတ်တိုင်မှ သွားစီးသည်။ နှစ်နည်းစလုံး အတော်ဝေးဝေး လမ်းလျှောက်သွားရသည်ချည်း ဖြစ်၏။

ကားဂိတ်က သွားစီးလျှင် ပို၍ ဝေးဝေးလျှောက်ရသည်။ ထိုင်စရာ ရတော့ ရတတ်သည်။ ရန်ကင်းဘက်က ဖြတ်စီးလျှင်တော့ ဘယ်တော့မှ နေရာမရချေ။ အချိန် နည်းနည်းစောလျှင် ဂိတ်က သွားစီးဖြစ်သည်။

တစ်ခါတစ်ခါတော့ လမ်းမလျှောက်ချင်သဖြင့် ကားဂိတ်သို့ဖြစ်စေ၊ ဂွတ္တလစ်လေးသို့ဖြစ်စေ ဘတ်(စ်)ကား တစ်ဆင့်စီးပြီး သွားလေ့ရှိသည်။ ကားခက အနည်းဆုံး ပြားသုံးဆယ် ဖြစ်သောကြောင့် နေ့စဉ်တော့ မစီးဖြစ်။

အောင်စိုးနှင့် အေးအေးဝင်းတို့သည် ကားဂိတ်မှာလည်းကောင်း၊ ဘတ်(စ်)ကားပေါ်မှာလည်းကောင်း မကြာခဏ ဆုံတတ်ကြသည်။ တစ်ခါတစ်လေ ကားတစ်စင်းတည်းပေါ်မှာ နှစ်ယောက်စလုံး ပါလာတတ်ကြသော်လည်း လူကျပ်နေသဖြင့် တစ်ယောက်နှင့်တစ်ယောက် မမြင်ရ။ မှတ်တိုင်ရောက်၍ တစ်ယောက်

က ရှေ့ပေါက်ကဆင်း၊ တစ်ယောက်က နောက်ပေါက်က ဆင်းပြီးမှ မြင်သည်။ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ခြင်း မရှိသေးသော်လည်း မျက်မှန်းတော့ တန်းမိနေကြပြီ။

တစ်ခါနှစ်ခါလောက်တော့ ပထမဆုံးအကြိမ်တုန်းကလိုပင် အောင်စိုးက ထိုင်စရာ နေရာရပြီး အေးအေးဝင်းက ဘေးမှာ ကပ်ရပ်မိသည်။ ထိုအခါ အောင်စိုးက အေးအေးဝင်း၏ ထမင်းဘူးကို ကိုင်ပေးထားရပြန်သည်။

တစ်ရက်တွင် ကားဂိတ်မှာ ရပ်ထားသော အလုညျ့ကျကားပေါ်သို့ အောင်စိုး တက်လိုက်သည်။ ထိုင်စရာနေရာက နောက်ဆုံးတန်းမှ တစ်နေရာစာသာ လွတ်တော့သည်။ ဝင်ထိုင်မည်အပြုတွင် ကားဆီသို့ ခပ်သုတ်သုတ် လျှောက်လာနေသော အေးအေးဝင်းကို လှမ်းမြင်ရသည်။ ထို့ကြောင့် သူဝင်မထိုင်သေးဘဲ နေလိုက်၏။

အေးအေးဝင်း ကားပေါ်တက်လာသည်။ ရပ်နေသော အောင်စိုးကို မြင်သဖြင့် နေရာလွတ်မရှိတော့ဟု ထင်ပြီး သူပါ ရပ်နေမည်ပြုသည်။ အောင်စိုးက ထိုင်ခုံရှိရာသို့ လှမ်းကြည့်ရင်း ခေါင်းကို မသိမသာ ဆတ်လိုက်သည်။ ထိုင်ခုံလွတ်ကို အေးအေးဝင်း မြင်သွား၏။ ဝင်ထိုင်သည်။ သူထိုင်ဖို့အတွက် အောင်စိုးက တမင်မထိုင်ဘဲနေခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်။ အောင်စိုးကို ကျေးဇူးတင်သောအကြည့်ဖြင့် တစ်ချက်ကြည့်သည်။

အေးအေးဝင်းသည် အောင်စိုးကို သနားသွားမိသည်။ ဘတ်(စ်)ကားက ကျောင်းထိအောင် လေးဆယ့်ငါးမိနစ်နီးပါး မောင်းရသည်။ ရှေ့မှတ်တိုင်တွေမှာ လူတွေတက်လာလျှင် ကျပ်လာဦးမည်။ သူ အကြာကြီး မတ်တတ်ရပ်နေရတော့ မှာပေါ့ဟု တွေးမိ၏။

အောင်စိုး၏ ထမင်းဘူးကို ယူကိုင်ပေးထားရ ကောင်းမလားဟု စဉ်းစားပြန်သည်။ အောင်စိုးရပ်နေသောနေရာက နည်းနည်းလှမ်းသဖြင့် မခေါ်ရဲဘဲ ဖြစ်နေ၏။ အောင်စိုးကလည်း လှည့်တောင်မကြည့်ချေ။

ကားထွက်သည်။ မှတ်တိုင်တွေမှာ လူတွေ ထပ်တက်သဖြင့် အောင်စိုး တဖြည်းဖြည်း နေရာရွှေ့ပေးနေရသည်။ အေးအေးဝင်း ထိုင်နေရာနှင့် မလှမ်း

မကမ်း ရောက်လာသည်။ အေးအေးဝင်းကို တစ်ချက် လှမ်းကြည့်သည်။ အေးအေးဝင်း က "ထမင်းဘူး ပေးထားပါလား" ဟု အရဲစွန့်၍ ပြောလိုက်သည်။

"ရပါတယ်"

အောင်စိုးက ပြန်ပြောသည်။

အောင်စိုးသည် ကားဂိတ်ရောက်လျှင် အေးအေးဝင်းကို မျှော်သည့်အကျင့် ဖြစ်လာသည်။ ကားဂိတ်ကို ရောက်မလာခဲ့လျှင်လည်း ရန်ကင်းဘက်မှတ်တိုင် ရောက်လျှင် အေးအေးဝင်း တက်လာလေမလားဟု လှမ်းကြည့်မိတတ်သည်။

ကျောင်းမှာ ဆုံမိကြလျှင် တစ်ယောက်နှင့်တစ်ယောက် ပြုံး၍ နှုတ်ဆက်ကြသည်။ နောက်တော့ ဘယ်သွားမလို့လဲ၊ ဒီနားပဲ စသည်ဖြင့် တစ်ခွန်းစ၊ နှစ်ခွန်းစ စကားပြောဖြစ်သည်။ ဤသို့ဖြင့် သူတို့နှစ်ယောက် သိကျွမ်းခင်မင်ခဲ့ကြခြင်း ဖြစ်လေသည်။

ဒီနေ့အဖို့ လှိုင်ထိပ်ထားဦး လာမယ့် လမ်းတစ်လျှောက်မှာ စောင့်နေတဲ့ ကောင်တွေ မောနေပြီ။ ခုတစ်လောမှာ သူက အရင်လာနေကျလမ်းအတိုင်း မလာဘဲ ပုဂံလမ်းဘက်ကလှည့်ပြီး လာတတ်တယ်။

အဲဒီသတင်းက ပေါက်ကြားပြီး တစ်စတစ်စ ပျံ့နှံ့သွားလို့ အကောင်တွေ အားလုံးလိုလို ပုဂံလမ်းဘက်ပြောင်းပြီး နေရာယူကြပြန်ရော။ ဒီတော့ သူက အရင်လမ်းဟောင်းအတိုင်း ပြန်လာခဲ့တာပေါ့။

ဒါကြောင့် ဒီနေ့မနက် အနှောင့်အယှက်ကင်းကင်းနဲ့ အတန်းရှိရာ ရောက်လာခဲ့တယ်။ အတန်းထဲမှာ လူမစုံသေး။ တချို့လောက်သာ ရောက်ကြသေးတယ်။ ရိုစီတို့လည်း မရောက်သေးဘူး။

ထိုင်နေကျခုံမှာ ဝင်ထိုင်လိုက်တယ်။ လွယ်အိတ်ကို စားပွဲထဲအထည့်မှာ သဇင်ပန်းသုံးခက်နဲ့ ကတ်ပြားလေးတစ်ခုကို တွေ့လိုက်ရတယ်။ ကတ်ပြားလေး ကိုယူပြီး ကြည့်လိုက်တယ်။

ထိပ်ထားအတွက် လက်ဆောင်မွန်
မျှော်လင့်ချက်များစွာဖြင့်

ဟင်နရီအေးမြင့်

သဇင်ပန်းက ဒီအချိန်မှာ တော်တော်လေးရှားသေးတယ်။ တစ်ခက် ငါးကျပ် လောက်များ ပေးရမလားမသိ။ အတန်းအပြင်ကို ကြည့်လိုက်တယ်။

ဟင်နရီအေးမြင့် အတန်းအပြင်မှာ ရပ်နေတယ်။ ပြုံးသလိုလို၊ မဲ့သလိုလိုနဲ့ ကြည့်နေတယ်။ သဇင်ပန်းတွေကို လွှင့်ပစ်လိုက်ဦးမလို့ပဲ။ ပြီးမှ ဒီကောင့်ကို နည်းနည်း "ချွတ်" လိုက်ချင်တာနဲ့ စာအုပ်တစ်အုပ် ဆွဲထုတ်ပြီး သဇင်ပန်းတွေကို တယုတယဟန်နဲ့ စာအုပ်ကြားထဲ ညှပ်ပြလိုက်တယ်။

ဟင်နရီအေးမြင့်ဆိုတဲ့ကောင်ရဲ့ မျက်နှာဟာ ဘာစကာဗီးခွေးကြီးကို ဖော့(စ်)ဖရပ် သုတ်ထားသလို ဝင်းကနဲ လက်ကနဲဖြစ်သွားတယ်။ လက်ဝါးချင်း ဆုပ်လိုက်၊ လက်သီးဆုပ်လိုက်နဲ့ လုပ်နေတယ်။ ပြီးတော့ ဝမ်းသာအားရနဲ့ ခုန်ပေါက်ပြီး ထွက်သွားတယ်။ ဒါလည်း ပေါခြင်းတစ်မျိုးပဲလေ။

အဲဒီကောင် ထွက်သွားတော့မှ သဇင်ပန်းတွေကို လွှင့်ပစ်လိုက်တော့မယ် အလုပ်မှာ . . .

"ဟင် . . . ကြည့်ပါဦး၊ သဇင်ပန်းတွေ . . ." ဆိုပြီး ရိုစီ အတန်းထဲ ဝင်လာတယ်။ ဘေးမှာ လာထိုင်တယ်။

"ထိပ်ထားဦးတို့များ အမြဲတမ်း သူများထက် ဦးတာချည်းပဲ။ သဇင်ပန်းက ရှားရှားပါးပါးပဲ။ စကော့ထဲမှာတောင် မတွေ့ရသေးဘူး။ ဘယ်က ရလာတာ လဲဟင်"

"မော်ဘီက ခြံထဲမှာ အအေးခတ်ပေးပြီး စိုက်ထားတာ။ ယူလိုချင်လို့လား . . . ယူလိုက်လေ" လို့ လှိုင်ထိပ်ထားဦးက အရေးမကြီးသလို ပြောလိုက်တယ်။

ရိုစီက ဟန်လုပ်မနေနိုင်တော့ဘဲ သဇင်ပန်းတွေကို ယူပြီး ပန်လိုက်တယ်။ သူက ဆံပင် နည်းနည်းရှည်တော့ ပန်လို့ရတာပေါ့။ လှိုင်ထိပ်ထားဦး စိတ်ထဲက တော့ ရယ်ချင်နေမိတယ်။

ဝင်းစန္ဒီနဲ့ မြဆည်းဆာတို့လည်း ရောက်လာတယ်။ ခဏကြာတော့ ဆရာမ ဝင်လာပြီး စာသင်တယ်။

အတန်းချိန်အတွင်းမှာ အခန်းဘေးကနေ ဖြတ်လျှောက်ရင်း တစေ့တစောင်း ကြည့်သွားကြတဲ့ ကောင်တွေဟာ ဆယ်ယောက် ဆယ့်ငါးယောက်ထက် မနည်းဘူး။

အဲဒီအခါမျိုးမှာ လှောင်အိမ်ထဲထည့်ပြီး အလှကြည့်ခံထားရတဲ့ ငှက်ကလေးတစ်ကောင်လို ခံစားရတယ်။ အင်း . . . နေနှင့်ကြဦးပေါ့လေ။

အတန်းပြီးသွားပြီ။ ရိစီက စားသောက်ဆိုင် သွားရအောင်လို့ ခေါ်တယ်။

"သွားနှင့်လေ၊ လိုက်ခဲ့မယ်" လို့ ပြောလိုက်တယ်။

"ယူတစ်ယောက်တည်း ဖြစ်ပါ့မလား။ တော်ကြာ အကောင်တွေ ဝင်ရှုပ်နေဦးမယ်"

"ရပါတယ်။ သွားသာသွား၊ ကိုယ့်ဘာသာ ကြည့်ရှင်းခဲ့မယ်"

သူတို့ထွက်သွားပြီး ခဏကြာမှ အတန်းထဲက ထွက်လိုက်တယ်။ တမင်တကာ တစ်ယောက်တည်း နောက်ချန်နေရစ်ခဲ့တာ။ ဒီနေ့ အကောင်တွေကို ရင်ဆိုင်ပြီး နည်းနည်း ပညာပေးချင်လို့။ အပျင်းပြေသဘောပေါ့။

ထင်တဲ့အတိုင်းပဲ။ အတန်းပြင်အရောက်မှာ စင်္ကြံအုတ်ခုံကို မှီပြီး ပြီတီတီ ကြည့်နေတဲ့ကောင် တစ်ယောက်ကိုတွေ့လိုက်ရတယ်။ သူက ခြေလှမ်းပြင်လိုက်ရုံရှိသေး၊ လှိုင်ထိပ်ထားဦးက မျက်နှာထားတင်းတင်းနဲ့ တစ်ချက်စိုက်ကြည့်လိုက်တယ်။ အကောင် ခြေလှမ်းပြန်ရုတ်သွားတယ်။

ဆက်လျှောက်လာခဲ့တယ်။ ဘေးနားက တစ်ယောက် ကပ်ပါလာပြန်တယ်။

"ဒီမှာ ဒီမှာ . . ."

လှိုင်ထိပ်ထားဦးက လှည့်မကြည့်ဘဲ . . .

"လိုက်မနှောင့်ယှက်နဲ့နော်၊ ဟိုမှာ တို့အစ်ကို ကြည့်နေတယ်" လို့ ပြောပြီး ခပ်လှမ်းလှမ်းမှာ ရပ်နေတဲ့ လူကြီးတစ်ယောက်ကို မေးငေါ့ပြလိုက်တယ်။ ဘေးက လိုက်လာတဲ့ကောင်လည်း ကြောင်တောင်တောင်နဲ့ ကျန်ရစ်ခဲ့တယ်။

ဟိုလူကြီးကလည်း သူတို့တွေလို လူမျိုးပါပဲ။ အသက် ခပ်ကြီးကြီး၊ ကျောင်းဆွေးနဲ့တူပါတယ်။ သူကတော့ ကျိတ်ပိုး၊ အဝေးကနေပဲ ငေးကြည့်နေတတ်တယ်။ အနားရောက်တာနဲ့ မျက်လွှာချထားရော။ စာတစ်စောင်တော့

တုန်တုန်ယင်ယင်နဲ့ ပေးဖူးတယ်။ သူ့စာထဲမှာ ရေးထားတာက ဘာတဲ့၊ ကောင်းကင်က ငွေလမင်းကို လက်ယပ်ခေါ်ရသလိုပဲ ဆိုလား ဘာလားပဲ။

လှိုင်ထိပ်ထားဦးက အဲဒီလူကို သူ့အစ်ကိုပါလို့ ပြောလိုက်တာလေ။ စောစော ကကောင်ကို ပတ်လွှတ်လိုက်တာပေါ့။ အင်း . . . ကိုယ့်စကားနဲ့ကိုယ် ယုတ္တိရှိ အောင် လုပ်ဦးမှပဲ။ အဲဒီလူကြီးနား သွားရပ်ပြီး "ဘယ်နှစ်နာရီထိုးပြီလဲဟင်" လို့ မေးလိုက်တယ်။

ဟိုလူကြီးကလည်း မမျှော်လင့်ဘဲ လှိုင်ထိပ်ထားဦးက သူ့ကို စကားလာ ပြောလို့ အံ့အားကြီးသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။

"ဟို . . . ဟိုဒင်း . . . ကျွန်တော့်နာရီက နောက်ကျနေတယ်။ အင်း . . . အဲ . . . အဲဒါ . . . ကျွန်တော် နာရီပြင်ဆိုင်မှာ ချေးဆေးလိုက်ပါ့မယ်" လို့ အထစ်ထစ် အငေါ့ငေါ့ ပြောလိုက်တယ်။

လှိုင်ထိပ်ထားဦး ရယ်ချင်သွားတယ်။ "သန့်(ခ်)ယူ" လို့ ပြောပြီး ထွက်လာခဲ့ တယ်။

ခဏအကြာမှာ နောက်ကလိုက်လာတဲ့ ခြေသံ ကြားရပြန်ရော။ ဒါ . . . ဟင်နရီ အေးမြင့်ပဲ။ သူက အမေရိကန် နွားကျောင်းသားတွေစီးတဲ့ ဘွတ်ဖိနပ် ရှည်ကြီး စီးထားတယ်။ ဖိနပ်က သံခွာတွေပါတော့ လမ်းလျှောက်ရင် တဂေါက် ဂေါက်မြည်နေလို့ သူ့ခြေသံမှန်း သိနေတာ။

လိုချင်တဲ့အကွက်ထဲ ဝင်လာအောင် ချိန်ပြီး လျှောက်ရမယ်။ ခြေလှမ်း မြန်လိုက်တယ်။ နောက်ကခြေသံက လိုက်ပြီးမြန်တယ်။

မဟာဗျူဟာ ကျတဲ့နေရာနားရောက်မှ ခြေလှမ်းကို လျှော့ပေးလိုက်တယ်။ ဟင်နရီအေးမြင့် မီလာပြီး "ခဏနေပါဦး . . ." လို့ ပြောတယ်။

လှိုင်ထိပ်ထားဦး ရပ်ပြီး လှည့်ကြည့်တယ်။

"ဩော် . . ." ဆိုပြီး ပြုံးယောင်ယောင် လုပ်ပြလိုက်တယ်။ ဟင်နရီအေးမြင့် အားတက်သွားပြီး . . .

"ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ"

"ပြောလေ၊ မြန်မြန်ပြော"

"ဟို . . . လေ . . . ကျွန်တော့်ရဲ့ . . ."

"ခဏလေးနော်၊ ပြီးမှ ဆက်ပြောပေါ့" ဆိုပြီး အိမ်သာထဲ လှစ်ကနဲ ဝင်လိုက်တယ်။

ဝါးကနဲ ရယ်လိုက်တဲ့အသံတွေ ကြားရတယ်။ ဟင်နရီအေးမြင့်ကို တခြား ကောင်တွေက ဝိုင်းဟားလိုက်တာပေါ့။ ဒီကောင် တော်တော် ရှက်သွားမှာပဲ။ ငကြောင်ကြီး။

လှိုင်ထိပ်ထားဦး သဘောကျလွန်းလို့ တခစ်ခစ် အသံထွက်အောင် ရယ်မိတယ်။ ရယ်သံက အိမ်သာထဲမှာ ပဲ့တင်ထပ်သွားတယ်။

ပျော်စရာတော့ အကောင်းသား။

စားသောက်ဆိုင်ကိုရောက်တော့ သူတို့တွေ စားပြီးလို့ အအေးဖန်ခွက် တစ်ခွက်စီကိုင်ရင်း စကားပြောနေကြပြီ။ အအေးဆိုင်က စားပွဲထိုးလေးကို ကြက်သားလိပ်တစ်ပွဲ မှာပေးဖို့နဲ့ ခဏကြာရင် ကမ္ဘာလာရည်တစ်ခွက် လာပို့ဖို့ မှာလိုက်တယ်။ ပြီတော့မှ စကားဝိုင်းဘက် နားစွင့်လိုက်တယ်။ ရိုစီက . . .

"အဲဒါ . . . ရိုစီလည်း စိတ်ကောက်ပစ်လိုက်တာပေါ့။ စဉ်းစားကြည့်လေ၊ အင်္ကျီစလေး လေးငါးစ၊ ဆလင်းဘက်ကလေး တစ်လုံးနဲ့ ဝေကာဖိနပ်လေး တစ်ရံပဲပါလာတယ်။ ပါပါက သူ့အတွက် ဂေါ့ဖ်ဆက်ဝယ်လိုက်ရလို့ လက်ကျန် ငွေ နည်းသွားလို့တဲ့လေ။ ဘယ်ရမလဲ၊ စိတ်ဆိုးပြလိုက်တော့ စကော့ဈေးထဲ ခေါ်သွားပြီး လိုချင်တာ ဝယ်ဆိုလို့ လျှောက်ဝယ်ပစ်လိုက်တယ်။ နှစ်ထောင် ကျော်ဖိုးပဲ"

"ဟယ် . . . ယူ တော်တော်ဆိုးတာပဲ"

လှိုင်ထိပ်ထားဦးက စကားထောက်ပေးလိုက်တယ်။ စိတ်ထဲကတော့ "ကောင်မ နည်းနည်းပိုပြောတာ" လို့ သိလိုက်တယ်။ ရိုစီလည်း ကျေနပ်ပြုံးလေး ပြုံးသွားတယ်။ ရိုစီက တစ်ခုတော့ကောင်းတယ်။ ကြွားတာ သူတစ်ယောက် တည်း အလှည့်မယူဘူး။ သူများကိုလည်း အခွင့်အရေး ပေးတတ်တယ်။ ဝင်းစန္ဒီ ဝတ်ထားတဲ့ ဝမ်းဆက်ကို ခုမှ မြင်သလိုလိုနဲ့ . . .

"ဟိတ် . . . ကြည့်စမ်း။ ခုမှ သတိထားမိတယ်။ စန္ဒီက တယ်သားနားပါလား" လို့ စကားစလိုက်တယ်။

ဝင်းစန္ဒီ အကွက်ရသွားလို့ . . .

"တီဗီရှန်တဲ့၊ တစ်ကိုက် တစ်ရာ့ခြောက်ဆယ်လေ"

တကယ်က တစ်ကိုက် တစ်ရာ့သုံးဆယ် အလွန်ဆုံးပဲဆိုတာ အားလုံး အသိ၊ ပိုပြောလိုက်တာနေမှာ။ ဒါမှ လိုချင်တဲ့စကားကို တစ်ဆင့်တက်လို့ရမှာ မဟုတ်လား။

"နည်းနည်းတော့ ဈေးများသွားတယ် ထင်တယ်။ မာမီ ဝယ်လာတာလေ။ မာမီတို့ကတော့ အဲလိုပဲ၊ ဝယ်ချင်ပြီဆိုရင် စွတ်ဝယ်တာပဲ။ ဈေးတွေဘာတွေလည်း ကောင်းကောင်း မဆစ်တော့ဘူးလေ။ ဟိုနေ့ကပဲ စိန်လည်တုံတစ်ကုံးကို ခုနစ်သောင်းခွဲလို့ဆိုတာ နည်းနည်းပါးပါး ဆစ်ပါဦးတော့လားလို့၊ တစ်ခါတည်း ပစ်ပေးလိုက်တာပဲ။ ဒါကြောင့် ဒက်ဒီနဲ့ ခဏခဏ ပြဿနာတက်တာ"

"ယူကကော ဘာထူးလို့လဲ စန္ဒီရဲ့၊ သုံးဖို့ဖြုန်းဖို့ဆို ဘယ်တုန်းက လက်နှေးဖူးလို့လဲ"

မြဆည်းဆာက ဝင်ပြောတယ်။ ဒါကလည်း သူ့ဘက်ကို အားစိုက်လာအောင်လုပ်တာ။ သူ့ကိုလည်း အလှည့်ပေးဦးလို့ သတိပေးလိုက်တာပေါ့။ ထင်တဲ့အတိုင်းပဲ လှိုင်ထိပ်ထားဦးက ဝင်ပြီး အစထောင်ပေးလိုက်တယ်။

"ဆည်းဆာလည်း အတူတူပါပဲလေ။ ဖောရိန်းရောက်နေတဲ့ သူ့လူကြီးဆီကို တစ်မျိုးပြီးတစ်မျိုး မှာနေတာ မဟုတ်လား"

မြဆည်းဆာကလည်း အလှည့်ကျတော့ မနွဲ့စတမ်းပေါ့လေ။

"အို . . . ဒါကတော့ ယောကျ်ားဆိုတာ ခုကတည်းက ညှဉ်းထားမှ တော်ကာကျတာ။ ယူပြီးရင် သူတို့က တစ်မျိုးဖြစ်ချင် ဖြစ်လာကြဦးမှာ မဟုတ်လား"

"ဒါနဲ့ ပတ်ဘလစ်ကာတစ်စင်း ပို့ပေးမယ်တော့ ပြောတယ်။ တို့က ပစ်ကပ်တော့ မစီးချင်ဘူး။ ဆလွန်းကားမှလို့ ပြောလိုက်တယ်"

"သူက ဘယ်တော့လောက် ပြန်လာမှာလဲ"

"ဝမ်းယားလောက်တော့ ကြာဦးမယ်။ အတော်ပါပဲ၊ သူပြန်လာတာနဲ့ တို့ဘွဲ့ရမှာနဲ့ . . ."

ခုချိန်ထိ သိပ်မပြောဘဲ ခပ်အေးအေးနေနေတာကတော့ လှိုင်ထိပ်ထားဦး။

ပြောစရာလည်း လိုမှမလိုပဲကိုး။ အစစ အရာရာ သူတို့ထက်သာတယ်ဆိုတာ အားလုံး သိပြီးသားပဲ။

သူတို့က တီဗီရှန်အကြောင်း ပြောနေကြတဲ့အချိန်မှာ အိမ်မှာ တစ်ကိုက်သုံးရာ့ငါးဆယ်တန် ဗီဒီယိုရှန် အဆင်သုံးလေးမျိုး၊ အရောင်သုံးလေးမျိုး အသင့်ချုပ်ထားပြီးပြီ။

ကားဆိုရင်လည်း သူတို့တွေ မစီးနိုင်သေးတဲ့ နောက်ဆုံးပေါ် ဖော်(လ်)ဗိုကား ရှိနေပြီ။

နိုင်ငံခြားကိစ္စလား။ ငယ်ငယ်တုန်းကတည်းက ဖေဖေတို့၊ မေမေတို့နဲ့အတူ ကမ္ဘာလှည့်ခဲ့ပြီးပြီပဲ။ လျှောက်လည်ကြတာ။

အခု သူတို့ပြောတဲ့စကားမျိုးက ဆယ်တန်းအောင်လို့ တက္ကသိုလ်ရောက်ခါစမှာတုန်းက ပြောခဲ့ပြီးပြီ။ သိပ်ပြောနေဖို့ မလိုတော့ပါဘူးလေ။

ဘာပဲဖြစ်ဖြစ် ရိုစီက လှိုင်ထိပ်ထားဦးကို အလှည့်ပေးတဲ့အနေနဲ့ စကားစရှာပါသေးတယ်။

"ထိပ်ထားဦးကော ဒီတစ်ပတ် ဘယ်ဈေးသွားမလဲ"

တစ်ပတ်တစ်ခါ ဗိုလ်ချုပ်ဈေး၊ လေဟာပြင်ဈေး၊ စိန့်ဂျွန်းဈေး စတဲ့ဈေးတွေသွားပြီး စိတ်ကူးတည့်ရာ အဝတ်အစား အသုံးအဆောင် အလှကုန်တွေဝယ်တတ်တာကို ရည်ရွယ်ပြီး မေးတာပဲ။ လှိုင်ထိပ်ထားဦးက ဘာမှပြန်မဖြေဘဲ ပြုံးနေတုန်း . . .

"ငါတော့ ဒီတစ်ပတ် ကီလီဈေး သွားမယ်ကွာ"

ဟိုဘက်ကပ်လျက် စားပွဲဆီက အသံထွက်လာတယ်။ လှည့်ကြည့်လိုက်တော့ "လောင်ချာ" အုပ်စု။

ဒီကောင်တွေက လောင်လည်းလောင်တယ်။ ပုံပန်းတွေကလည်း စုတ်ချာချာတွေ။ ဒါကြောင့် လောင်ချာအုပ်စုလို့ ခေါ်တာ။ ကျောင်းထဲမှာမို့လို့သာ

ကျောင်းသားလို့ သိရတာ။ ဘတ်(စ်)ကားတွေ ဘာတွေပေါ်မှာဆိုရင် ခါးပိုက်နှိုက်ဆိုပြီး ဝိုင်းရိုက်ခံရမယ့် ပုံမျိုးတွေ။

ခုလည်း ဒီဘက်က ပြောသံဆိုသံတွေ ကြားပြီး ဝင်နောက်ကြတာပေါ့။ သူတို့ကို မြင်တာနဲ့ ဝင်းစန္ဒီတို့ မျက်နှာတွေ ရှုံ့မဲ့သွားကြတယ်။ သူတို့ထဲက တစ်ကောင်က စကားစ ထောင်ပေးလိုက်တယ်။

"ကီလီဈေးမှာ ဘာသွားလုပ်မှာလဲကွ"

"ဂုန်နီရှန် ဝမ်းဆက်လောက် သွားဝယ်မလို့ပါကွာ။ ငါ့ကောင်မလေးကို လက်ဆောင်ပေးဖို့လေ။ သူက သိပ်စိတ်ကောက်တတ်တာကွ"

ရိုစီက "ခွေးစုတ်တွေ" လို့ ခပ်တိုးတိုး ရေရွတ်တယ်။

"ဒါနဲ့ မင်းတို့ဒက်ဒီက အီသီယိုးပီးယားကနေ ကားပို့လိုက်တယ်ဆို။ ဘာကားလဲ"

"မာစီဒီးအမျိုးအစား သုံးဘီးကားလေ"

"ဟာ . . . သုံးဘီးကားဆိုရင်တော့ မာစီဒီးအမျိုးအစား မကလို့ ရိုး(လ်)ရွိုက်(စ်) ပဲဖြစ်ဖြစ် နယ်သွားရမှာပဲကွ"

မြဆည်းဆာက မျက်စောင်းတစ်ချက် လှမ်းထိုးတယ်။ ဟိုကောင်တွေက ဂရုမစိုက်ဘဲ ဆက်ပြောတယ်။

"ဩော် . . . မေးရဦးမယ်။ မင်းကော ခနောင်တို ရှစ်ပင်းကုမ္ပဏီမှာ အလုပ်လျှောက်ထားတာ အပွိုင့်မန့် ရပြီလား"

"ငါ တခြားကုမ္ပဏီတစ်ခုမှာ ဖတ်(စ်)အော်ဖစ်ဆာ အလုပ်ရတော့မယ်"

"ဟုတ်လား၊ ဘယ်သင်္ဘောမှာလဲ"

"ဒလဘက်ကူးတဲ့ သမ္ဗာန်မှာ"

"ငါကတော့ အမေရိကားက လှမ်းခေါ်လို့ သွားရမယ်ကွ"

"ဟာ . . . ဘာလုပ်မှာလဲ"

"နယူးယောက်မှာ ဆိုက်ကား သွားနင်းမလို့"

သူတို့ဘာသာ ပြောရင်း ဟားတိုက်ရယ်နေကြတယ်။

လှိုင်ထိပ်ထားဦးက ဒီကောင်တွေကို ဘယ်လိုပြန်ချွတ်ရမလဲ စဉ်းစားနေတုန်းမှာ မြင်ကွင်းထဲကို သူရောက်လာတယ်။

ဆိုင်ကယ်ကို မောင်းဝင်လာတာ။ ခေါင်းစွပ်က လေကာမှန်ကို တင်ထားလို့ မျက်နှာကို မြင်ရတယ်။

ပြောက်ကျား ဖီး(လ်)ဂျက်ကက်ကြီး ဝတ်မထားပေမယ့် ပုဂံလမ်းပေါ်မှာ တွေ့တဲ့ကောင် ဖြစ်မှာပဲလို့ တွက်လိုက်တယ်။

လောင်ချာအုပ်စုထဲက တစ်ယောက်က . . .

"ဟေး မိုက်ကယ်ကြက်ဆင်၊ လက်ဖက်ရည် သုံးဆောင်ပါဦး" လို့ လှမ်းပြောတယ်။

သူက လှိုင်ထိပ်ထားဦးတို့ဝိုင်းကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး . . .

"မသောက်တော့ဘူးကွာ။ အရေးကြီးတဲ့ကိစ္စရှိလို့။ ပုဂံလမ်းပေါ်မှာ ပိုက်ဆံဆယ်ပြား ကျပျောက်သွားတာ သွားရှာရဦးမယ်။ မတွေ့ရင်တော့ ဘဝပျက်ပါပြီကွာ" လို့ ပြောပြီး ဆိုင်ကယ်ကို မောင်းထွက်သွားတယ်။

လှိုင်ထိပ်ထားဦး နှုတ်ခမ်းကို ကိုက်လိုက်တယ်။ နေနှင့်ဦးပေါ့လေ။

"ချစ်ထွတ်တင်ဆိုတာ အဲဒါပေါ့" လို့ ဝင်းစန္ဒီက ပြောတယ်။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

သူတို့မှာ သားအဖနှစ်ယောက်တည်းသာ ရှိသည်။ အဖေတစ်ခု သားတစ်ခု ဖြစ်၏။ တကယ်တော့ သားအဖဆိုသော စကားထက်ပင် ပိုသေးသည်။ သားအမိဆိုလည်း ဟုတ်သည်။ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလည်း ဟုတ်သည်။ လုပ်ဖော်ကိုင်ဖက်ဟု ပြောလို့လည်းရသည်။

အဖေနှင့် အမေ ညားခါစတုန်းက နှစ်ယောက်စလုံး ငယ်ရွယ်နုပျိုကြသေးသည်။ အဖေသည် ဘုန်းတော်ကြီးကျောင်း ပညာလောက်သာ တတ်သော်လည်း မျှော်လင့်ချက် ကြီးမားသည်။ ရွာမှာနေလျှင် လယ်လုပ်ငါးဖမ်းဘဝက ရုန်းထွက်နိုင်မည်မဟုတ်ဟု တွက်ပြီး မြို့ကို တက်လာခဲ့သည်။ မြို့ကား အဖေထင်သလောက် တိုးတက်မှုကိုမပေး။ သို့ရာတွင် အဖေက အားမလျှော့ချေ။ ရရာအလုပ်၊ ကြုံရာအလုပ်ကို ဝင်လုပ်သည်။ ရေလည်း ထမ်းဖူးသည်။ ဆိုက်ကားလည်း နင်းဖူးသည်။ ကုန်တင်ကုန်ချ အလုပ်သမားလည်း ဖြစ်ခဲ့ဖူးသည်။

အမေသည် မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသလို အဖေ့ကို ကူချင်သော်လည်း ကျန်းမာရေးက မကောင်း၊ ချူချာသည်။ ပြီးတော့ အမေက မီးဖွားရခက်ခဲတတ်သည်။

ပထမကိုယ်ဝန်တုန်းက ဝေဒနာ အပြင်းအထန် ခံစားရပြီးမှ မွေးနိုင်သည်။ အရပ်လက်သည်နှင့် မွေးရခြင်းဖြစ်၍ ပိုဆိုးသည်။ လက်သည်က ကျွမ်းကျင်မှု

မရှိ။ ထို့ကြောင့် ဝမ်းတွင်းက ကျွတ်သောအခါ ကလေးမှာ အသက်ပါမလာတော့ချေ။

ထို့အတူ ဒုတိယကလေးသည်လည်း လျှောမွေး။

တတိယကိုယ်ဝန်ကျတော့ ပို၍ခက်သည်။ နှစ်ရက်၊ သုံးရက်ကြာအောင် ဗိုက်နာနေပြီး မမွေးနိုင်ဘဲ ဖြစ်နေ၏။ အရပ်လက်သည်က လက်လျှော့လိုက်ရသည်။ အိမ်နီးချင်းများက ဆေးရုံပို့ရန် ပြောသည်။ အဖေက ရိုးရိုးအအမို့ ငွေမရှိဘဲ ဆေးရုံတင်လို့ မရနိုင်ဟု ထင်နေသည်။ အတင်းတိုက်တွန်းကြတော့မှ ဆေးရုံပို့သည်။

ဆေးရုံရောက်တော့ အမေ့အခြေအနေက တော်တော်ဆိုးနေပြီ။ ဝေဒနာခံစားရလွန်း၍ သတိလစ်ပြီး ပျော့ဖပ်နေ၏။ အရေးပေါ်ခွဲစိတ်၍မွေးရန် ချက်ချင်းဆုံးဖြတ်လိုက်ကြသည်။

ဆရာဝန်များက ကြိုးစား၍ အသက်လုကြသည်။ ဒီတစ်ခါတော့ ကလေးအဖတ်တင်သည်။ ယောကျ်ားလေး။ သို့ရာတွင် မိခင်၏ အသက်ကိုတော့ ဘယ်လိုမှ ကယ်လို့မရတော့။ အမေ ဆုံးသွားသည်။

"အဲဒီတုန်းက မင်းသာ မကျန်ခဲ့ရင် အဖေ့ဘဝ ရေစုန်မျောမှာ ကျိန်းသေတယ်ကွာ။ ငါ့သားလေး ရှိနေပါသေးလား၊ ဒီသားလေးကို လူလားမြောက်အောင် ပြုစုကျွေးမွေးရဦးမှာပါလား ဆိုတဲ့ အသိကြောင့်သာ အဖေ ဒီလိုဖြစ်လာတာကွ။ အဖေ ပျက်စီးမသွားတာ မင်းကြောင့်ပဲ။ ဒါကြောင့် မင်းကိုတောင် အဖေက ကျေးဇူးတင်မိသေးတယ်" ဟု အဖေက ပြောတတ်သည်။

အမေ့ကို စောစောစီးစီး ဆေးရုံမတင်မိသည့်အတွက် အဖေ ယူကျုံးမရဖြစ်ခဲ့သည်။ ဤသို့ ဖြစ်ခဲ့ရသည်မှာ သူ့တွင် ပညာဗဟုသုတ မရှိသောကြောင့်ဟု အဖေ့စိတ်ထဲမှာ အစွဲအလမ်း ဖြစ်သွားခဲ့သည်။ ထို့ကြောင့် အောင်စိုးကို ပညာတတ်ကြီး ဖြစ်စေရမည်ဟု သန္နိဋ္ဌာန်ချခဲ့၏။

အဖေ အလုပ်ကို ကြိုးစားလုပ်သည်။ အတန်အသင့် တိုးတက်မှုရလာသည်။ စက်ဘီးပြင်ဆိုင်ကလေး တစ်ဆိုင်ကို ဖွင့်နိုင်လာသည်။

အဖေသည် အောင်စိုးကို တော်တော်ချစ်သည်။ ပညာရေးနှင့် ပတ်သက်လာလျှင်တော့ အလျှော့ပေးလေ့ မရှိချေ။ အောင်စိုးကို ငယ်ငယ်ကတည်းက ရိုက်လေ့မရှိသော်လည်း စာမကျက်ဘဲ နေလျှင်တော့ ဒေါသတကြီး အော်ဟစ်ဆူပူတတ်သည်။

အောင်စိုးမှာ အညံ့ကြီးမဟုတ်သော်လည်း ဆယ်တန်းကို နှစ်နှစ်ဆက်ကျသည်။ အဖေ အားမလိုအားမရ ဖြစ်သည်။ အောင်စိုးက စာမေးပွဲ ဆက်မဖြေချင်တော့၊ အဖေ့အလုပ်ထဲမှာပဲ ဝင်လုပ်တော့မည်ဟုဆိုသည်။ အဖေက လက်မခံချေ။

"အဖေ တစ်သက်လုံး ကြိုးစားလုပ်လာတာ မင်းကို ပညာတတ်စေချင်လို့ပဲကွ။ ဒါကို မင်းက ကျောင်းဆက်မတက်ချင်တော့ဘူးဆိုတော့ အဖေလုပ်ခဲ့သမျှ အလကား ဖြစ်ကုန်တော့မှာပေါ့။ စက်ဘီးပြင်တဲ့လူရဲ့သားက စက်ဘီးပဲ ဆက်ပြင်ရမယ်ဆိုရင် ဘယ်မှာလာပြီး တိုးတက်မှု ရှိတော့မှာလဲ။ မင်း ဘွဲ့တွေ ဘာတွေရပြီး လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ဆိုတာ အဖေ့ရဲ့ ပြင်းပြတဲ့ ဆန္ဒပဲကွာ"

အောင်စိုး ညကျောင်းပြန်တက်သည်။ အဖေ့ဆန္ဒကို ဖြည့်စွမ်းချင်သဖြင့် စာကြိုးစားသည်။

အောင်စိုးသည် အတန်းနည်းနည်း ကြီးလာသဖြင့် စာကို အော်မကျက်ချင်တော့၊ စိတ်ထဲက ဖတ်ပြီး မှတ်သည်။ ဒါကို အဖေက မကြိုက်။ စာမကျက်ဘဲ တွေးချင်ရာ လျှောက်တွေးနေသည်ဟု ထင်သည်။ သူငယ်ငယ်က ဘုန်းတော်ကြီး ကျောင်းမှာ စာအံခဲ့ရသလို အသံကုန်အော်မှ စာကျက်ခြင်းမည်သည်ဟု ထင်နေသည်။ မတတ်သာသဖြင့် အောင်စိုးက အတန်းကြီးလာလျှင် စာတွေ ပိုခက်လာသဖြင့် အော်ကျက်လို့မရ။ စိတ်ထဲက ကျက်မှရသည်ဟု ဆရာ၊ ဆရာမတွေက ပြောကြောင်း ရှင်းပြရတော့သည်။

အောင်စိုး ဆယ်တန်းအောင်သည်။ ထိုအခါတွင်လည်း အဖေနှင့် အငြင်းပွားရပြန်သည်။ အောင်စိုးက အဖေ့အလုပ်ထဲမှာ ဝင်လုပ်ရင်း စာပေးစာယူသင်တန်းတက်ချင်သည်။ အဖေက ရိုးရိုးအအမို့ စာပေးစာယူသင်တန်းကို သိပ်ဘဝင်မကျ။

"ဒီလောက် ခက်ခဲနက်နဲတဲ့ပညာကို စာတိုက်ကနေ လှမ်းပြီး သင်ပေးလို့ ရနိုင်ပါ့မလားကွ"

"ဟာ . . . အဖေကလဲ၊ ရလို့ပဲ အဲဒီသင်တန်းကို ဖွင့်တာပေါ့။ တချို့ဆိုရင် စာပေးစာယူနဲ့ပဲ ဘွဲ့ရလို့ အလုပ်တွေအကိုင်တွေနဲ့ ဖြစ်ကုန်ကြပြီ။ စာပေးစာယူ သင်တန်းဆိုတာက အလုပ်လုပ်ရင်း ပညာသင်ချင်တဲ့လူတွေ၊ ခရီးလမ်းပန်း အခက်အခဲကြောင့်၊ အခြားအကြောင်း အမျိုးမျိုးကြောင့် တက္ကသိုလ်ကို လာမတက်နိုင်တဲ့လူတွေအတွက် အိမ်တိုင်ရာရောက် လာသင်ပေးတဲ့သဘောပဲ အဖေရ။ ပြီးတော့ စာပေးစာယူဆိုပေမယ့် စာမေးပွဲနီးတဲ့အခါ အနီးကပ် သင်တန်းခေါ်ပြီး သင်ပေးသေးတာ"

"မဖြစ်ပါဘူးကွာ။ အဖေကတော့ ကျောင်းသားဆိုရင် ကျောင်းမှာ ကိုယ်တိုင် သွားတက်ပြီး သင်တာပဲ ကြိုက်တယ်။ အဲဒီ စာပေးစာယူဆိုတာကို တက်ရင် မင်း ဖိဖိစီးစီးသင်ဖြစ်မှာ မဟုတ်ဘူး။ နောက်ပြီး အဖေ့အနေနဲ့ မင်းကို ဘွဲ့ရရုံတင် မဟုတ်ဘူး။ တက္ကသိုလ် ကျောင်းတော်သားကြီးအဖြစ် ကျောင်းတက် နေတာကိုပါ မြင်ချင်တာကွ"

အဖေ့စေတနာ ဆန္ဒက ခိုင်လုံနေသည်။ ထို့ကြောင့် အောင်စိုး ကျောင်းတက် ဖြစ်ခဲ့ခြင်းပင်။ ကျောင်းအားသည့် အချိန်များတွင် အဖေ့အလုပ်ကို ကူလုပ်သည်။ ဒါကိုတောင် အဖေက သိပ်သဘောမကျချင်။ စာသင် စာကျက်ပျက်မည်ဟု ထင်နေသည်။ အောင်စိုးက ပြောမရဘဲ ဇွတ်အတင်းဝင်လုပ်ရ၏။

စက်ဘီးပြင်ဆိုင်မှ ရသောဝင်ငွေမှာ နည်းပါးလှသည် မဟုတ်သော်လည်း ပိုပိုလျှံလျှံရှိသည်တော့ မဟုတ်။ ပုံမှန် နေထိုင်စားသောက်သွားရုံသာ ဖြစ်သည်။

အောင်စိုး တက္ကသိုလ်တက်သောအခါ အကုန်အကျ ပိုများလာသည်။ တက္ကသိုလ် ကျောင်းသားတစ်ယောက်၏ စရိတ်သည် ဟိုယခင်ကလို အကုန်အကျ မများတော့သော်လည်း အထိုက်အလျောက်တော့ ကုန်ကျသည်သာ ဖြစ်၏။ ထို့ကြောင့် အောင်စိုးတို့သားအဖသည် စားရေး ဝတ်ရေးကိစ္စများတွင် ခြိုးခြံချွေတာကြရသည်။ အောင်စိုးသည်လည်း ကျောင်းတက်သောအခါ အတတ် နိုင်ဆုံး စရိတ်ကျဉ်းအောင် ကြိုးစားသည်။

သူသည် အချို့သော ကျောင်းသားများလို ဝတ်နိုင်စားနိုင် သုံးနိုင်ခြင်း မရှိသော်လည်း စိတ်ဓာတ်ကျခြင်း မရှိချေ။ သူ့လိုလူတစ်ယောက်က တက္ကသိုလ်ကျောင်းကို တက်ခွင့်ရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာတောင် ဖြစ်သေးသည်။ သူ့ကို မဖြစ်မနေ ကျောင်းထားပေးသော အဖေ့အတွက် ဂုဏ်တောင် ယူမိသေးသည်။

သူသည်လည်း အခြားကျောင်းသားများကဲ့သို့ပင် စာကို ကြိုးစားသင်ယူသည်။ ကျောင်းသားတို့သဘာဝ ပျော်စရာကလေးများကို ရိုးသားစွာ ရှာဖွေသည်။ ပြီးတော့ လူငယ်ပီပီ တစ်ခါတစ်လေတော့ စိတ်လှုပ်ရှားတတ်လေသည်။

*

ဆေးပေါ့လိပ်ကို အုန်းဆံမီးကြိုးမှာ မီးညှိလိုက်သည်။ မီးခိုးကို ရှိုက်သည်။ ဖြည်းညင်းစွာ ပြန်ထုတ်သည်။ ဆေးလိပ်၏ အရသာကိုတော့ မခံစားမိချေ။ သူသည် ဆေးလိပ်ကို စွဲစွဲမြဲမြဲ သောက်တတ်သူတစ်ယောက် မဟုတ်။ တစ်ခါတစ်ရံ ကောက်ဖွာကြည့်ရုံသာဖြစ်သည်။ ပြီးတော့ ဆေးလိပ်သည် စိတ်လှုပ်ရှားမှုကို လျော့ပါးစေသည်ဟု ကြားဖူးသောကြောင့်လည်းဖြစ်သည်။

သူ့စိတ်တွေ နည်းနည်းလှုပ်ရှားနေသည်။ မာလာဆောင် ကားမှတ်တိုင်မှာ ရပ်နေရင်း စိတ်တွေ မတည်မငြိမ် ဖြစ်လာသဖြင့် ဆေးပေါ့လိပ်တစ်လိပ် ဝယ်ပြီး ဖွာနေခြင်းပင်။

တကယ်တော့ စိတ်လှုပ်ရှားစရာဟူ၍ သိပ်ထွေထွေထူးထူး အကြောင်းမရှိလှချေ။ ခဏကြာလျှင် အေးအေးဝင်း ရောက်လာမည့် အချက်တစ်ချက်သာ ရှိသည်။ ခါတိုင်းလည်း မကြာခဏဆိုသလို မှတ်တိုင်မှာဖြစ်စေ၊ ကားပေါ်မှာ ဖြစ်စေ၊ ကျောင်းထဲမှာဖြစ်စေ ဆုံနေတတ်တာပဲ။ ခုမှ ဘယ်လိုဖြစ်နေရတာလဲ။

တစ်ခုတော့ရှိသည်။ တစ်နေ့က တောင်ငူဆောင်ရှေ့မှာ အေးအေးဝင်းနှင့် ဆုံသည်။ နှုတ်ဆက်စကား ပြောကြသည်။ အေးအေးဝင်း အင်္ကျီအသစ်ကလေး တစ်ထည် ဝတ်ထားကြောင်း သတိပြုမိသည်။

အေးအေးဝင်းသည် အင်္ကျီလေး သုံးလေးထည်လောက်ကို တစ်လှည့်စီ ဝတ်နေသူဖြစ်သောကြောင့် အင်္ကျီအသစ်တစ်ထည် ချုပ်ဝတ်လျှင် ချက်ချင်း သိသာလေသည်။ ပြီးတော့ တစ်ခါတစ်လေမှ အဝတ်အစားအသစ် ဝတ်နိုင်သူမျိုး မှာ အနေရအထိုင်ရ ခက်နေတတ်ကြောင်း အောင်စိုး ကိုယ်ချင်းစာစိတ်ဖြင့် သိ၏။ အေးအေးဝင်းသည် ရှက်သလိုလို မျက်နှာထားဖြင့် ရှိုးတိုးရှန့်တန့် ဖြစ်နေ သည်။

ထိုအခိုက်အတန့်ကလေးတွင် အောင်စိုး တစ်စုံတစ်ခု ခံစားလိုက်ရသည်။ သူကိုယ်တိုင်လည်း ရှက်သလိုလို ဖြစ်သွားခြင်းပင်။ အေးအေးဝင်းက လှသားပဲ ဟူ၍လည်း တွေးမိသည်။ နောက်တော့ သူ အေးအေးဝင်းကို စိတ်ဝင်စား လိုက်မိပြီဟု သိလာ၏။

ထို့ကြောင့် ခု ကားမှတ်တိုင်မှာ ရပ်နေရင်း စိတ်လှုပ်ရှားနေမိခြင်းဖြစ်သည်။ ချိန်းဆိုထားကြခြင်း မဟုတ်သော်လည်း ခဏကြာလျှင် အေးအေးဝင်း ရောက်လာ တော့မည်ဖြစ်ကြောင်း သိနေသည်။ သူ့ဘက်က မရိုးသားသလိုလို ဖြစ်နေသော အခါ အေးအေးဝင်းနှင့် မျက်နှာချင်းဆိုင်ရမည်ကို စိုးရွံ့နေမိလေသည်။

အေးအေးဝင်းကို မစောင့်တော့ဘဲ သွားရကောင်းမလားဟု စဉ်းစားသည်။ သို့ရာတွင် အမှတ်လေးဆယ့်ငါး ဘတ်(စ်)ကား ထိုးဆိုက်လာသောအခါတွင်မူ "လူသိပ်ကျပ်တယ်၊ တက်လို့ရမှာ မဟုတ်ဘူး" ဟု သူ့ကိုယ်သူ အကြောင်းပြပြီး ချန်နေရစ်ခဲ့ပြန်သည်။

ထို့နောက် ဆေးပေါ့လိပ်ကို ဖွာပြန်သည်။ မီးခိုးငွေ့များ အကြားတွင် အေးအေးဝင်း၏ ရုပ်သွင်ကို မြင်ယောင်လာသလိုလို။

ဟိုတစ်နေ့က . . .

အင်္ကျီအသစ် ဆိုသော်လည်း သိပ်အကောင်းစားတော့မဟုတ်။ သမဝါယမ ဆိုင်တွေက ရောင်းတတ်သော ချိဖွန်သား အင်္ကျီကလေးသာ ဖြစ်သည်။ ရိုးရိုး ရင်စေ့ လက်တို ချုပ်ထား၏။ အင်္ကျီလက်ကတော့ ရှပ်အင်္ကျီများလို ခပ်ပွပွ ဖြစ်သည်။ အရောင်က မီးခိုးပြာနုနု။ ထဘီကတော့ ခုချိန်မှာ သိပ်ခေတ်မစား တော့ပြီဖြစ်သော ထိုင်းကော်တွန် အပွင့်စိပ်စိပ်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ . . . ခါတိုင်းထက် ထူးခြားသွားတာတော့ အမှန်ပင်။ ထိုထူးခြားမှုကို သတိပြုမိရာမှ သူ့အလှကိုပါ မြင်လာသည်။

တစ်ခုချင်းကိုတော့ ခွဲခြားမပြောတတ်။ ကြည့်ကောင်းသော မျက်နှာမျိုး ဖြစ်သည်။ သူ့ကိုယ်လုံးကလေးကတော့ သွယ်သွယ်ကျစ်ကျစ်ကလေးပင် ဖြစ်သည်။ အထူးသဖြင့် သူပြုံးပုံမှာ ရင်ကို အေးမြငြိမ်းချမ်းစေလေသည်။ ထိုအပြုံးကို မြင်ယောင်လာမိပြန်၏။ ဆေးပေါ့လိပ်ကို အားပါးတရ ဖွာလိုက်သည်။

"အဟွတ် အဟွတ် အဟွတ်"

ဆေးလိပ်သောက်လေ့မရှိဘဲ အမှတ်တမဲ့ တအားရှိုက်လိုက်မိသဖြင့် မီးခိုး သီးသွားရခြင်းဖြစ်သည်။

နောက်ဘက်က ရယ်သံလိုလို ကြားလိုက်ရသဖြင့် အောင်စိုး လှည့်ကြည့် သည်။ အေးအေးဝင်းက မျက်နှာပိုးသတ်လိုက်ပြီး သူ့ကို ခပ်ပြုံးပြုံး ကြည့်နေ သည်။

အောင်စိုး ရှက်သွား၏။

ပြန်မှာမို့လို့ ကားမှတ်တိုင်ကို လာနေပါလျက် ယောင်ယောင်ကန်းကန်းဖြင့် မေးမိမေးရာ မေးလိုက်သည်။ အေးအေးဝင်းက ထပ်မရယ်တော့ချေ။

"ဆေးလိပ်တွေ မသောက်တတ်ဘဲနဲ့ သောက်နေတာလား"

အောင်စိုး ရှက်ရယ်ရယ်၍ . . .

"ဘာရယ် မဟုတ်ပါဘူး။ တစ်ခါတစ်လေ ပျင်းလို့ ဖွာကြည့်နေတာပါ"

မိမိကို ရောဂါဖြစ်မှာ စိုးရိမ်ရှာပါကလားဟု အောင်စိုး လိုရာဆွဲတွေးမိ သည်။

"ကားတွေ ပြတ်နေတယ် ထင်တယ်"

မှတ်တိုင်မှာ ပုံနေသော လူတွေကို ဝေ့ကြည့်ရင်း အေးအေးဝင်းကမေး သည်။

"ဟုတ်တယ်။ လာလိုက်ရင်လည်း အပြည့်အသိပ်ပဲ"

ထို့နောက် စကားမဆက်ဖြစ်ကြတော့ဘဲ ဘတ်(စ်)ကားလာမည့်ဘက်ကိုသာ နှစ်ယောက်စလုံး မျှော်ကြည့်နေကြသည်။

အောင်စိုး၏ လက်ထဲတွင် ခုထိ ဆေးပေါ့လိပ် ကိုင်ထားတုန်း။ မီးကတော့ သေနေပြီ။

ဆေးပေါ့လိပ်ကို မသိမသာ လွှတ်ချလိုက်၏။

နံပါတ်ကိုးကားနှစ်စင်း ဆက်တိုက်လာသည်။ သူတို့စီးရမည့် လေးဆယ့်ငါးကားကတော့ မလာသေး။

အတော်ကြာမှလာသည်။ သမိုင်းဘက်မှ ကျောင်းသားကျောင်းသူတွေဖြင့် ပြည့်လာ၏။

ကားဆိုက်လိုက်သည်နှင့် ရေကန်ထဲ ပစ်ချလိုက်သော ပေါက်ပေါက်ဆုပ်ကို ငါးတွေ ဝိုင်းတွတ်သလို အုံခဲ၍ လုတက်ကြသည်။

သူတို့နှစ်ယောက်လည်း လူစီးကြောင်းထဲ တိုးဝင်လိုက်သည်။ အလေ့အကျင့်ရှိပြီးသားမို့ ကားပေါ်ရောက်အောင် တက်နိုင်ကြသည်။ ယာဉ်မောင်း၏ ကျောဘက်ရှိ သံတန်းအကာအရံနားမှာ ရပ်စရာနေရာရသည်။

ကားစထွက်သည်နှင့် လက်မှတ်ရောင်းသူက လှုပ်ရှားလေသည်။

"ကဲ . . . အားလုံးပဲ တာဝန်သိစွာနဲ့ လက်မှတ်ကလေးတွေ ဝယ်ကြပါ"

အောင်စိုးက အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး ပိုက်ဆံကိုထုတ်သည်။ ငါးမူးစေ့ တစ်စေ့နှင့် မတ်စေ့တစ်စေ့။ လက်ပြန်အထုတ်တွင် တံတောင်ဆစ်နှင့် သံတန်း တိုက်မိပြီး မတ်စေ့က အောက်ကို ပြုတ်ကျသွားသည်။

ဖြစ်ချင်တော့ အောင်စိုးမှာ စုစုပေါင်းမှ ဒီပိုက်ဆံ သုံးမတ်သာရှိသည်။ ခု ငါးမူးပဲ ကျန်တော့သည်။ ကားခက တစ်ယောက် ပြားသုံးဆယ်ဖြစ်၍ နှစ်ယောက်အတွက် ပြားခြောက်ဆယ်ကျသည်။ ကပ်သီးကပ်သပ် ဆယ်ပြားလိုနေ၏။ "ဆယ်ပြားလောက်" ဟု အေးအေးဝင်းဆီက တောင်းလို့လည်း မဖြစ်။ စပယ်ယာကို "ဒါပဲပါတယ်ဗျာ" လို့ ပြောလို့လည်း မဖြစ်။

ညာဘက်ခြေဖမိုးပေါ်မှာ အေးစက်စက် ခံစားမှုတစ်ခုဖြစ်ကြောင်း သိလိုက်သည်။ ငုံ့ကြည့်လိုက်တော့ သူကျသွားသော ပိုက်ဆံတစ်မတ်ကို တစ်စွန်းတစ်စ မြင်ရသည်။ သို့ရာတွင် လူတွေ ကျပ်ညပ်နေသည့်ကြားထဲမှာ ကုန်းကောက်ဖို့

အခွင့်မသာပြန်ချေ။ အောင်စိုးသည် အကြံအိုက်ပြီး ချွေးတွေတောင် ပြန်လာသည်။ ထိုအခိုက်မှာပင် . . .

“ရော့ . . . ရော့ . . .။ ဒီမှာ နှစ်ယောက်အတွက်”

အေးအေးဝင်းက စပယ်ယာကို ကျပ်တန်တစ်ရွက် လှမ်းပေးလိုက်သည်။

အောင်စိုးက . . .

“ဟာ . . . ကျွန်တော် ပေးမှာပေါ့။ ဒီမှာ အကြွေရှိပါတယ်”

“ရပါတယ်။ ကျွန်မက တစ်ခါတစ်လေ ပေးရတာပဲ”

သူတို့နှစ်ယောက် ရင်းနှီးသွားပြီးနောက်ပိုင်း ကားတူတူ စီးဖြစ်သည့် အခါတိုင်း အောင်စိုးကပင် ကားခပေးလေ့ရှိ၏။ လေးငါးကြိမ် ရှိခဲ့ပြီဖြစ်သည်။ ဒါကို ရည်ရွယ်၍ အေးအေးဝင်းက ပြောခြင်းဖြစ်သည်။

ကမာရွတ်ရဲစခန်း မှတ်တိုင်တွင် လူတွေ ထပ်တက်လာကြပြန်သည်။ စကတည်းက ကျပ်ပြီးသားဖြစ်သော်လည်း လူထပ်တင်လို့ ရသေးသည်မှာ အံ့သြစရာ။ ဘတ်(စ်)ကားကိုယ်ထည်သည် လေမှုတ်သွင်းလိုက်တိုင်း ဖောင်းဖောင်းလာသော ပူဖောင်းကဲ့သို့ မဟုတ်သည်ကား သေချာသည်။ သို့ဆိုလျှင် လူတွေက ကိုယ်ခန္ဓာကို ကျုံ့လို့ရခြင်းသာ ဖြစ်ရမည်။

သူတို့နှစ်ယောက်သည် ဘေးတိုက်ယှဉ်လျက် ရပ်နေကြခြင်းဖြစ်သည်။ အောင်စိုးက အေးအေးဝင်းဘက်သို့ မတိုးမိစေရန် သတိထား၍နေသည်။ မရ။ တစ်ဖက်လူများက ဖိတိုးလာသဖြင့် အေးအေးဝင်း၏ ပုခုံးသည် သူ့လက်မောင်း နှင့် ထိမိနေတော့သည်။

ဘတ်(စ်)ကားစီး ခရီးသည်တို့အနေဖြင့် ကားပေါ်ရောက်သည်နှင့် ဣတ္ထိလိင် ပုလ္လိင် ခွဲခြားမှု မရှိတော့သလောက် ဖြစ်သွားသည်။ အသားချင်းထိမိသည့်ကိစ္စကို (ယုတ်ညံ့သူတချို့ကလွဲလျှင်) အသားယူဖို့ စိတ်မကူးတတ်ကြချေ။ အမျိုးသမီး များကလည်း နကမ္ဘတိစိတ်ကို မွေးကြရသည်။

အောင်စိုးသည် အခြားသော မိန်းကလေးတစ်ယောက်နှင့် မလွှဲမရှောင်သာ တိုးမိထိမိလျှင် အထက်ပါစိတ်မျိုး နေနိုင်လိမ့်မည်။ ခုဟာက သူစိတ်ဝင်စား

သလိုလိုဖြစ်နေသော မိန်းကလေးဖြစ်နေသဖြင့် ရင်ဖိုနေမိသည်မှာ ထူးဆန်းသည်ဟု ဆိုရမည်။

*

**This eBook is for the use of anyone anywhere at no cost. Commercial use of this book will be at your OWN RISK!**

မေခလာနဲ့အတူ ဂျော်ဂင်လုပ်နေတယ်။

ဂျော်ဂင်ဆိုတာက ခပ်ရွရွကလေး ပြေးတာကို ပြောတာ။ ခါးမှာ ချိတ်ထားတဲ့ အိတ်ဆောင်ကက်ဆက် ရီကော်ဒါလေးထဲမှာ မေခလာရဲ့ သီချင်း ထည့်ဖွင့်ပြီး ဟက်ဖုန်းလို့ခေါ်တဲ့ နားကြပ်တပ် နားထောင်ရင်း ပြေးနေတာကို ဆိုလိုတယ်။

ချစ်ထွတ်တင်က မနက်တိုင်း ပြေးလေ့ရှိတာတော့ မဟုတ်ဘူး။ ပေါင်ချိန် နည်းနည်းတက်လာတဲ့အခါ နေရထိုင်ရတာ သိပ်မသွက်လက်တဲ့အခါမျိုးကျမှ ဝိတ်လျှော့တဲ့အနေနဲ့ ထပြေးတတ်တာပါ။

ခုရက်ပိုင်း ဧည့်ခံပွဲတွေတက်တာ နည်းနည်းများသွားတယ်။ ပွဲတိုင်းလိုလိုမှာ ဘီယာဘူးတွေချည်းပဲ သောက်ပစ်လိုက်လို့ လူက နည်းနည်း ထိုင်းသွားသလိုပဲ။ ဒါကြောင့် ပြန်လုပ်နေရတာ။ ဆိုင်ကယ်စီးတဲ့လူဆိုတာ အမြဲသွက်လက်နေမှ ကောင်းတာ မဟုတ်လား။

ခါတိုင်း အင်းယားလမ်းဘက်ကို ပြေးလေ့ရှိတယ်။ အင်းလျားကန်ဘောင် ပေါ်မှာ အသက်ရှုလေ့ကျင့်ခန်း လုပ်တယ်။

ဒီနေ့တော့ ရွှေတောင်ကြားဘက်ကို လာခဲ့တယ်။ ရွှေတောင်ကြားလမ်းက သစ်ပင်တွေ အုံ့အုံ့ဆိုင်းဆိုင်းနဲ့။ လမ်းကလည်း ကွေ့ကွေ့ကောက်ကောက် ဆိုတော့ သာသာယာယာရှိတယ်။ ဆိတ်ငြိမ်ရပ်ကွက်မို့ ကားအသွားအလာလည်း ရှင်းတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် ပြေးလို့ရတယ်။

နားကြပ်ကိုတပ်ပြီး သီချင်းနားထောင်ရင်း ပြေးနေတာမို့ နောက်က ကားတစ်စင်းက ဟွန်းတီးတာကို ချက်ချင်းမကြားဘူး။ ကားက စိတ်မရှည်နိုင်ဘဲ သုံးလေးခါဆက်ပြီး ဟွန်းတီးတော့မှ ကြားတယ်။

လှည့်ကြည့်တော့ ရွှေမင်ရောင် ဖော်(လ်)ဗိုကား။ လှိုင်ထိပ်ထားဦးရဲ့ကားပဲ ဆိုတာ သိလိုက်တယ်။ လမ်းပေါ်က ဖယ်မပေးဘဲ အလယ်တည့်တည့်ကနေ ဆက်ပြေးနေတယ်။

ကားက ဟွန်းထပ်တီးတယ်။ မသိချင်ယောင်ဆောင်ပြီး ပြေးမြဲပြေးတယ်။ ကားက ချစ်ထွတ်တင်နဲ့ နှစ်ပေသုံးပေလောက်ထိ ကပ်လိုက်လာတယ်။ ဟွန်း အရှည်ကြီး တီးတယ်။ ဒီတော့မှ ဘေးနည်းနည်း ကပ်ပေးလိုက်တယ်။

ချစ်ထွတ်တင်ဘေးကနေ ကားဖြတ်အကျော်မှာ . . .

"နားပင်းနေသလား" လို့ ပြောလိုက်တဲ့အသံ ကြားရတယ်။

မိန်းကလေးတစ်ယောက်ရဲ့အသံ။

လှိုင်ထိပ်ထားဦးပဲ။

ချစ်ထွတ်တင် ပြုံးလိုက်တယ်။ ပြေးနေတဲ့နှုန်းကို ရုတ်တရက်မြှင့်ပြီး ကားနောက်ကို လိုက်တယ်။ ခဏချင်းမှာပဲ မီသွားတယ်။ ကားရဲ့ နောက်ဖုံးကို တဘုန်းဘုန်း ပုတ်လိုက်တယ်။

ကားနောက်က အသံကြားလို့ လှိုင်ထိပ်ထားဦး လှည့်ကြည့်ပြီး အံ့သြသွားတယ်။ လမ်းက ကွေ့ကွေ့ကောက်ကောက်ဖြစ်နေလို့ ကားကို သိပ်မြန်မြန် မောင်းလို့မရဘူးဆိုတာတောင် အမြန်နှုန်းပြတဲ့လက်တံက ကီလိုမီတာ လေးဆယ်နဲ့ ငါးဆယ်ကြားမှာ ပြနေတယ်။ ဒါကို မီအောင်ပြေးလိုက်နိုင်တာ တော်ရုံ တန်ရုံမဟုတ်။

ထရက်ဆုလို့ခေါ်တဲ့ အားကစား လေ့ကျင့်တဲ့ဝတ်စုံ နက်ပြာရောင်၊ ဖိနပ် အဖြူရောင်နဲ့ ပြေးလိုက်လာတဲ့ ချစ်ထွတ်တင်ကိုမြင်တော့ ဒေါ်လာခြောက်သန်း တန်လူသား ရုပ်မြင်သံကြားဇာတ်လမ်းထဲက မင်းသား လီးမေဂျာကို သွားသတိရ တယ်။

သားနားတာတော့ အမှန်ပဲ။ သို့ပေမယ့် လှိုင်ထိပ်ထားဦးက သိပ်ဂရုမစိုက် ပါဘူး။

ကားဒရိုင်ဘာကြီးကတော့ နောက်ကနေ ကားကို တဘုန်းဘုန်းထုနေတဲ့ ကောင်ကို စိတ်ဆိုးသွားပြီ။

ကားကို ဆောင့်ပြီးရပ်လိုက်တယ်။ တံခါးဖွင့်ပြီး ဆင်းတယ်။ သူ့လက်ထဲ မှာတော့ ကားကုရှင်အောက်မှာ အမြဲဆောင်ထားတဲ့ တစ်တောင်သာသာလောက် ရှိတဲ့ သံတုတ်ကြီး။

"မင်းက ဘာကောင်လဲ"

ချစ်ထွတ်တင် လက်ကာပြပြီး . . .

"ဦးလေး ရှေ့မတိုးနဲ့နော်" လို့ ပြောလိုက်တယ်။

ကြောက်လို့တော့မဟုတ်။ ဒရိုင်ဘာကြီးကို သနားလို့။

ပြီးတော့ ကိုယ့်ထက် အသက်တစ်ရက် တစ်မနက်ကြီးတဲ့လူကိုတောင် ရိုသေရမယ်လို့ ဆိုတယ်မဟုတ်လား။ ကိုယ့်ဦးလေးအရွယ် လူကြီးတစ်ယောက်ကို တိုက်ခိုက်ရမယ်ဆိုရင် ငရဲငအုံတွေ ကြီးနေမှာစိုးလို့ပါ။

ဒရိုင်ဘာကြီးကလည်း ရှေ့မတိုးပါဘူး။ သံတုတ်ကြီးကိုင်ပြီးတော့ ရပ်နေလျက်က . . .

"သတ္တိရှိရင် ရှေ့တိုးခဲ့လေကွာ" လို့ပဲ ပြောနေတယ်။

ချစ်ထွတ်တင်က ခုထိ နားကြပ်ကို မဖြုတ်ရသေးဘူး။ အရေးထဲမှာ သီချင်းက ကောင်းနေပြန်ပါပြီ။ မတတ်နိုင်ဘူးလေ။ နားကြပ်ကို ဖြုတ်ပြီး ခါးကြားမှာ ထိုးထည့်ထားလိုက်တယ်။

ကားနောက်ခန်းထဲက လှည့်ကြည့်နေတဲ့ လှိုင်ထိပ်ထားဦးက တကယ်ပဲ ချကြတော့မှာလားလို့ စိုးရိမ်သွားမိတယ်။ ဒရိုင်ဘာကြီးဟာ ချစ်ထွတ်တင်ကို

နိုင်မှာမဟုတ်ဘူး။ မတော်တဆ သူ့သံတုတ်က ချစ်ထွတ်တင်ကို ထိသွားရင်လည်း ပြဿနာတက်နိုင်တယ်။ ဒါကြောင့် ကားထဲက ခေါင်းပြူထွက်ပြီး . . .

"ဦးမောင်စိန် လာခဲ့တော့။ အဖက်လုပ်ပြီး ပြောမနေနဲ့" လို့ လှမ်းပြောလိုက်တယ်။

ဒရိုင်ဘာကြီးလည်း . . .

"ဟင်း . . . မင်းသတိထား" လို့ ပြောပြီး ကားပေါ်ပြန်တက် စက်နှိုးလိုက်တယ်။

ချစ်ထွတ်တင် ရယ်လိုက်တယ်။ ပြီးတော့ ဆောင့်ထွက်သွားရာ ကားနောက်ကို အတင်းပြေးလိုက်မယ့်ပုံ လုပ်ပြီးတော့ လက်ဝှေ့သမားတွေ လေ့ကျင့်သလို လေထဲမှာ လက်သီးကို တရှူးရှူးထိုးရင်း နောက်ဆုတ်နောက်ဆုတ် ကျန်ခဲ့တယ်။

အဲဒါကို လှည့်ကြည့်လို့မြင်တော့ လှိုင်ထိပ်ထားဦး မပြုံးဘဲ မနေနိုင်ဘူး။ စိတ်ထဲကတော့ ဒီကောင့်ကို ပညာပေးဖို့ အချိန်တန်ပြီလို့ တွက်လိုက်တယ်။

ဆဲဗင်းအပ် တစ်ငုံငုံလိုက်၊ လပ်ကီးစထရိုက် တစ်ဖွာဖွာလိုက်လုပ်ရင်း တာမင်နေတာ ဗီဒီယိုအခွေကို ကြည့်နေတယ်။ နှစ်ဆယ့်လေးလက်မ တိုရှီဘာ တီဗီမှန်သား ကားချပ်က ကြည်လင်ပြတ်သားလှတယ်။ အခွေကလည်း ကောင်းလို့ထင်တယ်။ ဆံပင်တစ်ချောင်းချင်းကိုတောင် ကွဲကွဲပြားပြား မြင်နေရတယ်။

မင်းသားက လူသန်ကြီး အာနိုးရှဝါဇနေဂ္ဂါ။ ဒီမင်းသားနာမည်က တော်တော်ခေါ်ရခက်တယ်။ တာမင်နေတာ ဇာတ်ကားတိပ်ခွေ ရောက်ခါစကဆိုရင် မင်းသားနာမည်ကို မခေါ်တတ်ကြဘူး။ သူငယ်ချင်းတစ်ယောက်က အာနိုးရှိဗာရေလို့ ပြောလို့ ရယ်ကြရသေးတယ်။

တီဗီတို့၊ ဗီဒီယိုတို့ ကြည့်တဲ့အခန်းကို သီးသန့်လုပ်ထားတယ်။ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ကြည့်လို့ရအောင်တဲ့။ ဇာတ်ကား စပြနေတုန်းက ဖေဖေလည်း ကြည့်နေသေးတယ်။ နောက်တော့မှ "မင်းကားက ယုတ္တိမရှိပါဘူးကွာ" ဆိုပြီး ထထွက်သွားတယ်။

မေမေကတော့ . . .

"ဒီလိုကားမျိုးကြည့်ရင် ငါ သွေးတွေ တက်နေပါဦးမယ်" လို့ ပြောပြီး စကတည်းက မကြည့်ဘူး။

အဘိုးကြီးက အဲလီဇဘက်တေလာတို့ မွန်ရိုးတို့ပါတဲ့ကားတွေ ကြိုက်တယ်။ အဘွားကြီးကတော့ ရော့ခ်ဟတ်ဆန်တို့ ဂျိမ်းစတူးဝပ်တို့ပါတဲ့ ကားမျိုးတွေ ငှားငှားပေးရတယ်။

ခုကြည့်နေတဲ့ ဇာတ်ကားက သိပ္ပံ၊ လျှို့ဝှက်သည်းဖို ဇာတ်ကားပဲ။ အဲဒီလို ကားမျိုးကြည့်တဲ့အခါ လူနည်းနည်းများမှ ကောင်းတာ။ ချစ်ထွတ်တင်က မကြောက်တတ်ဘူး။ ဒီတော့ ဇာတ်ကားထဲမှာ ရင်တဖိုဖို အသည်းတထိတ်ထိတ် ဖြစ်အောင် ပြနေတာ အရသာမရှိဘူးပေါ့။ တခြားလူတွေရှိနေလို့ ဟယ်ကနဲ ဟာကနဲ ဖြစ်နေကြတာကို မြင်ရရင်တော့ သူတို့ကြောက်တာကို အရသာ ခံနိုင်မယ် ထင်တယ်။

ခုလည်း စက်ရုပ်လူသားကြီးက မီးလောင်ပြီး သတ္တုအရိုးတွေပဲ ကျန်တာ တောင် မသေသေးဘဲ သားကောင်ဖြစ်တဲ့ ကောင်မလေးနဲ့ သူ့အဖော်နောက်ကို လိုက်လာတဲ့အခန်းကို ကြောက်စရာကောင်းလောက်အောင် ပြနေပေမယ့် ချစ်ထွတ်တင်က ခပ်အေးအေးပဲ ထိုင်ကြည့်နေတယ်။

အဲဒီအချိန်မှာ အိမ်ဖော်ကောင်မလေးက . . .

"အစ်ကို ဖုန်းလာနေတယ်" လို့ မရဲတရဲ လာပြောတယ်။

ချစ်ထွတ်တင်က . . .

"အေး ငါ ဒီထဲကပဲ ပြောမယ်" ဆိုပြီး ဘေးမှာ အသင့်ရှိနေတဲ့ တယ်လီဖုန်း ကို ခလုတ်ဖွင့်လိုက်ပြီး ကောက်ကိုင်တယ်။

"ပြောပါ"

"ချစ်ထွတ်လား၊ ငါပါ မြတ်ဘုန်း"

"ဘာကိစ္စလဲကွ"

ရီမုတ်ကွန်ထရိုးကို လှမ်းယူပြီး ဗီဒီယိုကို အဝေးကနေ ခလုပ်နှိပ်ပြီး ပိတ်ရင်း ပြောတယ်။

မြတ်ဘုန်းအောင်က . . .

"မင်း ဒီည အားလား"

"ဘာကိစ္စလဲဆိုတာ ပြောဦး။ အဲဒီတော့မှ အားလား မအားလား ဆုံးဖြတ်မယ်"

"မင်းကတော့ ဒီလိုချည်းပဲ။ ဟိုဒင်းကွာ . . . ငါတို့အတန်းထဲက ဒေဝီစံ သိတယ် မဟုတ်လား"

"ဘယ်သူလဲ"

"ပိန်ခြောက်ခြောက်ကလေးဟာကွာ၊ ပါရမီမှာ နေတယ်နေလေ"

"အင်း . . . ကိုယ့်အတန်းထဲကဆိုတော့ မသိဘူးဆိုရင် ဘယ်ကောင်းမလဲ။ မြင်ရင်သိမှာပဲလို့ပဲ ထားလိုက်ပါတော့ကွာ။ အဲဒါ ဘာဖြစ်သလဲ"

"ဒီည သူ့မွေးနေ့ရှိတယ်ကွ။ ငါတို့ကို ဖိတ်ထားတယ်"

"ငါလည်း မသိပါလား။ ငါ့ကို မဖိတ်ပါဘူး"

"ဖိတ်တာပေါ့ကွ။ မင်းတို့ငါတို့ကိုမှ မဖိတ်ရင် သူ့ပွဲ ဘယ်စည်တော့မှာလဲ။ ဒီလိုကွ၊ ငါက ကျောင်းမတက်တာ နှစ်ရက်လောက်ရှိပြီ မဟုတ်လား"

"ငါလည်း အဲဒီလောက်ရှိပြီ"

"ဒါကြောင့် ငါတို့မသိတာပေါ့။ အဲဒါ ခုပဲ ငါ့ဆီဖုန်းဆက်ပြီး လာဖြစ်အောင် လာပါလို့ ပြောလို့။ မင်းဆီလည်း ဆက်သေးတယ်တဲ့။ မင်းအိမ်က မင်းမရှိဘူးလို့ ပြောတယ်တဲ့"

"အေး . . . မိန်းကလေးသံဆိုရင် မရှိဘူးပြောလိုက်လို့ မှာထားလို့"

"ဒေဝီစံရဲ့ မွေးနေ့ပွဲ သွားရအောင်ကွာ"

"ဟာ . . . တော်ပြီကွာ။ ဒီအပတ်ထဲတင် နှစ်ပွဲလောက် သွားလိုက်ရပြီးပြီ။ ပျင်းတယ်ကွာ . . . အိမ်မှာပဲ ဗီဒီယို ကြည့်နေတော့မယ်"

"လိုက်ခဲ့ပါကွာ။ ငါတစ်ယောက်တည်း အဖော်မရှိလို့ပါ"

"မင်းကလဲ ကလေးလား။ တစ်ယောက်တည်း မသွားရဲဘူးလား"

"သွားတော့ သွားရဲတာပေါ့ကွာ။ ဒါပေမယ့် ငါ့မှာ ကားမရှိဘူး"

"ဟင် . . . မင်းကားက ဘယ်ရောက်သွားလို့လဲ"

"မနေ့ညနေက ဦးဝိစာရအဝိုင်းမှာ တိုက်ထားလို့ ရှေ့မီးလုံးကွဲသွားတယ်။ ဘန်ပါကလည်း ကောက်နေပြီ"

"ငါ ကားလွှတ်ပေးလိုက်မယ်။ ငါ့ကားနဲ့ သွားပေါ့"

"မင်းပါ လိုက်ခဲ့ပါကွာ။ ဒီမှာ ဟေ့ကောင်၊ မွေးနေ့ပွဲကို ဝင်းစန္ဒီတို့လည်း လာမှာ သိလား"

"အဲဒါ ငါ့ကိစ္စမှ မဟုတ်ဘဲ။ မင်းကိစ္စပဲဟာ"

မြတ်ဘုန်းအောင်က ဝင်းစန္ဒီကို ကြိုးစားနေတာကို ဆိုလိုတာ။ မြတ်ဘုန်းအောင်က တဟဲဟဲ ရယ်နေပြီးမှ . . .

"ဝင်းစန္ဒီ လာမယ်ဆိုတော့ လှိုင်ထိပ်ထားဦးလည်း ပါလာမှာပေါ့။ ဒါဆို မင်းပါ ကိစ္စရှိလာပြီမဟုတ်လား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွာ။ ဟိုရောက်ရင် တစ်ယောက်ယောက်က မင်းနဲ့ လှိုင်ထိပ်ထားဦးကို မိတ်ဆက်ပေးမှာပေါ့"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

"နောက်ပိုင်းကိစ္စကတော့ မင်းဆက်လုပ်ရုံပေါ့"

"တော်စမ်းပါကွာ"

"တကယ်ပြောတာ ဟေ့ကောင်။ တက္ကသိုလ်နယ်မြေတစ်ခုလုံးမှာ မင်းနဲ့ တန်တာဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်။ သူနဲ့တန်တာလည်း မင်းတစ်ယောက်ပဲ ရှိတယ်"

"လုပ်မနေနဲ့။ ငါ စိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့ မရဘူးလေ။ ဖန်တီးထားတဲ့ အခြေအနေအရ မင်းတို့ နှစ်ယောက်သာ အလိုက်ဖက်ဆုံးပဲ။ ဒါကိုမှ မင်းက ရှောင်ချင်နေရင် မင်းတစ်သက်လုံး လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားပေတော့ပဲ"

ချစ်ထွတ်တင် စီးကရက်မီးညှိနေလို့ စကားပြန်မပြောဖြစ်။ မြတ်ဘုန်းအောင် က ဆက်ပြီး . . .

"အဲဒီတော့ . . . မင်းလာမယ် မဟုတ်လား"

"ငါစဉ်းစားဦးမယ်။ ငါမလာဖြစ်ရင်လည်း ကားလွှတ်လိုက်မယ်"

မြတ်ဘုန်းအောင်က "မင်းကလဲ . . . လာခဲ့" လို့ ပြောနေတုန်း စကားမဆုံးခင် ချစ်ထွတ်တင် ဖုန်းချလိုက်တယ်။ ပြီးတော့ ဗီဒီယိုခန်းထဲက ထွက်လာတယ်။ အိပ်ခန်းထဲ သွားတယ်။ တီရှပ်ကိုချွတ်ပြီး မွေးပွမျက်နှာသုတ်ပဝါကြီးကို ယူတယ်။ ရေချိုးခန်းကို လာခဲ့တယ်။ ရေပန်းကို ဖွင့်ချပြီး ဝင်ရပ်လိုက်တယ်။

ဒေဝီစံရဲ့ မွေးနေ့ပွဲကို သွားဖို့ဆုံးဖြတ်လိုက်ပြီ။

မွေးနေ့ပါတီတွေကို သိပ်မသွားချင်တော့တာက ဘာမှ ထူးခြားမှုမရှိလို့ပဲ။ အားလုံး တူတူတွေချည်း။ အဝတ်အစားပုံစံမျိုးစုံ၊ လက်ဝတ်ရတနာမျိုးစုံ၊ ဆံပင်မျိုးစုံ။ စားကြသောက်ကြ၊ သီချင်းဆိုကြ။ တချို့ပွဲတွေကျတော့ ကကြခုန်ကြ။ ဒါပဲ။ ကြာတော့ ငြီးငွေ့လာပြီ။

နောက်ပြီး အဲဒီလိုပွဲတိုင်းမှာ ချစ်ထွတ်တင်က အမြဲတမ်း စတားဖြစ်တတ်တယ်။ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်လို့ တစ်ယောက်ပြီးတစ်ယောက် လာမိတ်ဆက်ကြတယ်။ အဲ . . . တစ်ယောက်နဲ့ အများဆိုတော့ အားလုံးကို မှတ်မိဖို့မလွယ်။ မှတ်မိထားဦး၊ နာမည်နဲ့ လူနဲ့ မတွဲမိပြန်ဘူး။ ဒီတော့ နောက်တစ်ခါ လမ်းမှာတွေ့တဲ့အခါ နှုတ်မဆက်မိတာတို့၊ နှုတ်ဆက်ပြန်တော့လည်း နာမည်မမှတ်မိလို့ ကြောင်တောင်တောင် ဖြစ်ရတာတို့နဲ့ အားနာစရာကြီး။

ကောင်မလေးတွေ့တော့ ချစ်ထွတ်တင်က မမှတ်မိလည်း အတင်းလာနှုတ်ဆက်ကြတာပဲ။

"မမှတ်မိဘူးလား။ ဘယ်သူ့မွေးနေ့တုန်းကတောင် ဆုံကြသေးတယ်လေ" စသည်ဖြင့်။

အဆိုးဆုံးကတော့ မွေးနေ့ပါတီတိုင်းမှာ ချစ်ထွတ်တင်ကို သီချင်းဆိုခိုင်းကြတာပဲ။

ချစ်ထွတ်တင်က အသံကောင်းတယ်။ တိပ်ခွေစီးရီး သွင်းမယ်ဆိုရင် တစ်ခွေတည်းနဲ့ ထိပ်ကိုရောက်သွားမှာပဲ။ သို့ပေမယ့် အဆိုတော်လုပ်ဖို့ ဝါသနာမပါဘူး။

တစ်ခါက မွေးနေ့ပွဲတစ်ခုမှာ ဘီယာနဲ့ဂျင် ရောသောက်တာ များသွားလို့ အူမြူးပြီး သီချင်းဝင်ဆိုမိရာက နောက်ပိုင်းမှာ အမြဲပွဲတောင်းခံရတာပဲ။

ရေဝအောင် ချိုးလိုက်တယ်။ မွေးပွမျက်နှာသုတ်ပဝါကို ပတ်ပြီး ထွက်အလာမှာ ဖေဖေနဲ့ ဆုံတယ်။

“သွားစရာရှိလို့လား သား” လို့ ဖေဖေက မေးတယ်။

“ဟုတ်တယ် ဖေဖေ။ ဘသ်ဒေးပါတီတစ်ခု ဖိတ်ထားလို့ အဲဒါ ကားခဏ ယူသွားမယ်”

“မာစီဒီးလား”

“ဟုတ်ကဲ့”

“ယူသွားလေ။ ဒါပေမယ့် ဖေဖေ့ကားကို မောင်းရင်တော့ ဖေဖေ့စည်းကမ်း အတိုင်းပဲနော်”

ဖေဖေက ထုံးစံအတိုင်း သတိပေးလို့၊ ချစ်ထွတ်တင်ကလည်း . . .

“စိတ်ချပါ ဖေဖေရာ” လို့ ထုံးစံအတိုင်း ကတိပြန်ပေးလိုက်တယ်။

အဘိုးကြီးက သူ့ကားကို ကီလိုမီတာ ခြောက်ဆယ်နှုန်းထက် ပိုမမောင်းရ ဘူးလို့ စည်းကမ်းသတ်မှတ် ထားတယ်လေ။ အဲ . . . သတ်မှတ်ထားတာက သတ်မှတ်ထားတာပဲပေါ့။ ကားမောင်းတဲ့အခါ အမြန်နှုန်းပြ ဒိုင်ခွက်ကို ကြည့်ပြီး မောင်းလို့ရတာမှ မဟုတ်ဘဲ။ ရှေ့က မြင်ကွင်းကို ကြည့်မောင်းရမှာ မဟုတ်လား။

အိပ်ခန်းထဲ ပြန်ဝင်ခဲ့တယ်။ ဒီနေ့ပွဲကို လူကြီးလူကောင်းဆန်ဆန် ဝတ်သွား မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် ဆံပင်ကို ဘရိုင်ခရိမ် နည်းနည်းလိမ်းပြီး သပ်သပ်ရပ်ရပ် ဖြီးလိုက်တယ်။ ရှပ်အင်္ကျီ အဖြူဆွတ်ဆွတ် ဝတ်တယ်။ နက္ကတိုင်အနက် စည်းတယ်။ ကုတ်အင်္ကျီနဲ့ ဘောင်းဘီကို နင်းရောင်ဆင်တူ ဝတ်တယ်။ ဖိနပ် အနက် စီးတယ်။ ရေမွှေး မဆွတ်တော့ဘူး။ မျက်နှာကလည်း ဝက်ခြံတို့ မှဲ့ခြောက်တို့ မပေါက်တတ်၊ အဆီမပြန်တတ်လို့ ဘာမှလိမ်းမနေတော့။

ညည့်ခန်းထဲက ဖြတ်အထွက်မှာ မေမေ့ကို ဘာမှမပြောရသေးတာ သတိရတယ်။ အဆင်သင့်ရှိနေတဲ့ အင်တာကွန်းနဲ့ပဲ မေမေ့အခန်းကို လှမ်းဆက်ပြီး နှုတ်ဆက်စကား ပြောလိုက်ရတယ်။

*

မီးခိုးရောင် မာစီဒီး တူးအိတ်တိကားကြီးက အချက်ပြမီးနှစ်ဖက်စလုံး ဖွင့်ချည်ပိတ်ချည် စုံခတ်ပြီး ခြံထဲဝင်လာတယ်။

ခြံက အကျယ်ကြီးပဲ။ ဒါတောင်မှ ရပ်ထားတဲ့ကားတွေ များလွန်းလို့ ကားရပ်ဖို့နေရာကို အတော်ရှာရသေးတယ်။ အလုပ်သမားတစ်ယောက်က နေရာလိုက်ပြမှ အဆင်ပြေသွားတယ်။

ကားရပ်ပြီးတော့ ညည့်ခံပွဲရှိရာ ပန်းခြံဘက်ကို လျှောက်လာခဲ့ကြတယ်။ ပန်းခြံတစ်ခုလုံး မီးရောင်တွေ ထိန်ထိန်ညီးနေတယ်။ သစ်ပင်တွေမှာ ရောင်စုံမီးပုံးကလေးတွေ ချိတ်ထားတယ်။

ပလပ်စတစ်နဲ့လုပ်ထားတဲ့ မိုးပျံပူဖောင်း အကြီးကြီးတစ်လုံးကို လွှတ်တင်ထားပြီး "ဒေဝီစံ (၂၁)" ဆိုတဲ့ အင်္ဂလိပ်စာလုံးကို မီးလုံးသေးသေးလေးတွေစီပြီး ရေးထားတယ်။

ချစ်ထွတ်တင်နဲ့ မြတ်ဘုန်းအောင်တို့ နှစ်ယောက် ဝင်သွားတယ် ဆိုရင်ပဲ ညည့်ခံပွဲတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

မြတ်ဘုန်းအောင်က ကင်ဇိုအင်္ကျီ(အစစ်)နဲ့ ချာလီဘောင်းဘီကို ဝတ်ထားတယ်။

မြတ်ဘုန်းအောင်က ချစ်ထွတ်တင်နဲ့ တွဲမလာဘဲ တစ်ယောက်တည်းသာ ဆိုရင် ဒီပွဲရဲ့ မင်းသားလေးတစ်ပါး ဖြစ်သွားနိုင်တယ်။

သူလည်း လူချောတစ်ယောက်ပဲ။ ချစ်ထွတ်တင်နဲ့ အရပ်ချင်းကလည်း မတိမ်းမယိမ်း။ ငါးပေဆယ်လက်မလောက်။ အစစအရာရာ ချစ်ထွတ်တင်ထက် အောက်မကျပါဘူး။ တစ်ခုပဲ ကွာတယ်။ အဟိတ်အဟန့်။ အဲဒီတစ်ချက်တည်းနဲ့

ချစ်ထွတ်တင်က သူ့အပေါ် လွှမ်းမိုးသွားတာပဲ။ ဒါဟာ ချစ်ထွတ်တင်ရဲ့ ပါရမီလို့ ဆိုရလိမ့်မယ်။

စားပွဲတစ်ခုအနားမှာ ရပ်ပြီး နှုတ်ဆက်စကားပြောနေတဲ့ ဒေဝီစံက ချစ်ထွတ်တင်တို့ ဝင်လာတာ လှမ်းမြင်လိုက်တယ်။ ပြောလက်စ စကားကို ပလိစ်ဆို ဖြတ်ပစ်လိုက်ပြီး ချစ်ထွတ်တင်တို့ဆီ မပြေးရုံတစ်မည် လှမ်းလာတယ်။

"ဟိုင်း ဒေဝီ"

မြတ်ဘုန်းအောင်က အမေရိကန်ဆန်ဆန် နှုတ်ဆက်တယ်။ ချစ်ထွတ်တင်က ပြုံးရုံပဲ ပြုံးပြတယ်။

"ယူတို့ နောက်ကျလိုက်တာနော်။ ဧည့်သည်တွေ စုံသလောက်တောင်ရှိနေပြီ" လို့ ဒေဝီစံက ပြောတယ်။

မွေးနေ့ပိုင်ရှင် ဒေဝီစံရဲ့ ပင်ကိုယ်ရုပ်က မလှဘူး။ ကိုယ်လုံးကလည်း ပိန်ပြားပြား။ သို့ပေမယ့် အလှပြင်ပစ္စည်းတွေ၊ အဝတ်အစားတွေနဲ့ ကျားကန်ထားတယ်။

မက်ဂီဂါဝန်ရှည်ကြီးကို ဝတ်ထားတယ်။ ဆံပင်ကို ကျစ်ဆံမြီး သေးသေးလေးတွေ မွနေအောင် ကျစ်ထားတယ်။ ခေါင်းပေါ်မှာက ပလက်တီနမ် သရဖူဆောင်းလို့။ ညိုတဲ့အသားကို မိတ်ကပ်တွေ၊ အလှရည်တွေနဲ့ လိမ်းပြီး ဖုံးထားတယ်။ သူ့ကိုယ်ပေါ်မှာ ပြိုးပြိုးပြက်နေတဲ့ စိန်ထည်တွေရဲ့တန်ဖိုးကို ပေါင်းလိုက်ရင် နှစ်သိန်းဖိုးလောက်များ ရှိနေမလား။ ဘာပဲဖြစ်ဖြစ် ကြည့်ပျော်ရှုပျော်ရှိရုံလောက်တော့ ဖြစ်သွားတာပေါ့လေ။

"ဒေဝီ့အတွက် ဘသ်ဒေးပရဲဆင့်"

မြတ်ဘုန်းအောင်က ဗူးရှည်ရှည်လေးတစ်ခုကို လှမ်းပေးလိုက်တယ်။

"သန့်(ခ်)ယူ"

ချစ်ထွတ်တင်ရဲ့ လက်ထဲမှာ ဘာမှမပါဘူး။

ချစ်ထွတ်တင်က ကုတ်အင်္ကျီမှာ ထိုးထားတဲ့ နှင်းဆီပန်းကို ဖြုတ်ပြီး . . .

"ကျွန်တော့်ရဲ့ လက်ဆောင်ပါ" လို့ ပြောရင်း ကမ်းပေးလိုက်တယ်။

ဒေဝီစံက နှင်းဆီပွင့်ကို ကြည့်ပြီး "ဟယ်" ကနဲ ဖြစ်သွားတယ်။

ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန်မတတ် ဖြစ်သွားတယ်။ ချစ်ထွတ်တင်ဆီက စိန်လက်စွပ်တစ်ကွင်း လက်ဆောင်ရရင်တောင် ဒီလောက် ဝမ်းသာမှာ မဟုတ်ဘူး။

ကြည့်လေ၊ ရင်ဘတ်မှာထိုးလာတဲ့ နှင်းဆီပွင့်ကို ဖြုတ်ပေးတယ်ဆိုတာ တော်ရုံတန်ရုံ ရင်းနှီးမှုမဟုတ်ဘူး။ နည်းတဲ့ အခွင့်အရေးလား။

ပြီးတော့ နှင်းဆီပွင့်က ကမ္ဘာပေါ်မှာ အရှားပါးဆုံး အနက်ရောင်။

"ကြည့်စမ်းပါဦး။ ဘလက်ရို့စ်ပဲ။ ယူ ဘယ်ကဘယ်လို ရှာလာတာလဲဟင်"

"ဒီညနေဆိုက်တဲ့ လေယာဉ်ပျံနဲ့ ပါလာတာ။ စကော့ပူကလေ"

"အိုး . . . သန့်(စ်)အလော့ . . ."

ဒေဝီစံက နေရာချထားပေးဖို့ ဦးဆောင်ပြီး ခေါ်သွားတယ်။ စားပွဲတွေကို ဖြတ်သွားတဲ့အခါ ကောင်မလေးတွေ ဣန္ဒြေမဆောင်နိုင်ဘဲ လိုက်ကြည့်ကြရတယ်။ အထူးသဖြင့် ချစ်ထွတ်တင်ကို။ ပြီးတော့ တိုးတိုးကျိတ်ကျိတ် မှတ်ချက်ချကြတယ်။

"ဟော့ . . . ချစ်ထွတ်တင်ရဲ့ အဝတ်အစားတွေကို ထွင်းဖောက်ပြီး မြင်ယောင်ကြည့်စမ်း"

"အိုး . . . ယူ ဗဲရီးစတူးပစ်"

"ဟာ . . . ဘာလဲ။ သူ့ရဲ့ ဘော်ဒီစထရပ်ချာကို မြင်ယောင်ကြည့်ခိုင်းတာ။ ရော့ကီဇာတ်ကားထဲက ဆီလ်ဗက်စတာ စတောလုံးလိုမျိုး ဖြစ်မှာပဲနော်"

"အေး ဟုတ်တယ်။ မျက်နှာကတော့ စတောလုံးနဲ့ မတူဘူး။ ရစ်ချတ်ဂီယာနဲ့ ဆင်တယ်"

"အံမယ် . . . ဂီယာနဲ့တူတယ်ဆိုတော့ ဆက်စီဖြစ်တယ်လို့ ဆိုလိုတာပေါ့"

ခေါင်းချင်းဆိုင်ပြီး ကျိတ်ရယ်ကြတယ်။

"ကဲ . . . ဒီစားပွဲမှာ ထိုင်ကြပါ"

ဒေဝီစံ နေရာချပေးတဲ့ စားပွဲက ဝင်းစန္ဒီတို့ဝိုင်း။ မြဆည်းဆာ၊ ရိုစီ၊ ပြီးတော့ လှိုင်ထိပ်ထားဦး။

ချစ်ထွတ်တင် အံ့သြသလို ဖြစ်သွားသေးတယ်။ ပြီးမှ ဝင်းစန္ဒီနဲ့အတူတူ ထိုင်ခွင့်ရအောင် မြတ်ဘုန်းအောင်က ခုလို နေရာချထားပေးပါလို့ ဒေဝီစံကို ကြိုတင်မှာထားတာ ဖြစ်နိုင်တယ်လို့ တွေးမိတယ်။

ဘာပဲဖြစ်ဖြစ် လှိုင်ထိပ်ထားဦးနဲ့ မျက်နှာချင်းဆိုင်မိပြီ။

ဧည့်ခံပွဲကို ကြွရောက်လာတဲ့လူတိုင်း၊ အထူးသဖြင့် မိန်းကလေးတိုင်းလိုလို ထူးထွေဆန်းပြားစွာ ဝတ်စားလာကြတယ်။ လိပ်ပြာတောင်ပံ ပုံစံ အင်္ကျီ၊ ငါးအကြေးခွံတွေလို အဖတ်ဖတ်တွေဖြစ်အောင် ချုပ်ထားတဲ့ အင်္ကျီ၊ ခြေမျက်စိ ဖုံးတဲ့ ဂါဝန်ရှည်ကြီးတွေ၊ ထဘီအဆင်ဆန်း အသားဆန်းမျိုးစုံ၊ ဆံပင်ပုံစံမျိုးစုံ၊ မျက်နှာ အလှပြင်ခြယ်သပုံမျိုးစုံ။

အဲဒီလို ဖျပ်ဖျပ်လှုပ်နေတဲ့ကြားထဲမှာ လှိုင်ထိပ်ထားဦးက . . .

ဆံပင်ကို တစ်ပတ်လျှိုဆံထုံးကလေး ထုံးထားတယ်။ မျက်နှာကို မိတ်ကပ် ပါးပါးလေးပဲ လိမ်းထားတယ်။ နှုတ်ခမ်းနီတောင် ဆိုးမထား။ မျက်တောင်တု လည်း တပ်မထား။ မျက်ခွံကိုလည်း ဆေးရောင်တင်မထား။ လိုင်နာလည်း မဆွဲ။ ပင်ကိုယ်အလှမျက်နှာ။

အင်္ကျီအဖြူလက်ရှည် ရင်ဖုံးနဲ့။ ခရမ်းရောင်ကွက်ကဲတဲ့ ချိတ်ထဘီကို ဝတ်ထား တယ်။ ငွေမှုန်ကလေးတွေ ကျိုးတိုးကျဲတဲ ပက်ထားတဲ့ ပဝါအပြာနုကလေးကို ခြုံထားတယ်။ ကတ္တီပါဖိနပ်ပါးပါး စီးထားတယ်။

လက်ဝတ်ရတနာ တစ်ခုမှ ဆင်သ,မထားဘူး။ နားမှာတောင် မဟူရာ နားကပ်ကလေးပဲ ပန်ထားတယ်။

ရိုးရိုးကလေး ပြင်ဆင်လာတဲ့အတွက် အဆန်းတွေကြားထဲမှာ ပိုပြီး ထူးခြား သွားတယ်။

နဂိုကတည်းက အားလုံးထက် ကျော်နေတဲ့သူဟာ ခုလိုလုပ်ပြလိုက်တော့ ဘယ်သူမှ လိုက်လို့မမီတော့။

“ကဲ . . . အင်ထရို လုပ်ပေးရဦးမယ်။ မြင်တော့ မြင်ဖူးနေကြပြီးသား ဖြစ်မှာပါ။ ဒါက ကိုချစ်ထွတ်တင်၊ အိုင်စီ ဖိုင်နယ်ယား။ သူက လှိုင်ထိပ်ထားဦး

လေ၊ ဖစ်ဆစ်ဖိုင်နယ်က။ သူက ဝင်းစန္ဒီ၊ သူက မြဆည်းဆာ၊ သူက ရိုစီ။ ကိုမြတ်ဘုန်းနဲ့တော့ သိပြီးကြပြီနော်”

“ဂလက်တူ ဆီးယူ”

ချစ်ထွတ်တင်က ပြောပြီး လက်ကမ်းပေးလိုက်တယ်။ လှိုင်ထိပ်ထားဦးက ခဏဆိုင်းပြီးမှ ချစ်ထွတ်တင်ရဲ့လက်ကို လှမ်းဆုပ်ကိုင်တယ်။ ချစ်ထွတ်တင်ရဲ့ လက်က မဆိုစလောက် အေးစက်စက်ဖြစ်နေတာ သိလိုက်တယ်။

လှိုင်ထိပ်ထားဦး ကျေနပ်သွားတယ်။ ဘယ်သူ့ကိုမှ ပြုံးမပြဖူးသေးတဲ့ အပြုံးမျိုးနဲ့ ချစ်ထွတ်တင်ကို တစ်ချက်စိုက်ကြည့်တယ်။ အခိုင်အမာစိုက်ထားတဲ့ ကျောက်တိုင်တစ်တိုင်ကို ပထမဆုံးတစ်ချက် စ,နှဲ့လိုက်တဲ့ သဘော။

ညှော်ခံပွဲရဲ့ အကျွေးအမွေးပုံစံကလည်း ထူးထူးခြားခြားပဲ။ တခြား ညှော်ခံပွဲ တွေလို တစ်မည်ကောင်း တစ်မျိုးကောင်းကျွေးတာ မဟုတ်။

မီနူးလို့ခေါ်တဲ့ အစားအသောက်စာရင်း ကတ်ပြားလေး ချပေးထားတယ်။ စာရင်းထဲမှာ . . . ရွှေတောင်ခေါက်ဆွဲ၊ ပြည်ပလာတာ၊ နန်းကြီး၊ ကြာဇံချက်၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါး။ ကိုယ်ကြိုက်တာမှာ။

အချိုပွဲက ပိုပြီး ထူးခြားသေးတယ်။ ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီး မုန့်တိုက်ကြီးတွေက မုန့်တွေစုံအောင် ချပေးထားတယ်။ အောင်ကြီး ဆနွင်း မကင်း၊ ပုလဲမုန့်တိုက်က သစ်သီးကိတ်၊ ကြက်ဆင်မုန့်တိုက်က ပီဇာ၊ ရွှေပုဇွန်က ဂျယ်လီကိတ်၊ ကြည်အေးမုန့်တိုက်က ချောကလက်ရိုး(လ်)၊ ကရဝိက်က ဟမ်ဘာဂါ၊ အင်းလျားလိတ်က ဓားလှီးရေခဲမုန့်။

အအေးကြိုက်တဲ့ လူတွေအတွက် ကိုကာကိုလာ၊ အပူကြိုက်တဲ့လူတွေ အတွက် လစ်(ပ်)တန် လက်ဖက်ရည်။

ယမကာ မှီဝဲချင်တဲ့လူတွေအတွက် စိတ်ကြိုက် သောက်သုံးလို့ရအောင် ပန်းခြံရဲ့ ထောင့်တစ်နေရာမှာ ဘားကောင်တာ ဖွင့်ပေးထားတယ်။

နိုင်ငံခြားဖြစ် ဝီစကီသုံးလေးမျိုး၊ ကော့ညက်ဘရန်ဒီ၊ ဝိုင်၊ ဂျင်၊ ဘီယာဘူး တွေ၊ မာတီနီ စပ်ခိုင်းလို့လည်း ရတယ်။

ချစ်ထွတ်တင်ကတော့ ဒီနေ့ည ဘာအရက်မှ မသောက်ဘူးလို့ ဆုံးဖြတ်ထား တယ်။

ဝင်းစန္ဒီက ငြီးစီစီကြီးဖြစ်နေလို့ လမ်းလျှောက်ဦးမယ်လို့ ထွက်သွားတယ်။

ခဏကြာတော့ မြတ်ဘုန်းအောင်က . . .

"မင်း နည်းနည်းနိုပ်ဦးမလား" လို့ မေးတယ်။

အရက်သောက်ဦးမလားလို့ မေးတာ။ ချစ်ထွတ်တင်က ခေါင်းခါပြတယ်။

"ငါတော့ အစားများသွားသလား မသိဘူး . . . အီလည်လည်နဲ့။ ကော့ညက်တစ်ခွက်လောက် သွားချလိုက်ဦးမယ်" ဆိုပြီး ထထွက်သွားတယ်။

သူ တော်တော်နဲ့ ပြန်ရောက်လာမှာ မဟုတ်ဘူး။ ခုချိန်ဆို ဝင်းစန္ဒီနဲ့ တွေ့နေကြရော့မယ်။ ပန်းခြံထဲက ခုံတန်းလျားလေးတစ်ခုမှာ ထိုင်နေကြလေ မလား။ လေညင်းခံရင်း လမ်းလျှောက်နေကြမလား။

သိပ်မကြာခင်မှာပဲ ရိုစီက . . .

"စန္ဒီကလည်း ဘယ်သွားနေပါလိမ့်" လို့ ပြောပြီး လိုက်ရှာမယ့်ပုံစံနဲ့ ထွက်သွားပြန်တယ်။ မြဆည်းဆာကလည်း ထလိုက်သွားတယ်။

သူတို့လည်း ဝင်းစန္ဒီကို လိုက်ရှာကြမှာ မဟုတ်ပါဘူး။ တခြားဝိုင်း တစ်ဝိုင်း မှာ ဝင်ပြီး စကားသွားပြောနေကြမှာပါ။

ရှင်းပါတယ်လေ။ ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးကို နှစ်ယောက်တည်း ထားခဲ့ကြတာပေါ့။

အဲဒီလိုဖြစ်အောင် လှိုင်ထိပ်ထားဦးက ကြိုတင်စီစဉ် အကွက်ချခဲ့တယ် ဆိုတာတော့ ချစ်ထွတ်တင် မရိပ်မိသေး။

"လှိုင်ထိပ်ထားဦး ပြန်ဖို့ အစီအစဉ် ဘယ်လိုရှိလဲ။ ကားလာကြိုမှာလား"

ချစ်ထွတ်တင်က စကားစတယ်။

လှိုင်ထိပ်ထားဦးက . . .

"ပြန်ချင်တဲ့အချိန် ဖုန်းဆက်ပြီး ကားခေါ်လိုက်မယ်လို့တော့ အိမ်ကို မှာခဲ့ တာပဲ။ သူငယ်ချင်းတစ်ယောက်ယောက်ရဲ့ ကားနဲ့လည်း ပြန်လိုက်ချင်လိုက်သွား မလားလို့"

"ကျွန်တော့်မှာ ကားပါပါတယ်။ လိုက်ပို့ရမလား။ ကျွန်တော်လည်း သူငယ်ချင်းဖြစ်နေပြီ မဟုတ်လား"

"ကြည့်လုပ်တာပေါ့လေ"

ဧည့်ခံပွဲအတွင်းမှာ သီချင်းသံက ပျံ့လွင့်နေတယ်။ ဧည့်သည်တွေကလည်း စားပွဲမှာချည်း ထိုင်နေကြတာ မဟုတ်တော့။ ဘားကောင်တာနားမှာ၊ ပန်းခြံထဲမှာ စသည်ဖြင့် ကိုယ်ရင်းနီးရာ အုပ်စုဖွဲ့ပြီး စကားပြောကြ၊ ရယ်ကြမောကြနဲ့ ရင်းနီးတဲ့ လူငါးဆယ်လောက်သာ ကျန်တော့တာကိုး။

လှိုင်ထိပ်ထားဦးက ဘားကောင်တာဘက် လှမ်းကြည့်ပြီး . . .

"ယူ မသောက်တတ်ဘူးလား" လို့ မေးတယ်။

ချစ်ထွတ်တင်က . . .

"တစ်ခါတစ်လေ သောက်ပါတယ်။ ဒီနေ့တော့ သောက်စရာမလိုဘူးလေ။ ကြည့်ရုံနဲ့တင် မူးမေ့သွားနိုင်လောက်တာကိုး"

လှိုင်ထိပ်ထားဦးက ပြုံးပြီး . . .

"မေ့သွားတယ်ဆိုတော့ သတိမရတော့ဘူးပေါ့နော်"

"သတိမရတာ မဟုတ်ပါဘူး။ သတိလစ်သွားတာကို ပြောတာ"

"သူက စကားပြောကောင်းသားပဲ"

"ထင်လို့ပါ။ ကျွန်တော်က စကားများများပြောလေ့ရှိတာ မဟုတ်ဘူး။ သိပ်ခင်တဲ့ သူငယ်ချင်းနဲ့တွေ့မှ ပြောဖြစ်တာ"

လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ကို တစ်ချက်စိုက်ကြည့်တယ်။ မျက်လုံးကို နည်းနည်းမှေးလိုက်တယ်။ ချစ်ထွတ်တင် ရင်ထဲမှာ မဆိုစလောက် လှုပ်ရှားသွားတယ်။ လှိုင်ထိပ်ထားဦးဟာ တော်တော်လှတာပဲဆိုတာ ဝန်ခံလိုက်ရတယ်။ လှိုင်ထိပ်ထားဦးကလည်း ချစ်ထွတ်တင်ဟာ ယောကျ်ားလေးတွေထဲမှာ ရှာမှရှား ဆိုတာ အသိအမှတ် ပြုလိုက်ရတယ်။

မျက်လုံးချင်းကတော့ အားပြိုင်နေကြတုန်း။ ရှေ့ဆက်လက်ပြီး စိတ်ဓာတ်ချင်း၊ အသည်းနှလုံးချင်း အားပြိုင်ကြရဦးမယ်ဆိုတာ နှစ်ယောက်စလုံး ကျိတ်ပြီး သိလိုက်ကြတယ်။

အဲဒီအချိန်မှာ . . .

"ဧည့်ပရိသတ်များရှင် . . . အထူးအစီအစဉ် ရှိတဲ့အတွက် မိုးပျံပူဖောင်း လွှတ်တင်ထားရာနေရာမှာ လာရောက်စုရုံးကြဖို့ မေတ္တာရပ်ခံပါတယ်ရှင်"

အသံချဲ့စက်ကနေ သုံးကြိမ်သုံးခါ အော်ခေါ်တယ်။

"ကဲ . . . သွားကြရအောင်။ အထူးအစီအစဉ်ဆိုတာ ဘာလဲ မသိဘူး"

စုရပ်နေရာကို လျှောက်လာခဲ့ကြတယ်။ တခြားအုပ်စုတွေကလည်း အလျှို လျှို ရောက်လာကြပြီ။ ဝင်းစန္ဒီက အရင်ရောက်လာတယ်။ မြတ်ဘုန်းအောင်တော့ ဘယ်ပျောက်နေသလဲ မသိ။

ချစ်ထွတ်တင်ရဲ့ ပုခုံးကို လာပုတ်တော့မှ နောက်မှာ ရောက်နေမှန်း သိရတယ်။

မြတ်ဘုန်းအောင်ရဲ့ မျက်နှာက မချိုမချဉ်။ ပြေလည်လာပုံရတယ်။

"ဘယ်လိုလဲ ဟေ့ကောင်"

ချစ်ထွတ်တင်က တိုးတိုးမေးတယ်။

"ဒီလိုပါပဲကွာ"

"လုပ်မနေနဲ့။ မင်းအင်္ကျီကော်လာပေါ်မှာ နှုတ်ခမ်းနီတွေ"

"ဟင် . . . ဟုတ်လား။ ပြဿနာပဲ"

မြတ်ဘုန်းအောင် ပြူးတူးပျာတာ ဖြစ်သွားတယ်။ ယောင်ယမ်းပြီး အင်္ကျီ ကော်လာကို ပွတ်သပ်နေတယ်။ ချစ်ထွတ်တင်က ရယ်တယ်။

"ဟားဟား . . . ဒါလားကွ၊ ဒီလိုပါပဲဆိုတာ . . ."

"ဘလက်ဒီဖူး . . . ငါက အဟုတ်မှတ်လို့"

လှိုင်ထိပ်ထားဦးက သူ့အုပ်စုနဲ့ပြန်ပေါင်းမိပြီး ခပ်လှမ်းလှမ်းမှာရပ်နေတယ်။

မြတ်ဘုန်းအောင်က ချစ်ထွတ်တင်ကို လက်ကုတ်ပြီး . . .

"မင်းကော အခြေအနေ ဘယ်လိုလဲ"

"ဟာ . . . ဘယ်လိုရမှာလဲ"

"လုပ်မနေနဲ့ ဟေ့ကောင်၊ မင်းအင်္ကျီကော်လာမှာ . . ."

"ဘာဖြစ်သလဲ။ သူ ဒီနေ့ နှုတ်ခမ်းနီမှ ဆိုးမလာဘဲ . . ."

"မဟုတ်ပါဘူးကွာ . . . မင်းအင်္ကျီကော်လာမှာ ဆံပင်မွေးကြီး ကပ်နေတယ်လို့ ပြောတာပါ။ ဟားဟား . . . အံမယ် ဟော့ကောင် . . . သူ နှုတ်ခမ်းနီဆိုးမလာဘူးဆိုတာ မင်း ဘယ်လိုလုပ်သိလဲ"

"ကြည့်ရင် မြင်နေရတာပဲ"

"မင်း သူ့ကို သေသေချာချာ ကြည့်တယ်ပေါ့"

"ဒါ အဆန်းလားကွာ"

"မင်းတို့နှစ်ယောက် ထိုင်စကားပြောနေတာ ငါမြင်သားပဲ။ သူက မင်းကို အင်ထရက်(စ်) ဖြစ်ပုံ ရပါတယ်"

"ငါကတော့ ဘာမှ မဖြစ်ဘူး"

"ဒီမှာ ချစ်ထွတ်တင် . . . မဖြစ်ချင်လို့ မရဘူး။ သူက စင်ဒရဲလားပဲ။ ရွှေဖိနပ်က မင်းဆီမှာရှိတယ်။ သူနဲ့ပဲ တော်တယ်။ တခြားလူနဲ့ မတော်ဘူး"

"အဲဒါ ထားစမ်းပါဦး။ အခု အထူးအစီအစဉ်ဆိုတာ ဘာလဲ"

"ငါလည်းမသိဘူး။ သြော် . . . မဲနိုက်ရမှာထင်တယ်။ ဟိုမှာ ငွေဖလားကြီး ယူလာပြီ"

ကံစမ်းမဲနှိုက်ကြတာက အပျော်သဘောမျိုးပဲ။ ပစ္စည်းတွေက သေးသေးဖွဲဖွဲလေးတွေလည်း ပါတယ်။ တန်ဖိုးကြီးတာတွေလည်း ပါတယ်။ ထူးခြားတာက ပစ္စည်းတွေကို ယောကျ်ားလေးအတွက် မိန်းလေးအတွက်ရယ်လို့ ခွဲမထားဘူး။ ကျရာပဲ။

ရိုစီ မဲနှိုက်တယ်။ ကံကောင်းတယ်။ ရင်ထိုးလေးတစ်ခု ပေါက်တယ်။ မြဆည်းဆာ အလှည့်ကျတော့ နံပါတ်ဆယ့်ကိုးတဲ့။ ပလပ်စတစ်အိတ်နဲ့ တိတိကျကျ ထည့်ထားတဲ့ အင်္ကျီအကောင်းစား တစ်ထည်။

"အင်္ကျီကို ဝတ်ပြပါ" လို့ တစ်ယောက်က ပြောတယ်။

မြဆည်းဆာက အင်္ကျီကို ဆွဲထုတ်ပြီး ဖြန့်လိုက်တယ်။ ရယ်သံတွေ ဝေါကနဲ။ ဗိုက်ဖုံးအင်္ကျီ။ မြဆည်းဆာက သိပ်ရှက်မနေပါဘူး။ အားလုံးနဲ့ရောပြီး လိုက်ရယ်တယ်။

နောက် ကောင်မလေးတစ်ယောက်ကတော့ လက်အိတ်အဖြူ တစ်ဖက်တည်း မဲပေါက်တယ်။

"မိုက်ကယ်ဂျက်ဆင်ကွ" လို့ ဝိုင်းအော်ပြီး အားပေးကြတယ်။

မတ်ဘုန်းအောင်က ဘရာစီယာ ပေါက်တယ်။ ဝင်းစန္ဒီက ယောက်ျားလေးတွေ လက်မှာပတ်တဲ့ သားရေလက်ပတ်တစ်ခု ပေါက်တယ်။

မြတ်ဘုန်းအောင်က . . .

"လဲမလားလို့" ဝင်းစန္ဒီကို မေးတယ်။

ဝင်းစန္ဒီက ရက်ပြုံးပြုံးတယ်။

သူတို့နှစ်ယောက် ပြေလည်သွားကြတာ သေချာပြီ။

လိုင်ထိပ်ထားဦး အလှည့်။

အမြဲတမ်း ကံကောင်းသူတို့ထုံးစံအတိုင်း နံပါတ်တစ်မဲကို ပေါက်တယ်။

နိုင်ငံခြားဖြစ် ရွှေရောင် ဒေါက်မြင့်ဖိနပ်။

ရွှေဖိနပ်ကို မြင်တော့ . . .

"စင်ဒရဲလား" လို့ အော်ပြီး လက်ခုပ်ဝိုင်းတီးကြတယ်။

မြတ်ဘုန်းအောင်က ချစ်ထွတ်တင်ကို ကြည့်ပြီး မျက်စိတစ်ဖက် မှိတ်ပြတယ်။

"ကဲ . . . ချစ်ထွတ်တင်။ ယူ့အလှည့်ပဲ"

ဒေဝီစံက ပြောတယ်။

ချစ်ထွတ်တင် . . .

"ကျွန်တော့်အစား ဒေဝီစံပဲ နှိုက်ပေးပါတော့"

ဒေဝီစံ အကျေနပ်ကြီး ကျေနပ်သွားတယ်။ ဖလားထဲက မဲလိပ်ကို နှိုက်ပြီး ချစ်ထွတ်တင်ကို ပေးတယ်။

ဖြေကြည့်လိုက်တော့ . . .

"နံပါတ်ခုနစ်"

"လပ်ကီးဆဲဗင်း"

စပိန်နိုင်ငံကလုပ်တဲ့ ဂစ်တာကြီးတစ်လက်။

"အို . . . ယူ သိပ်ကံကောင်းတာပဲ ချစ်ထွတ်တင်ရယ်" လို့ ဒေဝီစံက ဝမ်းသာအားရပြောတယ်။

ချစ်ထွတ်တင်ရဲ့ စိတ်ထဲကတော့ ကျိတ်ပြီး ရယ်ချင်နေတယ်။ နံပါတ်ခုနစ် မဲလိပ်က ငွေဖလားထဲမှာ အစကတည်းက ရှိတာမဟုတ်ဘူး။ ဒေဝီစံရဲ့ လက်ထဲမှာ ရှိနေတာ။ သူက မဲလိပ်နှိုက်သလိုလိုနဲ့ သူ့လက်ထဲမှာ ဂုက်ထားတဲ့ မဲလိပ်ကို ပေးလိုက်တာပဲ။ အဲဒါမျိုး လုပ်ချင်လုပ်လိမ့်မယ်ဆိုတာ ကြိုသိလို့လည်း ဒေဝီစံကိုပဲ မဲနှိုက်ပေးပါလို့ ပြောလိုက်တာပေါ့။ ရှေ့ဆက်ပြီး ဘာလုပ်မယ်ဆိုတာလည်း သိပြီးသား။

"ချစ်ထွတ်တင်က အဲဒီဂစ်တာကို တီးပြီး သီချင်းတစ်ပုဒ် ဆိုပြပါလိမ့်မယ်။ သဘောတူရင် လက်ခုပ်တီးပါ"

လက်ခုပ်သံတွေ ဆူညံသွားတယ်။

ချစ်ထွတ်တင်က ပြုံးလိုက်တယ်။ ပြီးတော့ ခပ်အေးအေးပဲ ပြောတယ်။

"ကျွန်တော်က အတီးချည်းသက်သက်၊ ဒါမှမဟုတ် အဆိုချည်းသက်သက်ပဲ ရတာ။ ဒီလုပ်လေ၊ တစ်ယောက်ယောက်က သီချင်းဆိုပါလား။ ကျွန်တော် ဂစ်တာတီးပေးမယ်"

"ကောင်းတယ် ကောင်းတယ်" ဆိုတဲ့အသံတွေ ထွက်လာပြန်တယ်။

ရှင်းပါတယ်လေ။ သီချင်းဆိုဖို့ ဘယ်သူ့ကို ရွေးမယ်ဆိုတာ။

မြတ်ဘုန်းအောင်က . . .

"လှိုင်ထိပ်ထားဦးက သီချင်းဆိုပါ" လို့ ပြောတယ်။

လက်ခုပ်တီးကြပြန်တယ်။

"ဟုတ်တယ်။ ထိပ်ထားဦး . . . ဒေဝီ့အတွက် သီချင်းဆိုပေးပါ"

ဒေဝီစံက တိုက်တွန်းလိုက်တယ်။

လှိုင်ထိပ်ထားဦးက မငြင်းပါဘူး။ ရှက်လည်း ရှက်မနေဘူး။ ဒီလိုအချိန်မျိုးမှာ ရှက်ပြီး အကြောက်အကန် ငြင်းနေရင် သိက္ခာကျသွားမှာပေါ့။ ဒါကြောင့် ချစ်ထွတ်တင်နားကို ခပ်အေးအေးပဲ လျှောက်သွားတယ်။

ချစ်ထွတ်တင်က ဂစ်တာကြိုးညှိရင်း . . .

"ဘာဆိုမလဲ" လို့ မေးတယ်။

လှိုင်ထိပ်ထားဦးက ဖြေတယ်။

"လိုက် အဇားဂျင်း"

မက်ဒေါ်နားရဲ့ နာမည်အကြီးဆုံးသီချင်း။ "မအိုသေးတဲ့သူ အပျိုလေးနဲ့တူ" လို့ အမိပ္ပါယ်ရတဲ့ သီချင်း။

အဆိုနဲ့ အတီးဟာ အကြိမ်ပေါင်းများစွာ ကြိုတင်ပြီး သီချင်းတိုက်ထားသလား အောက်မေ့ရတယ်။

သိပ်လိုက်ဖက်။ သိပ်အတွဲညီတယ်။ ပရိသတ်အားလုံး ငြိမ်ကျသွားပြီး ရင်သပ်ရှုမောစွာ နားထောင်ရင်း ငေးကြည့်နေကြတယ်။

တစ်ယောက်က အနောက်တိုင်းဝတ်စုံအပြည့်။ တစ်ယောက်က မြန်မာအမျိုးသမီးဝတ်စုံနဲ့။ သို့ပေမယ့် နှစ်ယောက်စလုံး ကြည့်ကောင်းနေတာ အမှန်။

ချစ်ထွတ်တင်က နေဆိုရင် လှိုင်ထိပ်ထားဦးက လ။

ချစ်ထွတ်တင်က ရွှေဆိုရင် လှိုင်ထိပ်ထားဦးက မြ။

အဲဒီအခိုက်အတန့်မှာပဲ ရွှေပွဲလာ ဧည့်ပရိသတ်ထဲက မိန်းကလေးတွေအားလုံးဟာ လှိုင်ထိပ်ထားဦးကို ကျိတ်ပြီး မနာလိုဖြစ်နေကြမှာ သေချာတယ်။ ယောကျာ်းလေးတွေ အားလုံးဟာလည်း ချစ်ထွတ်တင်ကို အားကျနေကြမှာပဲ။

ကာယကံရှင်နှစ်ဦးရဲ့ စိတ်ထဲမှာတော့ . . .

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

“ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ၊ မော်တော်ယာဉ်အမှတ် လေးဆယ့်ငါး၊ အင်းစိန် အရှေ့မြင်းပြိုင်ကွင်းလမ်း ခရီးစဉ်မှာ စီးနင်းလိုက်ပါလာကြတဲ့ ခရီးသည်များခင်ဗျား၊ ကျွန်တော်တို့ရဲ့ မော်တော်ယာဉ်ကြီးဟာ ခုချိန်မှစပြီး ဓာတ်ဆီကုန်သွားတဲ့အတွက် နောက်ကား ပြောင်းစီးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား”

ဘတ်စကား စပယ်ယာက ဟန်ပါပါ အသံနေ အသံထားနှင့် ပြောလိုက်သည်။ ခရီးသည်တွေ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ကားသည် ကံဘဲ့ဘက်ကို ချိုးအဝင်ကတည်းက သိပ်မှုမမှန်တော့။ ဆီပိတ်ချင်သလိုလို ဘာလိုလိုဖြစ်ပြီး တုံ့ကနဲ ဖြစ်ဖြစ်သွားသည်။ ဆရာအတတ်သင်ကျောင်းနား အရောက်တွင် ထိုးရပ်သွားခြင်း ဖြစ်သည်။

“ခွေးမသားတွေ၊ ကားဓာတ်ဆီကုန်တာကိုပဲ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေတယ်။ ဒီမှာ လူတွေက စိတ်ညစ်ရတဲ့အထဲ နောက်သလို ပြောင်သလိုနဲ့”

လူကြီးတစ်ယောက်က ပြောသည်။ မိန်းမကြီးတယောက်ကလည်း . . .

"ဟုတ်ပါတယ်တော်၊ ခတ်ဆီပဲ လုံလောက်အောင် ထည့်မလာဘူး၊ ကားမောင်းနေပြီး ကိုယ့်ကား ခတ်ဆီမရှိလို့ မရှိမှန်းမသိ၊ သူတို့ဝမ်းကျတော့ ဆာလာတာနဲ့ သိတာပဲ၊ ထမင်းမစားပဲ နေကြမှာမဟုတ်ဘူး"

မကျေမနပ် ဆူပွက်သံ၊ ညည်းညူသံတွေ ထွက်လာသည်။ ဘာပဲဖြစ်ဖြစ် ကားပေါ်ကတော့ ဆင်းကြရပေတော့မည်။ တချို့ကတော့ ယောင်ချာချာနှင့် ပေကပ်ထိုင်နေကြသေးသည်။

အောင်စိုးနှင့် အေးအေးဝင်းတို့လည်း ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ဘယ်လို လုပ်ကြမလဲ"

ဟု အောင်စိုးက မေးသည်။ အေးအေးဝင်းက . . .

"ကျွန်မက ကိစ္စမရှိဘူးလေ၊ ဒီနေရာရောက်မှတော့ လမ်းပဲလျှောက်တော့မယ်လေ၊ ကိုအောင်စိုး ကားစောင့်ချင် စောင့်ပေါ့"

"မထူးတော့ပါဘူး၊ နောက်ကားက ကြာဦးမှာ၊ လာရင်လည်း လူတွေ ကျပ်သိပ်ပြီးလာမှာ၊ ဒီလူအုပ်နဲ့ တက်လို့လွယ်မှာမဟုတ်ဘူး၊ ကျွန်တော်လည်း လမ်းလျှောက်ပြန်တော့မယ်"

"အဝေးကြီးလျှောက်ရမှာပေါ့"

"ဘောက်ထော်ထဲက ဖြတ်လမ်းရှိပါတယ်"

သူတို့နှစ်ယောက် ရန်ကင်းလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ တိုက်ဆယ့်နှစ်လုံးတန်း အရောက်တွင် ဗယ်ဘက်ချိုးပြီး တက်သည်။ ဈေးတန်းကလေးကို ဖြတ်သည်။

အောင်စိုးသည် မချင့်မရဲ ဖြစ်နေရ၏။ ရှားရှားပါးပါး တစ်ခါတလေဆိုသလို ဒီနေ့ ဘတ်စကားပေါ်မှာ နှစ်ယောက်ယှဉ်တွဲ၍ ထိုင်ခွင့်ရခဲ့သည်။

မှတ်တိုင်မှာ ကားစောင့်နေတုန်း ဆန့်ကျင်ဘက်လမ်းမှ လာနေသောဘတ်စကားတစ်စင်းကို တွေ့ရသည်။ ကားက ချောင်လွန်းလှသည်။ ခုလိုအချိန်မှာ ဒီလောက်ချောင်နေလျှင် ထိုကားသည် ကွေ့ကားဖြစ်ရမည်ဟု အတွေ့အကြုံအရ အောင်စိုးသိနေသည်။ ထို့ကြောင့် အသင့်အနေအထားဖြင့် စောင့်နေလိုက်သည်။

ဘတ်စကားက တဖက်ခြမ်းမှတ်တိုင် မရောက်ခင်မှာ ကြိုပြီးရပ်သည်။ ကား ပေါ်က ခရီးသည်တွေ အကုန်ဆင်းသည်။ ကားရှေ့ဘီးကို အောင်စိုး သေသေချာ ချာကြည့်နေ၏။ ကားဘီးသည် လက်ဝဲဘက်သို့ အတော်များများ ချိုးထားသည်။ သေချာပြီ၊ ဒီကား ဂငယ်ကွေ့ ကွေ့လာမည်။ မာလာကွေ့ကားပဲ။ အောင်စိုးလည်း ဘီးအကြောင်း နားလည်နေသူ မဟုတ်လား။

"ကွေ့ကားပဲ၊ ကျွန်တော် နေရာဦးထားမယ်၊ မအေးဝင်း မြန်မြန်တက်လာခဲ့ နော်"

ဟုမှာခဲ့ပြီး ရှေ့နားက ကြိုစောင့်နေသည်။ ကားကကွေ့လာပြီး ဒီဘက်လမ်း ကိုပြန်ပြီး ဦးတည်လိုက်သည့် အချိန်တွင် အရှိန်နည်းနည်း တုံ့သွားသည်။ ထိုအခိုက်အတန့်မှာပင် အောင်စိုး ကားပေါ်ခုန်တက်လိုက်သည်။

နှစ်ယောက်တန်း ထိုင်ခုံတစ်ခုံမှာ နေရာဦးလိုက်သည်။ သူက အတွင်းဘက် အစွန်မှာထိုင်ပြီး ပြတင်းပေါက်ဖက်ကို ချန်ထားလိုက်သည်။

ကားမရပ်ခင်မှာပင် ခုန်တက်သူတွေရှိသည်။ ကားရပ်လိုက်သောအခါ စုပြုံ တိုးဝှေ့ တက်လာကြသည်။ လွတ်နေသော နေရာတွေမှာ အပြေးအလွှား အလု အယက် ထိုင်ကြသည်။ ကျောင်းသားတစ်ယောက်က အောင်စိုးဘေးမှ နေရာ လွတ်ကို မြင်သဖြင့် ခပ်သုတ်သုတ် လှမ်းလာသည်။

"ဟိုဘက် နည်းနည်းလောက် တိုးလိုက်ပါဗျာ"

ဟု ပြောသည်။ အောင်စိုးက မော့်ကြည့်ပြီး "အင်း . . . အဲ" နှင့် ကြောင် တောင်တောင်လုပ်နေသည်။ ဟိုလူကလည်း ကြောင်တောင်တောင် ပြန်ကြည့်နေ သည်။

ထိုအခိုက်မှာပင် ဘတ်စကတ်ဘောသမား တစ်ယောက်လို ရှေ့မှာရှိနေသော လူတွေကို ကွေ့ပတ်ရှောင်တိမ်းပြီး အေးအေးဝင်း ရောက်လာသည်။ အောင်စိုးက ဒူးကို တိမ်းပေးလိုက်သည်။ အေးအေးဝင်း ပြတင်းပေါက်ဘက်မှာ ဝင်ထိုင်သည်။ ထိုအခါကျမှ စောစောက ကျောင်းသားလည်း ပြောင်ချော်ချော် ပြုံးလိုက်ပြီး နောက်ပြန်ဆုတ်သွားသည်။ ကားထွက်လာ၏။

အေးအေးဝင်းက ပြတင်းပေါက်ဘက်မှာ ထိုင်သည်။ အောင်စိုးကလည်း ထိုနေရာကို တမင်ပေးခဲ့ခြင်း ဖြစ်သည်။ အတွင်းဘက်ကဆိုလျှင် လူတိုးခံရမည်စိုးသောကြောင့် ဖြစ်၏။

ပြင်ပက ဝင်ရောက်လာသော လေသည် အေးအေးဝင်းကို ဖြတ်ပြီးမှ သူ့ဆီရောက်သည်။ ထိုလေထဲတွင် သနပ်ခါးနံ့နှင့် တက္ကသိုလ်မိတ်ကပ်လား၊ သင်းပေါင်ဒါလား ရောနေသော ရနံ့တစ်မျိုးကို ရှူရှိုက်ရသည်။ သူ့ချည်းမဟုတ်။ ချွေးနံ့ကလေးပါ ရောနှောလိုက်ပါလာသည်။ ဒါကိုပင် ကိုယ်သင်းနံ့ဟု ခေါ်ခြင်းဖြစ်၏။

တစ်ချက်တစ်ချက် ပျံ့လွင့်လာသော ကိုယ်သင်းနံ့ကြောင့် အောင်စိုး၏ရင်ထဲက ဖိုခနဲ၊ ဖိုခနဲ ဖြစ်ဖြစ်သွားရသည်။

ပြီးတော့ အေးအေးဝင်းသည် သူကျိတ်ပြီး စိတ်ဝင်စားနေသော မိန်းကလေး။ ဒီမိန်းကလေးနှင့် ဘတ်စကားပေါ်မှာ အတူယှဉ်တွဲ ထိုင်ရခြင်းသည် ဖြစ်တောင့်ဖြစ်ခဲ၊ ရတောင့်ရခဲ အခွင့်အရေးတည်း။

တစ်ခါတစ်ခါ ထွက်ပေါ်လာသော မော်တော်ကား ကလပ်ချော်သည့်ညှော်နံ့နှင့် သူ့ဘေးမှာကပ်ရပ်နေသော နွားနို့သည် ကုလားကြီးထံမှ မုန်ညင်းဆီနံ့စိမ်းရွှေရွှေကိုပင် သူမေ့နေသည်။

ဒီလိုအချိန်မျိုးကျတော့ သူ့နှာခေါင်းထဲမှာ “လေသန့်စက်” ရှိနေသည်။ မလိုလားအပ်သော အနံ့ဆိုးများကို ဖယ်ရှားပစ်ပြီး ကိုယ်နံ့သင်းသင်းကိုသာစစ်ယူနေမိ၏။

သူ့စိတ်များသည် ပျော်ရွှင်ကြည်လင်နေသည်။ ဘတ်စကားစီးနေရသည်ဟု မထင်။ ကွန်းကော့လေယာဉ်၏ အထူးတန်းမှာ ချစ်သူနှင့် အတူယှဉ်တွဲထိုင်စီးပြီး ကမ္ဘာပတ်နေရသည်ဟု ထင်မိ၏။

ထိုစဉ်အခိုက်မှာပင် ဘတ်စကားက ဓာတ်ဆီကုန်ပြီး ထိုးရပ်သွားခြင်းဖြစ်သည်။ ကားပေါ်မှဆင်းပြီး လမ်းလျှောက်လာရ၏။ ထို့ကြောင့် မချင့်မရဲ ဖြစ်နေခြင်းပင်။

တကယ်စဉ်းစားကြည့်လျှင် ခုလိုလည်း တစ်မျိုးတော့ ကောင်းတာပါပဲ။ အေးအေးဝင်းနှင့်အတူ နှစ်ယောက်တည်း ယှဉ်တွဲလမ်းလျှောက်နေရပြီ မဟုတ်လား။

စျေးတန်းကလေးကို ကျော်လာသောအခါ ဆိတ်ငြိမ်ရပ်ကွက်တွင်းသို့ ရောက်လာသည်။ ဘုန်းကြီးကျောင်းဝင်းဘေးက ဖြတ်လျှောက်ကြသည်။ တပ်မတော် မှတ်တမ်းရုံးဘေးက မြေနီလမ်းပေါ် ရောက်လာ၏။ ညာဘက်က တပ်မတော်မှတ်တမ်းရုံး။ ဗယ်ဘက်မှာ လူနေအိမ်တွေရှိသည်။ အိမ်တွေအားလုံးမှာ တိတ်တိတ်ဆိတ်ဆိတ် ရှိ၏။ အများစုမှာ ဝင်းထဲက လူရိပ်လူယောင်ကိုပင် မမြင်ရချေ။

ဆောင်းကုန်လုပြီဖြစ်သဖြင့် ရာသီဥတုသည် သာသာယာယာ ရှိနေသည်။ အေးစက်ခြောက်သွေ့သော လေထုမျိုးမဟုတ်တော့။ ပူပြင်းခြင်းလည်း မရှိသေး။ နေသာထိုင်သာ ရှိယုံပင်ဖြစ်သည်။ နွေ၏ ရှေ့ပြေးဖြစ်သော လေရူးသည် တစ်ချက်တစ်ချက် သွေးတိုးစမ်းသလို ဝင်ရောက်လာတတ်၏။

ရာသီဥတု အပြောင်းအလဲသည် လူတို့၏စိတ်ကို လွှမ်းမိုးနိုင်သည်ဆိုသော စကားသည် အထိုက်အလျောက်တော့ မှန်ကန်ပေသည်။

အောင်စိုး၏ ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရသည်။ သူသည် မိန်းကလေး တစ်ယောက်နှင့် ခုလို လူရှင်းသော လမ်းမျိုးမှာ နှစ်ယောက်တည်း ယှဉ်တွဲ၍ လမ်းမလျှောက်ခဲ့ဖူးချေ။ ပြီးတော့လည်း ထိုမိန်းကလေးသည် သူ စိတ်ဝင်စားနေမိသော မိန်းကလေး။

ကိုယ်ချစ်နေတဲ့သူကို စကားပြောဖို့ဆိုလျှင် ခုလို အချိန်အခါ နေရာမျိုးကို ရွေးကြမှာပဲဟု တွေးလိုက်မိ၏။

လေးရူးတစ်ချက်အသုတ် ပိတောက်ရွက်အချို့ ဖြုတ်ခနဲကြွေအကျမှာပင် . .

"မအေးဝင်း"

ဟု လွှတ်ခနဲ ခေါ်လိုက်မိသည်။ အေးအေးဝင်းက လှည့်ကြည့်သည်။

"ကျွန်တော် မအေးဝင်းကို ပြောစရာတစ်ခုရှိတယ်"

ဆိုသော စကားလုံးများသည် အလိုအလျောက် ပြောထွက်သွားမိပြန်၏။ ပြီးတော့ ဘာဆက်ပြောရမှန်းလည်း မသိပြန်။

တကယ်တော့ သူသည် မအေးဝင်းကို ဒီနေ့ဖွင့်ပြောမည်ဟု ဆုံးဖြတ်ခဲ့ခြင်း မရှိ။ ထို့ကြောင့် မည်သို့ပြောလိုက်မည်ဟု စကားကို ကြိုတင်စဉ်းစား စီစဉ်ခြင်း မပြုနိုင်ခဲ့ချေ။

သူနားလည်ထားသမျှကား ခုလိုစကားမျိုး ပြောတော့မည်ဆိုလျှင် လိုရင်းကို တိုက်ရိုက်ကြီးမပြောရ။ စကားပလ္လင်ခံရသည်၊ ပြီးတော့မှ လိုရာကို တဖြည်းဖြည်း ဆွဲယူသွားရမည်။ သူ ဒါမျိုးမပြောတတ်။

ခက်တာက ဒီလိုကိစ္စမျိုးဆိုသည်မှာ အစမ်းလေ့ကျင့်ခွင့် ရနိုင်တာမျိုး မဟုတ်ခြင်းပင် ဖြစ်သည်။ ပြောပြီးဆိုသည်နှင့် ဘွာမခပ်ဘဲ တစ်ခါတည်း အပြီးအပြတ်ပြောမှ ဖြစ်တာမျိုး။ ဘာပဲဖြစ်ဖြစ် စိတ်ကူးထဲမှာတော့ ကြိုတင်လေ့ကျင့်ထားဖို့ ကောင်းသည်ဟု သူ့ကိုယ်သူ အပြစ်တင်နေမိပြန်၏။

"မအေးဝင်း"

သူထပ်ခေါ်သည်။ အေးအေးဝင်းက

"ဘာလဲ ကိုအောင်စိုး"

ဟု ပြန်ထူးသည်။ အတွေးတစ်ခု ရုတ်တရက် ဝင်လာ၏။

အေးအေးဝင်းသည် သူနှင့်အတူတူ လျှောက်လာခဲ့ခြင်းမှာ သူ့ကို ယုံကြည်မှု ရှိခြင်းကြောင့်သာ ဖြစ်သည်။ သူငယ်ချင်းတစ်ယောက် အဖော်တစ်ယောက်အဖြစ် ရိုးသားစွာ မှတ်ယူပြီး လိုက်လာခဲ့ခြင်း ဖြစ်သည်။ ဒါကို သူက အခွင့်အရေး ယူလို့မဖြစ်။ သူ့အပေါ် အထင်သေးသွားနိုင်သည်။ ထို့ကြောင့် . . .

"ဘာမှ မဟုတ်ပါဘူးဗျာ"

ဟူ၍သာ ပြောလိုက်သည်။

အေးအေးဝင်း ကြောင်တောင်တောင် ဖြစ်သွားသည်။ ထိုအခါ ကျပြန်တော့လည်း အောင်စိုး တစ်မျိုး ထပ်တွေးလိုက်မိပြန်သည်။

သူက အေးအေးဝင်းကို ပြောစရာတစ်ခုရှိတယ်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ခုမှ ဘာမှ မဟုတ်ပါဘူးဆိုလို့ ယုတ္တိမရှိချေ။ ကလေးကလားဆန်သည်။ သက်သက် စိတ်အနှောက်အယှက် ပေးရာကျသည်ဟု ထင်လာသည်။ ထို့ကြောင့်

"ကျွန်တော်ပြောလို့ မဖြစ်ဘူးထင်တယ်၊ ပြောလိုက်ရင် ခင်မင်မှုကို အလွဲ သုံးစား လုပ်ရာကျနေမလားလို့၊ ပြီးတော့ ဟိုဥစ္စာ မအေးဝင်းစိတ်ဆိုးမှာလည်း စိုး တယ်၊ ဒါကြောင့် . . ."

သူ့စကား တဝက်တပျက်နှင့် ရပ်သွားသည်။ အေးအေးဝင်းသည် ထိုအခါ ကျမှပင် သူ့ကို တအံ့တသြ ကြည့်လိုက်လေသည်။ ပြီးတော့ မျက်နှာသည် ပန်းရောင်သမ်းသွား၏။ အောင်စိုးကို မကြည့်တော့ဘဲ မျက်နှာလွှဲ၍ ခေါင်းငုံ့ပြီး လျှောက်နေသည်။

လမ်းမကြီးပေါ်အရောက်တွင် အောင်စိုးလည်း

"ကျွန်တော်သွားတော့မယ်"

ဟု ပြောပြီး ထွက်လာခဲ့သည်။ လျှောက်မိလျှောက်ရာ ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူသွားရမည့်လမ်းနှင့် ဆန့်ကျင်ပြီး ကျောက်ကုန်းကွေ့ဘက်သို့ လျှောက်နေကြောင်း သတိရသွား၏။ ချွေးစေးတွေပြန်ပြီး ကတုန်ကရင်ကြီး ဖြစ်နေလေသည်။

*

သေသေချာချာ ပြန်စဉ်းစားကြည့်လိုက်သောအခါ သူမှားသွားပြီဖြစ်ကြောင်း အောင်စိုးသိလိုက်ရလေသည်။

ဟိုတစ်နေ့က သူပြောခဲ့သော စကားများကို ပြန်ဆန်းစစ်ကြည့်သည်။ ဦးစွာ ပထမ 'မအေးဝင်းကို ပြောစရာရှိတယ်' ဟု ဆိုခဲ့သည်။ နောက် 'ဘာမှ မဟုတ်ပါ ဘူး' ဟု ပြောပြန်သည်။ ပြီးတော့ 'ပြောလို့ မဖြစ်ဘူး၊ ရင်းနှီးမှုကို အခွင့်ကောင်း ယူရာကျမယ်။ မအေးဝင်း စိတ်ဆိုးမှာ စိုးတယ်' ဟု ပြောမိပြန်သည်။

အေးအေးဝင်းအနေဖြင့် ထိုစကားများကို ဆက်စပ်စဉ်းစားကြည့်လျှင် ဘာကိုဆိုလိုကြောင်း ကောင်းကောင်းကြီး ရိပ်မိသိရှိသွားနိုင်သည်။ အေးအေးဝင်းကို 'မပြောတော့ပါဘူး' ဆိုသောစကားကိုသုံး၍ ဖွင့်ပြောမိခဲ့ခြင်းပင်ဖြစ်လေသည်။

ထိုအခါ အေးအေးဝင်းသည် ဘယ်လို သဘောထားမည်နည်း။ စိတ်များဆိုးသွားမလား။ သူက ရိုးရိုးသားသားခင်တာကို အခွင့်အရေးယူသည်ဟုထင်မလား။

တကယ်ဆိုတော့ အောင်စိုးသည် အေးအေးဝင်းကို စိတ်ဝင်စားနေသည် မှန်သော်လည်း ခုလောက် မြန်မြန်ဖွင့်ပြောမည်ဟု မရည်ရွယ်ခဲ့။ ခုတော့ စကားကျွံသွားခဲ့မိပြီ ဖြစ်သည်။

နောက်ပြီး အရင်က အေးအေးဝင်းကို ချစ်မိသော စိတ်တစ်ခုတည်းကိုသာ အာရုံရောက်နေခဲ့သဖြင့် လက်ရှိအခြေအနေမှန်ကို သတိမထားမိခဲ့။ ခုမှ တွေ့မိသည်။

သူ၏ လက်ရှိအခြေအနေ။

သူသည် တက္ကသိုလ်ပညာကို ကံကောင်းထောက်မစွာ သင်ကြားခွင့် ရရှိခြင်းဖြစ်သည်။ အဖေက စက်ဘီးပြင်ဆရာ၊ သူတို့ဝင်ငွေမှာ စားလောက်သောက်လောက်ရုံသာဖြစ်သည်။ ကျောင်းစရိတ်ရအောင် တချို့သော ကိစ္စတွေမှာ ချွေချွေတာတာ သုံးစွဲနေရခြင်း ဖြစ်သည်။

သူ့လိုလူမျိုးတစ်ယောက်က ရည်းစားထားဖို့ စဉ်းစားနေတာ သင့်မှ သင့်တော်ပါ့မလား။

နောက်တစ်ချက်ကတော့ သူနှင့် အေးအေးဝင်းတို့သည် အဆင့်အတန်းချင်မှ တူညီပါ့မလားဆိုသော ကိစ္စ။ ခန့်မှန်းကြည့်လို့ရသလောက်ဆိုလျှင် အေးအေးဝင်းသည် ချမ်းချမ်းသာသာထဲတော့ မဟုတ်နိုင်။ ထို့အတူ နိမ့်နိမ့်ကျကျထဲကလည်း မဖြစ်နိုင်ဟု သူထင်သည်။ ဘာပဲဖြစ်ဖြစ် မိမိထက်တော့ သာမှာအမှန်။

အေးအေးဝင်းသည် သူ့ကို ဘယ်နည်းနှင့်မျှ စိတ်ဝင်စားမှာ မဟုတ်ဟု ယူဆပြီး အားငယ်မိပြန်သည်။ စိတ်မဝင်စားသည့်အပြင် ရိုးရိုးသားသား ခင်မင်မှုကို အလွဲသုံးစားလုပ်သည်ဆိုပြီး ခုလောက်ရှိ သူ့ကို စိတ်တောင်ဆိုးနေပေရော့မည်။

"ငါမှားပြီ၊ ငါမှားပြီ"

ဟု စိတ်ထဲက အထပ်ထပ် ရေရွတ်နေမိပြန်လေသည်။

*

အေးအေးဝင်း၏အဖေက ရုံးအုပ်ဖြစ်သည်။ လခ ခြောက်ရာကျော်ရသည်။ အဖေသည် အသောက်အစား လုံးဝကင်းသူတစ်ယောက်ဟူ၍တော့ မဆိုနိုင်။ အရင်ကဆိုလျှင် နေ့စဉ်ရက်ဆက် မဟုတ်သည့်တိုင် တစ်ပတ်နှစ်ခါ သုံးခါတော့ 'သောက်' လာတတ်သည်။

အေးအေးဝင်း ရှစ်တန်းအောင်ပြီးနောက် အပျိုပေါက်ကလေး ဖြစ်လာသော အခါ . . .

"အဖေရယ်၊ အရက်တွေ သောက်သောက်မလာပါနဲ့တော့၊ ရှက်စရာကြီး" ဟု ပြောမိသည်။

ထိုနောက်ပိုင်းတွင် အဖေအရက်သောက်လာသည်ကို မတွေ့ရတော့ချေ။ အေးအေးဝင်းစကားကြောင့်ပဲလား၊ တဖြည်းဖြည်း အတန်းကြီးလာကြသော သားသမီးများ၏ ပညာရေးကိုငဲ့၍ အပိုမကုန်ချင်တော့သောကြောင့်လားတော့ မသိ။

အဖေသည် သဘောကောင်းသူတစ်ယောက် ဖြစ်သည်။ အမေ့ကို မြတ်နိုးသလို သားသမီးတွေကို ချစ်တတ်သူလည်းဖြစ်သည်။ မိသားစုအပေါ် တာဝန်ကျေသူလည်းဖြစ်သည်။ အပျော်အပါးလည်း ဝါသနာမပါ။ အပိုသုံးဖြုန်းတတ်သူလည်း မဟုတ်။ ရသမျှလခကို အမေ့အား တပြားမကျန် အကုန်အပ်သည်။

အမေက ကျစ်ကျစ်လျစ်လျစ်ရှိသည်။ သုံးတတ် စွဲတတ်သည်။ အဖေ့လခဖြင့် မိသားစု စားဝတ်နေရေး အလျဉ်မီအောင် ထိန်းထားနိုင်သည်။ ထို့ကြောင့် အကြွေးမတင်ခဲ့ခြင်း ဖြစ်၏။

အေးအေးဝင်း ဆယ်တန်းအောင်သောအခါ ကျောင်းဆက်တက်ရေးအတွက် လူကြီးတွေနှင့် တိုင်ပင်သည်။

သူသည်လည်း အခြားသော ဆယ်တန်းအောင်ခါစ လူများလို တက္ကသိုလ် ဆက်တက်ချင်သည်ပင်။ သို့ရာတွင် သူ့မှာ စဉ်းစားစရာတွေ ရှိနေသည်။

မောင်နှမ လေးယောက်တွင် သူက ဒုတိယဖြစ်သည်။ အစ်ကိုအကြီးဆုံးက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုသွားသည်။ အစ်ကိုကြီးသည် သူ့မိသားစု စားဝတ်နေရေးအတွက် လုံးချာလိုက်နေသဖြင့် မိဘနှင့် ညီ၊ ညီမများကို မထောက်ပံ့နိုင်။ မိဘဆီပြန်၍ အပူမကပ်သည်ကိုပင် ကျေးဇူးတင်ရဦးမည်။

အေးအေးဝင်းအောက်မှာ မောင်တစ်ယောက်၊ ညီမတစ်ယောက် ရှိသည်။ မောင်လေးက ရှစ်တန်း၊ ညီမလေးက ခုနစ်တန်း။ ဒီတော့ အေးအေးဝင်းသည် အိမ်မှာ အစ်မအကြီးဆုံး ဖြစ်နေသည်။ အမိအရာကို ဝင်ရမည့်သူ။

ပြီးတော့ မိသားစု အခြေအနေမှာ ဝင်ငွေနှင့်ထွက်ငွေ အတိအကျဖြစ်သည်။ အပို အလိုအမရှိ။ သူ တက္ကသိုလ်ဆက်တက်လျှင် ပိုမိုကုန်ကျလာမည့်ငွေကို ဘယ်ကရမည်နည်း။ ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာလျှင်တော့ ဖြစ်နိုင်သည်။ ဘယ်လိုရှာရမည် သူမသိ။

ထို့ကြောင့် သူ၏ဆန္ဒကို ချိုးနှိမ်ပြီး "သမီး ကျောင်းဆက်မတက်တော့ဘူး၊ အလုပ်လုပ်မယ်" ဟု ပြောလိုက်သည်။ အဖေက . . .

"ဆယ်တန်းအောင်ပြီးမှတော့ ဘွဲ့ရအောင် လုပ်ရမှာပေါ့ သမီးရဲ့"

ဟု လမ်းကြောင်းပေးသည်။

"သမီး ရုံးအလုပ်တစ်ခုခု ရမယ်ဆိုရင် လုပ်သားကောလိပ်တက်မယ်လေ၊ မရရင်တော့ တခြားတစ်ခုခု လုပ်ရင်း စာပေးစာယူသင်တန်း တက်ရမှာပေါ့"

"ကောင်းတယ်"

အဖေက သဘောတူသည်။ အမေကတော့ . . .

"သမီးအသက်က ဆယ်ခုနစ် နှစ် ကျော်ရုံကလေးရှိသေးတယ်၊ ငယ်သေးတာပဲ အလုပ်မလုပ်စေချင်သေးဘူး၊ ကျောင်းတက်ပါစေဦး"

"ဒါလဲ ဟုတ်တာပဲ၊ တကယ်တော့ ငါကလည်း သမီးကို ကျောင်းနေစေချင်သေးတာပါပဲ၊ ကဲ . . . ဒီလိုလုပ်၊ သမီးအတွက် ကျောင်းစရိတ်ရအောင် ငါ ညဘက် အလုပ်တစ်ခုခု လုပ်မယ်"

အဖေက ပြောရာ . . .

"အမယ်လေး၊ ရှင့်အသက်လည်း ကြီးပါပြီ၊ နောက်ထပ် အလုပ်တစ်ခုတော့ လုပ်မနေပါနဲ့တော့"

"ဘာလဲကွ၊ ငါ ပင်ပန်းမှာကို မင်းက မကြည့်ရက်ဘူးပေါ့ ဟုတ်လား"

အဖေက အရွှန်းဖောက်သည်။

"ရှင်ပင်ပန်းမှာစိုးတာက အဓိကမဟုတ်ဘူး၊ ရှင့်ကျမ်းမာရေးက အဓိက၊ တော်ကြာ အလုပ်ပိပြီး ရှင် ဗုန်းဗုန်းလဲမှ အားလုံး ဒုက္ခရောက်ကုန်မှာစိုးလို့ ပြောတာ"

အမေက ခပ်ပြောင်ပြောင်ပင် ပြောလိုက်သည်။ အဖေက 'ဟုတ်ပါ့ကွာ' ဆိုပြီး တဟားဟား ရယ်သည်။

"ဒီမှာ ရှင်းတို့ရှုံး ငွေစုငွေချေးက ပိုက်ဆံနည်းနည်း ချေးပါလား"

"ဘာလုပ်ဖို့လဲ"

"စိတ်ကူးတစ်ခုရလို့ အိမ်မှာ မီးသွေးဆိုင်လေး တည်ရအောင် တစ်လတစ်ရာ တစ်ရာ့ငါးဆယ်တော့ ကိုယ့်အတွက် ကျန်မှာပဲ။

အေးအေးဝင်းက မနေနိုင်တော့ဘဲ။

"အမေရယ် ကျွန်မ အလုပ်ပဲ လုပ်ပါရစေတော့"

"အံမယ် အလုပ်က သမီးလုပ်ချင်တိုင်း ရမယ်များ မှတ်နေသလား၊ ပြီးတော့ သမီးလို အသက်ကလေး နုနုငယ်ငယ် ရုပ်ကလေး ချောချောလှလှလေးအဖို့ အလုပ်တိုင်းနဲ့ သင့်တော်တာ မဟုတ်ဘူး"

"ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲအမေရာ၊ ကျွန်မတို့မှာက တခြားထည့်တွက်ရမှာ တွေ ရှိသေးတယ်၊ မောင်လေးက အခု ရှစ်တန်းနော်၊ နောက်နှစ်နှစ်ဆို ဆယ်တန်း အောင်ပြီ။ အဲ့ဒီအခါ မောင်လေး ကျောင်းဆက်တက်ဖို့ ဖြစ်လာဦးမယ်၊ လူနှစ်ယောက် တစ်ပြိုင်တည်း တက္ကသိုလ်ဆက်တက်ရမယ့် စရိတ်ကမသေးဘူး"

"အဲ့ဒါက နောက်နှစ်နှစ်သုံးနှစ်နေမှ ဖြစ်လာမှာပါ သမီးရယ်၊ ဒီကြားထဲမှာ အခြေအနေက ကောင်းမလာဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ ညည်းလိုသာ ဟိုးအဝေးကြီးထိ တွေးပူနေရရင် နေ့တိုင်း စားနေရတဲ့ ထမင်းတစ်လုတ်တောင်

မျိုးကျမှာမဟုတ်တော့ဘူး၊ ဖြစ်လာတော့လည်း ဖြစ်လာတဲ့အတိုင်း ထပ်ပြီး စီစဉ်ရမှာပေါ့”

ဤသို့ဖြင့် အေးအေးဝင်း တက္ကသိုလ် တက်ဖြစ်ခဲ့သည်။ သူ့အနေဖြင့် ကျောင်းစရိတ်ကို သူ့ဘာသာရအောင် ရှာမည်ဟု စိတ်ကူးဆုံးဖြတ်ထားခဲ့သည်။

ကျောင်းစတက်ပြီး တစ်လနှစ်လအကြာတွင် သူ့မှာ သူငယ်ချင်းတွေ ရလာသည်။ အုပ်စုလေးတစ်ခု ဖြစ်လာသည်။ သူတို့ထဲတွင် အေးအေးဝင်းက အချို့တဲဆုံး ဖြစ်သည်။ ကျန်လူများမှာ အချမ်းသာကြီး မဟုတ်တောင် အထိုက်အလျောက်တော့ သုံးနိုင်စွဲနိုင်ကြသူများသာ ဖြစ်သည်။

အုပ်စုထဲတွင် စိုးစိုးမော်က အခြေအနေ အကောင်းဆုံးဖြစ်၏။ သူ့မိဘများက အတန်အသင့် ကြွယ်ဝသည်။ ဖင်မလီယာ ကားလေးဖြင့် ကျောင်းလိုက်ပို့သည်။ တစ်ဦးတည်းသော သမီးမို့ အလိုလိုက်ထားသည်။ လိုချင်တာ အားလုံးရစေသည်။

အလိုလိုက်ခံထားရသူဖြစ်၍ တစ်ခါတစ်ခါ ဆိုးချင်၊ ကလေးဆန်ချင်တာကလွဲလျှင် စိုးစိုးမော်သည် သဘောကောင်းသူဖြစ်သည်။ ရက်ရောတတ်သည်။ သူကိုယ်တိုင်က ဝတ်နိုင်စားနိုင်သော်လည်း သွေးကြီး မွေးကြီး မနေတတ်။ သွေးကြီး တတ် သူတွေနှင့် မပေါင်း။ ပြီးတော့ ရိုးရိုးကုပ်ကုပ် နေတတ်သော အေးအေးဝင်း ကိုလည်း တော်တော်ချစ်သည်။ ရင်းနှီးလာကြသောအခါ အေးအေးဝင်းချို့တဲ့သည်ကိုသိ၍ ကူညီချင်သည်။ အေးအေးဝင်းက လက်မခံချေ။

စားသောက်ဆိုင်မှာ ဝိုင်းထိုင်ပြီး စားသောက်ကြလျှင် အေးအေးဝင်းက သူများတွေလို ဆိုင်ကမှာမစား။ သူ့ထမင်းဘူးကလေးကိုသာ ဖွင့်စားသည်။ တစ်ခါတစ်လေကျမှ အအေးတစ်ခွက်လောက် သောက်သည်။ ထမင်းဘူးမပါသော နေ့ကျမှ အသုတ်ကလေး တစ်ပွဲလောက် မှာစားသည်။

စိုးစိုးမော်က မကြာခဏဆိုသလို အေးအေးဝင်းကို ကျွေးဖို့မွေးဖို့ ကြိုးစားသည်။ သူ့စေတနာအမှန်ကို နားလည်သော်လည်း အေးအေးဝင်း မစား။ တစ်ခါတစ်လေ စိုးစိုးမော်က အတင်းကျွေးပြီး၊ မစားလျှင် စိတ်ဆိုးမည့်ဟန် ပြမှ စားသည်။ တစ်ခါစားပြီးသည့်အခါတိုင်းလည်း နောက်နေ့တွင် စိုးစိုးမော်အတွက်

နှင်းဆီပန်းတွေ ဖြစ်စေ၊ သူတို့အိမ်နားက အကြော်ဆိုင်မှ စိုးစိုးမော်ကြိုက်တတ်သော ကြက်သွန်ကြော်ဖြစ်စေ၊ ပြန်ဝယ်လာပေးတတ်သည်။

"နင်က သိပ်မာနကြီးတာဘဲနော်"

ဟု စိုးစိုးမော်က ပြောသည်။

"မာနကြီးတာ မဟုတ်ပါဘူးဟာ၊ ငယ်ငယ်ကတည်းက လူကြီးတွေက သင်ထားလို့ အကျင့်ဖြစ်နေတာပါ"

ဟု ပြန်ပြောရသည်။ တကယ်တော့ ကိုယ့် အခြေအနေနှင့်ကိုယ်။ သူများက သုံးခါလောက် ကျွေးလျှင် ကိုယ်က တစ်ခါလောက်တော့ ပြန်ကျွေးမှ ကောင်းမည်။ သူ့အခြေအနေက ငါးခါတစ်ခါလောက်တောင် တုံ့ပြန်မကျွေးနိုင်။ ဒီတော့ သူများကျွေးတိုင်း မစားတာ အကောင်းဆုံး။

"မဟုတ်သေးပါဘူးဟာ၊ နင်က တစ်ခါကျွေးတိုင်း ငါ့ကို တစ်ခါပြန်ကျွေး ကျွေးနေတော့ ခက်တယ်၊ ငါ့မှာ နင့်ကို တစ်ခုခုကျွေးချင်ရင်တောင် နင်က မှတ်ထားပြီး ပြန်ကျွေးမှာစိုးလို့ မကျွေးရဲဘဲ ဖြစ်ဖြစ်နေရတယ်"

"မှတ်ထားတာ မဟုတ်ပါဘူး"

"သိပ်ခင်တဲ့ သူငယ်ချင်းတွေပဲဟာ၊ ဒီလို အတုံ့အလှည့် သဘောမျိုးကြီးတော့ မကောင်းပါဘူး၊ ငါက ခင်လို့မင်လို့ပါ။ ဘယ်လိုမှ သဘောမထားပါဘူး။ နင်လုပ်ပုံက သူစိမ်း ဆန်သလိုပဲ"

ထိုအခါကျပြန်တော့လည်း စိတ်မကောင်း ဖြစ်ရပြန်သည်။

တစ်နေတော့ အဝတ်အထည် အဟောင်းတွေအကြောင်း စကားစပ်မိကြသည်။ စိုးစိုးမော်တို့သည် အင်္ကျီလုံချည်စ အသစ်အဆန်းပေါ်လျှင် ဝယ်ဝတ်လိုက်ကြသည်ချည်း ဖြစ်သည်။ ခေတ်မစားတော့သော အထည်ဟောင်းတွေကို လျှော့ဈေးဖြင့် ပြန်ရောင်းတတ်သည်။ အဟောင်းဆိုသော်လည်း အသစ်နီးပါး ကောင်းသည်။ တချို့ အင်္ကျီတွေဆိုလျှင် နှစ်ခါသုံးခါထက် ပိုဝတ်ရသေးဟန် မတူချေ။

ထိုအထည်ဟောင်းတွေကို မိန်းမကြီးတစ်ယောက်က အိမ်မှာ လာလာကောက်သည်ဟု ဆိုသည်။ ထိုမိန်းမကြီးက ဈေးထဲက အဟောင်းဆိုင်မှာ ပြန်

သွင်းချင်သွင်း၊ တခြားဆင်းရဲသား ရပ်ကွက်ထဲမှာ လိုက်ရောင်းချင် ရောင်းပေလိမ့်မည်။

"အဲသည် မိန်းမကြီးက ဈေးသိပ်နှိမ်တာပဲ သိလား၊ လေးငါးဆယ်လောက် အကုန်ခံပြီး ချုပ်ထားတဲ့ အင်္ကျီကို တစ်ဆယ်ပဲ ပေးချင်တာ"

အေးအေးဝင်းက အကြံတစ်ခုရသည်။ စိုးစိုးမော်တို့ဆီက အဝတ်ဟောင်းတွေ ယူပြီး ရပ်ကွက်ထဲက အိမ်တွေမှာ လိုက်ရောင်းကြည့်မည်ဟု စိတ်ကူးသည်။ ဒါဆို ရပ်ကွက်ထဲက လူတွေလည်း ကောင်းကောင်းဝတ်ရမည်။ စိုးစိုးမော်တို့လည်း ဈေးနှိမ်ခံရမည်မဟုတ်။ သူ့အတွက်လည်း နည်းနည်းပါးပါး ကျန်နိုင်သည်။ စိုးစိုးမော်ကို ထိုအကြောင်း ပြောပြသည်။

"အေး ကောင်းတယ်ဟ၊ နင့်အတွက်လည်း . . . "

စိုးစိုးမော်က စကားမဆက်ဘဲ အားနာသည့် မျက်နှာဖြင့် ကြည့်သည်။ အေးအေးဝင်းက . . .

"ဟုတ်တယ်လေ၊ ငါ့အတွက်လည်း အပိုသုံးဖို့လေး ဘာလေး ရတာပေါ့"

စိုးစိုးမော်က သူ့အစ်မဝမ်းကွဲများ အိမ်နီးနားချင်းများဆီကပါ အထည်တွေ ယူလာကြသည်။

အေးအေးဝင်းတို့ ရပ်ကွက်ထဲတွင် လိုက်ပြကြည့်ရာ အသစ်နီးပါးကောင်းသော အထည်တွေကို ဈေးသက်သက်သာသာဖြင့် ရသောကြောင့် ဝယ်ကြသည်။

တချို့အင်္ကျီလေးတွေဆိုရင် အေးအေးဝင်းဆီမှာ ရှိနေသော အင်္ကျီတွေထက်တောင် ကောင်းသေးသည်။ ကိုယ့်ဟာကိုယ်တောင် ဝယ်ထားလိုက်ချင်သည်။ ကျောင်းကိုဝတ်သွားလို့ မသင့်တော်လို့သာ။ ရှစ်ကျပ်တန် ရှန်သားလက်ပြတ်ကလေး နှစ်ထည်တော့ အိမ်နေရင်း ဝတ်ဖို့ ယူထားဖြစ်သည်။ အိတုန်ကလေး တစ်ထည်က တော်တော်သားနားသည်။ ညီမလေးကို ဝယ်ပေးလိုက်သည်။ နည်းနည်း ပွနေသော်လည်း သီဝတ်လို့ရသည်။

အစပိုင်းတော့ သူ ခုလို အရောင်းအဝယ် လုပ်နေသည်ကို အမေက မသိ။ နောက်တော့ ရပ်ကွက်ထဲမှ တချို့က အိမ်ကိုလာပြီး အင်္ကျီလေးတွေ ကျန်သေးလား။ ကြည့်ရအောင် ဘာညာ လာပြောကြတော့မှ အမေသိသွားသည်။

အမေက အဝတ်ဟောင်း ရောင်းရမလားဆိုပြီး ပြောချင်သေးသည်။ အေးအေးဝင်းက . . .

အမေရယ်၊ မီးသွေးတောင် ငါးမူးတစ်ကျပ်ဖိုး ရောင်းနေသေးတာပဲဟာ၊ သမီးရောင်းတဲ့ အထည်တွေက အဟောင်းဆိုပေမယ့် အစုတ်အပြတ်မှ မဟုတ်တာ ဝတ်ပြီးသားမို့သာ အစောင်းလို့ပြောရတာ၊ အသစ်လိုပါပဲ။ ပြီးတော့ သမီး ကျောင်းလခလေး လမ်းစရိတ်ကလေး ကာမိတာပေါ့”

ဟု ပြောရသည်။ နောက်တော့ အမေက ဘာမျှမပြောတော့။ အဖေကတော့ မသိချင်ယောင် ဆောင်နေဟန်တူသည်။

ရပ်ကွက်ထဲမှလူများမှာ အထည်တွေကို အမြဲတမ်း ဝယ်နေနိုင်သည်မဟုတ်။ သို့ဖြင့် အဝယ်မလိုက်သည့်အခါမျိုး ရှိလာသည်။ ထိုအခါတစ်မျိုးကြံရပြန်သည်။

ကျောက်ကုန်း ဈေးတန်းကလေးထဲမှာ အထည်ဟောင်းဆိုင်တွေ ရှိသည်။ သဘောကောင်းပုံရသော မိန်းမကြီးတစ်ယောက်၏ဆိုင်မှာ သွင်းကြည့်သည်။ ဈေးကို ဖြတ်ချပြီး လျှော့ပေးရသော်လည်း အထည်များသဖြင့် သူ့အတွက် မဆိုးလှ။

ဤသို့ဖြင့် ကျောင်းလခ၊ လမ်းစရိတ် စသည်ဖြင့် ခုမိကာမိလာခဲ့သည်။

သူသည် တခြားကျောင်းသူတွေလို သုံးနိုင်စွဲနိုင်ခြင်း မရှိ။ အဝတ်အစား သိပ်ကောင်းကောင်း မရှိ။ ခပ်ရိုးရိုး ခပ်ကုန်ကုပ်ကလေးသာ နေနေရသည့်အတွက် တစ်ခါတစ်ခါ အားငယ်မိသည် မှန်သော်လည်း စိတ်တော့မပျက်။ သူများလို မနေနိုင်ရကောင်းလားဟု သူ့ကိုယ်သူ လည်းကောင်း၊ သူ့မိဘများကို လည်းကောင်း၊ ငြူစူခြင်းမရှိ။ တက္ကသိုလ်တက်ခွင့် ရခြင်းကိုပင် ကံကောင်းခြင်းဟု နှလုံးပိုက်ထားနိုင်ခဲ့သည်။

ကျောင်းတက်နေရသည့်တိုင် အိမ်မှုကိစ္စများကို မလစ်ဟင်းအောင် ကြိုးစားပြီး လုပ်သည်။ နံနက် အစောကြီးထ၊ ရေနွေးအိုးတည်၊ ထမင်းအိုးတည်၊ နံနက်အတွက် ထမင်းကြော်၊ ထမင်းဘူးအတွက် ရှိတာလေးနှင့် ချက်ပြုတ် ပြင်ဆင်ပြီးမှ ကျောင်းသွားသည်။ ကျောင်းကပြန်လာသည်နှင့် လျှော်ဖွပ်

လှည်းကျင်း၊ မီးသွေးရောင်းနှင့် မအားရ။ ညီမလေးက အဖော်ရနေပြီ ဖြစ်သော ကြောင့်သာ နည်းနည်းတော်သေးသည်။

မည်သို့ပင်ဖြစ်စေ၊ တက္ကသိုလ်ကျောင်း တက်နေရခြင်းသည် အိမ်မှာ အခွင့် ထူး ခံစားနေရခြင်းပင် ဖြစ်သည်ဟု သူသဘောထားသည်။ ခုချိန်မှာ အလုပ်သာ ထွက်လုပ်ရလျှင် အိမ်အတွက်ပိုပြီး ဝင်ငွေရလာနိုင်သည် ဟူ၍လည်း မကြာခဏ တွေးမိသည်။

ထိုအခြေအနေကြောင့် အေးအေးဝင်းသည် ကျောင်းမှာ ပညာရေးကလွဲ၍ ဘာကိုမျှ စိတ်မဝင်စားခဲ့။ ရည်းစားထားဖို့ ဆိုသည်ကို စိတ်တောင် မကူးခဲ့ချေ။

ဒီလိုအချိန်မျိုးမှာ အောင်စိုးဆိုသော ကျောင်းသားတစ်ယောက်နှင့် ခင်မင် သိကျွမ်းခဲ့ရသည်။ ခုတော့ အောင်စိုးသည် သူ့ကို စိတ်ဝင်စားနေကြောင်း သိလာရပြီ။ ထိုမျှမက အောင်စိုးက သူ့မေတ္တာကို ဖွင့်ပြောလုဆဲဆဲသို့ပင် ရောက် သွားခဲ့ပြီ။ ဖွင့်မပြောသည့်တိုင် ဖွင့်ပြောသည့် အဓိပ္ပာယ်မျိုး သက်ရောက်စေသည့် စကားကို ပြောခဲ့လေပြီ။

အောင်စိုးသည် ရိုးသားတည်ကြည်သူဖြစ်၍ သံယောဇဉ် ဖြစ်ခဲ့သည်ကို ဝန်ခံသည်။ သို့ရာတွင် နှလုံးသားရေးရာကို နားမလည်ခဲ့သည့် အေးအေးဝင်းအဖို့ အောင်စိုးကို မည်သို့မည်ပုံ တုံ့ပြန်ရမည်ဟု မစဉ်းစားတတ်ချေ။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

ကံကော်ရွက်ခြောက်တွေပေါ်ကဖြတ်ပြီး ဆိုင်ကယ်ကို အပြင်းမောင်းရတာ သိပ်ပျော်စရာကောင်းတယ်။ တက်နင်းမိတဲ့ ရွက်ခြောက်တွေဆီက တဖြောက်ဖြောက် တဖျောဖျော မြည်သံတွေဟာ သိပ်နားဝင်ချိုတယ်။

ပြီးတော့လည်း ဆိုင်ကယ်ဖြတ်ပြေးတဲ့ အရှိန်ကြောင့် သစ်ရွက်တွေ လန့်ပြီး ထခုန်ကျန်ခဲ့တာကို လှည့်ကြည့်ရတာ သိပ်အရသာရှိတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ တိမ်တိုက်တွေကြားထဲ ဆိုင်ကယ်ကို ကီလိုမီတာ တစ်ရာနှုန်းနဲ့ ဖြတ်မောင်းလိုက်ချင်တယ်။ ဒါကို တိမ်မီးခိုးတွေ ကစဥ့်ကလျား ပြိုကွဲပြီး ကျန်ခဲ့မှာပဲ။

သို့ပေမယ့် သစ်ပုပ်ပင်အောက်မှာ ထိုင်နေတဲ့ ကောင်မလေး တစ်ယောက်ကတော့ ဆိုင်ကယ်သံကြောင့် လန့်ဖျပ်မသွားပါဘူး။ သူ့နောက်နားမှာ ဆိုင်ကယ်ရပ်လိုက်တာ၊ သစ်ရွက်တွေကို ဖိနပ်နဲ့ နင်းပြီး လျှောက်လာတာ သူမသိဘဲ နေမှာ မဟုတ်ပါဘူး။

ခွေးကလေး ကြောင်ကလေးတွေ ဆိုရင်တော့ နောက်ကို လှည့်မကြည့်ပေမယ့် နားရွက်ကလေးတွေ တလှုပ်လှုပ်နဲ့ နားစွင့်နေမှာပဲ။

သူကတော့ ခွေးကလေး ကြောင်ကလေး မဟုတ်။ ဟုတ်ခဲ့ရင်တော့ ကျောကလေးသပ်ပေး၊ မေးစေ့ကလေး ပွတ်ပေး လုပ်လို့ရတာပေါ့။

ခုတော့ သူ့ရှေ့မှာ သွားရပ်ပြီး။

"သစ်ပုပ်ပင်ကြီးရဲ့ အသက်တစ်ရာပြည့်တဲ့ မွေးနေ့အဖြစ် လှိုင်ထိပ်ထားဦးကို တစ်ခုခု ကျွေးပါရစေလား"

လို့ပြောလိုက်တယ်။ လှိုင်ထိပ်ထားဦးက ခုမှမြင်သလို သြော် . . . ဆို လုပ်ပြီးမ

"ဘာရယ်၊ သစ်ပုပ်ပင်ကြီးရဲ့ မွေးနေ့ ဟုတ်လား"

"ဟုတ်တယ်၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ဒီနေ့ သောကြာနေ့ မဟုတ်လား၊ မွေးနေ့မွေးရက်လည်း သွားတိုက်တယ်၊ သစ်ပုပ်ပင်ကြီးက သောကြာသားလေ"

"နေစမ်းပါဦး၊ ဘာကြောင့် ဒီလောက်သိနေရတာလဲ"

လှိုင်ထိပ်ထားဦးက အတည်ပေါက် ပြန်မေးတယ်။

"သိတာပေါ့၊ ဒီသစ်ပုပ်ပင်ကြီးကို ကျွန်တော်တို့ အဖေရဲ့အဘိုးက စိုက်ခဲ့တာလေ၊ အဘိုးရဲ့ ဒိုင်ယာရီထဲမှာ သေသေချာချာ ရေးခဲ့တာပဲ"

လှိုင်ထိပ်ထားဦး ပြုံးလိုက်ပြီး . . .

"အဲ့ဒီတုန်းက စိုက်ဖို့ ပျိုးပင်ကို တို့အမေရဲ့ အဘိုးက ယူ့အဖေရဲ့ အဘိုးကို လက်ဆောင်ပေးလိုက်တယ်ဆိုတာကော မသိဘူးလား"

ချစ်ထွတ်တင် အံ့သြဟန်လုပ်ပြီး . . .

"ဟာ . . . ဟုတ်လား၊ ကြည့်စမ်း ဟိုတုန်းကတည်းက လူကြီးချင်း ခင်မင်ခဲ့ကြတာကိုး"

လှိုင်ထိပ်ထားဦးက မျက်စောင်းလေးတစ်ချက် ဖြတ်ကနဲ လှမ်းပစ်လိုက်တယ်။ ဒဿမ ငါးစက္ကန့်လောက်ပဲ ကြာပါတယ်။

"ကဲပါလေ၊ ဘိုးစဥ်ဘောင်ဆက်က ခင်မင်ခဲ့ကြတဲ့ လူတွေပဲဟာ တစ်ခုခု လိုက်စားပါဦး၊ စားမယ်မဟုတ်လား"

လှိုင်ထိပ်ထားဦးက . . .

"ပိုင်းနော့"

လို့ပြောပြီး၊ ဘေးမှာချထားတဲ့ လွယ်အိတ်ဖြူကလေးကို ကောက်လွယ်ပြီး ထရပ်လိုက်တယ်။ လွယ်အိတ်မှာ ချိတ်ထားတဲ့ ငွေခြူကလေးတွေက လှုပ်ခတ်သွားပြီး သာယာသံကလေး ထွက်ပေါ်လာတယ်။

"ယူ့ဆိုင်ကယ်က ဒီအတိုင်း ထားခဲ့မှာလား"

လှိုင်ထိပ်ထားဦးက မေးလို့ . . .

"အင်းလေ၊ ဒီကောင်က ကြိုးချည်ထားစရာ မလိုပါဘူး၊ သူ့ဘာသာ ဒီအနီးအနားမှာပဲ မြက်စားရင်း စောင့်နေမှာပေါ့"

"ဩော် . . . ယူ့ဆိုင်ကယ်က မြက်စားတယ် ဟုတ်လား"

'မြက်' ဆိုတာ နွားစားတာ၊ ဝက်ဝုတ္တိအလင်္ကာနဲ့ ချစ်ထွတ်တင်ကို အကဲစမ်းလိုက်တာပေါ့။ ချစ်ထွတ်တင်က . . .

"တကယ်တော့ ဒီကောင်က တိမ်ညွန့်ကိုမှ စားတာပါ၊ အာကာသ လွန်းပျံယာဉ်နဲ့ သယ်လာပေးရတယ်လေ၊ ဒီတပတ်တော့ ချဲ့လင်ဂျာ လွန်းပျံယာဉ်ပေါက်ကွဲသွားလို့ ဒီကောင် မြက်ပဲစားနေရတာပေါ့"

လှိုင်ထိပ်ထားဦးက ရယ်သည်။

"ယူနဲ့ စကားပြောရတာ ရယ်စရာကောင်းသားပဲ"

လို့ ပြောတယ်။

"ဒါဆို ကျွန်တော်နဲ့ ခဏခဏ စကားပြောပေါ့၊ အသက်ရှည်မယ်၊ ရောဂါကင်းမယ်"

"ယူက ဇေမ္ဗာပေါ၊ ဟုတ်လား"

"လူပျံတော် ပတ္တမြားပါ"

သိပ္ပံဆောင်ထဲကဖြတ်ပြီး စားသောက်ဆိုင်တွေဘက် လျှောက်လာကြတယ်။ စကြ်န်လမ်းကိုအရောက်မှာ လှိုင်ထိပ်ထားဦးက . . .

"ဟော . . . မေ့နေပြီ သစ်ပုတ်ပင်ကြီးကို မွေးနေ့လက်ဆောင် မပေးဘူးလား"

"ပေးပြီးပါပြီ၊ ဖဲကြိုးဝါကလေးလေ၊ သစ်ပုပ်ပင်ကြီးခေါင်းမှာ စည်းထားတာ မတွေ့ခဲ့ဘူးလား"

"ဟင့်အင်း၊ မတွေ့ပေါင်"

"ဟုတ်မှာပေါ့လေ၊ သံယောဇဉ်ဖဲကြိုးဆိုတာ သာမာန်မျက်စိနဲ့ မြင်နိုင်တာမှ မဟုတ်ပဲ"

*

ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားတို့နှစ်ယောက် စားသောက်ဆိုင်မှာ အတူထိုင်ကြတယ်ဆိုတဲ့ သတင်းဟား မျက်မြေးရောင် ရောဂါလိုပဲ တမုဟုတ်ချင်း ပျံ့နှံ့သွားတယ်။

လှိုင်ထိပ်ထားဦးရဲ့အချစ်ကို လိုချင်တောင့်တနေသူတွေအားလုံး ချောက်ချားကုန်ကြတယ်။ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတယ်။ ဒီကိစ္စမှာ ချစ်ထွတ်တင်က ပါဝင်ပတ်သတ်လာပြီကိုး နောက်ဆုံးမှ ရောက်လာသူပေမယ့် သူများတကာလို တန်းစီစရာမလိုပဲ ဆိုင်မန်နေဂျာနဲ့ တိုက်ရိုက်ဝင်တွေနိုင်တဲ့သူမျိုး မဟုတ်လား။

ချစ်ထွတ်တင်ကို ပြိုင်ဖို့ဆိုတာ မလွယ်။ အစစအရာရာ သာပြီးသားပဲ။ တချို့ ချစ်ထွတ်တင်ထက်ပိုပြီး စာတော်တဲ့လူတွေ ရှိပါတယ်။ သို့ပေမယ့် ကိုးတန်း၊ ဆယ်တန်းလောက် မိန်းကလေးတွေသာ စာတော်တာကို အထင်ကြီးတတ်တာပါ။ တက္ကသိုလ်မှာ စာတော်တာလောက်ဟာ ထိပ်တန်း ကိစ္စ မဟုတ်သေးဘူး။ အဲ့ဒီလိုသာဖြစ်ခဲ့ရင် ရန်ကုန်တက္ကသိုလ်က မိန်းကလေး ချောချောလှလှ မှန်သမျှ ဆေးကျောင်းသားတွေ စက်မှုကျောင်းသားတွေနောက်ကိုချည်းပါကုန်ကြမှာပေါ့။

ဒီမှာက ရုပ်ချောတာဟာလည်း အဓိကမကျလှသေးဘူး။ မိန်းကလေးတွေဟာ အလှအပကို စိတ်ဝင်စားတယ်ဆိုတာတော့ မှန်ပါတယ်။ အပေါ်ယံကြည့်ရင် ချောတာကို သဘောကျတယ် ထင်ရပေမယ့် သူတို့ရဲ့ အတွင်းစိတ်ကတော့ ယောကျ်ားပီသတာကို ပိုပြီး ကြိုက်တတ်ကြတယ်။

ဒါကြောင့်လည်း တချို့မိန်းကလေး ချောချောလှလှလေးတွေဟာ အရုပ်ဆိုးဆိုး ကြမ်းကြမ်းတမ်းတမ်း ယောကျ်ားတွေနဲ့ တွဲတတ်ကြတယ်။

ခက်တာက ချစ်ထွတ်တင်ဟာ ချောလဲချောတဲ့အပြင် တပြိုင်နက်တည်းမှာ ယောကျ်ားပီသပြီး ခန့်ညားနေတာပဲလေ။ တချို့ ရုပ်ချောတဲ့ ယောကျ်ားလေးတွေလို နုနုညံ့ညံ့ ပျော့ပျော့နွဲ့နွဲ့လည်း မဟုတ်။ စွန့်စားရခြင်းကိုမှ ဝါသနာပါတဲ့၊ ကြမ်းစရာရှိရင် အမြင့်ဆုံးအဆင့် ကြမ်းနိုင်တဲ့လူမျိုး။

ဒီတော့ တခြားကောင်တွေ အလန့်တခြားဖြစ်မယ်ဆို ဖြစ်စရာပဲပေါ့။

အစတုန်းကတော့ ဒီကောင်တွေဟာ တစ်ယောက်နဲ့တစ်ယောက် အကြံတူရန်သူလို သဘောထားခဲ့ကြတယ်။ လှိုင်ထိပ်ထားဦးရဲ့ အချစ်ကိုရဖို့ အပြိုင်အဆိုင် ကြိုးစားနေရတာကိုး။ တစ်ယောက်နဲ့ တစ်ယောက် အကျောမခံနိုင်ကြ။

တခါတလေ တစ်ယောက်က စောင့်နေကျနေရာမှာ တခြားတစ်ယောက်က အရင်ဝင်ဦးထားလို့ ပြဿနာလေးတွေ ဖြစ်ချင်သေးတယ်။ တက္ကသိုလ်ကျောင်းတော်သားတွေဆိုတော့ ကျောင်းထဲမှာ ခိုက်ရန် ဖြစ်ပွားကြတယ်လို့တော့ မရှိဘူးပေါ့။ မကျေလည်တဲ့ အကြည့်ကလေးတွေ၊ အပြုအမူကလေးတွေ ပြကြရုံပါပဲ။

နောက်အချိန်တွေ ကြာလာတော့လည်း တစ်ယောက်နဲ့တစ်ယောက် မီးခြစ်တောင်းရင်း၊ နာရီမေးရင်း အသိအကျွမ်းတွေ ဖြစ်ကုန်ကြ။ တချို့ဆိုရင် လှိုင်ထိပ်ထားဦး လာမယ့်လမ်းမှာ စောင့်ရင်းစောင့်ရင်းနဲ့ စကားစပ်မိကြရာက သူငယ်ချင်းတွေ ဘာတွေတောင် ဖြစ်ကုန်ကြပြီ။

ခုချိန်မှာတော့ ချစ်ထွတ်တင်တစ်ယောက် တိုးလာလို့ အချင်းချင်း ပိုပြီးစည်းလုံးညီညွတ်ရမယ်လို့ တွေးမိတွေးရာ တွေးကုန်ကြတယ်။ ချစ်ထွတ်တင်ဟာ တကယ့်မဟာအင်အားကြီးမို့လို့ ဘုံရန်သူအဖြစ် သဘောထားပြီး သူတို့ချင်းညီညွတ်ရေး ရကုန်ကြတယ်။ တပ်ပေါင်းစုဖွဲ့ပြီး ချစ်ထွတ်တင်ကို တိုက်ရမယ်လို့ ဆုံးဖြတ်ကြတယ်။

သို့ပေမယ့် တပ်ပေါင်းစုတို့ရဲ့ထုံးစံအတိုင်း တကယ်တမ်းတော့ မညီညွတ်ကြပါဘူး။

သူတို့ထဲမှာ အယူအဆနှစ်မျိုး ကွဲနေတယ်။ တချို့က ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့ ချစ်သူတွေဖြစ်သွားကြပြီလို့ တွက်ပြီး စိတ်ဓာတ်ကျကုန်တယ်။ တချို့ကတော့ ချစ်ထွတ်တင်တို့နှစ်ယောက်ဟာ တွဲသွားတွဲလာ ရှိပေမယ့် ချစ်သူတွေ ဖြစ်ကြသေးဟန် မတူဘူး၊ ချစ်ထွတ်တင်က ဝင်ကပ်နေရုံပဲ ရှိသေးတယ်လို့ ကောက်ချက်ချတယ်။ ချစ်ထွတ်တင်ကို တနည်းနည်းနဲ့ တိုက်ထုတ်လို့ ရနိုင်မယ်လို့ ထင်နေတယ်။

တကယ်တမ်းကျတော့ မျှော်လင့်ချက်ကလေးတွေ ထားသာထားနေရတယ် အားတော့ ခပ်လျော့လျော့ပဲ။

*

ထောက်ကြန့်လမ်းခွဲအလွန်မှာ ဆိုင်ကယ်တွေ တန်းစီပြီး ရပ်ထားတယ်။ အမျိုးအစား ပေါင်းစုံပဲ။ ဟွန်ဒါ၊ ယာမဟာ၊ ကဝါဆကီ၊ ထရမ်းပ် အစီးနှစ်ဆယ် ကျော်လောက်ရှိမယ်။ ကျီးကန်းပါစပ်ခေါ်ကြတဲ့ စပို့မော်ဒယ် ဆိုင်ကယ်တွေ လည်းပါတယ်။

ဆိုင်ကယ်သမားအားလုံး ကိုယ့်ဆိုင်ကယ်ကိုယ် အပြီးသတ် စစ်ဆေးနေကြ တယ်။ စက်နှိုးကြည့်၊ အင်ဂျင်ကို 'ရေ့စ်' လုပ်ကြည့်၊ စက်သံမှန်မမှန် နားထောင် စသည်ဖြင့် အလုပ်ရှုပ်နေကြတယ်။ ဆိုင်ကယ်စက်သံတွေ အနီးတဝိုက်မှာ ဆူညံ နေကြတာပဲ။

ဖြတ်သွားတဲ့ ကားတွေပေါ်က လူတွေက ငဲ့စောင်းကြည့်သွားကြတယ်။ နေရာက လူနေအိမ်ခြေနဲ့ မနီးလို့သာ လူတွေဝိုင်းအုံမနေတာ။

ချစ်ထွတ်တင်ကတော့ ဘီအမ်ဒဗလျူ ဆိုင်ကယ်ကြီးကို စိတ်ချပြီးသား။ ဒါကြောင့် စီးကရက်တစ်လိပ်ကို ဖွာရင်း ခပ်အေးအေးပဲ ရပ်နေလိုက်တယ်။ စိတ်ထဲကတော့ တခြားကောင်တွေ လုပ်တာကိုင်တာကြည့်ပြီး ကျိတ်ပြုံးမိတယ်။

ဟိုကောင်တွေက ချစ်ထွတ်တင်ကို ဆိုင်ကယ်ချင်း ပြိုင်စီးဖို့ စိမ်ခေါ်တယ်။ လက်ခံလိုက်တယ်။

စဉ်းစားစရာ တစ်ခုပဲရှိတယ်။ သူတို့က ဘာကြောင့် ဆိုင်ကယ်ပြိုင်ဖို့ကိုမှ ရွေးပြီး စိမ်ခေါ်ရတာလဲ။ ဆိုင်ကယ်စီးရာမှာ ချစ်ထွတ်တင်ဟာ တစ်ဘက်ကမ်း ခတ်ပဲဆိုတာ မသိကြဘူးလား။ လေယာဉ်တင် သင်္ဘောကြီးကို လှေပေါ်ကနေ မြားနဲ့လှမ်းပစ်တာမျိုး မိုက်မဲရာ ကျမနေဘူးလား။

အကြံအစည် တစ်ခုခု ရှိကောင်းရှိမယ်။ သတိတော့ ထားရမယ်။ သိပ်တော့ ပူစရာ မရှိပါဘူး။

"ကဲ . . . အားလုံး ရယ်ဒီလုပ်ကြပါ"

ဒိုင်လူကြီးလုပ်မယ့် စံရှားက သတိပေးလိုက်တယ်။ ဆိုင်ကယ် အစီး နှစ်ဆယ်ကျော်က လေးစင်းစီ၊ ငါးစင်းစီယှဉ်ပြီး နေရာယူကြတယ်။ ချစ်ထွတ်တင်က ခပ်အေးအေးပဲ နောက်ဆုံးမှာ တစ်စင်းတည်း နေလိုက်တယ်။

ပြိုင်ပွဲဝင်အားလုံး ခေါင်းစွပ်တွေ စွပ်လိုက်ကြတယ်။ ရောင်စုံခေါင်းစွပ်တွေဟာ နေရောင်မှာ တလက်လက်၊ တပြောင်ပြောင် ဖြစ်နေတယ်။ ချစ်ထွတ်တင်ရဲ့ ခေါင်းစွပ်ကတော့ အဖြူရောင်၊ အာကာသ သူရဲကောင်းတွေရဲ့ ခေါင်းစွပ်နဲ့ ခပ်ဆင်ဆင်ပဲ။လေကာမှန်က အစိမ်းရင့်ရောင်။ လက်ချောင်းတွေ ဖော်ထားတဲ့ ဆိတ်သားရေလက်အိတ်ကို အသားကျအောင် လက်ကိုဆုပ်လိုက်ဖြန့်လိုက်လုပ်တယ်။

"စက်နှိုးပါ"

စံရှားကပြောတယ်။ စက်နှိုးသံ၊ အင်ဂျင် လည်ပတ်သံတွေ ဟည်းထသွားတယ်။

ချစ်ထွတ်တင်က ပေါ့ပေါ့ပါးပါး အဝတ်အစားကိုပဲ ဝတ်ထားတယ်။ တီရှပ်အဝါနုရောင်နဲ့ ဂျင်းဘောင်းဘီ။

စံရှားက အနီရောင်ပဝါကို မြှောက်လိုက်တယ်။ အဆင်သင့် ပြင်ကြရပြီ။ ဟိုးရှေ့ဆုံး ဘယ်အစွန်မှာ နေရာယူထားတဲ့ ဟင်နရီအေးမြင့်က နောက်ကိုလှည့်ကြည့်တယ်။ ချစ်ထွတ်တင်ရဲ့ရှေ့က တန်းလျက် နေရာယူထားတဲ့ ဆိုင်ကယ်သမား လေးယောက်က ပြိုင်တူ လက်မထောင်ပြလိုက်တယ်။

သြော် . . . ဒီလိုကိုး။ ချစ်ထွတ်တင် ပြုံးလိုက်တယ်။

စံရှားက ပဝါအနီကို ဝှေ့ယမ်းပြီးမှ လက်ကို အောက်စိုက်ပြီး ချလိုက်တယ်။

ပြိုင်ပွဲစပြီ။

ဆိုင်ကယ်တွေ ဆောင့်ပြီးထွက်သွားကြတယ်။ ချစ်ထွတ်တင်ကတော့ အလျင်စလိုမလုပ်။ စထွက်ခါစမှာ ဆောင့်ထွက်ရင် 'ကလပ်' နာသွားတတ်တယ်။ တာဝေးပြိုင်ပွဲမှာ တာထွက်စောဖို့ သိပ်အရေးမကြီးဘူး။ မိုင်နှစ်ဆယ်နီးပါး ပြိုင်ရမှာပဲ။

ဒါကြောင့် ပုံမှန်အတိုင်းပဲ ထွက်လာခဲ့တယ်။

ဆိုင်ကယ်တစ်စင်းကတော့ မထွက်ခင် လီဗာဆွဲတာ များသွားလို့ ဆီတွေလျှံပြီး ထိုးရပ်ကျန်ခဲ့တယ်။ ချစ်ထွတ်တင်က အဲ့ဒီကောင်ကို လက်ပြနှုတ်ဆက်ခဲ့သေးတယ်။

ဂီယာ တစ်ခုပြီးတစ်ခု ပြောင်းတာနဲ့အမျှ ဆိုင်ကယ်ရဲ့အရှိန်က ဟဲကနဲ၊ ဟဲကနဲ မြင့်တက်လာတယ်။ ရှေ့ကဆိုင်ကယ်တွေကို တဖြည်းဖြည်း မိလာတယ်။

ကုန်းမြင့်တစ်ခုကို တက်တာနဲ့တစ်ပြိုင်နက် ဆိုင်ကယ်တစ်စင်း ကျော်တက်မိပြီးသားပဲ။ ဆိုင်ကယ်ရဲ့ အင်ဂျင်အားချင်း ကွာခြားမှုက ကုန်းအတက်ကျရင် သိသာစမြဲကိုး။

ဒီလိုနဲ့ လေးငါးစင်းကို ဖြတ်ကျော်ပြီးတဲ့အခါမှာ ရှေ့နားမှာ ဆိုင်ကယ်လေးစင်း ရင်ပေါင်တန်း မောင်းနေတာကို မြင်တယ်။ ပေတစ်ရာလောက်ပဲ ကွာမယ်။

စက်ရှိန်ကို မြှင့်လိုက်တယ်။ တဖြည်းဖြည်း မီလာပြီ။ ကျော်တက်မယ်ဆိုရင် ရလောက်တဲ့ အနေအထား ရောက်လာတယ်။ ဟွန်းတစ်ချက် နှိပ်တယ်။ ရှေ့က လေးကောင် လှည့်ကြည့်တယ်။ ပြီးတော့ အချင်းချင်းကြည့်ပြီး ခေါင်းညိတ်ကြတယ်။ ဘာသဘောလဲ။

ဆိုင်ကယ်လေးစင်းဟာ လမ်းကိုပြည့်အောင် စီပြီးမောင်းကြတယ်။ တစ်စင်းနဲ့တစ်စင်း ကျော်မတက်ကြဘူး။ ပြိုင်ပွဲတစ်ခုမှာ ဘာကြောင့် ဒီလိုလုပ်ကြတာလဲ။

ရှင်းပါတယ်။ သူတို့ ညှိထားကြလို့ပဲ။ ချစ်ထွတ်တင်ရဲ့ ဆိုင်ကယ် ကျော်မတက်နိုင်အောင် ရှေ့က ပိတ်မောင်းတဲ့ သဘောပေါ့။

မြတ်ဘုန်းအောင်ပြောတဲ့ စကားတစ်ခုကို ဖြတ်ကနဲ သတိရလိုက်တယ်။ ဒီကောင့်ကို ဝင်းစန္ဒီက ပြန်ပြောပြတာတဲ့။ တစ်ရက်မှာ ဟင်နရီအေးမြင့်က လှိုင်ထိပ်ထားဦးကို လိုက်စကားပြောရင်း မေးတယ်။ ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့ ဘယ်လောက် ပတ်သတ်နေပြီလဲပေါ့။ လှိုင်ထိပ်ထားဦးက 'သူငယ်ချင်းတွေပါ' လို့ ပြောတယ်။ ပြီးတော့ 'ချစ်ထွတ်တင်က ယောကျ်ားပီသတယ်' လို့ ဟင်နရီအေးမြင့် မခံချင်အောင် ဆွပေးလိုက်တယ်။

ဒါကြောင့် ဟင်နရီအေးမြင့်နဲ့ အပေါင်းအပါတစ်စုတို့ ညှိပြီး ဆိုင်ကယ်ပြိုင်ဖို့ စိန်ခေါ်ခဲ့တာပဲ။ ယုတ္တိရှိအောင် တခြားကောင်တွေကိုပါ ပြိုင်ပွဲထဲမှာ ထည့်ထားတယ်။ ပြီးတော့မှ ခုလို ချစ်ထွတ်တင်ကို ဝိုင်းညှပ်ပြီး ညစ်ကြဖို့ပေါ့။

ချစ်ထွတ်တင်က အလျင်စလို ဘာမှမလုပ်သေးဘဲ ဟိုကောင်လေးကောင် နောက်မှာ မေးပြီး လိုက်လာတယ်။ ဟိုကောင်တွေ လှည့်ကြည့် လှည့်ကြည့်နဲ့။

ဟိုးရှေ့က မျက်နှာချင်းဆိုင်လာနေတဲ့ ကားတစ်စင်းကို လှမ်းမြင်ရတယ်။ အဲဒီကားကို ရှောင်ဖို့အတွက် သူတို့ လမ်းပေးရတော့မယ်။

ဘယ်ဘက်အစွန်က ဆိုင်ကယ်နှစ်စင်းက အတွင်းဘက်ကို ကပ်ပေးလိုက်တယ်။

ဒီအချိန်ဟာ အရေးအကြီးဆုံးပဲ။ ငါးစက္ကန့်လောက်ပဲ အချိန်ရမယ်။ အဲဒီအချိန်အတွင်းမှာ ရအောင်ကျော်တက်။ စက္ကန့်ဝက်လောက် နောက်ကျသွားတာနဲ့ မျက်နှာချင်းဆိုင်ကလာတဲ့ ကားနဲ့ တည့်တည့်ကြီး တိုးမှာပဲ။

လီဗာကို တရှိန်ထိုး မြှင့်တင်လိုက်တယ်။ ဖြတ်တယ်၊ ကျော်တယ်၊ တက်တယ်၊ ညာဘက်ကိုအဝင်မှာ ဗိုးကနဲ ဖြတ်သွားတဲ့ကား၊ ဆိုက်ကယ်နောက်မီးခွက်နဲ့ အလွန်ဆုံး နှစ်လက်မလောက်ပဲ လွဲသွားတယ်။ ဟိုကောင်တွေဆီက 'ဟာကနဲ' ပြိုင်တူ အသံထွက်သွားတာတောင် ကြားလိုက်ရတယ်။ သိပ်အရသာရှိတဲ့ အသံ။

သူတို့ ပြတ်ကျန်ခဲ့ပြီ။ သို့ပေမယ့် ရှေ့မှာ နောက်ထပ်လေးစင်း ပိတ်ထားသေးတယ်။

ခုလိုပဲ နောက်က မေးပြီး လိုက်လာခဲ့တယ်။ သူတို့ကို စချင်လို့ ဟွန်းသုံးလေးချက်တီးပြီး လမ်းတောင်းလိုက်သေးတယ်။

မင်္ဂလာဒုံ လေယာဉ်ကွင်းကို မြင်ရပြီ။ ကွင်းနယ်မြေဘေးက လမ်းအတိုင်း အလာမှာ ဆိုင်ကယ်အရှိန်က မြန်လွန်းလို့ ကွင်းကိုကာရံထားတဲ့ သံပြားအဝိုင်းပေါက်တွေကိုတောင် သဲသဲကွဲကွဲ မမြင်ရဘူး။ အဲဒီ သံပြားတွေက အမြန်ရထားတွဲကြီးလို ရိပ်ကနဲ ပြေးသွားနေတယ်လို့ ထင်ရတယ်။ ရှေ့မှာ ကွေ့တစ်ကွေ့ရှိ

တယ်။ ဘယ်ကွေ့၊ ထောင့်မှန်နီးပါးလောက် ချိုးနေတဲ့ ကွေ့ပဲ။ အဲဒီကွေ့မှာ ကျော်တက်ဖို့ အခွင့်အလမ်း ရှိတယ်။

ကွေ့တစ်ကွေ့ကို ကွေ့ပြီဆိုရင် အတတ်နိုင်ဆုံး အတွင်းဘက်ကို ကပ်ပြီး ကွေ့ရမယ်။ အရှိန်လျှော့ရမယ်။ ပြီးတော့ သူတို့ ဆိုင်ကယ်လေးစီး လမ်းကို ပိတ်ပြီး ရင်ပေါင်တန်း ယှဉ်လျက် ကွေ့ရဲမှာ မဟုတ်ဘူး။

ထင်တဲ့အတိုင်းပဲ။ အကွေ့မှာ ဆိုင်ကယ်လေးစီးဟာ ရှေ့ဆင့်နောက်ဆင့် ဖြစ်သွားတယ်။ လမ်းရဲ့ ဘယ်ဘက်ခြမ်း လွတ်သွားပြီ။

လွယ်တော့မလွယ်ဘူး။ လမ်းရဲ့ ညာဘက်အစွန်ကနေ ပန်းပြီးတက်ရမှာ ဆိုတော့ အရှိန်ကို မလျှော့ဘဲ မောင်းရမယ်။ လမ်းရဲ့ အပြင်စွန်းက ကွေ့ရမှာမို့ လို့ ဆိုင်ကယ်ကို ထိန်းရတာ ခက်မယ်။

မလွယ်တာကို လုပ်လို့အောင်မြင်ရတာမှ ပိုပြီး အရသာရှိတာ မဟုတ်လား။

ဆိုင်ကယ်ရဲ့ အရှိန်ကို ဒီအတိုင်းထားတယ်။ လမ်းကွေ့ရဲ့ အစွန်းကို ဦး တည်လိုက်တယ်။ ပြီးတော့မှ ကိုယ်ကို ဘယ်ဘက်မောင်းပြီး ကွေ့ချလိုက်တယ်။ ဘီးနဲ့ ကတ္တရာလမ်း ပွတ်တိုက်သံ တကျွီကျွီ မြည်သွားတယ်။

ဆိုင်ကယ်က လေးဆယ့်ငါးဒီဂရီ စောင်းသွားတယ်။ ဘယ်ဘက်ခြေထောက် ကို ကွေးထားလိုက်တယ်။

လှလှပပလေးပါပဲ။ လမ်းဖြောင့်ပေါ် ပြန်ရောက်တဲ့အခါ ဟိုကောင်လေး ကောင် နောက်မှာ ငါးကိုက်လောက် ပြတ်ကျန်ခဲ့ပြီ။

သူတို့ မခံချိမခံသာဖြစ်သွားအောင် ဆိုင်ကယ်ပေါ်မှာ မြင်းဒုန်းစိုင်းစီးသလို ကိုယ်ကို မြှောက်ကြွမြှောက်ကြွ လုပ်ပြတယ်။ ဆိုင်ကယ်ရဲ့ ကူရှင်ကို မြင်းရဲ့ တင်ပါးကို ပုတ်သလို ပုတ်ပြခဲ့တယ်။

လေယာဉ်ကွင်းလမ်းခွဲကို လွန်လာပြီးတဲ့အခါ လမ်းက ပြန်ဖြောင့်သွားပြန် တယ်။ အဲဒီမှာ နောက်ဆုံးအတားအဆီး ဖြစ်ဟန်တူတဲ့ ဆိုင်ကယ်နှစ်စင်းကို တွေ့ ရတယ်။

ထုံးစံအတိုင်းပဲ ဟွန်းတီးပြီး ကျော်တက်ဖို့ ကြိုးစားတယ်။ နှစ်ကောင်က တစ်ယောက်နဲ့ တစ်ယောက် အချက်ပေးလိုက်တယ်။ ပြီးတော့ ဆိုင်ကယ်နှစ်စင်းကို မြွေလိမ်မြွေကောက်စီးပြီး ကျော်တက်လို့မရအောင် ပိတ်ဆို့ကြတယ်။

ဒီကောင်တွေက နည်းနည်းပိုကျွမ်းပုံရတယ်။

ချစ်ထွတ်တင်က ရှေ့အချက်ပြမီးလုံး နှစ်လုံးစလုံးကို တပြိုင်နက် ဖွင့်ချည်ပိတ်ချည် လုပ်ထားလိုက်တယ်။ အာရုံလှည့်စားတာလေ။

ပြီးတော့ ညာဘက်ခြမ်းက ကျော်တက်မယ့်ဟန် လုပ်တယ်။ ဆိုင်ကယ်ကို ညာဘက်ကို ဦးတည်လိုက်တာပေါ့။ ရှေ့ကကောင်က ညာဘက်ကို ဝင်ပိတ်တယ်။ ဒီအချိန်မှာ ချစ်ထွတ်တင်က လက်ကိုင်ကို ဘယ်ဘက် ဆတ်ခနဲ လှည့်လိုက်တယ်။ ဟိုကောင် အရှိန်လွန်သွားလို့ ချက်ချင်း ပြန်မကွေ့နိုင်။ တစ်ယောက်ကို ကျော်လို့ရသွားပြီ။

နောက်တစ်ယောက်။ ဘယ်ဘက်ကို လာပိတ်ဖို့ ပြင်နေပြီ။ ချစ်ထွတ်တင်က ကိုယ်ကို ညာဘက်စောင်းချလိုက်တယ်။ ဟိုကောင် အရှိန်လွန်သွားပြီ။ ညာဘက်ပြန်ကွေ့မယ်အထင်နဲ့ လက်ကိုင်ကို ကတိုက်ကရိုက် ပြန်ထိန်းတယ်။

ဘာမှမဟုတ်ဘူး။ ချစ်ထွတ်တင်က ဆိုင်ကယ်ကို ဘာမှမလုပ်ပဲ ကိုယ်ကိုသာ ဟန်ပြင်လိုက်တာလေ။ ဟိုကောင် သူ့စရိတ်နဲ့သူ ညာဘက်ခြမ်းမှာ တို့လို့တန်းလန်း ဖြစ်နေတုန်း ဘယ်ဘက်ကနေ ခပ်အေးအေး ကျော်တက်ခဲ့တယ်။ ပြီးတော့မှ သူတို့လုပ်သလို ဆိုင်ကယ်ကို ရှေ့ကနေ မြွေလိမ်မြွေကောက် စီးပြခဲ့သေးတယ်။

ဘောလုံးပွဲတွေမှာ ပင်နယ်တီ ကန်သွင်းတဲ့အခါ ဂိုးသမားက ညာဘက်ဒိုင်ဗင်ထိုးပြီး ဘောလုံးက ဘယ်ဘက်က ဝင်သွားသလိုမျိုးပေါ့လေ။

ဟိုးရှေ့ တစ်ဖာလုံလောက်မှာ ဆိုင်ကယ်တစ်စင်း။ ခေါင်းစွပ် အနီရဲရဲကို ကြည့်ခြင်းဖြင့် ဟင်နရီအေးမြင့်ပဲဆိုတာ သိရတယ်။

သူ့ဆိုင်ကယ်က ယာမဟာ စပို့မော်ဒယ်။ ပေါ့တယ်။ သွက်တယ်။ မြန်တယ်။ ချစ်ထွတ်တင်ရဲ့ ဆိုင်ကယ်က ကြီးတယ်။ အလေးချိန် ပိုစီးတယ်။

သာမန်အားဖြင့်ကြည့်ရင် ပေါ့တဲ့ဆိုင်ကယ်က ပိုမြန်တာပေါ့။ သို့ပေမယ့် ပေါ့လွန်းရင် ထိန်းရခက်တယ်။ ချစ်ထွတ်တင်ရဲ့ ဆိုင်ကယ်က ငြိမ်တယ်။ အရှိန် ဘယ်လောက်တင်တင် မယိမ်းဘူး၊ မတုန်ဘူး၊ မခါဘူး။

ဘာပဲဖြစ်ဖြစ်လေ၊ အရေးကြီးတာက ဆိုင်ကယ်မဟုတ်ဘူး။ စီးတဲ့လူပဲ။ လူက ကျွမ်းရင် ဟိုးအရင်က ဆိုင်ကယ်ဟောင်းကြီးတွေဖြစ်တဲ့ ဘီအက်အေ၊ ပင်နိုနီးယား၊ ဂျာဝါးတို့ စီးပြီးတော့တောင် ပြိုင်လို့ဖြစ်တယ်။

ဆိုင်ကယ်ရဲ့ အမြန်နှုန်းပြ ဒိုင်ခွက်ကို ကြည့်လိုက်တယ်။ နည်းနည်း ထပ်တင်တယ်။ ရှစ်ဆယ့်ငါး၊ ကိုးဆယ်၊ ကိုးဆယ့်ငါး၊ တစ်ရာ။

ဟင်နရီအေးမြင့်ဆိုင်ကယ်နဲ့ အကွာအဝေးဟာ တဖြည်းဖြည်းကျုံ့လာတယ်။ ကိုက်ငါးဆယ်လောက်ပဲ ရှိတော့မယ်။

အဲဒီအချိန်မှာ အခက်အခဲတစ်ခုနဲ့ ကြုံရတယ်။

မင်္ဂလာဒုံမြို့ထဲ ရောက်လာပြီ။ မနက်စောစောပေမယ့်။ ကားတွေ လူတွေ ရှုပ်စပြုလာပြီ။ ဆိုင်ကယ်အရှိန်ကို လျှော့ချလိုက်ရတယ်။ သိပ်တော့ အရေးမကြီး ပါဘူး။ ကိုယ်လျှော့သလို သူလည်း လျှော့ရမှာပဲ မဟုတ်လား။

ရှေ့ကခံနေတဲ့ ကားတွေကိုတော့ တတ်နိုင်သမျှ ကျော်တက်ခဲ့တယ်။

ရှေ့မှာ မရမ်းကုန်းမီးပွိုင့်။ မီးစိမ်းနေတယ်။ ဟင်နရီအေးမြင့်ရဲ့ ဆိုင်ကယ် က မီးပွိုင့်ကိုဖြတ်သွားပြီ။ မတတ်နိုင်ဘူး။ ရှေ့က မာဇဒါကားကို ကျော်တယ်။ အရှိန်မြှင့်ပြီး မောင်းရတယ်။

ကံကောင်းလို့ ဆိုင်ကယ် မီးပွိုင့်ကိုအဖြတ်မှာ ဖြတ်ကနဲ ဝါသွားတယ်။ မိသွားလို့ကတော့ မလွယ်ဘူး။

လမ်းက ပြန်ရှင်းသွားပြန်တယ်။ ကီလိုရှစ်ဆယ်ကို ပြန်တင်တယ်။ ဟင်နရီ အေးမြင့်ဆိုင်ကယ်ကို ဆယ်ကိုက်လောက်အကွာထိ မီလာတယ်။

ရှေ့မှာနံပါတ်ကိုး ဘတ်စ်ကားကြီး။ လမ်းဖယ်မပေးဘူး။ အလယ်ကောင် ကနေ ကိုးလိုးကန့်လန့် မောင်းနေတယ်။ ဟင်နရီအေးမြင့်က ဇွတ်အတင်း ကျော်တက်တယ်။ သူက ဘယ်လက်က အကျော်မှာ ချစ်ထွတ်တင်က ညာဘက်

ကကျော်တယ်။ ဟီးနိုးကားဒရိုင်ဘာရဲ့ ရေရွတ်သံတောင် သဲ့သဲ့ကြားလိုက်သလား မသိ။

လမ်းလယ်ကို နေရာပြန်အယူမှာ ဆိုင်ကယ်နှစ်စင်း ယှဉ်မိပြီ။ တစ်ယောက်က ဘီးတစ်ဝက်စာလောက် ရှေ့ကို ကျော်သွားလိုက်၊ တစ်ယောက်က စွန်းထွက်လာလိုက်နဲ့ အကြိတ်အနယ်။

အင်းယားလေးနားရောက်တော့ လမ်းက ကွေ့ကောက်လာပြန်တယ်။ လမ်းကွေ့တွေမှာ ဆိုင်ကယ်နှစ်စင်း ပြိုင်တူကွေ့သွားကြတာကိုများ စောင့်ကြည့်နေတဲ့လူရှိရင် ရင်သပ်ရှုမော ဖြစ်သွားမှာပဲ။

ဟင်နရီအေးမြင့်။ ဒီကောင်မဆိုးဘူး။ ဆိုင်ကယ် တော်တော်စီးတတ်သားပဲ။

သမိုင်းကျောင်းဝင်းကို ကျော်လာပြီ။ ရှေ့ဆက်မောင်းရမယ့်ခရီးဟာ အဆုံးအဖြတ်ပေးမယ့် ကာလပဲ။

ပန်းဝင်ဖို့စီစဉ်ထားပုံက ပညာပါတယ်။ ကုန်းဆင်းအတိုင်း တောက်လျှောက်ဆင်းရမယ်။ ပြီးတော့ အင်းယားလမ်းကို တစ်ဆစ်ချိုးဝင်ရမယ်။ ဝင်ပြီးပြီးချင်း ကုန်းကိုပြန်တက်ရမယ်။ အဲဒီမှာ ပညာသား ပါလာလိမ့်မယ်။

အင်းယားကန်ကြီးက ကုန်းဆင်းလမ်းအတိုင်း အရှိန်နဲ့ လိမ့်ဆင်းလာကြတယ်။ ဟင်နရီအေးမြင့်က ဘယ်လက်ခြမ်းကို မရအရ ယူထားတယ်။ ကွေ့ရမှာဘယ်ဘက်ကို မဟုတ်လား။ ဒါမှ အတွင်းစည်းကနေ ကပ်ကွေ့ရမယ်လို့ သူတွက်ပုံရတယ်။

အတွင်းစည်းက ကပ်ကွေ့ရင် စက်ဝန်းပိုင်းကျဉ်းပြီး အခွင့်သာနိုင်တာတော့မှန်တယ်။ ကွေ့ပြီးပြီးချင်း ကုန်းမြင့်ကြီးကို တက်ရမှာဆိုတော့ ဂီယာပြောင်းရမယ်။ ခုကတည်းက ကြိုပြီးပြောင်းထားရင် အရှိန်လျော့သွားမယ်။ ကွေ့နေတုန်းအချိန်မှာ ဂီယာပြောင်းနိုင်ဖို့လိုတယ်။

ချစ်ထွတ်တင်က အတွင်းစည်းကို မမက်တော့။ ကုန်းအတက်မှာ 'ကုန်' မသွားဖို့လို့ကိုပဲ သတိထားတယ်။

အင်းယားလမ်းဆုံရောက်ပြီ။ ထင်တဲ့အတိုင်းပဲ ဟင်နရီအေးမြင့်က အတွင်းဘက်က ကပ်ပြီးကွေ့တယ်။ လမ်းက ထောင့်မှန်အနေအထား။ ရုတ်တရက် ကွေ့

ပြီး ကုန်းကိုတက်တော့ ဆိုင်ကယ်ကို ထိန်းဖို့ ကြိုးစားနေရတာနဲ့ ဂီယာပြောင်းတာ နောက်ကျသွားတယ်။

ချစ်ထွတ်တင် နည်းနည်းလေး ပန်းပြီးကွေ့တော့ အလိုက်သင့် ဖြစ်သွားတယ်။ ကွေ့နေတုန်းမှာ ဂီယာကို ဆတ်ကနဲ ပြောင်းလိုက်တယ်။

လမ်းကို ပြန်ဦးတည်လိုက်တဲ့ အခါမှာ ဟင်နရီအေးမြင့်က ကျောနေသယောင်ပဲ။ သို့ပေမယ့် သူ့ဆိုင်ကယ်က ခုမှဂီယာပြောင်းခါစမို့ စက်ရှိန်ပြန်မတက်သေးဘူး။

ဒီအချိန်မှာ ချစ်ထွတ်တင်ဆိုင်ကယ်ကြီးက တရိပ်ရိပ်တက်လာပြီ။

ပထမဆုံး တာယာတစ်ထောက်။

နောက်တော့ ဘီးတဝက်။

နောက်ဆိုင်ကယ်တစ်လျား။

'ရှန်းလိုက်စမ်း ဖွဲ့သားကြီး'

လို့ချစ်ထွတ်တင်က ဟိုကောင်ကြားအောင် အော်ပြီးနောက်လိုက်သေးတယ်။

တဖြည်းဖြည်းနဲ့ ဟင်နရီအေးမြင့် ကျန်ခဲ့တယ်။ ငါးပေကနေ ဆယ်ပေ၊ ဆယ့်ငါးပေ၊ ပေနှစ်ဆယ်။ ကုန်းထိပ်ကို ရောက်တဲ့အခါ တော်တော်ပြတ်ကျန်ခဲ့ပြီ။

ချစ်ထွတ်တင်က တစ်ချက်လှည့်ကြည့်ပြီး ဟင်နရီအေးမြင့်ကို လက်ပြနှုတ်ဆက် လိုက်တယ်။

ပန်းတိုင်အဖြစ် သတ်မှတ်ထားတဲ့ ရတနာဆောင်ရှေ့မှာ စောင့်နေတဲ့ လူအုပ်ထဲက ပန်းဝင်ဒိုင်လုပ်တဲ့လူက ပုဝါအစိမ်း မြှောက်ကိုင်ထားတယ်။

မြတ်ဘုန်းအောင် အပါအဝင် လူတွေအားလုံး တအံ့တသြ ရင်သပ်ရှုမောဖြစ်သွားကြတယ်။

ပန်းဝင်လာတဲ့ ချစ်ထွတ်တင်ဟာ အရှိန်မလျှော့ဘဲ လက်နှစ်ဘက်စလုံးမြှောက်ပြီး ဖော့ယမ်းရင်း ဆိုင်ကယ်ကို လက်လွှတ်လာလို့ပါပဲ။

ဒိုင်လူကြီးက ပုဝါစိမ်းကို အောက်စိုက်ချလိုက်တယ်။

လက်ခုပ်သံတွေ၊ အော်ဟစ်အားပေးသံတွေ ဆူညံသွားတယ်။

မြတ်ဘုန်းအောင်က . . .
"ချစ်ထွတ်တင် သကွန်ကရား"
လို့ အော်လိုက်တယ်။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

ရေမျက်နှာပြင်ပေါ်သို့ ပလုံစီလေးတွေ တန်းစီတက်လာကြသည်။ ဇလုံထဲမှာ နှစ်ထားသော စက်ဘီးကျွတ်ရှိ ပေါက်နေသောနေရာမှ လေစိမ့်ထွက်နေခြင်း ဖြစ်သည်။ ဤနည်းဖြင့် ပေါက်သည့်နေရာကို အတိအကျ သိရ၏။

စက်ဘီးကျွတ်ကို ရေဇလုံထဲမှ ပြန်ဆယ်ပြီး အဝတ်စုတ်ဖြင့် သုတ်သည်။ ပေါက်နေသည့် နေရာကို မီးနည်းနည်းပြပြီးနောက် နေပူမှာ အခြောက်ခံထားလိုက်သည်။

ကျွတ်စတစ်စကို လက်နှစ်ဆစ်နီးပါးလောက် ဖြတ်ထားပြီး ခပ်မျောမျော ညှပ်လိုက်သည်။ ထောင့်စွန်းတွေကို တိပစ်သည်။ ထို့နောက် ကော်ပတ်စားသည်။

နေလှမ်းထားသော စက်ဘီးကျွတ်ကို ပြန်ယူသည်။ ခဲတံဖြင့် ဝိုင်းပြီး မှတ်ထားသည့် အပေါက်နေရာတစ်ဝိုက်ကို ကော်ပတ်စားသည်။

ဖြတ်ထားသော ကျွတ်စကို ကော်သုတ်သည်။ ပြီးတော့ လေမှုတ်ပေးသည်။ ကော်မပျော့မခြောက် အနေတော် ရသောအခါ အပေါက်နေရာကို ကပ်ပြီး ဖာလိုက်သည်။ ထို့နောက် ဘိဖြင့် ဖိထားလိုက်၏။

တချို့ စက်ဘီးပြင်ဆိုင်တွေက ကျွတ်ဖာပြီးလျှင် တုံးတစ်ခုခု၊ သို့မဟုတ် အလေးတစ်ခုခုဖြင့် ဖိပြီး ပြီးစလွယ် လုပ်တတ်သည်။ အဖေကတော့ သေသေသပ်သပ်မှ ကြိုက်သည်။ သူ့ဆီက ဖာပေးလိုက်သော ဘီးသည် တခြားနေရာကသာ ထပ်ပေါက်ချင်ပေါက်မည်။ ဖာထားသော နေရာကတော့ ထိုကျွတ် တသက် ထပ်မပေါက်စေရဟု ဆိုလေ့ရှိသည်။

ဖာထားသောကျွတ် အသားသေအောင်စောင့်ရင်း ချိန်းကြိုး၊ ပင်နယ်၊ ဘော ခွက် စသည်တို့ကို ဓာတ်ဆီဆွတ်ပြီး ဘရပ်ဖြင့် ဆေးကြောနေလိုက်သည်။ အမှန် အားဖြင့် ရေနံဆီစိမ်ထားပြီးမှ ဆေးလျှင် ပိုကောင်းသည်။ ရေနံဆီက ရှားသဖြင့် ဓာတ်ဆီကို သုံးရသည်။ ဒါတောင် ချွေချွေတာတာ သုံးရ၏။

"ဟေ့အောင်စိုး၊ မပြီးသေးဘူးလားကွ"

ဆိုက်ကားဆရာ ကိုသိန်းထွန်းသည် သူ့ဝသီအတိုင်း အော်ကြီးဟစ်ကျယ် ပြောရင်း ဆိုင်ထဲဝင်လာသည်။

"ဖာလို့တော့ ပြီးပါပြီ၊ ခွေထဲပြန်ထည့်ဖို့ပဲ လိုတော့တယ်"

"ဟာ ကြာလိုက်တာကွာ၊ ငါဆံပင်သွားမညှပ်ခင်ကတည်းက ထားသွားတဲ့ ဟာ"

"သေသေချာချာ သပ်သပ်ရပ်ရပ် လုပ်နေလို့ပါဗျ။ ဖြစ်ကတတ်ဆန်းလုပ်ရင် ဘယ်ကောင်းမလဲ၊ တော်ကြာ လေပြန်စိမ့်ရင် ခင်ဗျား နှစ်ခါကုန်မှာစိုးလို့"

"အံမယ်၊ လေစိမ့်ရင် မင်းအလကား ပြန်လုပ်ပေးရမှာပေါ့ကွ၊ မင်းလုပ်တာ မကောင်းလို့ပဲဟာ"

"အင်းလေ၊ ဒါကြောင့် ကောင်းအောင်လုပ်နေရတာပေါ့"

"ကဲပါကွာ၊ မြန်မြန်သာ ပြန်တပ်စမ်းပါ၊ ချီးတဲ့မှပဲ၊ ဒီနေ့ အလုပ်ကိုမဖြစ်ပါ ဘူးကွာ၊ ဆွဲလို့မကောင်းရတဲ့ကြားထဲ ဘီးကပေါက်ရသေးတယ်၊ အံ့နာခတောင် မရချင်သေးဘူး"

အောင်စိုးက စက်ဘီးကျွတ်ကို ဘီးမှဖြုတ်ယူရင်း . . .

"ဒါဆို ခင်ဗျား ဒီညနေ အမားဆိုင် မသွားနိုင်တော့ဘူးပေါ့"

"ဟာ ဒါတော့ ဘယ်နေမလဲကွ၊ ဒါက ငါတို့ရဲ့ ဆေးပဲ။ ဒါလေးမှ မမှီဝဲ ရရင် သေရချည့်ရဲ့"

ကိုသိန်းထွန်းသည် ညနေစောင်းပြီဆိုလျှင် အမား၏ အရက်ပုန်းဆိုင်သို့ သွား၍ တစ်ခွက်တဖလား မော့တတ်သည်။ တစ်ကျပ်ဖိုး နှစ်ကျပ်ဖိုး၊ ချက်အရက် ဖြစ်သည်။

အောင်စိုးက စက်ဘီးကျွတ်ကို လေထိုးသည်။ ရေဇလုံထဲမှ ပြန်နှစ်ပြီး လေစိမ့်မစိမ့် ထပ်စစ်ဆေးသည်။ စိတ်ကျေနပ်တော့မှ တာယာထဲပြန်သွတ်သည်။

"မင်းအဖေကောကွ"

"ရှိတယ်၊ သံဖြတ်လွှသွား နည်းနည်းတုံးနေလို့ သွေးနေတယ်"

"ဒီအဘိုးကြီးကတော့ ဘယ်တော့မှ နားတယ်မရှိဘူး၊ တကုပ်ကုပ် လုပ်နေတာပဲ"

"ပြောလို့လဲ မရပါဘူးဗျာ"

ဟု ဆိုပြီး အောင်စိုးက ဘီးလေထိုးနေသည်။ ကိုသိန်းထွန်းက 'ဗျို့ ဦးမြင့်သောင်း' ဟု လှမ်းအော်သည်။

"အဖေ သူ့ဘာသာ နေပါစေဗျာ၊ ဘာဖြစ်လို့ သွားခေါ်ရတာလဲ"

အောင်စိုးက ဟန့်လိုက်သည်။ ထိုအချိန်တွင် အဖေ အိမ်ထဲက ထွက်လာသည်။ ကိုသိန်းထွန်းကိုမြင်တော့

"ဟေ့ သိန်းထွန်း ဘာလဲကွ၊ အရက်ဖိုး မရှိလို့လား"

"ဟာ ဦးလေးကလဲ ကျွန်တော့်ကိုမြင်ရင် ဆော်ဖို့ပဲ စဉ်းစားနေတာပဲ"

ဟု ရယ်ကျဲကျဲလုပ်ရင်း ပြန်ပြောသည်။ ကိုသိန်းထွန်းသည် တစ်ခါတစ်ရံ အရက်ဖိုးပြတ်လျှင် အဖေ့ဆီမှာ တစ်ကျပ်စ နှစ်ကျပ်စ ခဏလာဆွဲတတ်သည်။

"ဦးလေးက အလုပ်တွေ သိပ်လုပ်တာပဲနော်။ ကျွေးစရာ ဒီသားတစ်ယောက်ရှိတာများ၊ ဧကန္တတော့ အဘိုးကြီး နောက်မိန်းမ လိုချင်နေပြီထင်တယ်"

ကိုသိန်းထွန်းက အဖေ့ကို ပြန်စသည်။ အဖေက

"ဟကောင်ရ နောက်မိန်းမလိုချင်မှတော့ ဟိုအရင် အရွယ်ကောင်းကတည်းက ယူမှာပေါ့၊ မင်းပြောသလို ဒီသားလေး တစ်ယောက်တည်းမို့လို့ပဲ ဒီလောက်လုပ်နေတာပေါ့၊ ကောလိပ်ကျောင်းသာ မဟုတ်လား၊ ကောလိပ်ကျောင်းထားရတဲ့ စရိတ်က နည်းတာမှတ်လို့ကွာ"

အဖေက ညည်းညူသလိုလိုနှင့် ဂုဏ်ယူစွာ ပြောလိုက်သည်။

"ဟုတ်ပါ့ဗျာ၊ ဦးလေးတို့များ သားသမီးကံ တယ်ကောင်းတယ်။ ဒီကောင်က သိပ်လိမ္မာတာဗျ၊ ကောလိပ်ကျောင်းသားသာဆိုတယ် ဟိတ်ဟန်မရှိဘူး၊ ကြည့်ပါ

လား ဦးလေးအလုပ်ကို ဝင်ကူလုပ်ပေးနေတာ၊ လုပ်ပုံ ကိုင်ပုံကလဲ သပ်ရပ်ပါဘိ သနဲ့၊ ဒီကောင် အားကိုးရမယ်ဗျ သိလား”

ကိုသိန်းထွန်းက အားရပါးရ ချီးကျူးနေသည်။ အဖေသည် ‘အင်း’ ဟူ၍သာ ဆိုသည်။ စောစောကလောက် ဟက်ဟက်ပက်ပက် မရှိတော့ကြောင်း အောင်စိုး ရိပ်မိလိုက်၏။

လေထိုးပြီးသွားသော စက်ဘီးတာယာကို နှိပ်ကြည့်ပြီး စကားဖြတ်ပြော လိုက်သည်။

“ကိုသိန်းထွန်း၊ ကျုတ်က ဖာထားခါစမို့လို့ လေကို သိပ်တင်းအောင် ထိုးမ ထားဘူး၊ တကယ်လို့ လေလျော့မယ် ထင်ရင်လဲ လာထပ်ထိုးလိုက်ပေါ့”

“အံမယ် မင်းက လေထိုးခ ဆယ့်ငါးပြား ထပ်ရအောင် ကြံတာပေါ့လေ”

“မဟုတ်ပါဘူးဗျ၊ အလကား ထိုးပေးမှာပါ”

ကိုသိန်းထွန်းက တာယာကို လက်မဖြင့် နှိပ်ကြည့်ပြီး . . .

“ရပါတယ်ကွာ၊ ရှေ့ဘီးပဲ၊ ကဲ သွားဦးမှ အချိန်ရှိခိုက် လုံ့လစိုက်ပြီး ညနေ စာလေး ရှာရဦးမယ်”

ဘီးဖာခ ငွေတစ်ကျပ်ပေးပြီး ဆိုက်ကားနင်း၍ ထွက်သွားသည်။

“သား ထားလိုက်၊ အဖေလုပ်မယ်၊ မင်း စာသွားကျက်ချေ”

အဖေသည် တစ်ခါတစ်လေကျလျှင် အောင်စိုးကို တက္ကသိုလ် ကျောင်းတော် သားကြီးဆိုပြီး တလေးတစား ဆက်ဆံ၍ တစ်ခါတလေကျတော့လည်း အငယ် တန်း ကျောင်းသားလေးလို ဆူချင် ဆူနေတတ်သည်။ ကျောင်းသားဆိုလျှင် စာကျက်ရသည်ချည်း ဖြစ်သည်ဟု အဖေက ထင်နေဟန်တူသည်။

တက္ကသိုလ်ပညာသည် အလွတ်ကျက်မှတ်ရခြင်းမဟုတ်။ နားလည် သဘော ပေါက်အောင် လေ့လာရခြင်းသာ ဖြစ်သည်။ စာမေးပွဲ ဖြေဆိုရာတွင်လည်း အလွတ်ကျက်ထားသည်ကို ပြန်ဖြေခြင်းထက် မိမိနားလည် သဘောပေါက်သမျှ၊ မိမိကျယ်ကျယ်ပြန့်ပြန့် လေ့လာထားသမျှကို ပေါင်းစပ်၍ ကိုယ့်စကားလုံးတို့ဖြင့် ကိုယ် ဖြေရခြင်းဖြစ်သည်ဟု ခဏခဏ ရှင်းပြခဲ့ဖူးပါပြီ။ အဖေကတော့ နားမဝင်။

ခုတစ်ခါပြောတာကတော့ စာကျက်စေချင်တာ တစ်ခုတည်းမဟုတ်ကြောင်း အောင်စိုးသိသည်။ သို့ရာတွင် သူက မသွားသေးဘဲ . . .

"ညကျမှ အေးအေးဆေးဆေး စာကြည့်တော့မယ် အဖေ၊ အခု ဒါလေး လက်စသတ်လိုက်ဦးမယ်"

"အဖေလုပ်ပါ့မယ်ဆိုကွာ"

"ပြန်ဆင်တဲ့အခါကျမှပဲ အဖေလုပ်ပါတော့၊ အခု ကျွန်တော်လဲ လက်ပေ လက်စနဲ့ . . . "

အဖေက မကျေမနပ်ဟန်ဖြင့်

"ဒီမှာသား၊ မင်းကို မတတ်သာလွန်းလို့သာ တချို့ကိစ္စတွေမှာ ဝင်ကူ လုပ်ခိုင်းရတာ၊ တကယ်တော့ အဖေ မခိုင်းချင်ဘူးကွာ၊ လူမြင်လို့လည်း မသင့် တော်ဘူး"

"ဟာ ဘာကို မသင့်တော်ရမှာလဲ"

"ဟ၊ ကောလိပ်ကျောင်းသားတစ်ယောက်ကို ခုလို ပေပေရေရေ အလုပ်မျိုး လုပ်ခိုင်းတာ သူများတွေမြင်ရင် အဖေဘယ်ကောင်းမလဲကွ၊ သားလေးတစ် ယောက်ရှိတာ အေးအေးသက်သာ စာမသင်ရဘဲ ခိုင်းနေတယ်လို့ ပြောကြမှာပေါ့"

"မဟုတ်တာ အဖေရာ၊ အဖေ့ကို ကူညီတဲ့အတွက် လူတွေက ကျွန်တော်ကို ချီးတောင် ချီးကျူးကြဦးမယ်၊ ခုန ကိုသိန်းထွန်းပြောသွားတာ ကြည့်ပါလား"

"ဒီကောင်က ဘာနားလည်တာမှတ်လို့၊ အဖေက မင်းကို လူတလုံးသူတလုံး ဖြစ်စေချင်တာကွ၊ မင်းသိတဲ့အတိုင်းပဲလေ၊ ဒီအလုပ်က တိုးတက်မှုလည်း မရှိဘူး၊ အဆင့်အတန်းမြင့်တဲ့ အလုပ်လည်း မဟုတ်ဘူး"

"အလုပ်မှန်ရင် ဂုဏ်ရှိတာပါပဲ အဖေရာ၊ အဖေပဲ အမြဲပြောတယ် မဟုတ် လား၊ သမာအာဇီဝ အလုပ်ဆိုတာလေ"

သမာအာဇီဝချင်းတူတူ အဆင့်မြင့်မြင့်လေးဆို ပိုကောင်းတာပေါ့လကွာ"

"ကဲပါအဖေရယ်၊ ကျွန်တော် ဘွဲ့ရပြီးတော့ အဖေဖြစ်စေချင်တာ ဖြစ်အောင် ကြိုးစားပါ့မယ်၊ ခုတော့ အဖေ့ကို ကူပါရစေဦး၊ တော်ကြာ လူတွေက ပြောနေပါ ဦးမယ်၊ အဖေကြီးက ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ကျောင်းထားပေးတာကို

အဖေ့တော့ ပြန်မကူဘဲ ပေါ်ကြော့နေတယ်လို့၊ အဲဒီလိုတော့ အပြောမခံနိုင်ဘူး အဖေ"

"အဖေက စေတနာနဲ့ ပြောတာပါကွာ"

"အဖေ့စေတနာကို နားလည်လို့ ကျွန်တော်ကလည်း ပြောနေတာပေါ့၊ အဖေကသာ ကျွန်တော် ဒီအလုပ်ဝင်လုပ်လို့ ဂုဏ်ငယ်မယ်ထင်နေတာ၊ တကယ်တော့ ဂုဏ်မငယ်တဲ့အပြင် ဂုဏ်တောင်ရှိသေးတယ်၊ ခုခေတ်က အရင်နဲ့ မတူတော့ဘူး အဖေရ၊ အရင်ကဆိုရင် ပိုက်ဆံချမ်းသာတဲ့လူရဲ့ သားသမီးမှ တက္ကသိုလ်တက်နိုင်တာမဟုတ်လား၊ ခုကျတော့ ဘယ်သူမဆို အခါအခွင့်သင့်ရင် တက်လို့ရတယ်၊ ကျွန်တော့်ကိုပဲ ကြည့်လေ၊ နောက်ပြီး ကျောင်းမှာ ကျွန်တော့်လိုလူတွေ အများကြီးပဲ၊ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ဆိုရင် ညဘက်မှာ ညစောင့်လုပ်ပြီး နေ့ဘက်မှာ ကျောင်းတက်နေတာ"

"ဟေ ဟုတ်လား"

"ဟုတ်တယ်အဖေ၊ ဒါတင်ဘယ်ကမလဲ၊ ကျွန်တော်တို့ဆီမှာသာ ခုနောက်ပိုင်းကျမှ လူငယ်တွေ အလုပ်လုပ်ပြီး ကျောင်းတက်ဖို့ ကြိုးစားလာကြတာ၊ တချို့နိုင်ငံကြီးတွေမှာဆိုရင် ဒါမျိုး ဟိုးအရင်ကတည်းကရှိတယ်၊ သူတို့ဆီမှာ အသက်ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ ကိုယ့်အားကိုယ် ကိုးကြတာပဲ၊ မိဘက ဘယ်လောက်ချမ်းသာနေ ချမ်းသာနေ ကိုယ့်ကျောင်းစရိတ် အသုံးစရိတ် ကိုယ့်ဘာသာရအောင် ရှာကြတယ်၊ ဟိုတယ်တွေမှာ ပန်းကန်ဆေးတာတို့၊ သန့်ရှင်းရေးလုပ်တာတို့၊ စားသောက်ဆိုင်တွေမှာ စားပွဲထိုးလုပ်တာတို့ ကျောင်းအားချိန်မှာ အဲဒီလို ဝင်ငွေရှာကြတယ်၊ အဲဒီက ရတဲ့ငွေနဲ့ သုံးရစွဲရတာကို မိဘဆီကရတဲ့ မုန့်ဖိုးထက်ပိုပြီး တန်ဖိုးထား ဂုဏ်ယူကြတယ်လေ"

အဖေက ပါးစပ်အဟောင်းသား နားထောင်နေသည်။ အောင်စိုးက ခေတ်တွေ၊ နိုင်ငံခြားတွေ ဘာတွေရောပြီး ပညာတတ်ဆန်ဆန် ပြောလိုက်သဖြင့် အဖေ စောဒကမတက်တော့။ သို့ရာတွင် . . .

"သားရေ ကြံသကာနဲ့ ရေနွေးကြမ်း သောက်ရအောင် ရေနွေးအိုးသွားတည်ချေကွာ"

ဟု အလိမ္မာသုံးပြီး နှင်လိုက်သည်။ သြော် . . . သားက ဘယ်လောက် ပညာတတ်နေတတ်နေ အဖေဟာ အဖေပါပဲ။

ဒီတစ်ခါတော့ အောင်စိုးမငြင်းတော့။ အဖေ ကျေနပ်အောင် လုပ်လက်စ အလုပ်ကို ထားပစ်ခဲ့ပြီး ရေနွေးအိုးတည်ဖို့ ထွက်သွားသည်။

မီးမွှေးနေရင်းက တစ်စုံတစ်ယောက်ကို သတိရလိုက်မိပြန်လေသည်။

*

ဟိုတစ်ရက်က အေးအေးဝင်းကို ဖွင့်ပြောမိသလောက်နီးပါး ဖြစ်ပြီးနောက် အောင်စိုးသည် အေးအေးဝင်းနှင့် မတွေ့မိအောင် ရှောင်၍နေခဲ့လေသည်။

ကျောင်းသွားကျောင်းပြန် ဘတ်စကားမှတ်တိုင်မှာ မဆုံဖြစ်အောင် အချိန်ကို လွှဲပြီးသွားသည်။ မနက်ဆိုလျှင် အေးအေးဝင်း သွားတတ်သည့် အချိန်ထက် စောပြီးသွားသည်။ ညနေကျတော့လည်း အေးအေးဝင်း ပြန်တတ်သည့် အချိန်ထက် စောပြီးဖြစ်စေ၊ နောက်ကျပြီးဖြစ်စေ ပြန်လေ့ရှိသည်။ အရင်က အေးအေးဝင်းတို့အတန်းရှိရာ အမရဆောင်သို့ ကြုံသည့်အခါတိုင်း ဝင်လေ့ရှိသည်။ အေးအေးဝင်းနှင့် တွေ့လျှင်လည်း နှုတ်ဆက်စကား ပြောတတ်၏။

ခုနောက်ပိုင်း အမရဘက် ခြေဦးမလှည့်ဖြစ်တာ တစ်ပတ်တောင် ကျော်သွားပြီ။

ဒီနေ့တော့ အေးအေးဝင်းကို တွေ့ချင်မြင်ချင်စိတ် ပေါ်ပေါက်နေမိသည်။ လူချင်းတွေ့ပြီး စကားပြောဖို့လောက်အထိတော့ သူ စိတ်မကူးရဲ၊ မျက်နှာကလေးကို လှမ်းမြင်လိုက်ရရုံလောက်သာ ရည်ရွယ်သည်။ အေးအေးဝင်းက သူ့ကို ပြန်တွေ့သွားမည်ကိုလည်း မလိုလား။

သူသည် အမရဆောင်ဘက်သို့ လျှောက်လာသည်။ တောင်ငူဆောင်ကို ဖြတ်နေတုန်း နောက်ကြောင်းပြန်လှည့်ဖို့ စိတ်ကူးမိသေးသည်။ အားတင်းပြီး ဆက်လျှောက်လာခဲ့သည်။

အမရဆောင် အပေါ်ထပ်တက်ခဲ့သည်။ အေးအေးဝင်းတို့ အတန်းနားသို့ ရောက်လာသည်။

အမရဆောင်သည် ဝိဇ္ဇာဆောင်လည်းဖြစ်၊ သီးခြားတည်နေသော အဆောင် တစ်ခုလည်း ဖြစ်သဖြင့် လူသိပ်မရှုပ်လှ။ သိပ္ပံဆောင်တွေမှာ အတန်းဘေးက စင်္ကြံမှာ ဖြတ်လျှောက်သူတွေ သိပ်များများမရှိချေ။ ထို့ကြောင့် အတန်းဘေးမှ တစ်ယောက်တစ်လေ ဖြတ်လျှောက်ခြင်းသည် သိသာလှသည်။

အောင်စိုးကတော့ မရဲတရဲနှင့် အေးအေးဝင်းတို့ အတန်းဘေးက ဖြတ် လျှောက်သွားနေမိလေပြီ။

ယောကျ်ားလေးတစ်ချို့နှင့် မိန်းကလေး နှစ်ယောက်သုံးယောက်က လှည့် ကြည့်သည်။ အေးအေးဝင်းကတော့ အတန်း၏ ရှေ့နားမှာထိုင်ပြီး ဆရာမသင်နေ သည်ကိုသာ စိတ်ဝင်စားစွာ ကြည့်နေသည်။ အောင်စိုးဘက်ကို လုံးဝလှည့် မကြည့်။ ဒီရက်အတွင်း နည်းနည်းပိန်သွားသလိုပဲဟု အောင်စိုးထင်မိ၏။

အတန်းကို ကျော်လာပြီးနောက်တွင် တစ်ခေါက်ထပ်ပြီး ဖြတ်လျှောက်ရင် ကောင်းမလား စဉ်းစားသေးသည်။ စိတ်မရဲသဖြင့် တဘက်လှေကားမှ ကွေ့ပြီး ဆင်းလာခဲ့သည်။

အောင်စိုး၏စိတ်သည် ထွေပြားနေသည်။ အေးအေးဝင်းနှင့် ပတ်သတ်ပြီး စိတ်ပြတ်သားမှု မရှိသောကြောင့်ပင် ဖြစ်သည်။

လောလောဆယ်တွင် အေးအေးဝင်းနှင့် မတွေ့အောင် ရှောင်နေသည်။ ကြာရှည် ရှောင်တိမ်းနေနိုင်စွမ်း မရှိသည်မှာလည်း သေချာသည်။

အေးအေးဝင်းအပေါ်တွင် သူ သံယောဇဉ် တွယ်တာခဲ့မိပြီ ဖြစ်သည်။ ထိုသံယောဇဉ်ကြိုးသည် တစ်ရစ်ပြီးတစ်ရစ် တပတ်ပြီးတပတ် တိုး၍ နှောင်ဖွဲ့နေ သည်။

သို့ဖြစ်၍ ရှေ့ကိုဆက်တိုးဖို့ကိုလည်း သူမရဲချေ။ ခုနေခါတွင် အေးအေးဝင်း က သူ့အပေါ် ဘယ်လို ထင်မြင်ယူဆနေပါလိမ့်မည်နည်း။

ခင်မင်မှုကို အခွင့်ကောင်းယူ၍ အလွဲသုံးစား ပြုသည်ဆိုပြီး အထင်အမြင် သေးကာ မုန်းတီးနေမလား။ တဖန် အရိပ်အမြွက်မျှ ဖွင့်ပြောပြီးကာမှ ရှောင်တိမ်း

နေသဖြင့် သက်သက် စိတ်အနှောက်အယှက်ပေးပြီး ကျောရရုံ ကြံသည်ဟု နာကျည်းနေမှာလား။

တွေးရခက်လှသည်။

"ဟေ့ ကောင်လေး၊ ကောင်လေး"

ဟု ခေါ်သံကြားရသည်။ လှည့်ကြည့်တော့ နောက်နား ခပ်လှမ်းလှမ်းက လက်ပြနေသော ကိုကြီးထွန်းကို တွေ့ရ၏။ အောင်စိုး ရပ်စောင့်နေလိုက်သည်။

ကိုကြီးထွန်း အနားရောက်လာပြီး

"ငါလှမ်းခေါ်နေတာ ကြာပြီကွ၊ မင်းဘာတွေ စဉ်းစားပြီး လျှောက်နေမှန်း မသိဘူး"

"ဟိုအကြောင်း ဒီအကြောင်းပေါ့ဗျာ"

"မင်း ကျူတိုရီရယ် ဖြေမှာလား"

"ဖြေမှာပေါ့ဗျ"

"နည်းနည်း စောသေးတယ်ကွာ၊ ဒါနဲ့ ဟေ့ကောင်၊ မင်း မဆာဘူးလား"

"အေးဗျာ၊ ခင်ဗျားပြောမှ ဆာလာပြီ၊ ဒီနေ့ ထမင်းစားတာ နည်းနည်းစော သွားတယ်"

"ဒါဖြင့် မုန့်ဟင်းခါး သွားစားရအောင်ကွာ"

အောင်စိုး စဉ်းစားသည်။ သူ့အနေဖြင့် ဒီနေ့ ငွေတစ်ကျပ်လောက်တော့ သုံးလို့ရသည်။

"ကျွန်တော့်ဆီမှာ တစ်ကျပ်ရှိတယ်"

"အေးပါကွာ၊ ငါ့မှာလည်း နှစ်ကျပ်ရှိပါတယ်၊ မုန့်ဟင်းခါးစားပြီးမှ လက်ဖက်ရည် သောက်တာပေါ့"

"ဟာ၊ ရှိတာမှ နှစ်ယောက်လုံး သုံးကျပ်၊ ဘယ်လိုလုပ် မုန့်ဟင်းခါးရော လက်ဖက်ရည်ရော ရမလဲ"

"ရတဲ့နည်း ရှိပါတယ်။ မင်း လက်ဖက်ရည်ကော မသောက်ချင်ဘူးလား"

"ခင်ဗျားဗျာ၊ သက်သက် သွားရည်ကျအောင် လုပ်နေတယ်"

"မသောက်ချင်ဘူးလားကွာ"

"သောက်တော့ သောက်ချင်တာပေါ့ဗျ။ ဒါပေမယ့် . . ."

"အေး ရတဲ့နည်း ငါပြောပြမယ်၊ ငါထွင်ထားတဲ့နည်းကွ"

"လုပ်စမ်းပါဦး ဘယ်လိုလဲ"

"ကိုဖိုးချိုဆိုင်မှာ မုန့်ဟင်းခါး ပါဆယ်တစ်ပွဲ မှာစားမယ်"

"ဗျာ မုန့်ဟင်းခါး ပါဆယ်ဟုတ်လား"

"အေးလေ၊ လက်ဖက်ရည်ဆိုင်တွေမှာ ချိုင့်နဲ့ ပါဆယ်ဆိုရင် တစ်ကျပ်ခွဲ မဟုတ်လား၊ အဲ့ဒါ နှစ်ယောက်သောက်လို့ရတယ်လေ၊ ဒီလိုပဲပေါ့ကွာ၊ ကိုဖိုးချို ဆိုင်မှာ ငါထွင်ထားတဲ့နည်းက မုန့်ဟင်းခါး ပါဆယ်ကွာ။ တစ်ကျပ်ခွဲဖိုး ပန်းကန်နဲ့ အပြည့်ရတယ်။ အဲဒါကို မင်းနဲ့ငါ အတူစားမယ်။ ပြီးရင် အရှည်ကြီး ဆိုင်ကို ပြန်လာမယ်။ လက်ဖက်ရည် တစ်ကျပ်ခွဲတန် တိုင်ကီမှာပြီး နှစ်ယောက် မျှသောက်ကြတာပေါ့"

"ခင်ဗျား တော်တော်ထွင်တတ်တဲ့လူပဲ"

"စကားပုံတောင် ရှိသေးတယ်လေ၊ ဆင်တတ်မှ လှသကဲ့သို့ ထွင်တတ်မှ ဝ၏တဲ့"

"နေစမ်းပါဦးဗျာ၊ သွားရမယ့် ခရီးကလည်း ဒီကနေ ကိုဖိုးချိုဆိုင်သွား၊ ပြီးမှ ဒီဘက်ပြန်လာဆိုတော့ . . ."

"မင်းကလည်း ဒီလောက်တော့ ရှိမှာပေါ့ကွ"

"ဒါဆိုလည်း သွားကြတာပေါ့"

အောင်စိုးမှာ သူငယ်ချင်းများများစားစား မရှိချေ။ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းသောကြောင့် မဝင်ဆံ့သောကြောင့်တော့ မဟုတ်။

သူက ကျောင်းတက်ချိန်လောက်သာ ကျောင်းမှာရှိသည်။ အတန်းတွေ ပြီး သည်နှင့် အိမ်ကိုတန်းပြန်သည်။ ဒါမှ အဖေ့ကို ကူဖို့ အချိန်ရမည် မဟုတ်လား။

ပြီးတော့ ကျောင်းမှာ အပေါင်းအသင်းများလျှင် လက်ဖက်ရည်ဆိုင် ထိုင် ဖြစ်ကြမည်။ ထိုအတွက် အချိန်ကုန်မခံနိုင် လက်ဖက်ရည်ဖိုးလည်း သူသိပ် မတတ်နိုင်၊ ကျောင်းသားများသည် တစ်ယောက်မရှိလျှင် တစ်ယောက်က တိုက်ကျွေးဖို့ ဝန်မလေးတတ်ကြသော်လည်း သူများတိုက်တာ ကျွေးတာချည်း

စားသောက်နေလျှင် မကောင်း။ ထို့ကြောင့် အောင်စိုးက ခပ်ကုပ်ကုပ်ပဲ နေလိုက်သည်။ အကြောင်းသိ လေးငါးယောက်လောက်နှင့်သာ ရင်းရင်းနှီးနှီး ပေါင်းသင်းသည်။

ကိုကြီးထွန်းက သူနှင့် အရင်းနှီး အခင်မင်ဆုံး ဖြစ်သည်။ အခြေအနေချင်း တူကြသောကြောင့်လည်း ပိုပြီး ပေါင်းဖြစ်သည်။

ကိုကြီးထွန်းသည် ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းမှာ အလုပ်လုပ်သည်။ သူတို့ရုံးက နေ့ဆိုင်း ညဆိုင်းရှိသည်။ ကိုကြီးထွန်းက ညဘက်တာဝန်ကို အမြဲယူထားသဖြင့် နေ့ဘက်မှာ ကျောင်းတက်နိုင်ခြင်းဖြစ်သည်။

သူ့အဖို့ လွယ်တော့မလွယ်လှ။ ညဘက်မှာ အိပ်လို့ရသည်မဟုတ်။ မှေးရုံသာ မှေးနိုင်သည်။ အရေးကြီး တယ်လီဖုန်းက အချိန်မရွေး ဝင်လာတတ်၏။

မနက်ကျတော့ ကျောင်းလာတက်။ ကျောင်းချိန်ပြီးလျှင် အဆောင်က သူ့ သူငယ်ချင်း အခန်းတစ်ခန်းမှာ သွားအိပ်သည်။ ညနေစောင်းလျှင် ရေမိုးချိုးပြီး အလုပ်သွားလေသည်။

သူတို့နှစ်ယောက်ကတော့ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြသဖြင့် စားကြသောက်ကြရာတွင်လည်း ပြဿနာမရှိ။ သူရှိ သူပေး၊ ကိုယ်ရှိ ကိုယ်ပေး၊ တစ်ယောက်မှမရှိလည်း မစားမသောက်ဘဲ နေကြသည်။ စားသောက်ဆိုင်လည်း သိပ်ထိုင်ဖြစ်ကြသည်တော့ မဟုတ်ချေ။

ကိုဖိုးချိုဆိုင်မှာ ထိုင်ကြသည်။ ကိုကြီးထွန်းက . . .

"ဗျို့ ကိုဖိုးချို၊ မုန့်ဟင်းခါး ပါဆယ်တစ်ပွဲ"

ခဏအကြာမှာ စာပွဲထိုးကလေးက မုန့်ဟင်းခါးပန်းကန် လာချပေးသည်။ ပန်းကန်ခပ်ကြီးကြီးထဲမှာ အပြည့်နီးပါး ထည့်ပေးသည်။ နှစ်ပန်းကန်ခွဲလိုက်လျှင် တစ်ကျပ်တန် နှစ်ပန်းကန်စာလောက် ရှိသည်။ ပြီးတော့ အလိုက်သိစွာပင် ဇွန်းနှစ်ချောင်း ထည့်လာပေးသည်။

"တွေ့တယ်မဟုတ်လား ဟေ့ကောင်၊ ဒီလို သဘောကောင်းလို့လည်း ကိုဖိုးချိုဆိုင်မှာ လူများတာကွ"

ဆာဆာနှင့် စားလိုက်ကြရာ ခဏချင်းမှာပင် ပန်းကန် ပြောင်သွားသည်။ ပြီးတော့ တောင်ငူဆောင်ရှေ့ စားသောက်ဆိုင်ဆီသို့ ပြန်လျှောက်ခဲ့ကြသည်။

အရှည်ကြီးမှာထိုင်ပြီး

"လက်ဖက်ရည် တိုင်ကီ တစ်ခွက်"

ဟု မှာလိုက်သည်။ ဖန်ခွက်ကြီးဖြင့် ထည့်ပြီး လာချပေးသည်။ တစ်ငုံစီ ငုံကြသည်။ ကိုကြီးထွန်း ဆေးပေါ့လိပ်မီးညှိသည်။ သုံးလေးဖွာ ဆက်ဖွာပြီး . . .

"ဒါနဲ့ မင်းနဲ့ ဟိုကောင်မလေး အခြေအနေ ဘယ်လိုလဲ"

ဟု မေးသည်။ အောင်စိုးက . . .

"ဘယ်ကောင်မလေးလဲ"

ဟု အူကြောင်ကြောင် လုပ်နေသေးသည်။

"ငါသိပါတယ်ကွာ၊ မင်းတို့နှစ်ယောက် ဘတ်စကားမှတ်တိုင်မှာ အတူရပ်ပြီး ကားစောင့်နေကြတာ ခဏခဏ တွေ့နေတာပဲဟာ"

"အေးဗျာ၊ ကျွန်တော့်အဖြစ်က မလွယ်ပါဘူး"

ဆိုပြီး သူဖြစ်နေသမျှကို ပြောပြလိုက်သည်။

ကိုကြီးထွန်းက

"ဒါဆို မင်း သူ့ကို စိတ်ဝင်စားနေတာ သူသိသွားပြီပေါ့"

"ကျွန်တော် ပြောလိုက်မိတဲ့အတိုင်းဆိုရင် သိလောက်ပြီ ထင်တာပဲ"

"အဲဒီတော့ မင်း ဘာဆက်လုပ်မလဲ"

"မသိဘူးဗျာ၊ ဒါကြောင့် ကျွန်တော် သူ့ကို ရှောင်နေတာပဲ"

"ရှောင်နေလို့ ဘယ်ရမလဲကွ၊ မင်း သူ့ကို သက်သက်သွားပြီး စိတ်အနှောက်အယှက် ပေးသလို ဖြစ်နေမယ်"

"ကျွန်တော် သူနဲ့ မတွေ့ရဲဘူးဗျာ"

"မတွေ့ရဲလဲ တွေ့ရမှာပဲ၊ မင်းက သွားစခဲ့မိပြီပဲဟာ"

အောင်စိုးက လက်ဖက်ရည်တစ်ငုံ ထပ်ငုံပြီး

"သူက ကျွန်တော့်ကို ရိုးရိုးသားသားခင်တာကို အလွဲသုံးစားလုပ်တယ်ဆိုပြီး ကျွန်တော့်ကို စိတ်ဆိုးသွားမှာ သေချာတယ်"

“ဟ ကောင်လေးရ၊ ခင်မင်မှုဆိုတာ ပြည်သူပိုင်ပစ္စည်းလို အလွဲသုံးစားလုပ်ရင် ခြောက်တစ်နဲ့ ဖမ်းလို့မရပါဘူးကွာ၊ တရားစွဲချင်ရင် ပုဒ်မ ငါးရာနှစ်ဆယ့်ရှစ်နဲ့ပဲ စွဲလို့ရတယ်၊ ဒါကို ပုဒ်မ ထောင့်ငါးရာဖြစ်အောင် မင်းကြိုးစားပေါ့။ တကယ်တော့ကွာ ဒါဟာ အလွဲသုံးစားလုပ်တယ်လို့ မဆိုနိုင်ပါဘူး။ ဘယ်သူမဆို ခင်မင်မှုကမှ တစ်ဆင့်တက်ကြရတာ ချည်ပါပဲ၊ မခင်မင် မသိကျွမ်းပဲနဲ့ ချစ်သူဘဝကို တန်းရောက်နိုင်တာမှ မဟုတ်ဘဲ”

“မဖြစ်သေးပါဘူးဗျာ၊ ကျွန်တော့် အခြေအနေလည်း ခင်ဗျား သိသားပဲ၊ ကျွန်တော်က ဆင်းရဲတယ်ဗျ”

“ဟေ ဆင်းရဲရင် ရည်းစားမထားရဘူးလို့ ဥပဒေ ပြဋ္ဌာန်းလိုက်ပြီလား၊ ကြော်ငြာ သွားတာလားဟင်”

“ခင်ဗျားကလဲဗျာ”

“တကယ်ပြောတာ ဟေ့ကောင်၊ မင်း စဉ်းစားကြည့်လေ၊ အစစ အဆင်ပြေနေတဲ့လူမှ ရည်းစားထားရမယ်ဆိုရင် ခက်ကုန်တော့မှာပေါ့ကွာ၊ ဆင်းရဲသားတွေ အားလုံး လူပျိုကြီး အပျိုကြီးတွေ ဖြစ်ကုန်မှာပေါ့”

အောင်စိုးက ‘ခက်တယ်ဗျာ’ ဆိုပြီး ခေါင်းကုတ်နေသည်။

ကိုကြီးထွန်းက

“မခက်ပါဘူးကွာ၊ မင်း ဆက်သာလုပ်စမ်းပါ၊ လူငယ်တွေပဲဟာ၊ ဒီလို အရွယ်မှာ နှလုံးသားရေးရာနဲ့ မကင်းနိုင်ပါဘူး”

“ခင်ဗျားက ကျွန်တော့်ကျတော့ ပြောတယ်၊ ခင်ဗျားကော ဘာလို့ ရည်းစားမထားသလဲ”

“ထားချင်တာပေါ့ကွာ၊ ငါ့မှာက ရည်းစားထားဖို့ အချိန်ကိုမရလို့ မင်း စဉ်းစားကြည့်လေ၊ ညကျတော့ အလုပ်ဆင်း၊ မနက်ကျောင်းတက်၊ ညနေပိုင်း ရတဲ့အချိန်ကလေး အိပ်ရတာ။ ရည်းစားထားရင် အချိန်ပေးရမှာကွ၊ အိပ်ချိန်ထဲက ဖဲ့မပေးနိုင်ဘူး။ ငါ့အတွက် အိပ်ချိန်က ပိုအရေးကြီးနေတာကိုး”

*

“ဩော်”

“ဩော်”

နှစ်ယောက်စလုံး ပြိုင်တူလို ရေရွတ်မိကြသည်။ အံ့ဩပြီး ခပ်ကြောင်ကြောင်လည်း ဖြစ်နေကြသည်။

သူတို့နှစ်ယောက်သည် ဘတ်စကားတစ်စင်းနှင့် အတူတူ ပါလာကြခြင်းဖြစ်သည်။ အောင်စိုးက ကားနောက်ဘက်ခြမ်းက လိုက်လာသည်။ အေးအေးဝင်းက ရှေ့ပိုင်းက ပါလာ၏။ ကားပေါ်မှာ လူကလည်း ကျပ်သဖြင့် တစ်ယောက်နှင့်တစ်ယောက် မတွေ့မိကြ။ ခု ကားပေါ်က ဆင်းမှ ဆုံမိကြခြင်းဖြစ်သည်။

ရုတ်တရက် တွေ့လိုက်ကြသဖြင့် ကြားထဲက ကိစ္စတွေကို ခဏမေ့ပြီး ဟိုအရင်ကလို နှုတ်ဆက်ဖြစ်သွားကြလေသည်။ ဘာပဲဖြစ်ဖြစ် အောင်စိုးအတွက်တော့ ကောင်းသွားသည်။ အေးအေးဝင်းနှင့် မျက်နှာချင်းဆိုင်ဖို့ အထူးတလည် သတ္တိမွေးနေစရာ မရှိတော့။

ကျောင်းဝင်းထဲကို ဝင်လာကြရင်း . . .

“ခုတလော ကျောင်းမတက်ဖြစ်ဘူး ထင်တယ်”

အေးအေးဝင်းကမေးသည်။

“တက်ပါတယ် ဘာဖြစ်လို့လဲ”

အောင်စိုးက ပြန်မေးရာ . . .

“ဘာမှမဖြစ်ပါဘူး၊ မတွေ့မိလို့”

အောင်စိုး ဝမ်းသာသွား၏။ အေးအေးဝင်းသည် စိတ်ဆိုးနေပုံ မရချေ။ ဒီရက်ပိုင်းအတွင်း မဆုံမိသည့် အကြောင်းကိုပင် အမှတ်တရ ပြောနေသေးသည်။ အောင်စိုးသည် အားတက်လာပြီး . . .

“ဟိုတစ်နေ့ကတောင် မအေးဝင်းတို့ အတန်းဘက် ရောက်သေးတယ်၊ မအေးဝင်း အတန်းရှိနေတာတွေ့လို့ နှုတ်မဆက်ဖြစ်တာပါ”

“ဩော် ဟုတ်လား”

အမရဆောင်၏ ဆင်ဝင်အောက်သို့ ရောက်လာသည်။

"မအေးဝင်း အတန်းရှိလား"

ဟု အောင်စိုးက မေးသည်။

"ကိုးနာရီမှာတော့ ရှိတယ်"

ခုမှ ရှစ်နာရီတောင် မထိုးသေး။ အေးအေးဝင်းသည် အောင်စိုးကို အခွင့်အရေး ပေးလိုသဖြင့် ဤသို့ပြောခြင်း မဟုတ်ကြောင်း သေချာသည်။ ရိုးရိုးသားသား အမှန်အတိုင်း ပြောခင်းသာဖြစ်သည်။ အောင်စိုးက ထိုအခွင့်အရေးကို ယူမိသည်။

"မအေးဝင်း ဦးချစ်ဆိုင် ရောက်ဖူးလား"

"ဟင့်အင်း၊ မရောက်ဖူးဘူး"

"အမရနဲ့ နီးနီးလေးပဲဟာ"

"နီးပေမယ့် မရောက်ဖြစ်ဘူး၊ တောင်ငူကင်တင်းသာ ရောက်တတ်တာ"

"ဒါဆို ရောက်ဖူးတယ်ရှိအောင် ဦးချစ်ဆိုင်မှာ လက်ဖက်ရည် သွားသောက်ရအောင်၊ ကလပ်စ်တက်ဖို့လည်း အချိန်လိုသေးတာပဲ"

အေးအေးဝင်းက ခဏစဉ်းစားပြီး . . .

"သွားလေ" ဟု ပြောသည်။

အမရဆောင်ထဲ မဝင်တော့ဘဲ ဘေးမှကွေ့ပြီး လျှောက်သည်။ ရာမညဆောင်ရှေ့က ဖြတ်သည်။ ငှက်ပျောတောဘေးက လမ်းကြားလေးအတိုင်း ဝင်လာခဲ့ကြသည်။

ဦးချစ်ဆိုင်တွင် လူသိပ်မများလှသေး။ နံရံနှင့်ကပ်နေသော စားပွဲမှာ နေရာယူလိုက်ကြသည်။

"လက်ဖက်ရည်ပဲ မဟုတ်လား"

ဟု အောင်စိုးကမေးသည်။ အေးအေးဝင်းက . . .

"ရပါတယ်" ဟု ပြောသည်။

တကယ်တော့ သူသည် လက်ဖက်ရည်၊ ကော်ဖီ သောက်လေ့မရှိသဖြင့် ဘယ်ဟာကို ပိုကြိုက်သလဲ မပြောတတ်ချေ။ အောင်စိုးက လက်ဖက်ရည်နှစ်ခွက် မှာလိုက်သည်။

"မအေးဝင်း၊ မုန့်စားပါလား"

ခေါင်းခါပြပြီး . . .

"အိမ်ကလဲ စားလာသေးတယ်"

အောင်စိုးသည် ဘာဆက်ပြောရမလဲ စဉ်းစားနေသည်။ အေးအေးဝင်း အနေဖြင့် ဟိုတစ်နေ့က ကိစ္စကို မသိသလို နေနေသည်။ ဒါဆိုလျှင် အောင်စိုးအနေနှင့်ကော ဒီလိုပဲ မသိလိုက်မသိဘာသာ ဆက်နေလိုက်ရမလား။ မဖြစ်သေး။ ထိုကိစ္စမှာ မတော်တဆ ဖြစ်ခဲ့သော အဖြစ်တစ်ခုမဟုတ်။ အစမဖော်ဘဲ မေ့ချင်ယောင်ဆောင်ထားလို့မဖြစ်။

"မအေးဝင်း"

ဟု သူခေါ်လိုက်သည်။ အေးအေးဝင်း သူ့ကို တစ်ချက်ကြည့်သည်။

"ကျွန်တော် မအေးဝင်းကို တောင်းပန်စရာ တစ်ခုရှိသေးတယ်"

"ရှင်" ဟူ၍သာ ဆိုသည်။

"ဟိုတစ်နေ့က ကျွန်တော် ပြောခဲ့တဲ့ ကိစ္စအတွက် တောင်းပန်ချင်လို့ပါ"

အေးအေးဝင်းသည် ထိုကိစ္စမျိုးမှာ အတွေ့အကြုံမရှိသေး။ ထို့ကြောင့် 'ရှင် . . . ဘာကိစ္စပါလိမ့်' ဟု မသိချင်ယောင် ဆောင်မနေတော့ဘဲ။

"ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး"

ဟူ၍သာ ရိုးရိုးစင်းစင်း ပြောသည်။

ကောင်းပြီ။ ဘာဆက်ပြောမလဲ။ ကျွန်တော့်စကားကို ပြန်ရုပ်သိမ်းပါတယ် ဟု ပြောမလား။ အဓိပ္ပာယ်မရှိ။ ခုချိန်ကျမှ ဇာတ်လမ်းကို ရှေ့ဆက်ဖို့သာ ရှိတော့သည်။

"မအေးဝင်း" ဟု သူထပ်ခေါ်သည်။

အေးအေးဝင်းက ထူးရမည် စိုးသောကြောင့်လား မသိ။ လက်ဖက်ရည်တစ်ငုံ သောက်လိုက်သည်။ အောင်စိုးကပင် ဆက်၍ . . .

"တကယ်တော့ ကျွန်တော် ဒီလောက်မြန်မြန် ဖွင့်ပြောဖို့ စိတ်မကူးခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော် ဘယ်လိုဖြစ်ပြီး ပြောဖြစ်လိုက်မိမှန်း မသိပါဘူးဗျာ"

အေးအေးဝင်းက ဘာမျှပြန်မပြော။ နံရံမှာ ချိတ်ထားသော ရုပ်ရှင်ကြော်ငြာ၊ သီချင်းကြော်ငြာ၊ ကဗျာစာအုပ်ကြော်ငြာများကိုသာ ငေးကြည့်နေသည်။

"မအေးဝင်း၊ ကျွန်တော့်ကို စိတ်ဆိုးနေလားဟင်"

"ကျွန်မ မပြောတတ်ဘူး" ဟု ခပ်တိုးတိုးပြောသည်။

"မအေးဝင်းရဲ့ သဘောထားကို ကျွန်တော် မသိရဘူးလား'

အောင်စိုးသည် နက်ဖြန်မှစ၍ သူတို့နှစ်ယောက် မတွေ့ကြတော့ဘူးဟု ထင်နေသလား မသိ။ မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဆက်တိုက် မေးနေသည်။ တကယ်တော့လည်း ခုလိုမေးမှဖြစ်မည်။ ကြားမှာ အချိန်နည်းနည်း ဟသွားလျှင် စိုးရွံ့စိတ်တွေ ဖြစ်လာပြီး ပြောဖြစ်တော့မည် မဟုတ်။

အေးအေးဝင်း သက်ပြင်းချလိုက်သည် ထင်၏။ အောင်စိုးပေးထားသော ပန်းကန်ထဲမှ ရေခဲ့မုန့်ကြမ်းမျက်နှာပြင်သည် လှိုင်းထသလို ဖြစ်သွား၏။ သူ့အသံများသည်လည်း တုန်ရင်လျက် . . .

"ခုအချိန်မှာ ကျွန်မ စာသင်ဖို့ကလွဲပြီး တခြား ဘာမှမသိဘူး"

"အဲဒီအကြောင်း တစ်ခုတည်းပဲလားဟင်၊ တခြားအကြောင်းတစ်ခု ရှိသေးလား"

အေးအေးဝင်း စကားတုံ့မပြန်။ အောင်စိုးက မချင့်မရဲဟန်ဖြင့် . . .

"ကျွန်တော်က ဆင်းရဲလို့လားဟင်"

အေးအေးဝင်းက ဆတ်ကနဲ မော့ကြည့်သည်။

"ကျွန်မကကော ဘယ်လောက် ချမ်းသာနေလို့လဲ"

ဟု ချက်ချင်းပြန်ပြောသည်။

ဘာကြောင့် ထိုကဲ့သို့ ပြောသနည်း။ အောင်စိုးနှင့်သူ အဆင့်အတန်းချင်း မတူဘူးဟု အထင်ခံရမှာကို ဘာကြောင့် စိုးရိမ်ရသနည်း။ ဘာကြောင့် ဆတ်ဆတ်ခါသွားသနည်း။

အေးအေးဝင်းသည် သူ့ကိုယ်သူ ဘာဖြစ်သွားသည်ဟု မသိတော့ဘဲ သူ့မိသားစု အခြေအနေများကို အောင်စိုးအား လုံးစေ့ပတ်စေ့ ပြောပြနေမိ လေတော့သည်။

တကယ်တော့ ထိုစကားများသည် အောင်စိုး၏ အချစ်ကို လက်ခံကြောင်း ဝန်ခံပြောကြားနေသော စကားများဖြစ်ကြောင်း စေ့စေ့တွေးကြည့်လျှင် သိသာနိုင်ပါသည်။

*

ထိုနေ့မှစ၍ သူတို့နှစ်ယောက်သည် မကြေညာသော ချစ်သူများ အဖြစ်သို့ ရောက်ခဲ့ကြသည်။

သူတို့သည် ဟိုယခင် အခါဆီကလိုပင် ကားမှတ်တိုင်မှာ ဆုံကြသည်။ ဘတ်စ်ကား အတူတူစီးပြီး ကျောင်းလာကြသည်။ ကျောင်းဆင်းလျှင် အတူတူ ပြန်ကြသည်။

အရင်ကနှင့် တစ်ခုပဲကွာသည်။ အရင်က မတော်တဆ ဆုံတွေ့သဖြင့် အတူသွားကြပုံမျိုးကို ဆောင်သည်။ ခုကျတော့ တစ်ယောက်ကို တစ်ယောက် တမင်တကာ စောင့်ပြီးမှ အတူသွား အတူလာကြခြင်းပင် ဖြစ်လေသည်။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

ဆိုင်ကယ်ပြိုင်ပွဲမှာ ချစ်ထွတ်တင် အနိုင်ရရှိတယ် ဆိုတဲ့ သတင်းကို လှိုင်ထိပ်ထားဦး ကြားပြီးလောက်ပါပြီ။ သူတို့ အသိုက်အဝန်းမှာ ဒီလို သတင်းမျိုး ဆိုတာက သိပ်ပြောလို့ကောင်းတဲ့ သတင်းမဟုတ်လား။ ချယ်လင်ဂျာ လွန်းပျံယာဉ် ပေါက်ကွဲတဲ့သတင်း ပြီးတဲ့နောက်မှာ ဒီအကြောင်းဟာ ဟိုးလေးတကြော် အဖြစ်ဆုံးပေါ့။

ဒီကိစ္စကိုကြားရင် လှိုင်ထိပ်ထားဦး တစ်ယောက်တော့ ဘယ်လိုနေမလဲမသိ။ ဝမ်းသာ ဂုဏ်ယူမိမှာပဲလို့ ထင်တယ်။ ဟုတ်တယ်လေ။ လှိုင်ထိပ်ထားဦးဟာ ချစ်ထွတ်တင်ကို တော်တော်အရေးပေးနေတယ် မဟုတ်လား။

ဘာ့ကြောင့်မှန်းမသိ။ လှိုင်ထိပ်ထားဦးရဲ့ ပါးစပ်က ထုတ်ဖော်ချီးကျူးတဲ့ အသံကို ကြားချင်နေတယ်။ ချီးကျူးခံရတာဟာ ချစ်ထွတ်တင်အဖို့ မဆန်းတော့ ပါဘူး။ သို့ပေမယ့် လှိုင်ထိပ်ထားဦးရဲ့ ချီးကျူးစကားကိုမှ ခံယူချင်မိတာကတော့ အဆန်းသား။

လှိုင်ထိပ်ထားဦးတို့ စာသင်ခန်းနား သွားကြည့်တယ်။ အတန်းက စောလွှတ် လိုက်တယ် ထင်တယ်။ အခန်းထဲမှာ တခြားကျောင်းသူ လေးငါးယောက်ပဲ ရှိ တယ်။

အယ်လ်စီအာလို့ခေါ်တဲ့ ကျောင်းသူများ နားနေခန်းဘေးက ဖြတ်လျှောက် ရင်း ကြည့်တယ်။ မရှိ။ အင်း အယ်လ်စီအာဆိုတာကလည်း ခုခေတ်မှာ သိပ်

အသုံးပြုကြတော့တာ မဟုတ်ပါဘူးလေ။ စာကြမ်းပိုး မိန်းကလေးတွေ၊ တစ်စုံတစ်ယောက် လိုက်မနှောင့်ယှက်အောင် ဝင်ခိုချင်တဲ့ လူတွေလောက်သာ ထိုင်တာပါ။ အခန်းက နည်းနည်းမှောင်တယ်လေ။

ကင်တင်းမှာ ရှိနိုင်တယ်လို့ တွေးမိတယ်။ ဒါကြောင့် စားသောက်ဆိုင်တန်းဘက် ထွက်လာတယ်။ သိပ္ပံဆောင်က အထွက်မှာ စားသောက်ဆိုင်တွေဘက်သွားတဲ့ စကြ်န်အတိုင်း မလျှောက်တော့ဘဲ ဒီဘက်က ဖြတ်ထွက်တယ်။ အပြင်တန်းဘက်မှာ ရှိမယ်ထင်လို့။

ဟုတ်တယ်။ ရှိတယ်။ သို့ပေမယ့် . . .

ရှန်ဟဲစားသောက်ဆိုင်ရဲ့ အပြင်စားပွဲမှာ ထိုင်နေတယ်။ တစ်ယောက်တည်းမဟုတ်။ မျက်နှာချင်းဆိုင်မှာ အကောင်တစ်ယောက်ရှိနေတယ်။ ရယ်ကာမောကာနဲ့ စကားပြောနေလိုက်ကြတာ။

လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ကို လှမ်းမြင်တယ်။ ပြုံးပြတယ်။ ဒါသက်သက် လှောင်လိုက်တာ။

ချစ်ထွတ်တင်က မမြင်ချင်ယောင် ဆောင်နေလိုက်တယ်။ ခုချိန်ကျမှ ပြန်လှည့်ထွက်သွားရင် ကြောင်ရာကျမယ်။ ဒါကြောင့် သူတို့နဲ့မလှမ်းမကမ်း စားပွဲမှာကျော်ပေးပြီး ထိုင်လိုက်တယ်။

ချစ်ထွတ်တင်ကို မြင်တာနဲ့ စားပွဲထိုးကလေးက ပြေးလာပြီး . . .

"ထုံးစံအတိုင်းပဲလား အစ်ကို" လို့ မေးတယ်။

ချစ်ထွတ်တင်က . . .

"ထုံးစံအတိုင်းတွေ ဘာတွေ လုပ်မနေနဲ့။ မင်းတို့ စားပွဲကလည်း ညစ်ပတ်စုတ်ပြတ်နေတာပဲ"

လို့ မဆီမဆိုင် ဟောက်လိုက်တယ်။

ကောင်လေးက . . .

"ဟာ ကျွန်တော် သတိလစ်သွားလို့ပါ"

ဆိုပြီး သူ့ခါးကြားထဲ ညှပ်လာတဲ့ အဝတ်စနဲ့ စားပွဲကို ပျာပျာသလဲ သုတ်ပေးတယ်။ ဒီတော့မှ ချစ်ထွတ်တင်လည်း ကောင်လေးကို သနားသွားပြီး ပြုံးပြလိုက်တယ်။

"အလကား နောက်တာပါကွ။ မင်းကလည်း၊ ဒီနေ့ နို့သစ်ခွ မသောက်တော့ဘူးကွာ။ ခပ်စိမ်းစိမ်းကလေး သောက်ချင်တယ်"

"ကရင်ဆိုဒါ သောက်မလား အစ်ကို"

"နိုး . . . နိုး . . . ၊ သစ်ခွပြင်းပြင်းလေး လုပ်ကွာ"

"ဟုတ်ကဲ့"

ကောင်လေးက . . .

"သစ်ခွဝမ်း၊ ပြင်းပြင်းကလေး"

လို့ အော်ရင်း ထွက်အသွားမှာ ချစ်ထွတ်တင်က လှမ်းခေါ်ပြီး . . .

"သံပရာသီး တစ်ခြမ်းလောက် ညှစ်ထည့်ခဲ့ကွာ၊ ခပ်ချဉ်ချဉ်ကလေး နော်၊ ခပ်ချဉ်ချဉ်ကလေး"

လို့ အသံကျယ်ကျယ် ပြောလိုက်တယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးကြည့်တယ်။ အသက်ရှူ မြန်နေတာ တွေ့ရတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ ခုနတုန်းက ဘာကြောင့် စိတ်တိုသလိုဖြစ်ရတာလဲ။

မဖြစ်နဲ့လေ၊ မဖြစ်နဲ့။ ချစ်ထွတ်တင် မပီသရာ ကျမှာပေါ့။

စားပွဲထိုးကလေး လာချပေးတဲ့ သစ်ခွရည်ကို သောက်လိုက်တယ်။ ရင်ထဲက ရှင်းပြီး ခေါင်းကြည်လင်သွားတယ်။ စီးကရက်တစ်လိပ် မီးညှိပြီး ဖွာလိုက်တယ်။

ပုံမှန်ပြန်ဖြစ်သွားပြီ။ အသက်ရှူနှုန်း မှန်သွားပြီ။ ချစ်ထွတ်တင် အစစ် ပြန်ဖြစ်သွားပြီ။

"ကျွေးရမှာစိုးလို့ မမြင်ချင်ယောင် ဆောင်နေတာလား"

လို့ ပြောလိုက်တဲ့အသံကို နောက်ဘက်က ကြားရတယ်။ လှည့်ကြည့်လိုက်တော့ ပြုံးကြည့်ရင်း ရပ်နေတဲ့ လှိုင်ထိပ်ထားဦးကို တွေ့လိုက်တယ်။

စောစောကကောင် ဘယ်ရောက်သွားပါလိမ့်။ လားလား လက်စသတ်တော့ ဒီကောင်က ရိုစီနဲ့တွဲပြီး ထွက်သွားပြီကိုး။ တကယ်ဖြစ်သွားရပုံက ဒီကောင်က ရိုစီ့ကို လာစောင့်နေတာပဲ။ ရိုစီရောက်မလာသေးလို့ လှိုင်ထိပ်ထားဦးက ကူစောင့်ပေးနေတာ။

ချစ်ထွတ်တင်က ပြုံးပြ နှုတ်ဆက်လိုက်ပြီး . . .

"ဟလို၊ စစ်တောင်း ရေနီ"

လို့ပြောလိုက်တယ်။ 'ထိုင်ပါ' ဆိုတာကို အင်္ဂလိပ်လို စစ်ဒေါင်းလို့ ပြောတယ်မဟုတ်လား။ ဒါကို လူပြက်တွေက နောက်ပြီး 'စစ်တောင်း၊ မုတ္တမ' လို့ နောက်လေ့ ရှိတယ်။ လှိုင်ထိပ်ထားဦးက ကုလားထိုင်ကို ဆွဲထိုင်လိုက်ရင်း . . .

"စစ်တောင်း မုတ္တမလို့သာ ကြားဖူးပါတယ်" လို့ ပြောတယ်။

"ဒီလိုလေ၊ စစ်တောင်းတို့၊ ရေနီတို့မှာ စက္ကူစက်တွေ ရှိတယ်။ အဲဒါ စက္ကူစက်တွေကို မူတည်ပြီး ထွက်လာတဲ့ စက္ကူတွေကို စစ်တောင်းစက္ကူ၊ ရေနီစက္ကူ စသည်ဖြင့် ခေါ်ကြတယ်၊ ဒါကြောင့် . . ."

လှိုင်ထိပ်ထားဦးက ရယ်ပြီး . . .

"သြော် . . . ဒီလိုကိုး။ ယူက ထွင်လဲ ထွင်တတ်တယ်"

"ကိုယ်က အိုင်စီယူထားတာဆိုတော့ နည်းနည်း ထွင်ချင်တာပေါ့လေ။ အခု တောင် ကျွန်တော် ရီဆာ့ချ်တစ်ခု လုပ်ထားသေးတယ်"

"ဘာလဲ၊ ဘာထွင်ဦး မလို့လဲ"

"ဓာတ်ဆီကို အစားထိုးနိုင်မယ့် လောင်စာဆီ တစ်မျိုးပေါ့။ အဲဒါ အောင်မြင်ရင် ကိုယ့်ဆိုင်ကယ်ကို ဓာတ်ဆီနဲ့ မောင်းဖို့ မလိုတော့ဘူး"

"ဘာနဲ့ မောင်းမှာလဲ"

"မျက်ရည်နဲ့"

"အိုး . . . ဖြစ်နိုင်ပါ့မလား၊ မျက်ရည်က သိပ်ရှားပါးတယ်နော်"

လှိုင်ထပ်ထားဦးက ချစ်ထွတ်တင်ကို တစ်ချက် စေ့စေ့ကြည့်ရင်း ပြောလိုက်တယ်။ ချစ်ထွတ်တင်က ပြုံးပြီး . . .

“အရေအတွက်အားဖြင့်တော့ ရှားပါးတာပေါ့လေ။ ဒါပေမယ့် တွက်ခြေကိုက်မှာပါ။ မျက်ရည်တစ်စက်က ဓာတ်ဆီ တစ်ဂါလံထက် ပိုပြီး ကြီးမားတဲ့ စွမ်းအင်ကို ရမှာပဲ”

“မဆိုးပါဘူး၊ ယူ နိုဘယ်လ်ဆု ရနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ်”

“ကဲ . . . တော်တော့၊ နောက်နေတာနဲ့ လိုရင်း စကားတောင် မပြောရသေးဘူး။ ယူ့ကို ကွန်ဂရက်ကျူလေးရှင်း လုပ်ချင်လို့”

“ဘာအတွက်လဲ”

“ဆိုင်ကယ်ပြိုင်ပွဲမှာ နိုင်တဲ့အတွက်လေ”

“သြော် . . . ကျေးဇူးပဲ”

“ပြိုင်ပွဲမှာ ယူ့ကို ဝိုင်းညစ်ကြတယ်ဆို”

“အင်း၊ ဟုတ်တယ်”

“ယူ ရှုံးအောင် တမင်လုပ်တာ ထင်တယ်။ ဒါမှ ယူ သိက္ခာကျသွားမယ် မဟုတ်လား”

“ကိုယ်သိက္ခာကျအောင် ဟုတ်လား၊ ဘာကြောင့် သူတို့က ကိုယ့်ကို သိက္ခာကျစေချင်ရတာလဲ”

ချစ်ထွတ်တင်က သွေးတိုးစမ်းတဲ့စကား မေးလိုက်တယ်။ တကယ်တော့ ဟိုကောင်တွေက ဘာကြောင့် သိက္ခာကျသွားစေချင်တယ်ဆိုတာ ရှင်းနေပြီးသား။ ချစ်ထွတ်တင် ဆိုင်ကယ်ပြိုင်ပွဲမှာ ရှုံးသွားရင် လှိုင်ထိပ်ထားဦးကို ချဉ်းကပ်တဲ့နေရာမှာ တအားလျော့သွားမယ်။ လှိုင်ထိပ်ထားဦးက အရှုံးသမားကို အလိုမရှိတတ်ဘူး မဟုတ်လား။ ဒါကို သိသိကြီးနဲ့ ချစ်ထွတ်တင်က မေးလိုက်တာ။

“ဒါတော့ ဘယ်သိမလဲလေ”

လှိုင်ထိပ်ထားဦးက ခပ်အေးအေးပြန်ပြောရင်း စကားရှောင်ထွက်သွားတယ်။ ချစ်ထွတ်တင်က . . .

“အိုင်ဆေး၊ ဆိုင်ကယ်ပြိုင်ပွဲမှာ နိုင်တဲ့အတွက် ကိုယ့်ကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခုခု ကျွေးပါလား၊ ကျသင့်ငွေကိုတော့ ကိုယ့်ဘာသာ ရှင်းပါ့မယ်”

“ဟင် ဘယ်လိုလဲ၊ ဂုဏ်ပြုခံရတဲ့သူက ကိုယ်စားတာ ကိုယ်ရှင်းမယ်တဲ့လား”

“ဂုဏ်ပြုခံချင်လွန်းတော့လည်း မတတ်နိုင်ဘူးလေ၊ ဒီလိုပဲ လုပ်ရတော့မှာပေါ့”

“ကဲပါလေ၊ တို့ကပဲ ကျွေးပါ့မယ်။ ဘာစားချင်သလဲ ပြော”

“ဒီမှာတော့ မစားချင်ဘူး။ အပြင် တစ်နေရာရာမှာ သွားစားချင်တယ်။”

လှိုင်ထိပ်ထားဦး စဉ်းစားတယ်။ ဘယ်နေရာကို ခေါ်မလဲ။ အင်းလျားလိတ်ဖြစ်ချင်ဖြစ်မယ်။ တခြားဟိုတယ် တစ်ခုခု ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ယဉ်ဆွေတို့လို၊ မေဂါးဒင်းတို့လို၊ ရန်ကင်းစားတော်ဆက်တို့လို စားသောက်ဆိုင် တစ်ခုခုဖြစ်ချင်ဖြစ်မယ်။ ခေါ်ရင် လိုက်သွားသင့်သလား။

“ယူက ဘယ်မှာ စားချင်လို့လဲ”

“လှည်းကူးမှာ မုန့်ဟင်းခါး သွားစားချင်တယ်”

“အို . . . ယူကလည်း”

“တကယ်ပြောတာပါ”

“အဝေးကြီးပဲ”

“မဝေးပါဘူး၊ ဒီကနေ နာရီဝက်တောင် မမောင်းရဘူး”

လှိုင်ထိပ်ထားဦး စဉ်းစားပြန်တယ်။ ခဏပဲ။ ဟုတ်တယ်လေ။ သိပ်ကြာကြာစဉ်းစားရင် အထင်သေးစရာ ဖြစ်သွားမှာပေါ့။ ဖြစ်နိုင်တာ တစ်ခုပဲရှိတယ်။ လှည်းကူးကို သွားရင်း လမ်းတစ်နေရာရာမှာ ရပ်ပြီး စကားပြောချင် ပြောမယ်။

လှိုင်ထိပ်ထားဦးက . . .

“တို့ ဆိုင်ကယ် မစီးချင်ဘူး”

“ကိုယ် ဒီနေ့ ကားယူလာပါတယ်”

လှိုင်ထိပ်ထားဦး နာရီကြည့်ပြီး . . .

“ကောင်းပြီလေ၊ တို့က စားချင်တာ ကျွေးမယ်လို့ ကတိပေးလိုက်မိတာကိုး။ ယူ ကားသွားယူခဲ့လေ၊ တို့ ပုဂံလမ်းထိပ်က စောင့်နေမယ်။ ကားထားတဲ့နေရာတော့ မလိုက်ချင်ဘူး၊ သူများတွေမြင်ရင် တစ်မျိုးထင်နေလိမ့်မယ်”

လို့ ပြောလိုက်တယ်။ စိတ်ထဲကတော့ ပြုံးမိပါရဲ့။

*

"ယူက အဲဒီ မုန့်ဟင်းခါးဆိုင်မှာ စားနေကျပဲလား"

လို့ လှိုင်ထိပ်ထားဦးက မေးတယ်။ ချစ်ထွတ်တင်က ရှေ့ကားတစ်စင်းကို ကျော်တက်နေရလို့ ချက်ချင်း မကားမပြန်နိုင်သေးဘူး။ ကျော်တက်ပြီးလို့ လမ်းကြောအမှန် ပြန်ရောက်မှ . . .

"ပဲခူးက အမျိုးတွေဆီ သွားလည်ရင်းက ဝင်စားဖူးတာပါ၊ သိပ်ကောင်းတယ်၊ စားကြည့်တော့ သိမှာပေါ့"

"ယူက တစ်မျိုးပဲနော်၊ သူများတွေနဲ့ မတူဘူး"

လှိုင်ထိပ်ထားဦးက တစ်ချက်ပင့်ပေးလိုက်တယ်။ ချစ်ထွတ်တင်ကလည်း သိလိုက်ပါရဲ့လေ။ ဒီလို အပြောခံရတာကို မြှောက်သွားရင် ဘယ်ဖြစ်မလဲ။ ဒါကြောင့် . . .

"သိပ်မထူးခြားပါဘူး၊ အသက်ရှူချင်း ကွဲပေမယ့် လူအားလုံး အောက်စီဂျင်ကိုပဲ ရှူကြတာပါ"

"အောက်စီဂျင် ရှူတဲ့လူချင်းတူတူ ယူက ပိုပြီး ကားမောင်းကြမ်းတယ်"

"ဆောရီး၊ ကိုယ်က အကျင့်ပါနေလို့ပါ၊ လှိုင်ထိပ်ထားဦး မစီးရဲဘူး ဆိုရင် ဖြည်းဖြည်းပဲ မောင်းပါ့မယ်"

"မစီးရဲလို့ မဟုတ်ပါဘူး။ လေသိပ်တိုးလို့"

"မှန်ပိတ်လိုက်လေ၊ အိုက်မှာစိုးရင် အဲယားကွန်း ဖွင့်ပေးမယ်"

"မကောင်းပါဘူး။ ကားထဲမှာ အေးနေပြီး အပြင်ထွက်လိုက်ရင် ပိုပူလာမှာ"

ချစ်ထွတ်တင်က ကားအရှိန်ကို နည်းနည်းလျှော့လိုက်တယ်။ ပြီးတော့ . . .

"ကိုယ် လှည်းကူးကို သွားချင်တဲ့ ရည်ရွယ်ချက်က မုန့်ဟင်းခါးစားဖို့ တစ်ခုတည်းမဟုတ်ဘူး"

လို့ ပြောတယ်။ ကြိုတင်ခန့်မှန်းခဲ့မိပေမယ့် တကယ်ကြားရတော့လည်း ထိတ်ကနဲ ဖြစ်သွားသလိုပဲ။ နည်းနည်းပါ။

"တခြား ဘာရှိလို့လဲ"

လို့ လေသံမှန်မှန်နဲ့ မေးလိုက်တယ်။

"ဆိုင်ကယ်ပြိုင်ပွဲတုန်းက ဟိုကောင်တွေ ညစ်ဖို့ ကြိုးစားတဲ့ နေရာတွေ ပြချင်လို့"

လှိုင်ထိပ်ထားဦး ပြုံးမိသွားတယ်။ ချစ်ထွတ်တင်က ကားမောင်းနေရင်း 'အဲ့ဒီကွေ့ပေါ့၊ ကိုယ့်ရှေ့က ပိတ်ထားတဲ့ ကောင်တွေကို ဖြတ်တက်ခဲ့ရတာ။ ဒီနားလေးမှာကျတော့ နည်းနည်းသတိထား မောင်းရတယ်။ လမ်းမညီလို့' စသည်ဖြင့် ပြောပြလာတယ်။

လှည်းကူးက ကားရပ်စခန်းရှေ့မှာ ကားကို ရပ်တယ်။ ကားက အသစ်၊ အကောင်းစား။ ကားပေါ်က ဆင်းလာတဲ့ လူနှစ်ယောက်က သားသားနားနား။ နှစ်ယောက်စလုံး ချောမောလှပသူတွေ။

ဒါကြောင့် ထမင်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ ထိုင်နေတဲ့ လူတွေ၊ တခြား ကားသမားတွေ၊ ခရီးသည်တွေက ဂရုတစိုက်နဲ့ ကြည့်ကြရတယ်။

ထမင်းဆိုင်တွေက လှမ်းခေါ်ပေမယ့် မဝင်ဘဲ တဲကလေးထိုးပြီး ခင်းကျင်းထားတဲ့ မုန့်ဟင်းခါးဆိုင်ထဲ ဝင်ခဲ့ကြတယ်။ ဆိုင်ရှင် အဒေါ်ကြီးကလည်း ပျာပျာသလဲ ဆီးကြိုတယ်။ ခွေးခြေကလေးတွေမှာ ဝင်ထိုင်ကြပြီး . . .

"မုန့်ဟင်းခါးလား၊ ညှပ်ခေါက်ဆွဲလား"

ချစ်ထွတ်တင်က မေးတော့ . . .

"မုန့်ဟင်းခါးပဲ"

"ဘာကြော် ထည့်မလဲ"

"ကြက်သွန်ကြော်"

"ကြက်သွန်ကြော်တစ်ပွဲ၊ ဘူးသီးကြော်တစ်ပွဲ" လို့ လှမ်းပြောရင်း . . .

"ငါးဖယ်ကြော် မရှိဘူးလား"

“မရှိဘူး ကလေးရဲ့၊ ဘဲဥရှိတယ်။ သြော် . . . ငါးသလောက် ဥကြော် ထည့်မလား”

“ဟင့်အင်း၊ လှိုင်ထိပ်ထားဦးကော” လို့ လှည့်မေးတယ်။

လှိုင်ထိပ်ထားဦးက ခေါင်းခါပြတယ်။

စားပြီးကျတော့ ချစ်ထွတ်တင်က ပိုက်ဆံထုတ်ဖို့ ဘောင်းဘီအိတ်ထဲ လက်အနှိုက်မှာ . . .

“တို့ကျွေးမယ်လို့ ပြောထားတယ်လေ”

လို့ လှိုင်ထိပ်ထားဦးက ပြောပြီးလွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်တယ်။ ငွေရှင်းလိုက်တယ်။

ကားပေါ် ပြန်တက်ကြပြီး မောင်းထွက်လာခဲ့တယ်။

“ဘယ်လိုလဲ မုန့်ဟင်းခါး ကောင်းရဲ့လား”

ချစ်ထွတ်တင်က မေးတယ်။

“ကောင်းတယ်၊ တော်တော်ကောင်းတယ်၊ အရည်ကျဲတယ် ထင်ရပေမယ့် တော်တော် ချိုတာပဲနော်”

“ငါးကောင်းလို့ ထင်ပါတယ်”

“မုန့်ဟင်းခါးကောင်းကောင်း စားလိုက်ရလို့ ယူ့ကို ကျေးဇူးတင်ပါတယ်”

“ကိုယ်က ကျေးဇူးတင်ရမှာပါ။ လှိုင်ထိပ်ထားဦးက ကျွေးတာမဟုတ်လား”

“မုန့်ဟင်းခါးဖိုးက မပြောပလောက်ပါဘူး၊ ယူကမှ ကားနဲ့ လိုက်ပို့ရတာ၊ ခရီးက နီးနီးလေးမဟုတ်ဘူးလေ၊ ဓာတ်ဆီဖိုး တော်တော်ကုန်မှာပေါ့”

“ဟော . . . ပြောထားတာ မေ့သွားပြီလား၊ ဒီကားက ဓာတ်ဆီနဲ့မောင်းတာ မဟုတ်ဘူးလို့”

“သြော် . . . မျက်ရည်နဲ့ မောင်းတာလား”

“မဟုတ်ဘူး၊ မေတ္တာစွမ်းအင်နဲ့”

စတော့ စလာပြီလို့ လှိုင်ထိပ်ထားဦး ထင်လိုက်တယ်။

ချစ်ထွတ်တင်က ကားကို အရှိန်နှုန်း မှန်မှန်နဲ့ မောင်းနေတုန်းပဲ။ တစ်နေရာရာမှာ ရပ်ပြီး စကားပြောမယ့်ဟန်တော့ မရှိ။

"လှိုင်ထိပ်ထားဦးဆိုတဲ့ နာမည်က နန်းစံတယ်နော်၊ ဘာကြောင့် အဲဒီလို မှည့်တာလဲ"

"မယ်မယ်တို့ဘက်က အနွယ်တော်ထဲက မို့လို့ပါ"

"ခေါ်ရတာတော့ နည်းနည်းရှည်တယ်။ အတိုကောက် ခေါ်လို့ရရင် ကောင်းမယ်၊ အိမ်မှာ ဘယ်လိုခေါ်သလဲ"

"ထားဦးလို့ခေါ်တယ်"

"ကိုယ်က အဲဒီလိုခေါ်ရင် စိတ်ဆိုးမှာလား"

"မဆိုးပါဘူး၊ ခေါ်နိုင်ပါတယ်။ ယူ့အိမ်ကကော ယူ့ကို ဘယ်လိုခေါ်သလဲ"

"အဘိုးကြီး၊ ဘွားကြီးတွေက သားလို့ခေါ်တာပါပဲ၊ အဲဒီလိုတော့ မခေါ်နဲ့ပေါ့"

လှိုင်ထိပ်ထားဦးက ရယ်ပြီး . . .

"သူငယ်ချင်းတွေကကော ဘယ်လိုခေါ်သလဲ"

"ချစ်ထွတ်တင်လို့ ခေါ်တဲ့လူက ခေါ်တယ်၊ ထွတ်ကြီးလို့လည်း ခေါ်တယ်"

"ထွတ်ကြီးဆိုတာကတော့ ရီစရာကြီးပဲ"

"ချစ်ကြီးလို့ ခေါ်ရင်လဲ ရပါတယ်"

လှိုင်ထိပ်ထားဦးက မျက်လုံးထောင့်ကပ်ပြီး တစ်ချက်ကြည့်တယ်။

ဒီလောက်ပါပဲ။ ချစ်ထွတ်တင်က ဘာမှ ထပ်ပြီး မပြောတော့ဘူး။ အကဲစမ်းကြည့်တာလောက်ပဲနဲ့ တူပါတယ်။

ဒီလိုနဲ့ ကျောင်းထဲ ပြန်ရောက်လာခဲ့တယ်။ အသွားတုန်းက လူတွေမြင်ရင် တစ်မျိုးထင်မယ်ဆိုပြီး ပုဂံလမ်းထိပ်က စောင့်နေပေမယ့် ခု အပြန်ကျတော့ ချစ်ထွတ်တင်က စာကြည့်တိုက်ရှေ့အထိ ကားနဲ့ လိုက်ပို့တာကို လှိုင်ထိပ်ထားဦးက မငြင်းဘူး။

လှိုင်ထိပ်ထားဦးကို ပို့ခဲ့ပြီးတော့ ကားကို တစ်ပတ်ပြန်ကွေ့ မောင်းလာခဲ့တယ်။ အပန်းဖြေခန်းမရှေ့ အရောက်မှာ မြတ်ဘုန်းအောင် ဦးဆောင်တဲ့ သူငယ်ချင်းတစ်စုက ကားကို လှမ်းတာတယ်။

ချပ်ထွတ်တင်က ကျွိကနဲနေအောင် ဘရိတ်ကို ဆောင့်နင်းပြီး ရပ်လိုက်တယ်။ တခြား ကျောင်းသား ကျောင်းသူတွေတောင် အလန့်တကြား ဖြစ်သွားကြသေးတယ်။

ကားရပ်လိုက်တာနဲ့ တပြိုင်နက် သူငယ်ချင်းတွေ တစ်အုပ်လုံး ကားပေါ်တက်ထိုင်ကြပြီး . . .

"ကဲ အရှေ့ရွာကိုမောင်း" လို့ မြတ်ဘုန်းအောင်က ပြောတယ်။

"ဘာဖြစ်လို့ မောင်းရမှာလဲ"

"မင်း အဆင်ပြေလာတယ်မဟုတ်လား၊ ငါတို့ကို ကျွေးမွေးပြုစုရမှာပေါ့"

"ဘာအဆင်ပြေလို့လဲကွ"

"လုပ်မနေစမ်းပါနဲ့ကွာ၊ ငါ့ကို ဝင်းစန္ဒီက ပြောလိုက်ပြီးပါပြီ။ မင်းနဲ့ လှိုင်ထိပ်ထားဦး ကားနဲ့ ထွက်သွားကြတယ် မဟုတ်လား"

'သြော်၊ ဒါလား၊ ငါတို့ လည်းကူးမှာ မုန့်ဟင်းခါး သွားစားတာပါ"

"မဟုတ်တာတွေ မကြောင်နဲ့ကွာ"

လို့ တစ်ယောက်က ဝင်ပြောတယ်။ မြတ်ဘုန်းအောင်ကတော့ ချစ်ထွတ်တင်ဟာ ဒါမျိုး တစ်ခါတလေ စိတ်ကူးပေါက်တတ်တယ်ဆိုတာ သိလို့ ယုံတယ်။

"ထားပါတော့လေ၊ လှည်းကူးထိအောင် မုန့်ဟင်းခါး သွားစားတယ်ဆိုတော့ အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့၊ ကဲ ပြောစမ်းကွာ၊ အပြန်ကျတော့ ဘယ်မှာ စကားပြောကြသလဲ၊ ရာဘာတောမှာလား၊ စစ်သင်္ချိုင်းမှာလား"

"ဘယ်မှာမှ မပြောဘူး။ တောက်လျှောက် ကားမောင်းပြီး ပြန်လာတာပဲ"

"အချင်းချင်းတွေပဲကွာ၊ လာပတ်မနေစမ်းပါနဲ့"

"သြော် . . .၊ တကယ်ပြောတာပါကွ၊ ဒီလိုကိစ္စမျိုးဆိုတာ လိမ်စရာမှ မဟုတ်တာ၊ တကယ်ဖြစ်ခဲ့ရင် ကြွားလို့တောင် ကောင်းသေးတာပဲဟာ"

"ဒါဖြင့် မင်းက ဘာလို့ ဒီလောက်အဝေးကြီး ခေါ်သွားရတာလဲ၊ အကြောင်းမဲ့သက်သက်"

"သူ့ကို အကဲစမ်းကြည့်တာ၊ ဒီလောက် ခရီးကို ခေါ်တယ်ဆိုတော့ သူလည်း မင်းတို့ထင်သလို ထင်မိမှာပဲ၊ ဒါကြောင့် သူထင်တဲ့အတိုင်း မဖြစ်အောင် ဘာမှ

မပြောဘဲနေခဲ့တာပေါ့။ နည်းနည်းပါးပါး အစွန်းထွက်တဲ့ စကားမျိုးလေးလောက်ပဲ ပြောခဲ့တယ်။ တကယ်လို့ သူက ငါဖွင့်ပြောတော့မယ်လို့ မျှော်လင့်နေခဲ့ရင်တော့ တော်တော် အခံရခက်သွားမှာပဲ”

“ကြည့်လဲ လုပ်ဦးနော်၊ လှိုင်ထိပ်ထားဦးက တခြား ကောင်မလေးတွေလို မဟုတ်ဘူး။ မင်း လုပ်ချင်တိုင်း လုပ်လို့ရမယ် မထင်နဲ့။ တော်ကြာ မင်းကို ပြန်ကျောသွားဦးမယ်”

“ငါသိပါတယ်ကွာ၊ ငါက အဲဒီလို ပညာစမ်းရတာကိုမှ သဘောကျတာ”

“ဘာပဲဖြစ်ဖြစ်လေ၊ လှိုင်ထိပ်ထားဦးဟာ တော်ရုံတန်ရုံကောင်ဆိုရင် ခုလောက် စွန့်စားမှာ မဟုတ်ဘူး။ ဒီတော့ ဒီနေ့ မင်းကားနဲ့ လိုက်လာတယ်ဆိုတာကိုက မင်းရဲ့ အောင်မြင်မှုတစ်ခု မဟုတ်လား ဟေ့ကောင်တွေ”

မြတ်ဘုန်းအောင်က တိုင်တော့ တခြားကောင်တွေက ‘ဟုတ်တယ်၊ ဟုတ်တယ်’ လို့ ဖောက်လိုက်တယ်။ ချစ်ထွတ်တင်က . . .

“ခွေးမျိုးတွေ၊ ငါ့ကို လာပင့်မနေနဲ့၊ ဘာမှ မကျွေးနိုင်ဘူး”

“ဘယ်ရမလဲကွာ၊ ကျွေးသင့်တာပေါ့”

“ငါ့မှာ ပိုက်ဆံမပါဘူး”

“လုပ်မနေနဲ့ ဟေ့ကောင်၊ မင်းမှာ ပိုက်ဆံမပါတဲ့အချိန်ဟာ မင်းရေချိုးနေတဲ့ အချိန်တစ်ချိန်ပဲရှိမယ်”

ပြောပြောဆိုဆို မြတ်ဘုန်းအောင်က ချစ်ထွတ်တင် ဘောင်းဘီအိတ်ထဲကို နှိုက်တယ်။ ချစ်ထွတ်တင်က ဘောင်းဘီအိတ်ကို ဖိထားတယ်။ တခြားကောင်တွေက ချစ်ထွတ်တင်ရဲ့ လက်ကို ဝိုင်းဖယ်ကြတယ်။ အိတ်ထဲက နှိုက်ထုတ်လိုက်တော့ ခုနစ်ဆယ့်ငါးကျပ်တန် တစ်ရွက်နဲ့ ဆယ်တန် လေးငါးခြောက်ရွက် ထွက်လာတယ်။

“ဒါလား ပိုက်ဆံမပါတာ”

“အေးလေ၊ ဒီလောက်ပိုက်ဆံနဲ့ ဘယ်လောက်မလဲကွ၊ ငါက မင်းတို့ကို ကောင်းကောင်းမွန်မွန် ပြုစုချင်တာ”

"ချစ်ထွတ်ရာ၊ အရှေ့ရွာမှာ မင်းလိုကောင်မျိုး တစ်ယောက်အဖို့ ပိုက်ဆံမပါလည်း အရေးမကြီးပါဘူး၊ ဘီလ်ပေါ်မှာ လက်မှတ်ထိုးခဲ့လည်း ရပါတယ်ကွ"

"ငပေါတွေ၊ ဒါမျိုးကျတော့ အကုန်သိတယ်"

"သိတာပေါ့ကွာ၊ ရန်ကုန်မြို့မှာ မင်းလက်မှတ်ထိုးပြီး စားလို့ရတဲ့ဆိုင် တစ်ဒါဇင်ထက်မနည်း ရှိတာပဲဟာ၊ ကဲပါကွာ၊ မောင်းစမ်းပါ"

တစ်ယောက်က ဝင်ပြီးပြောသည်။

"အရှေ့ရွာတော့ မသွားချင်ဘူးကွာ"

"ဘာဖြစ်လို့လဲ"

"အရှေ့ရွာက စားပွဲထိုး ကောင်မလေးတွေမှ မရှိဘဲ"

"တခြား ဘယ်ဆိုင်မှာကော ရှိလို့လဲ၊ စားပွဲထိုး မိန်းကလေးတွေ မထားရလို့ အမိန့်ထုတ်ထားတာပဲဟာ"

"ဟား . . . ဟား . . . တုံးချင်ယောင် ဆောင်မနေစမ်းပါနဲ့ကွာ၊ နတ်သမီးငါးရာဆိုင်ကို မောင်း"

နတ်သမီးငါးရာဆိုတဲ့ ဆိုင်က ရန်ကုန်ဆင်ခြေဖုံး တစ်နေရာမှာ ရှိတယ်။ စားပွဲထိုး အမျိုးသမီးတွေ မရှိပါဘူး။ သို့ပေမယ့် သူတို့ဆိုင်က မိသားစု ဝိုင်းလုပ်ကြတဲ့ လုပ်ငန်းလို့ဆိုတယ်။ ဆိုင်ရှင် လင်မယားရယ်၊ တူမတွေ၊ ညီမတွေရယ် ဝိုင်းလုပ်ကြတာပါတဲ့။

တစ်ခုပဲ။ တူမတွေ၊ ညီမတွေဆိုတာက ဆယ်ဝမ်းကွဲလောက် ဖြစ်ချင်ဖြစ်မှာပေါ့လေ။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

အမရဆောင် အခန်း တစ်ရာ့ခြောက်ထဲတွင် အောင်စိုးနှင့် အေးအေးဝင်းတို့ ထိုင်နေကြသည်။ နေ့လယ် အားလပ်ချိန်ဖြစ်သဖြင့် အခန်းထဲမှာ လူရှင်းနေသည်။ သူတို့ နှစ်ယောက်တည်းတော့ မဟုတ်။ တခြား ကျောင်းသူ သုံးယောက်တို့က ရှေ့ဆုံးခုံတန်းမှာ ထိုင်စကားပြောနေကြသည်။

ခုံတန်းပေါ်တွင် ထမင်းဗူး နှစ်ဗူးကို ယှဉ်လျက် တင်ထားသည်။

သူတို့နှစ်ယောက် ကျောင်းအတူလာ အတူပြန် လုပ်နေကြသော်လည်း ခုလို နှစ်ယောက်တည်း အခန်းထဲမှာ အတူမထိုင်ဖူးကြချေ။ နောက်တစ်ချက်က ဒီအခန်းသည် အေးအေးဝင်းတို့၏ စာသင်ခန်းဖြစ်သည်။ သူတို့နှစ်ယောက် ဒီအခန်းထဲမှာ ထိုင်ကြခြင်းသည် အေးအေးဝင်းက အောင်စိုးကို သူ့ချစ်သူအဖြစ် အခြားသူများအား အသိပေးလိုက်ခြင်း ဖြစ်သည်။ ထို့အတူ အောင်စိုးကိုလည်း ချစ်သူအဖြစ် အသိအမှတ်ပြုကြောင်း ထပ်မံ သက်သေပြလိုက်ခြင်ပင် ဖြစ်သည်။

“ထမင်းစားကြရအောင်လေ”

ဟု အေးအေးဝင်းက ပြောသည်။ ထိုအခါကျမှ အောင်စိုးသည် တစ်စုံတစ်ခု တွေးမိပြီး ထိတ်ခနဲ ဖြစ်သွား၏။ အေးအေးဝင်းနှင့် အတူတူ ထမင်းမစားချင်သလိုလို ဖြစ်လာသည်။ သူသည် ယောင်ယမ်းပြီး ထမင်းဗူးကို ယူသည်။ ထမင်းဗူးကို ပတ်ချည်ထားသော လက်သုတ်ပုဝါကို လက်ထိပ်တစ်ခုကို ဖြုတ်ဖို့ ကြိုးစားနေသူတစ်ယောက်လို ခဲခဲယဉ်းယဉ်း ဖြုတ်နေရ၏။

အေးအေးဝင်းက သူ့ထမင်းဗူးကို ဖြေပြီးသွားပြီ။ အောင်စိုး ထမင်းဘူး ဖြေမရဖြစ်နေသည်ကို မြင်၍ . . .

'လက်သုတ်ပုဝါကို တအားချည်ထားတယ် ထင်တယ်"

ဆိုပြီး ထမင်းဗူးကို လှမ်းယူလိုက်သည်။ အောင်စိုးက ရပါပြီဟု ပြောလိုက်ရ၏။

အေးအေးဝင်းသည် အောင်စိုး၏ ထမင်းဗူးက လက်သုတ်ပုဝါကို ဖြေပြီး ထမင်းဗူးအဖုံးက အထိန်းကလစ် ဖုလေးများကို ဖြုတ်သည်။

အောင်စိုးသည် ထမင်းဗူးထဲမှာ ဘာရှိသည်ကို သိပါလျက် ရင်ဖိုချင်သလိုဖြစ်နေသေးသည်။ အေးအေးဝင်းက ထမင်းဗူးအဖုံးကို ဖွင့်လိုက်၏။ အထဲတွင် ထမင်းထဲမှာ မြုပ်ထားသေ ဘဲဥပြုတ်တစ်လုံး၊ ထမင်းက နည်းနည်း ဝါကြန့်ကြန့်ဖြစ်နေသောကြောင့် ဘဲဥသည် ပို၍ ဖြူဖွေးနေလေသည်။

အောင်စိုးက အေးအေးဝင်းမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ အေးအေးဝင်းကတော့ ဘာမျှ ထူးခြားပုံမရဘဲ သူ့ထမင်းဗူးကို ဆက်ဖွင့်သည်။ သူ့ထမင်းဗူးထဲမှာကတော့ အာပြဲခြောက် လေးငါးကောင်သည် အစီအရီ လဲလျောင်းလျက်ရှိနေကြသည်။

"ကင်တင်းမှာ သွားစားမလား" အောင်စိုးကမေးသည်။

"ဘာဖြစ်လို့လဲ" အေးအေးဝင်းက ပြန်မေးသည်။

အောင်စိုးက ထမင်းဗူးတွေကို တစ်ချက်ကြည့်ပြီး . . .

"ဟင်းတွေက ခြောက်ကပ်ကပ် ဖြစ်နေသလားလို့"

"ဘာဖြစ်လဲ၊ ရပါတယ်၊ စားနေကျပဲဟာ"

"ဒီလိုလုပ်လေ၊ အရှည်ကြီးဆိုင်မှာ သွားထိုင်ရအောင်၊ ရေနွေးကြမ်းလေး ဘာလေး သောက်လို့ရတာပေါ့"

"အို . . . အရှည်ကြီးတို့ကို အားနာစရာကြီး"

"ရပါတယ်၊ ဒီလိုပဲ သူ့ဆိုင်မှာကထိုင်နေကျ၊ လက်ဖက်ရည်မသောက်လည်း ရေနွေးကြမ်း တောင်းသောက်လို့ ရပါတယ်"

ထမင်းဗူးတွေ ပြန်ပိတ်ပြီး စားသောက်ဆိုင်တန်းသို့ ထွက်လာခဲ့ကြသည်။ အရှည်ကြီးဆိုင်မှာ ထိုင်သည်။ သူတို့ထိုင်သော စားပွဲပေါ်မှာ အသင့်ရှိနေသော ရေနွေးကြမ်းအိုးကို အောင်စိုးက မကြည့်သည်။ ရေနွေးကြမ်း ရှိသေးသည်။ အပူအအေးကလည်း အနေတော်ဖြစ်သည်။

ထမင်းဗူးတွေ ပြန်ဖွင့်လိုက်သည်။ အောင်စိုးသည် ရေနွေးကြမ်း နှစ်ပန်ကန် ငှဲ့သည်။ ပြီးတော့ သူ့ထမင်းဗူးထဲက ဘဲဥပြုတ်ကို ဇွန်းဖြင့် ထက်ခြမ်းခွဲလိုက်သည်။ အနှစ်များသောအပိုင်းကို အေးအေးဝင်းထဲ ထည့်ပေးသည်။ အေးအေးဝင်းကလဲ ငါးခြောက်သုံးကောင်ကို အောင်စိုးထမင်းဗူးထဲ ပြန်ထည့်ပေးသည်။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။

ထမင်းစားရင်း အောင်စိုးက . . .

"ဘယ်လိုလဲ ဘဲဥပြုတ်က အနေတော်ပဲလား"

အေးအေးဝင်းက ရယ်၍

"နည်းနည်းပေါ့တယ်၊ သိပ်လည်း မနူးသေးဘူး" ဟု ပြန်နောက်သည်။

"အဲ . . . ခုမှ သတိရတယ်၊ ဆားပါသေးတယ် ယူမလား"

"နေပစေ၊ ငါးခြောက်နဲ့ဆို အတော်ပါပဲ"

"ရေနွေးကြမ်းလဲ သောက်လေ"

"သောက်ပါတယ်၊ ဒါအကောင်းဆုံး ဟင်းချိုပဲပေါ့"

"ဟုတ်တယ်၊ ကျွန်တော်တို့ဆီမှာသာ ရေနွေးကြမ်းက ဖောခြင်း သောခြင်း ဖြစ်ပြီး လက်ဖက်ရည်တစ်ခွက်သောက်ရင် တစ်အိုးလောက် အလကားပေးပေမယ့် တချို့နိုင်ငံတွေမှာဆိုရင် တန်ဖိုးကြီးပေးပြီး ဝယ်သောက်ရတယ်၊ ဆောင်းပါးတစ်ပုဒ်ထဲမှာ ကျွန်တော်ဖတ်ဖူးတာ ပြောပြဦးမယ်။ မြန်မာပြည်က လူတစ်ယောက် နိုင်ငံခြားသွားတော့ လေယာဉ်မယ်က အစားအသောက်စာရင်း လာပြတယ်၊ အဲဒီထဲမှာ ဂျပန်နိစ်တီးဆိုတာ ပါတယ်တဲ့၊ အဲဒီလူက ဂျပန်လက်ဖက်ရည်ဆိုတာ ဘယ်လိုဟာပါလိမ့်၊ သောက်ဖူးတယ်ရှိအောင် ဆိုပြီး မှာလိုက်တယ်၊ နောက်တော့ လေယာဉ်မယ်က ရေနွေးကြမ်း တစ်ခွက် လာပို့တယ်တဲ့"

"အောင်စိုး၏ ထမင်းဗူးမှာ အပြည့်အသိပ် ထည့်လာသော်လည်း သူက အစားမြန်သဖြင့် အရင်ကုန်သွားသည်။ အေးအေးဝင်းကတော့ ထမင်းကို ခပ်ဖွဖွ ထည့်လာသော်လည်း အေးအေးဆေးဆေး စားနေသဖြင့် မကုန်သေး။

"ထမင်း ယူပါဦးလား"

အေးအေးဝင်းက ပြောရာ . . .

"တော်ပါပြီ"

"ဝရဲ့လား"

"ဝပါတယ်၊ ဒီလောက် ပုံမှန်စားနေကျဆိုတော့ အကျင့်ဖြစ်နေပြီ၊ အိမ်မှာ စားရင်တော့ ဒီ့ထက်မက စားဖြစ်မှာပဲ"

နောက်ဆိုလျှင် ထမင်းပိုထည့်ခဲ့မှပဲဟု အေးအေးဝင်း မှတ်ထားလိုက်သည်။ စားပြီးကျတော့ အောင်စိုးက တစ်ခုစဉ်းစားမိသည်။

သူတို့နှစ်ယောက်သည် ချစ်သူများအဖြစ် ပထမဆုံးအကြိမ် စားသောက်ဆိုင် ထိုင်ကြခြင်းဖြစ်သည်။ ဒီလိုအခါမျိုးမှာ အအေးကလေး တစ်ခွက်လောက်မှ မတိုက်ဘူးဆိုလျှင် ဘယ်ကောင်းမလဲဟု တွေးမိခြင်း ဖြစ်သည်။ ထို့ကြောင့် . . .

"အအေးတစ်ခုခု သောက်ပါလား" ဟု ပြောသည်။

"မသောက်တော့ပါဘူး။ ခုပဲ ထမင်းစားပြီးတာ"

"အချိုတည်းတဲ့ သဘောပေါ့"

ဆိုပြီး သံဖူးတစ်ခွက်မှာသည်။ သူ့အတွက်လည်း လက်ဖက်ရည် မှာလိုက်သည်။

အေးအေးဝင်းက . . .

"ဘာဖြစ်လို့ မှာလိုက်တာလဲ၊ မသောက်ဘူးဆိုတာ"

"မသောက်ဘူးဆိုတာကတော့ ဘာဖြစ်လို့လဲ၊ ကျွန်တော် ပိုက်ဆံကုန်မှာ စိုးလို့လား"

အေးအေးဝင်းက ပြုံး၍ . . .

"အမှန်အတိုင်း ပြောရရင် ဟုတ်တယ်"

"ဒီလောက်လည်း မမွဲသေးပါဘူးလေ"

"ခုကတည်းက ရွှေတာမှပေါ့" ဟု အေးအေးဝင်းက အောင်စိုးကို မကြည့်ဘဲ ပြောသည်။

"အင်း . . . ဟုတ်သားပဲ၊ တစ်နေ့ကို တစ်ကျပ်ရွှေတာရင် တစ်နှစ်ကိုသုံးရာ ခြောက်ဆယ့်ငါးကျပ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ရွှေတာမှ"

သူတို့နှစ်ယောက်၏ ချစ်စ ခင်စ ကြင်နာစ ကာလမှာ ပြောကြသော စကားများသည် ထိုကဲ့သို့ပင် ဖြစ်ပေသည်။

*

"စားရကံကြုံတော့ မျောက် . . . အဲ . . . မျောက်သစ်ကိုင်းလွတ် ဆိုတာလို ဖြစ်နေပြီ ဟေ့"

ဟု ပြောရင်း ကိုကြီးထွန်း ရောက်လာသည်။ ကုလားထိုင်ကို ဆွဲ၍ ဝင်ထိုင်မည်ပြုပြီးမှ ခုမှ အေးအေးဝင်းကို မြင်သွားသည့် ဟန်မျိုးလုပ်၍ . . .

"ဟာ . . . ဆောရီး" ဆိုပြီး မထိုင်ဘဲနေသည်။

အောင်စိုးက . . .

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ထိုင်လေ" ဆိုမှ ဝင်ထိုင်သည်။

"ငါလာတာ အနှောက်အယှက်များ ဖြစ်သွားသလား၊ အေးလေ ငါကလည်း တမင် နှောင့်ယှက်ချင်လို့ လာတာပဲဟာ" ဟု ရယ်လျက်ပြောသည်။

အေးအေးဝင်းကပြုံးနေ၏။ အောင်စိုးကတော့ အေးအေးဝင်းနှင့် ကိုကြီးထွန်းကို မိတ်ဆက်ပေးသည်။

"ဒါ ကျွန်တော်ပြောပြောနေတဲ့ ကိုကြီးထွန်းပေါ့။ နာမည်ရင်းကတော့ ထွန်းစိုးပါ။ ဒါပေမယ့် ကိုကြီးထွန်းလို့ပဲ ခေါ်ကြတယ်"

ကိုကြီးထွန်းက . . .

"ကျွန်တော် ထွန်းစိုးပါ။ လမ်းမှာတွေ့ရင် မတွေ့ချင်ယောင်သာ ဆောင်သွား၊ နှုတ်ဆက်မိရင်တော့ ပိုက်ဆံချေးရမှာပဲ"

အေးအေးဝင်းက ပြုံး၍သာနေသည်။ အောင်စိုးက ဆက်လက်၍ . . .

"ကိုကြီးထွန်း၊ ဒါက အေးအေးဝင်းလေ"

"သြော် . . . မင်း ပြောပြောနေတာလား"

"ကဲ ကိုကြီးထွန်း လက်ဖက်ရည်လား"

"တော်ပြီကွာ၊ မျက်စိကြောင်ပြီး အိပ်မပျော်ပဲ နေဦးမယ်"

ကိုကြီးထွန်း၏ စကားကို အေးအေးဝင်း နားမလည်ဖြစ်သွားသည်။ နေ့ခင်းကြောင်တောင်ကြီး မျက်စိကြောင်တာတို့၊ အိပ်မပျော်တာတို့ ဆိုသော စကားကြောင့် ဖြစ်၏။ အောင်စိုးက ဝင်၍ ရှင်းပြသည်။

"ကိုကြီးထွန်းက နိုက်ဂျူတီ ဆင်းရတယ်လေ၊ ဒါကြောင့် နေ့ခင်းဆိုရင် အားတဲ့အချိန် အိပ်ရတယ်"

"အေး၊ နေရာတိုင်းမှာ သူ့အိပ်ယာဆိုတာ ငါပဲပေါ့ အေးအေးဝင်းရ"

"ဟုတ်လား၊ ပင်ပန်းမှာပေါ့"

"အလေ့အကျင့် ဖြစ်သွားတော့လည်း ပင်ပန်းတယ် ဘာတယ် မဟုတ်တော့ပါဘူး၊ ညဘက် အလုပ်ဆင်းရတယ်ဆိုပေမယ့် နည်းနည်းပါးပါးတော့ မှေးလို့ရပါတယ်၊ လုံးဝ အိပ်ပျော်အောင်တော့ အိပ်လို့ မရဘူး၊ အရေးပေါ် တယ်လီဖုန်းက အချိန်မရွေး၊ ဝင်လာတတ်တာကိုး"

အေးအေးဝင်းသည် တစ်ဘက်စားပွဲမှ ထိုင်နေသော ကျောင်းသားတစ်ယောက် လက်မှ နာရီကို လှမ်းကြည့်ပြီး . . .

"ကလပ်စ်တောင် နီးနေပြီ၊ သွားဦးမယ်" ဟု ပြောသည်။

လွယ်အိတ်နှင့် ထမင်းဗူးကို ယူပြီး မတ်တပ်ရပ်သည်။ ကိုကြီးထွန်းကို နှုတ်ဆက်သည်။ အောင်စိုးကလည်း လိုက်ပြီး မတ်တပ်ရပ်၏။

"ဟေ့ကောင် ဘာလုပ်တာလဲ မင်းက" ကိုကြီးထွန်းကမေးသည်။

"သူ့ကို လိုက်ပို့လိုက်ဦးမယ်"

"သြော် . . . အေးအေး၊ လိုက်ပို့လိုက်ဦး၊ ဖရက်ရှာလေးဆိုတော့ ကျောင်းထဲမှာ မသွားတတ် မလာတတ် ဖြစ်နေဦးမယ်"

ကိုကြီးထွန်းက နောက်သည်။

အေးအေးဝင်းက . . .

"ဟုတ်သားပဲ နေခဲ့ပါ" ပြောရင်း နှုတ်ဆက်ပြီး ထွက်သွားသည်။

"ကဲ ငါလည်း သွားဦးမယ်" ကိုကြီးထွန်းက ပြောသည်။

"ဘာ ခင်ဗျားက ဘာလဲ၊ ခုန ကျွန်တော် သူနဲ့ လိုက်သွားမယ် ဆိုတုန်းက တစ်မျိုး ခုကျမှ"

"ငါ အိပ်ရဦးမယ်လေကွာ"

"ဘယ်ရမလဲဗျာ၊ ခင်ဗျား ကျွန်တော့်ကို နှောင့်ယှက်ထားတာ ခုပြန်ပြီး နှောင့်ယှက်ရမယ်၊ ခင်းဗျား သွားအိပ်ရင်လည်း အဆောင်ကိုလိုက်ပြီး ဘေးကနေ စကားထိုင်ပြောနေမှာပဲ"

"မင်း မပြန်သေးဘူးလား၊ အတန်းမှ မရှိတော့ပဲ"

"သူ့ကို စောင့်ရအုန်းမယ်၊ ညနေအတူတူပြန်မလို့"

"ဩော် . . . တရားသဖြင့်ပါလား၊ မင်းဘာသာ သူ့ကို စောင့်ရမှာကို ငါက ပါ မအိပ်ပဲ ကူစောင့်ပေးရမယ် ဆိုပါတော့"

"အလကား နောက်တာပါဗျာ။ ခင်ဗျားအိပ်ချင်လည်း သွားတော့လေ၊ ကျွန်တော့်ဘာသာ တစ်နေရာရာမှာ ထိုင်ငေါင်နေရုံ ရှိတာပေါ့"

"ကဲပါကွာ၊ ငါလည်းကူစောင့်ပေးပါ့မယ်၊ လက်ဖက်ရည် တစ်ခွက်တော့ တိုက်ပေါ့"

"ဟ ဒါတော့မဖြစ်ဘူးဗျ၊ ဒီနေ့ အကုန်အကျများတယ်၊ သူ့ကိုလည်း အအေး တိုက်လိုက်ရသေးတယ်၊ ပြီးတော့ သူက မှာသွားသေးတယ်၊ အခုကတည်းက ချွေ တာရမယ်တဲ့"

"ကောင်းပါ့ကွာ၊ ငါကလည်း ပါရမီဖြည့်တဲ့ အနေနဲ့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ပဲ လက်ဖက်ရည် သောက်ပါတော့မယ်"

အောင်စိုးက တဟားဟား ရယ်သည်။

"ဟားဟား ကျွန်တော်တိုက်မှာပါဗျာ၊ ဒီနေ့အဖို့တော့ ချွေတာမနေတော့ပါ ဘူး၊ မသကာ နောက်ပိုင်း ပိုက်ဆံလိုရင်လည်း ခင်ဗျားဆီကပဲ ချေးတန်တာ ချေး တာပေါ့"

အရှည်ကြီးဆိုင်မှာပင် ဆက်ထိုင်ကြသည်။ ကိုကြီးထွန်းက လက်ဖက်ရည် မှာပြီးနောက် . . .

"မင်းကောင်မလေးက မဆိုးပါဘူးကွ"

"ဟာ ဒါပြောနေစရာ မလိုတော့ပါဘူး၊ ခင်ဗျား အရင်ကတည်းက တွေ့ဖူး နေတာပဲ"

"အဲ့ဒါပြောတာ မဟုတ်ပါဘူးကွ၊ စကားပြောကြည့် ဆိုကြည့်တော့ ရိုးသား ပုံရတယ်၊ စိတ်ထားကောင်းမယ့်ပုံ ရတယ်လို့ ပြောတာပါ"

"ဒါပေါ့၊ ဒါပေါ့"

"မင်းသိပ်ပျော်နေတာပေါ့ ဟုတ်လား"

အောင်စိုးက အင်္ကျီကော်လာကို သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်ပြီး ကြွား သည့်ဟန်မျိုးဖြင့် ပြောသည်။

"မင်း ကံကောင်းပါတယ်ကွာ"

"ဒါပေါ့ဗျာ"

"ဘယ်နှယ့် ပြောပါလိမ့်ဗျာ၊ ပျော်သလားဟေ့ မောင်တို့ရေ ပျော်တယ်ဟေ့ ပျော်တယ်ဟေ့ ဆိုပြီးတော့တောင် ကလိုက်ချင်သေးတယ်"

"အေးပါကွာ၊ မင်းတို့ကတော့ ပျော်ကြမှာပေါ့၊ ငါကတော့ ကျောင်းပိတ်ခါ နီးလေလေ၊ ရင်လေးလေလေပဲ"

"ဘာဖြစ်လို့လဲဗျ၊ ဘာလဲ ခင်ဗျားလည်း ကောင်မလေးတစ်ယောက် တွေ့ ထားပြီထင်တယ်"

"ဘယ်ကလာကွာ၊ ငါပြောတာက ကျောင်းပိတ်ပြီဆိုရင် အဆောင်တွေ လည်း ပိတ်မယ်မဟုတ်လား၊ အဆောင်က သူငယ်ချင်းတွေလည်း နယ်ပြန်ကြမှာ ပဲ၊ ဒါဆို နေ့လယ်ဘက် ငါအိပ်ဖို့ နေရာမရှိတော့တာကို ပြောတာ"

"ဟာ ဟုတ်သားပဲ၊ ကျွန်တော် သတိမထားမိဘူး၊ ခင်ဗျား ဘယ်လိုလုပ်မှာ လဲ"

"အရင်က အဆင်ပြေတယ်ကွ၊ ရုံးအောက်ထပ်မှာ စတိုခန်းတစ်ခု ရှိတယ်၊ အဲဒီမှာ သွားအိပ်လို့ရတယ်၊ ခုကျတော့ အဲဒီအခန်းကို စာကူးစာလှည့်တဲ့အခန်း လုပ်လိုက်လို့ ဘုံပျောက်သွားတာ"

"ကျွန်တော်တို့အိမ် လာအိပ်ဗျာ"

"ဘယ်ကောင်းမလဲကွ၊ နေ့ဘက် မင်းတို့ အလုပ်လုပ်နေချိန်မှာ ငါက အိပ်နေရင် အားနာစရာကြီး"

"ကျွန်တော်က အားနာစရာလူမှ မဟုတ်ပဲ"

"မင်းကို အားမနာရပေမယ့် မင်းတို့အဖေကို အားနာရမှာပေါ့ကွ"

"အဖေက နားလည်မှု ရှိပါတယ်ဗျာ"

"နောက်တစ်ခု ရှိသေးတယ်လေ၊ ငါတို့ရုံးနဲ့ မင်းတို့အိမ်က အဝေးကြီး၊ ကား စီးလာရင် နှစ်ဆင့်စီးရမယ်၊ အသွားအပြန် ကားခ တစ်ကျပ်ခွဲလောက် ကုန်မယ်"

"ဒီတော့ ခင်ဗျားက မအိပ်ဘဲ နေမှာမို့လား"

"အဲ့ဒါ စဉ်းစားနေတာပေါ့ကွ၊ နောက် ကျောင်းပြီးသွားရင် အပြင်ဆောင်မှာ ငှားနေရမယ့်တူတူ၊ ခုကတည်းက ငှားထားရ ကောင်းမလား၊ ကျောင်းပြီးဖို့က လည်း ခြောက်လလောက်တောင် လိုသေးတယ်၊ တစ်ခုတော့ ရှိတယ်ကွ၊ ငါတို့ရုံး မှာ လုပ်နေတဲ့ လင်မယားရှိတယ်၊ သူတို့က ကလေးလည်း ရှိတာမဟုတ်ဘူး၊ ရုံး လာပြီဆိုရင် အခန်းကို သော့ခတ်ခဲ့ရတာ၊ ရုံးနဲ့လည်း သိပ်မဝေးဘူး၊ သူတို့ ရုံး တက်နေတုန်း ငါက သူတို့အခန်း သွားအိပ်လို့ ရမလားလို့ ဆွေးနွေးကြည့်ဦးမယ်၊ သူတို့အတွက်လည်း အစောင့်သဘော ရတာပေါ့"

"စနေ၊ တနင်္ဂနွေကျတော့ သူတို့က အိမ်မှာဘဲ နေမှာပေါ့ဗျာ၊ ခင်းဗျား အဲဒီ နှစ်ရက် ဘယ်မှာသွားနေမလဲ"

"အဲ့ဒီအခါကျတော့လည်း သူငယ်ချင်းတွေပဲ အားကိုးရမှာပေါ့၊ မင်းတို့အိမ် လဲ တစ်ပတ်ခြားလောက်ဖြစ်ဖြစ် လာသင့် လာရမှာပဲ"

"အပတ်တိုင်းသာ လာပါဗျာ၊ ကျွန်တော်လဲ မပျင်းတော့ဘူးပေါ့၊ ပန်းခြံထဲ တို့၊ တိုက်လှေကားတို့တော့ သွားမအိပ်နဲ့နော်၊ အခြေအနေမဲ့ဆိုပြီး ဆွဲသွားဦး မယ်"

"ငါ တတိယနှစ်တုန်းက တစ်ခါဖြစ်ဖူးသေးတယ်၊ စာသင်နေတုန်း ဘယ်လို မှမနေနိုင်အောင် အိပ်ချင်လာတာနဲ့ ဆရာမသိအောင် နောက်ဆုံးခုံတန်းမှာ လှဲ အိပ်နေတာ တုံးကနဲ ပျော်သွားတာပဲ၊ နိုးလာလို့ ကြည့်လိုက်တော့ မှောင်စတောင် ပြုနေပြီ၊ အခန်းတခါးတွေလည်း အပြင်က ပိတ်သွားလို့ ပြတင်းပေါက်က ကျော် တက်ပြီး ထွက်ခဲ့ရတယ်"

ကိုကြီးထွန်းက ပြောပြီးရယ်သည်။ သူက ဒီလိုပါပဲ။ အဆင်မပြေတာကို ရယ်စရာ လုပ်ပစ်လေ့ရှိသည်။

*

အေးအေးဝင်းက ပြောစရာရှိတယ်ဟု ဆိုခဲ့သော်လည်း ခုထိ ဘာမှမပြော သေးချေ။ မနက်က ကျောင်းအလာတွင် အေးအေးဝင်းက "နေ့လယ် ကျောင်း ဆင်းရင် လာခဲ့ပါ။ ပြောစရာရှိတယ်" ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်သည် တောင်ငူဆောင်ဘက်မှ ထွက်လာပြီး ဒဂုံဆောင် ဘေးမှ ဖြတ်လျှောက်သည်။ အဆောင်အပေါ်ထပ်မှ ကျောင်းသားတစ်ယောက်၏ အသံကို ကြားရသည်။

"အို . . . အမေရို့ အဖေရို့၊ လာကြည့်လှည့်ကြပါဦး၊ သူများတွေမှာတော့ အသီးသီး အသက အသက ရွှေလက်တွဲလို့ ပျော်ပွဲကြီး ဆင်နေလိုက်ကြတာ၊ အမေရို့သားမှာတော့ တစ်ယောက်တည်းရယ်မှ တစ်ယောက်တည်းရယ်ပါကွယ်၊ ခေါင်းအုံးကြီးကိုသာ ဖက်လို့ နေရပါတော့တယ်၊ တယ့်နယ်၊ တယ့်နယ်၊ တယ့် နယ်၊ တယ့်နယ်"

ဆိုပြီး ငိုချင်း ပါစပ်ဆိုင်းတီးလိုက်သည်။ အောင်စိုးရယ်မိ၏။ အေးအေးဝင်း ကတော့ ပြုံးရုံသာ ပြုံးသည်။

စကြ်န်ရှည်ကြီးအတိုင်း လျှောက်ပြီး ဂျပ်ဆင်အရောက်တွင် ညာဘက်သို့ ချိုးသည်။ အပန်းဖြေ ခန်းမဘေးလမ်းအတိုင်း သွားသည်။ အဓိပတိလမ်းပေါ် ရောက်လာသည်။

"ဘယ်မှာ ထိုင်မလဲ" အောင်စိုးကမေးသည်။

"သဘောပဲလေ"

"စာကြည့်တိုက်ရှေ့ သွားထိုင်ရအောင်"

"သွားလေ"

စာကြည့်တိုက် အသစ်ကြီးဘက် လျှောက်ခဲ့ကြသည်။ လှေကားထစ်ပေါ် တက်ပြီး အရိပ်ရသော နေရာမှာ ထိုင်သည်။

"ပြောစရာရှိတယ်ဆို" ဟု အောင်စိုးကမေးသည်။

"အင်း"

"ပြောလေ၊ ဘာလဲ"

အေးအေးဝင်း ခဏမျှ တွေနေသည်။ ပြီးတော့ . . .

"ကျွန်မတို့ မှားသွားပြီလား မသိဘူးနော်"

"ဘာလဲ ဘာမှားတာလဲဟင်"

"သြော်၊ မိဘတွေက မပြေလည်တဲ့ကြားထဲက၊ ခြိုးခြံချွေတာပြီး မဖြစ်ဖြစ် အောင် ကျောင်းထားပေးတာကို ကျွန်မတို့က ဒီမှာ . . ."

အေးအေးဝင်းက စကားမဆက်။ ဘာကို ဆိုလိုကြောင်း အောင်စိုးသိသည်။ ထို့ကြောင့် . . .

"ဒါကတော့ မအေးဝင်းရယ်၊ စီးပွားရေး အခြေအနေကောင်းတဲ့လူမှ ချစ်သူ ရှိရမယ်ဆိုရင် ခက်ကုန်မှာပေါ့၊ အဲဒီလိုကြေးဆိုရင် ကမ္ဘာပေါ်မှာ လူဦးရေပေါက် ကွဲမှုဆိုတာ စိုးရိမ်စရာတောင် လိုမှာမဟုတ်ဘူး"

ဟု ကိုကြီးထွန်း၏ စကားများကို ပြန်လည်ကိုးကားပြီး ပြောလိုက်သည်။

အေးအေးဝင်းက . . .

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးပဲ၊ အိမ်ပြန် သွားလို့ အဖေတို့ အမေတို့မြင်ရင် မျက်နှာမထားတတ်ဘူး၊ စိတ်ထဲက မလုံမလဲ ဖြစ်တယ်၊ မောင်လေးနဲ့ ညီမလေး မျက်နှာကို တွေ့လိုက်ရရင်လဲ ကိုယ့်ကိုကိုယ် မတရားဘူးလို့ ထင်ချင်သလိုပဲ"

"ဒီလောက်ကြီးလဲ ဖြစ်ဖို့ မလိုပါဘူး မအေးဝင်းရယ်"

"ကိုအောင်စိုးတို့ကတော့ အဖေတစ်ခု သားတစ်ခုကို ဒီလောက် ဘယ်တွေးမလဲ"

တကယ်ဆိုလျှင် အောင်စိုးသည်လည်း အေးအေးဝင်းလိုပင် တစ်ခါတစ်ခါ တွေမိတတ်သည်ပင် ဖြစ်၏။ အေးအေးဝင်းလောက် လေးလေးနက်နက် သဘောမထားမိတာတော့ အမှန်။ ထိုကိစ္စနှင့် ပတ်သတ်၍ အေးအေးဝင်းကို ပြောမပြချင်။

"ထားပါတော့လေ၊ ခုကျမှတော့ နောက်ပြန်ဆုတ်လို့ မရနိုင်တော့ပါဘူး"

ဟု အေးအေးဝင်းက ပြောသည်။ အောင်စိုး ဆတ်ခနဲ လှည့်ကြည့်သည်။ အေးအေးဝင်း၏ မျက်နှာထားသည် တကယ်ဆုံးဖြတ်ပြီး ပြောနေခြင်းတော့ မဟုတ်၊ ထို့အတူ ပျော်စေ ပျက်စေဟူ၍ နောက်ပြောင်နေခြင်းလည်း မဟုတ်။

အောင်စိုးက . . .

"ဘာလဲဟင် မအေးဝင်းက ကျွန်တော့်ကို ချစ်ပါတယ်လို့ ပါးစပ်က ဖွင့်မပြောဘူးသေးလို့ တရားဝင် မဟုတ်သေးဘူးလို့ ဆိုလိုတာလား"

အေးအေးဝင်း ပျာပျာသလဲ လှည့်ကြည့်သည်။ အောင်စိုး စိတ်ဆိုးသွားမှာ၊ စိတ်မကောင်း ဖြစ်သွားမှာ သူစိုးရိမ်၏။

"အဲဒီသဘောပြောတာ မဟုတ်ပါဘူး၊ ကျွန်မစိတ်ထဲမှာ အားငယ်သလိုလို ဖြစ်မိလို့ ပြောတာပါ" ဆိုပြီး သူ့အိမ်အခြေအနေကို ပြောပြသည်။

မောင်လေးက ဆယ်တန်း အောင်မလာတော့ တက္ကသိုလ်မှာ ကျွန်မ တစ်ယောက်တည်း လွတ်လွတ်ကျွတ်ကျွတ် တက်ခွင့်ရတယ်လေ၊ မောင်လေးသာ အောင်လာလို့ နှစ်ယောက်ဆို လွယ်မှာမဟုတ်ဘူး၊ ညီမလေးကလည်း ခုမှ ရှစ်တန်းဆိုတော့ ကျွန်မဘွဲ့ရပြီး နောက်ပိုင်းကျမှ ဆယ်တန်းအောင်မှာ၊ ဘာပဲဖြစ်ဖြစ် ကျွန်မက အိမ်မှာ အခွင့်ထူးခံလို ဖြစ်နေတာကို အပြစ်မကင်းသလို ခံစားမိလို့ ခုလို ပြောမိတာပါ။ ကိုအောင်စိုးကို ကျွန်မ နှုတ်က ကတိမပေးဖူးပေမယ့် အဲ့ဒီ မပေးတဲ့ ကတိကိုပဲ ကျွန်မတည်အောင် နေမှာပါ"

"ကဲပါ မအေးဝင်းရယ်၊ ခုချိန်မှာ အဲဒါတွေ စဉ်းစားမနေပါနဲ့တော့၊ ဘွဲ့ရပြီးတဲ့အခါကျတော့ ရှေ့ကို ဘာဆက်လုပ်ကြမယ်ဆိုတာ စဉ်းစားကြတာပေါ့၊ မပြေ

လည်တာတို့ အဆင်မပြေတာတို့တော့ ရှိကြတာပေါ့၊ အခက်အခဲကြုံလာရင် ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းကြဖို့သာ သတ္တိမွေးထားကြတာပေါ့"

အေးအေးဝင်းသည် အောင်စိုးကို ယုံကြည်သည်။ ပြီးတော့ အားကိုးချင်သည်။ အောင်စိုး၏ စကားကြောင့် သူ့အားတက်လာမိတာ အမှန်ပင်။ သူ့မျက်နှာသည် ကြည်လင်လာ၏။

"မအေးဝင်း" အောင်စိုးကခေါ်သည်။

အေးအေးဝင်း လှည့်ကြည့်သည်။

"ကျွန်တော့်ကို ပြုံးပြပါလား"

အေးအေးဝင်းက မပြုံးဘဲ သွားပေါ်အောင် ရယ်ပြလိုက်သည်။

"အေး"

အောင်စိုးက အေးအေးဝင်းကို ပထမဆုံးအကြိမ် 'အေး' ဟု ခေါ်လိုက်သည်။

"ဘာလဲ"

"ကျွန်တော့်ကို အဖြေပေးပါတော့"

"ပေးပြီးပြီပဲ၊ ခုထိ မသိသေးဘူးလား"

"တရားဝင် စကားနဲ့ မပြောသေးဘူးလေ"

"ပြောစရာ လိုသေးလို့လား"

"လိုတာပေါ့၊ မအေးဝင်းပါးစပ်ကပြောတာကို ကျွန်တော်သိပ်ကြားချင်တယ်"

"ကျွန်မ မပြောတတ်ဘူး"

"ချစ်တာနဲ့ အသက်ရှူတာဟာ ဘယ်သူကမှ သင်မပေးပဲ မွေးကတည်းက အလိုလို တတ်လာတာတဲ့၊ မအေးဝင်း ပြောတတ်သလို ပြောလေ"

အေးအေးဝင်းက ခေါင်းငုံ့သွားသည်။ တစ်စုံတစ်ခု ပြောတော့မည့်ဟန်ဖြင့် ပြင်သည်။ ထိုစဉ်မှာ အင်္ကျီအဖြူ၊ ထဘီနက်ပြာဝတ်ထားသော စာကြည့်တိုက်ဝန်ထမ်း အမျိုးသမီးနှစ်ယောက် လှေကားအတိုင်း တက်လာသဖြင့် မပြောဖြစ်။ အမျိုးသမီးနှစ်ယောက် ဘေးမှဖြတ်အသွားတွင် ပိန်ခြောက်ခြောက် တစ်ယောက်က ခပ်ဝဝတစ်ယောက်ကို တံတောင်နှင့် တွတ်ရင်း . . .

"ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်လေးတွေပေါ့လေ" ဟု မကြားတကြား ပြောသွားသည်။

အေးအေးဝင်းက ရယ်သည်။

အောင်စိုးက ခေါင်းကုတ်ပြီး "ကဲပါ ပြောလေ"

အေးအေးဝင်းသည် ခဏမျှ စဉ်းစားနေပြီးမှ . . .

"ကိုအောင်စိုးကို ဘယ်တော့မှ မမုန်းပါဘူး" ဟု ပြောသည်။

အောင်စိုး ဝမ်းသာသွား၏။ ပတ်ဝန်းကျင်ကို မေ့ပြီး အေးအေးဝင်းလက်ကို ဆုပ်ကိုင်မိသည်။ အေးအေးဝင်းက . . .

"ဟင် လူမြင်ကွင်းကြီးမှာ" ဟု ပြောသဖြင့် ပြန်လွှတ်လိုက်ရ၏။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

ချစ်ထွတ်တင်နှင့် လှိုင်ထိပ်ထားဦးတို့ဟာ တွဲတွဲသွားသွားတော့ ရှိနေကြပြီ။ စားသောက်ဆိုင်မှာ နေ့စဉ်လိုလို ဆုံတယ်။ ဟိုနား ဒီနား အတူတူ လမ်းလျှောက်တဲ့အခါ လျှောက်တယ်။ ချစ်သူအစစ်တွေလို လူမမြင်ကွယ်ရာမှာ သွားမထိုင်ဖြစ်ကြသေးတာ တစ်ခုပဲ။ တခြားလူတွေရဲ့ အမြင်မှာတော့ ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့ ငြိသွားကြပြီပေါ့။

ကာယကံရှင်များအနေနဲ့တော့ . . .

ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးကို ဖွင့်မပြောသေး။ လှိုင်ထိပ်ထားဦးကလည်း ဘာမှမသိသေးသလို နေနေတယ်။

တကယ်တော့ ဒီအသိုက်အဝန်းမှာ ခုလို တွဲတွဲသွားသွား ရှိရုံနဲ့ သမီးရည်းစားပါလို့ ရိုးစွပ်လို့ မရနိုင်သေးပေဘူး။ ခိုင်မာတဲ့ မိတ်ဆွေ သူငယ်ချင်းတွေ၊ တစ်ယောက်နဲ့တစ်ယောက် လေ့လာအကဲခတ်နေဆဲဖြစ်တဲ့ လူတွေလို့သာ ဆိုနိုင်တယ်။

နှုတ်အားဖြင့် ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ ဖွင့်ဟအသိပေးပြီးမှ တရားဝင်နိုင်တယ်။ လုပ်ငန်းစကားနဲ့ ပြောရရင်တော့ “အတွင်းသတင်းအရတော့ သိရပြီ၊ တရားဝင်စာတော့ မထွက်သေးဘူး” ဆိုတာမျိုးပေါ့။ လုပ်ထုံးလုပ်နည်းအရ ဘောင်ဝင်အောင် ချစ်ထွတ်တင်အနေနဲ့ လျှောက်လွှာလေးတစ်စောင်တော့ တင်ရမှာပေါ့လေ။

ချစ်ထွတ်တင်အနေနဲ့ ဖွင့်ပြောမယ်ဆိုရင် အချိန်မရွေး ပြောဖို့ အခွင့်အရေးရှိနေတယ်။ ပြောဖို့ အားမွေးနေစရာလဲ မလို။ ပြောရဲတယ်။ ဒါပြောတာများဘာခက်လို့လဲ။

သို့ပေမယ့် ချစ်ထွတ်တင်ရဲ့ ထုံးစံအတိုင်း သမားရိုးကျ မဖြစ်ချင်ဘူး။ နည်းနည်းလေးဖြစ်ဖြစ် ထူးထူးခြားခြားလေး လုပ်ချင်တယ်။ ဒါကြောင့် အချက်ပေါ်အောင် စောင့်နေတာပဲ။

ဒီနေ့လဲ ထုံးစံအတိုင်းပဲ။ စားသောက်ဆိုင်မှာ နို့သစ်ခွတစ်ခွက်သောက်ရင်းထိုင်နေတယ်။ လှိုင်ထိပ်ထားဦးကို စောင့်နေတာလို့ ဆိုရင်လည်း ရပါတယ်။

လှိုင်ထိပ်ထားဦးနဲ့ စကားပြောရတာ ပျော်စရာတော့ အကောင်းသား။ တစ်ယောက်နဲ့ တစ်ယောက် တစ်ခါတစ်ခါ ရိလိုက်ကြ၊ အစွန်းထွက်တဲ့ စကားမျိုးလေးတွေ ပြောလိုက်ကြ၊ ရယ်စရာ မောစရာလေးတွေ ပြောလိုက်ကြနဲ့။ ဘာနဲ့တူသလဲဆိုတော့ ဟိုးရှေးခေတ်က ရွာတွေမှာ အပျိုနဲ့ လူပျို စကားထာဝှက်နေကြတာလိုပဲ။

နို့သစ်ခွ တစ်ဝက်လောက်ကုန်တော့ ခံတွင်း ချဉ်လာတယ်။ စီးကရက်တစ်လိပ် ထုတ်တယ်။ မီးညှိမလို့ မီးခြစ်ကြည့်တော့ မရဘူး။ ဂက်စ်ကုန်သွားပြီထင်တယ်။

မီးညှိဖို့ ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ဟိုဘက်စားပွဲမှာ ထိုင်နေတဲ့ လူတစ်ယောက်တွေ့တယ်။ စီးကရက် သောက်နေတယ်။

ကျောင်းသားတော့ ဟုတ်ဟန်မတူ။ အသက် သုံးဆယ်ကျော်လောက်ရှိပြီ။ ဝတ်စားထားပုံက သပ်သပ်ရပ်ရပ် သားသားနားနားပဲ။ လည်ကတုံး အင်္ကျီ အဖြူကို လည်ပင်းကြယ်သီးပါ တပ်ထားတယ်။ တိုက်ပုံအင်္ကျီမီးခိုးနုရောင်က ခေါက်ရိုးကျ။ ရခိုင်လုံချည် နက်ပြာရောင်က အသစ်စက်စက် ထင်တယ်။

ဒါဆို ဆရာလည်း မဟုတ်နိုင်ဘူး။ ကျောင်းက ဆရာတွေဟာ စာသင်ဖို့လာတဲ့အခါ မင်္ဂလာဆောင်သွားသလိုမျိုးတော့ ဝတ်မလာတတ်ကြပါဘူး။ ဝတ်လာတယ်ဆိုရင်တောင် ခုလိုအချိန်မှာ ဒီလောက်ထိ သပ်သပ်ရပ်ရပ် ဖြစ်မနေနိုင်တော့ဘူး။ ဘာကြောင့်ဆို စာသင်ရတာ သိပ်ပင်ပန်းတယ် မဟုတ်လား။

နောက်ပြီး ကျောင်းက ဆရာတွေဟာ စားသောက်ဆိုင်မှာ ထိုင်နေကျပဲ။ ခပ်အေးအေး သက်တောင့်သက်သာ ထိုင်မှာပေါ့။ ဒီလူကတော့ ထိုင်နေပုံက တောင့်တောင့်ကြီး။ စားသောက်ဆိုင်က ထိုင်ခုံနဲ့ နေသားကျမနေတဲ့ ပုံမျိုး။ ဒီပတ်ဝန်းကျင်နဲ့ သိပ်မထိတွေ့ဖူးတဲ့လူမှန်း သိသာတယ်။

ထားပါတော့လေ။ ကိုယ်နဲ့မှ မဆိုင်တာ။ ဘာလို့ စိတ်ဝင်စားနေရမှာလဲ။ ခုချိန်မှာစိတ်ဝင်စားရမှာက သူ့ရှေ့ကစားပွဲပေါ်မှာ တင်ထားတဲ့ ရွှေရောင်ခါတင်ငွေ့ မီးခြစ်ကလေး မဟုတ်လား။

သူ့ဆီထသွားပြီး . . .

"မီးတစ်တို့လောက်" လို့ပြောလိုက်တယ်။

သူက . . .

"ဩော် ရပါတယ်ခင်ဗျ" လို့ ယဉ်ကျေးစွာပြောပြီး သူကိုယ်တိုင်ပဲ မီးခြစ်ခြစ်ပေးတယ်။

ချစ်ထွတ်တင်က စီးကရက်မီးညှိရင်း သူ့ကို အကဲခတ်လိုက်တယ်။ ရုပ်ကတော့ တော်တော်သန့်တဲ့လူပဲ။ ဆံပင်ကို သပ်သပ်ရပ်ရပ် ညှပ်ထားလို့လည်း ပိုပြီး သားနားနေတာနဲ့ တူပါရဲ့။

"သင့်ခယူ" လို့ ပြောပြီး ကိုယ့်နေရာကိုယ် ပြန်ထိုင်တယ်။

ပြီးတော့ ပျင်းပျင်းရှိတာနဲ့ စီးကရက်မီးခိုးတွေကို စက္ကူပိုက်ထဲကနေ နို့သစ်ခွရည်ထဲကို မှုတ်ထည့်လိုက်တယ်။ မီးခိုးတွေဟာ နို့သစ်ခွရည်ထဲကနေ တလူလူ အူပြီး ထွက်နေတယ်။

ခဏအကြာမှာ စားသောက်ဆိုင်ဆီသို့ လျှောက်လာနေတဲ့ လှိုင်ထိပ်ထားဦးကို လှမ်းမြင်ရတယ်။ သူကလည်း ချစ်ထွတ်တင်ကိုမြင်တော့ ပြုံးပြပြီး နှုတ်ဆက်တယ်။

ဒီအချိန်မှာပဲ ဟိုဘက်စားပွဲမှာ ထိုင်နေတဲ့လူက ထရပ်လိုက်တယ်။ လှိုင်ထိပ်ထားဦးက ခုမှ သူ့ကို မြင်သွားပြီး . . .

"ဟယ် . . . ကိုကိုကြီး" လို့ ဝမ်းသာအားရ နှုတ်ဆက်တယ်။

သူ့နားမှာ သွားရပ်ပြီး . . .

"ဘယ်တုန်းက ရန်ကုန်ပြန်ရောက်သလဲ"

"ညကပဲ ဒီမနက် အိမ်ရောက်တော့ ကျောင်းသွားပြီဆိုလို့ လိုက်လာခဲ့တာ"

"ကိုကိုကြီးက မကောင်းဘူးသိလား၊ ညကရောက်တာ ဘာလို့ ချက်ချင်း မလာသလဲ"

"နည်းနည်း ညဥ့်နက်နေလို့ပါ။ ဖုန်းတောင် ဆက်ဦးမလို့ အားနာလို့"

"ထိပ်ထားဖို့ ဘာပါသလဲ"

"ပါတာပေါ့၊ ဘယ်တုန်းက မေ့ဖူးလို့လဲ၊ အိမ်မှာ ပေးထားခဲ့တယ်"

"ဟင် ဒီကိုယူလာခဲ့ ပြီးရော၊ တစ်ခါတည်း ကြည့်ရတာပေါ့"

လှိုင်ထိပ်ထားဦးက ကလေးဆိုးတစ်ယောက် ဟန်ပန်မျိုးနဲ့ ပြောလိုက်တယ်။ တမင် အဲဒီလို လုပ်နေသလိုပဲ။ ပြောနေရင်းကလည်း ချစ်ထွတ်တင်ဘက် တစ်ချက်ကြည့်တယ်။

ချစ်ထွတ်တင်က စီးကရက်သောက်ရင်း ခပ်အေးအေးပဲ ထိုင်နေတယ်။

"အတော်ပဲ ကိုကိုကြီးရောက် လာတာနဲ့၊ လာ" ဆိုပြီး လှိုင်ထိပ်ထားဦးက ဟိုလူကြီးကို ချစ်ထွတ်တင်ထိုင်နေတဲ့ စားပွဲဆီခေါ်လာတယ်။ ထိုမိကြပြီးတဲ့နောက် . . .

"ဒါက ချစ်ထွတ်တင်တဲ့၊ ထိပ်ထားတို့ သူငယ်ချင်းပဲ၊ အိုင်စီဖိုင်နယ်က"

ချစ်ထွတ်တင်က ပြုံးပြတယ်။

"ဒါက ဦးမောင်မောင်ကိုကြီး တို့နဲ့ဆို ကာစင်တော်တာပေါ့၊ အင်မီဂရေးရှင်း အော်ဖစ်ဆာလေ"

ဦးမောင်မောင်ကိုကြီးက လက်ကမ်းပေးတယ်။ ချစ်ထွတ်တင်က လက်ဆွဲ နှုတ်ဆက်ပြီး . . .

"ကျွန်တော့်ကိုလည်း ညီတစ်ယောက်လို သဘောထားပြီး ဆုံးမစရာရှိရင် ဆုံးမနိုင်ပါတယ်" လို့ ပြောလိုက်တယ်။

ဦးမောင်မောင်ကိုကြီးက . . .

"ဟာ၊ ထားလေးရဲ့ သူငယ်ချင်းကို ကိုယ့်သူငယ်ချင်းလိုပဲ သဘောထားပါ တယ်"

အလို ထားလေးဆိုပါလား။ အင်း . . . မောင်နှမဝမ်းကွဲဆိုပေမယ့် အတော်ကြံဖန်ပြီး စပ်ယှူမှ တော်မယ့် ဝမ်းကွဲမျိုးထင်ပါရဲ့။

"ကိုကိုကြီးက တနင်္သာရီတိုင်းမှာ တာဝန်ကျနေတာလေ"

လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ကို ပြောပြီး ဦးမောင်မောင်ကိုကြီးဘက် လှည့်ပြောပြန်တယ်။

"ဒါနဲ့ ကိုကိုကြီး ဒီတစ်ခေါက်လာတာ ခွင့်နဲ့လား၊ တာဝန်နဲ့လား"

"တာဝန်နဲ့ ဆိုပါတော့"

"ရန်ကုန်မှာ ဘယ်လောက်ကြာမှာလဲဟင်"

"တစ်လ၊ နှစ်လ ကြာမလား မဆိုနိုင်ဘူး"

"ဒါဆို ဒီတစ်ခေါက် အကြာကြီး နေရမှာပေါ့"

"ဟုတ်တယ်၊ ပြီးရင်လည်း ဟိုကိုပြန်ရဦးမှာ မဟုတ်သေးဘူး၊ စကင်ဒီနေဗီးယန်းနိုင်ငံတွေဘက် သွားရင်သွားရဦးမယ်"

"ဟယ် ဟုတ်လား၊ ဘယ်နှစ်နိုင်ငံလဲ၊ ဘယ်လောက်ကြာမှာလဲ"

"အားလုံး ငါးနိုင်ငံ လှည့်သွားရမှာပဲ၊ သုံးလလောက် ကြာမယ်"

"ဟာ စားသာတာပေါ့၊ ပြန်ရင် ကားပါလာမှာပဲ"

ဦးမောင်မောင်ကိုကြီးက ခပ်မိန့်မိန့် ပြုံးပြီး . . .

"ကားပါလာဖို့က အဓိက မဟုတ်ပါဘူး ထားလေးရယ်၊ လေ့လာစရာ မှတ်သားစရာတွေ ဗဟုသုတတွေကိုသာ အမိအရ ယူခဲ့ဖို့ အရေးကြီးတာပါ" လို့ ပြောတယ်။

"သိပ်မှန်တဲ့စကားပေါ့ ခင်ဗျာ"

ချစ်ထွတ်တင်က ဝင်ပြောလိုက်တယ်။ ဦးမောင်မောင်ကိုကြီး အားတက်သွားပြီး 'ဒီလိုရှိတယ်လေ' လို့ ဆက်ပြောမယ်အလုပ်မှာ လှိုင်ထိပ်ထားဦးက ဖြတ်ပြီး . . .

"ကားပါတာ မပါတာထက် ထိပ်ထားအတွက် ပါဖျာန်းကောင်းကောင်းပါဖို့ပဲ အရေးကြီးတယ်"

ဦးမောင်မောင်ကိုကြီး ပြောမယ့် စကားမျိုးတွေကို လှိုင်ထိပ်ထားဦး မသိနား မလည်ပဲ နေပါ့မလား။ တက္ကသိုလ်မှာပဲ နောက်ဆုံးနှစ် ရောက်နေပြီဟာ။ သို့ပေမယ့် တမင်တကာ လျှောက်လုပ်နေတာ။ ချစ်ထွတ်တင်ကိုပဲ ရိနေတာလား၊ ဦးမောင်မောင်ကိုကြီးကိုပဲ နောက်နေတာလားဆိုတာတော့ လှိုင်ထိပ်ထားဦးကိုယ်တိုင်မှ သိမှာပဲ။

"ကဲ စကားတွေချည်ပြောနေကြတယ်၊ ဧည့်သည်ကို တစ်ခုခု ကျွေးကြဦးမှပေါ့" ချစ်ထွတ်တင်က ပြောလိုက်တယ်။

ဧည့်သည်ဆိုတဲ့ စကားလုံးကိုတော့ တမင်ရွေးပြီး သုံးထည့်လိုက်တာတော့ မဟုတ်။ သို့ပေမယ့် ဒီစကားလုံးက ဦးမောင်မောင်ကိုကြီးကိုတော့ နည်းနည်းထိသွားတယ်။ ဒီနေရာမှာ သူဟာ ဧည့်သည်ပါလားလို့ သတိရသွားတယ်။ ရုတ်တရက် မနေတတ်၊ မထိုင်တတ်သလို ဖြစ်သွားတယ်။

ဒါကို လှိုင်ထိပ်ထားဦးက ရိပ်မိလိုက်တယ်။ ဒီနေ့ စကားဝိုင်း အဆုံးသတ်ချိန်မှာ ဦးမောင်မောင်ကိုကြီးနဲ့ ချစ်ထွတ်တင် ဘယ်သူ့ကို အနိုင်ပေးရပါ့မလဲလို့ စဉ်းစားကြည့်တယ်။

ဒီအတိုင်း ထားလိုက်တာ ကောင်းပါတယ်လေ။

*

ဘာသဘောလဲ။

မြန်မြန်ဖွင့်ပြောရင်ပြော၊ မပြောရင် ဟိုတစ်ယောက် ဦးသွားမယ်နော်လို့ သတိပေးလိုက်တာလား။

သို့တည်းမဟုတ်။

ပိုင်ရှင်ရှိသည်၊ မကျူးကျော်ရလို့ ဆိုလိုတာလား။

တစ်ခုမှ မဖြစ်နိုင်ဘူး။ ဦးမောင်မောင်ကိုကြီး ရောက်လာမှာကို လှိုင်ထိပ်ထားဦးအနေနဲ့ ကြိုတင်သိနိုင်တာမှမဟုတ်ပဲ။ တစ်ခုတော့ချီးကျူးဖို့ကောင်းတယ်။ သူဟာ ကြုံလာတဲ့အခြေအနေကို အသုံးချပြီး အကွက်ဆင်သွားနိုင်တယ်။

ယောကျ်ားသားနှစ်ယောက်ကို ထိပ်တိုက် ဆုံးတွေ့ပေးပြီး ပညာစွမ်းပြိုင်ခိုင်းဖို့ ကြိုးစားတယ်။

သို့ပေမယ့် ချစ်ထွတ်တင်ရော ဦးမောင်မောင်ကိုကြီးရော နှစ်ယောက်စလုံးက နင်လားငါလား အစွမ်းကုန် ပညာမပြိုင်ခဲ့ကြပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် အကဲခတ်ကြည့်ရုံလောက်ပဲ။

ဦးမောင်မောင်ကိုကြီး၊ အဲ . . . ထားပါတော့၊ ကိုကိုကြီးလို့ပဲ။ ကိုကိုကြီး ဟာ လှိုင်ထိပ်ထားဦးကို စိတ်ဝင်စားနေတာတော့ ကျိန်းသေတယ်။ သူက ဖွင့် ပြောပြီးပြီလား၊ မပြောရသေးဘူးလား ဆိုတာတော့ မသေချာ။

ခန့်မှန်းကြည့်ရတာတော့ ပြောရသေးတဲ့ပုံ မပေါ်ဘူး။ အဖြစ်နိုင်ဆုံးက စိတ် ဝင်စားနေကြောင်း မျက်နှာရိပ် မျက်နှာကဲနဲ့ ဖြစ်စေ၊ သာမန်ထက်ပိုပြီး ဂရုစိုက်ပြ တဲ့ နည်းနဲ့ဖြစ်စေ ပြမယ်။

နောက်ပြီး ဆွေမျိုးနီးစပ်လည်း တော်တယ်၊ အိမ်ကို အဝင်အထွက်လည်း ရှိတယ်ဆိုတော့ လူကြီးမိဘတွေ မျက်စိကျအောင် တစ်ဖက်က နေပြမယ်။

လူကြီးချင်း သဘောတူလို့ အရိပ်အမြွက်လောက် ပြောထားပြီးသာလည်း ဖြစ်နိုင်တယ်။ လှိုင်ထိပ်ထားဦးတို့ မိဘတွေက ကိုကိုကြီးကို မျက်စိကျနေပြီလို့ တွက်ထားရင်တောင် မမှားနိုင်ဘူး။

ဘာပဲဖြစ်ဖြစ်လေ။

ပြိုင်ဘက်တစ်ယောက်တော့ ရှိလာခဲ့ပြီ။ နည်းနည်းတော့ စိုစိုပြည်ပြည် ရှိလာတာပေါ့၊ တစ်ယောက်တည်းဆိုရင် ပျင်းစရာကြီး။

ဟုတ်ပါ့။ တစ်ယောက်တည်း အပြေးပြိုင်လို့ မထမရတယ်ဆိုတာ ဘာမှ တန်ဖိုးမရှိဘူး။ တစ်ခုတော့ သတိထား၊ နှစ်ယောက်ပြိုင်တာ ဒုတိယဖြစ်မသွားဖို့ အရေးကြီးတယ်။

ခုဆို လှိုင်ထိပ်ထားဦးအနေနဲ့ တွက်နေတော့မယ်။ မကြာခင် အချိန်အတွင်း မှာ ချစ်ထွတ်တင်က ဖွင့်ပြောလာတော့မယ်ဆိုတာ။

ပြောတာတော့ ပြောရမှာပဲ။ ဘယ်တော့ပြောမလဲ၊ မထင်မှတ်တဲ့အချိန်မှာ ပြောရမယ်။ မထင်မှတ်တဲ့ အချိန်ဆိုတော့ ဘယ်အချိန်လဲ။

အခုပဲ။

အိပ်ရာဘေးက စားပွဲပုကလေးပေါ်မှာ တင်ထားတဲ့ တယ်လီဖုန်းကို ခဏ ကြာအောင် စိုက်ကြည့်နေတယ်။

ချစ်ထွတ်တင်ဟာ မိန်းကလေးတော်တော်များများနဲ့ တွဲခဲ့ပါတယ်။ တွဲတယ်ဆိုတာကလည်း တွဲရုံသက်သက်ပါပဲ။ သူတို့ကိုယ်တိုင်က ချစ်ထွတ်တင်နဲ့ တွဲချင်လို့ လာတွဲကြတာပဲ။ စားသောက်ဆိုင် တစ်ခုခုမှာ လိုက်ကျွေးတာ၊ တခါတလေ ရုပ်ရှင်လေးဘာလေး လိုက်ပြတာ။ ဒီလောက်ပဲ။ ဒီ့ထက် မပိုဘူး။

ချစ်ထွတ်တင်ရဲ့ တသက်တာမှာ ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့တော့ ဖွင့်မပြောဖူးဘူး။ ပြောလို့လဲ မဖြစ်ဘူးလေ။ သူတို့က ချစ်ထွတ်တင် ဘယ်တော့ ချစ်တယ်လို့ ပြောပါ့မလဲလို့ မျှော်လင့်စောင့်စားနေကြတာ မဟုတ်လား။ ပြောလိုက်မိပြီဆိုတာနဲ့ တရားဝင်ဖြစ်သွားပြီး ခွာထုတ်လို့ရမှာ မဟုတ်တော့ဘူး။ အတင်း တွယ်ကပ်ထားကြတော့မှာပဲ။

ဒါကြောင့် မိန်းကလေးတစ်ယောက်ကို ကြာကြာ တွဲမနေရဲဘူး။ အကြောင်း တစ်ခုခုရှာပြီး ရှောင်ရတာချည်းပဲ။ ချစ်ထွတ်တင်က သူတို့ကို အပျော်သဘော တွဲတယ်ဆိုပေမယ့် စည်းကမ်းတော့ထားတယ်။ သူတို့ကို နစ်နာအောင်မလုပ်ဘူး။ လွန်လွန်ကျူးကျူး မဖြစ်အောင် တင်းတင်းကျပ်ကျပ် သတိထားတယ်။

ခုတော့ . . .

ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ တစ်သက်မှာ ပထမဆုံးအကြိမ် မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောရတော့မယ်။ ရင်တွေ ခုန်နေသလား။ ခြေဖျား လက်ဖျားတွေ အေးနေသလား။

ဘာမှမဖြစ်ဘူးလို့ ထင်တာပဲ။ တစ်ခုတော့ရှိတယ်၊ ဆိုင်ကယ်အစီး သင်ခါစ တုန်းကလို စိတ်နည်းနည်း လှုပ်ရှားတာလောက်ပဲ။

တယ်လီဖုန်းနံပတ် ခလုတ်လေးတွေကို နှိပ်လိုက်သည်။ သံတို သံရှည် မြည်သံကြားရတယ်။ တစ်ဘက်က ဖုန်းကိုင်တယ်။

“ဟယ်လို”

မိန်းကလေး ခပ်ငယ်ငယ်တစ်ယောက်ရဲ့ အသံ။ ခပ်တိုးတိုး ခပ်တုန်တုန်။ အိမ်ဖော်မိန်းကလေး ဖြစ်မယ်။

“ထိပ်ထားကို ခေါ်ပေးစမ်းဟေ့” လို့ ခပ်တည်တည် ပြောလိုက်တယ်။

ကောင်မလေးက . . .

“သြော် . . . ဟုတ် . . . ဟုတ်ကဲ့၊ ခဏကိုင်ထားပါနော်”

ခဏအကြာမှာ “ဘယ်သူတဲ့လဲ” လို့ မေးတဲ့အသံ၊ “ဘယ်သူလို့တော့ မပြောဘူးမမ၊ ကိုကိုကြီး ထင်တာပဲ” လို့ ပြန်ဖြေတဲ့အသံတွေက တယ်လီဖုန်းလိုင်းထဲ ဝင်လာတာ ကြားရတယ်။

သြော် . . . ကိုကိုကြီးဆိုတဲ့ လူကလည်း ဖုန်းဆက်နေတယ် ထင်ပါရဲ့။ အကြံတူများ ဖြစ်နေမလား မသိ။

“ဟဲလို . . . အမိန့်ရှိပါရှင်”

တယ်လီဖုန်းထဲမှာ သူ့အသံက ကောင်းသားပဲ။

“ထိပ်ထားလား”

“ဟုတ်ပါတယ်၊ ဘယ်သူပါလိမ့်”

“ချစ်ထွတ်တင်ပါ”

အံ့သြသွားမလား မသိ။ ခဏလေး ဆိုင်းငံ့သွားပြီးမှ . . .

“ပြောစရာလေး ရှိလို့ပါ”

“ဘာများပါလိမ့်”

“နက်ဖြန် ကျောင်းတက်မယ် မဟုတ်လား”

“တက်မှာပေါ့”

“ဒါဆို မနက်ကျရင် ကျွန်တော် သစ်ပုပ်ပင်နားက စောင့်နေမယ်၊ ပြောစရာ ရှိလို့”

“ပြောစရာ၊ အရေးကြီးလို့လား”

“ဒီလိုပါ မနက်ဖြန်မနက်ကျရင် လှိုင်ထိပ်ထားဦးကို ကျွန်တော် စိတ်ဝင်စားနေတဲ့အကြောင်း ဖွင့်ပြောတော့မလို့လေ၊ ဒါကြောင့် ဆက်ဆက်လာစေချင်တယ်” လို့ပြောပြီး ဖုန်းပြန်ချလိုက်တယ်။

ကဲ . . . ဘယ်လောက်ကောင်းသလဲ။ သိပ်လှပတဲ့ စစ်ဆင်ရေးတစ်ခုပေါ့။ လှိုင်ထိပ်ထားဦး အငိုက်မိသွားမှာ သေချာတယ်၊ အိပ်ယာပေါ် ပြန်လှဲချပြီး အောင်မြင်စွာ ပြုံးလိုက်တယ်။

*

ပြောလည်း ပြောပြီးပြီ။ သိပ်လည်း သိသွားပြီ။ သို့ပေမယ့် ကိစ္စက မပြီးသေး။ မနေ့ညက ဖုန်းထဲမှာ ပြောခဲ့တာက လှိုင်ထိပ်ထားဦးကို စိတ်ဝင်စားနေတဲ့ အကြောင်း ဒီနေ့ ဖွင့်ပြောမယ်လို့ ပြောခဲ့တာပဲ။ လှိုင်ထိပ်ထားဦးအနေနဲ့ ဘာပြောမယ်ဆိုတာ သိပြီးဖြစ်ပေမယ့် လုပ်ငန်းသဘောအရတော့ ဒီနေ့ကျမှ တကယ်ပြောပြီး အတည်ပြုမှာ။

ချစ်ထွတ်တင်တို့ လုပ်လိုက်ရင် နည်းနည်းတော့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားတတ်တာချည်း။ ဒါကလည်း ဝါသနာပဲလေ။ သမာရိုးကျ မဟုတ်ပဲ နည်းနည်းဖြစ်ဖြစ် ထူးထူးခြားခြားလေး ဖြစ်ချင်တာကို။

နောက်တစ်ချက်က ဒီနေ့ ရည်းစားစကား ပြောမယ်လို့ လှိုင်ထိပ်ထားဦးကို ကြိုတင် အသိပေးထားပြီးပြီ။ စိန်ခေါ်လိုက်တဲ့ သဘောပေါ့။ လာမလား၊ မလာဘူးလား။ လာရဲသလား၊ မလာရဲဘူးလား။

အဓိပတိလမ်းပေါ်မှာ မောင်းလာတဲ့ ရွှေရောင် ဗော်လ်ဗိုကားလေး မြင်ရတယ်။ ဒီဘက်ကို ချိုးကွေ့ဝင်လာတယ်။ အစိမ်းရောင်မှန်တွေ အားလုံး ပိတ်ထားလို့ အထဲကိုတော့ မမြင်ရ။ ကားက သိပ္ပံဆောင် ဆင်ဝင်အောက်ကျမှ သွားရပ်တယ်။

တံခါးဖွင့်တယ်၊ လှိုင်ထိပ်ထားဦး ဆင်းလာတယ်။ ဒီဘက်ကို တစ်ချက်ကလေးတောင် မကြည့်ဘဲ သိပ္ပံဆောင်ထဲ ဝင်သွားတယ်။ သွားပြီ သူမလာရဲတော့ဘူး။

သူ့နောက်ကို လိုက်မယ်လို့ ဆုံးဖြတ်ပြီး ထထွက်လာခဲ့တယ်။ ဆင်ဝင်အောက်ကိုရောက်လို့ လှေကားထစ်ပေါ် ခြေတစ်လှမ်း တက်မိတဲ့အချိန်မှာပဲ

အဆောင်ထဲက ပြန်ထွက်လာတဲ့ လှိုင်ထိပ်ထားဦးကို တွေ့ရတယ်။ ပြုံးပြီး နှုတ်ဆက်တယ်။

"ကျွန်တော်က မလာတော့ဘူး မှတ်နေတာ" လို့ ချစ်ထွတ်တင်က ပြောတယ်။

"ဟုတ်တယ်၊ မေ့သွားလို့ လမ်းကျမှ သတိရတာနဲ့ ပြန်လှည့်လာခဲ့တာ"

လှိုင်ထိပ်ထားဦးကို ချစ်ထွတ်တင် အမှတ်တစ်မှတ် ပေးလိုက်သည်။ သူ မဆိုးဘူး။ မနေ့ညက ပြောခဲ့တဲ့ကိစ္စကို ဘာမှအရေးမကြီးသလို ဖြစ်သွားအောင် သူလုပ်နိုင်တယ်။

"တစ်နေရာရာမှာ ထိုင်မလား"

ချစ်ထွတ်တင်က မေးတယ်။

"သဘောပဲလေ"

"လမ်းလျှောက်ရင်း စကားပြောကြရအောင်"

"ကောင်းသားပဲ"

အင်းလျားလမ်းဘက်ကို ထွက်လာခဲ့ကြတယ်။ အချိန်က စောသေးလို့ နေမပူလှသေးဘူး။ ကုံကော်ပင်တွေပေါ်မှာတော့ မနက်မိုးမလင်းခင်ကတည်းက လာခူးသွားကြလို့ ကုံကော်ပန်း တစ်ပွင့်မှ မရှိတော့။

"ကျွန်တော် အစကနေ ပြန်ပြောမယ်နော်"

ချစ်ထွတ်တင် စကားစတယ်။ လှိုင်ထိပ်ထားဦးက ဘာမျှပြန်မပြော။ နားထောင်နေပါတယ် ဆိုတဲ့သဘော ဟန်အမူအယာပဲ ပြတယ်။

ထိပ်ထားဦးကို ကိုယ်စိတ်ဝင်စားနေခဲ့တာ ကြာပါပြီ။ ဝင်းစန္ဒီရဲ့ မွေးနေ့ပွဲက တည်းကပါပဲ၊ ဖွင့်ပြောမယ်၊ ဖွင့်ပြောမယ်နဲ့ မကြာခဏ စိတ်ကူးခဲ့ပေမယ့် မပြော ဖြစ်ခဲ့ဘူး၊ ထိပ်ထား စိတ်ဆိုးသွားမှာကို သိပ်စိုးရိမ်တယ်လေ"

ချစ်ထွတ်တင်က တကယ့်ကို ကျကျနန ပြောနေတယ်။ လှိုင်ထိပ်ထားဦးက လည်း မှင်သေသေနဲ့ ခေါင်းကလေးငုံ့ပြီး နားထောင်နေတယ်။

"ကိုယ်ပြောတဲ့ စကားတွေက ထပ်ထားရဲ့ စိတ်ကို အနှောက်အယှက် ဖြစ် စေတယ်ဆိုရင် အနူးအညွတ် တောင်းပန်ပါတယ်၊ ဒါပေမယ့်လေ ကိုယ့်အပေါ်

ပစ်ပစ်ခါခါ လုပ်လိမ့်မယ်လို့ မထင်ပါဘူး၊ လက်ခံစဉ်းစားပြီး တုံ့ပြန်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကိုယ့်အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ သိပါရစေလား"

လှိုင်ထိပ်ထားဦးက သက်ပြင်းကလေး တစ်ချက်ချပြီး

"တို့ ခုချိန်မှာ အဲဒါတွေ မစဉ်းစားချင်သေးဘူး၊ ပညာသင်နေတဲ့ အချိန်မှာ တခြား ကိစ္စတွေကို ရှောင်သင့်တယ် ထင်တယ်"

အလို့၊ သူကလည်း တော်တော်လာပါလားလို့ ချစ်ထွတ်တင် တွေးမိတယ်။

ဘာနဲ့ အလားသဏ္ဍာန် တူနေသလဲဆိုတော့ ရုပ်ရှင်ရိုက်နေတာလိုပဲ။ မင်းသားနဲ့ မင်းသမီးတို့ဟာ ဒီဇာတ်ဝင်ခန်းမှာ သူက ဘာပြောပြီး ကိုယ်က ဘာပြန်ပြောရမယ်ဆိုတာ ဇာတ်ညွှန်းကို ကြိုဖတ်ထားလို့ သိနေပြီးသား။ သို့ပေမယ့် တကယ်ရိုက်တဲ့အခါကျတော့ သရုပ်ပါအောင် လုပ်ဆောင်ကြရတယ်မဟုတ်လား။

ခုလည်း ဒီသဘောပဲ။ တစ်ခုတော့ရှိတယ်။ ချစ်ထွတ်တင်ဟာ ပြောရင်းပြောရင်းက ကိုယ်ပြောနေတဲ့ စကားတွေအပေါ်မှာ တကယ် စျာန်ဝင်လာသလိုပဲ။

ဒါကလည်း ဖြစ်နိုင်ပါတယ်။ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေတောင် တစ်ခါတစ်ခါကျရင် ကိုယ် သရုပ်ဆောင်နေတဲ့ ဇာတ်ရုပ်အတိုင်း တကယ်ဖြစ်နေတယ်လို့ စိတ်စွဲသွားတတ်ကြသေးတာပဲ။

အဲ . . . လှိုင်ထိပ်ထားဦးဟာ အမှန်တကယ်လည်း စိတ်ဝင်စားစရာကောင်းတယ်ဆိုတာကိုတော့ ချစ်ထွတ်တင်အနေနဲ့ ဝန်ခံရလိမ့်မယ်။

"ကိုယ် တစ်ခုတော့ မေးချင်တယ်၊ ထိပ်ထားမှာ ကိုယ့်ထက်ဦးတဲ့သူ တစ်ယောက်ယောက်များ ရှိနေသလား"

"ခုထိ တို့ ဘယ်သူ့ကိုမှ စိတ်မဝင်စားမိဖူးသေးဘူး"

"ကိုယ် အပါအဝင်ပေါ့"

"အားလုံးပဲပေါ့"

"ဘယ်သူ့ကိုမှ စိတ်မဝင်စားသေးဘူး ဆိုတာကိုက ကိုယ့်အတွက် အားတက်စရာပဲလို့ ယူဆရမှာပေါ့လေ။ တစ်ခုတော့ တောင်းပန်ချင်တယ်။ အခုဆိုရင်

ကျောင်းပိတ်ဖို့ သိပ်မလိုတော့ဘူးနော်။ ကျောင်းမပိတ်ခင် ကိုယ့်ကို အဖြေမပေးနိုင်ဘူးလား”

“ဒီကိစ္စဟာ ဆိုင်ကယ်အရောင်းအဝယ် လုပ်နေတာလို့များ ထင်နေသလား၊ ဒီလောက် အချိန်ကလေး အတွင်းမှာ ဘယ်လို ဆုံးဖြတ်နိုင်မလဲ”

“ကြိုက်ဈေးပေးနိုင်ရင်တော့ ရပါတယ်”

လှိုင်ထိပ်ထားဦး ဆတ်ကနဲ လှည့်ကြည့်တယ်။

“ကြိုက်ဈေး ဟုတ်လား၊ ဒါဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အရာပဲ၊ ဘယ်လိုလုပ်ကြိုက်ဈေးပေးမလဲ”

“တန်ဖိုးမဖြတ်နိုင်တဲ့ အရာကို တန်ဖိုးမဖြတ်နိုင်တဲ့ ကြိုက်ဈေးကို ပေးရမှာပေါ့။ နှလုံးသားနဲ့ လဲမယ်လေ”

လှိုင်ထိပ်ထားဦး ပြုံးလိုက်တယ်။ ပြီးတော့ . . .

“ယူပေးတဲ့ ဈေးနှုန်းက မဆိုးပါဘူး၊ သင့်ပါတယ်၊ တို့ စဉ်းစားကြည့်ဦးမယ်လေ၊ ကျောင်းပြန်ဖွင့်တဲ့အခါကျတော့ ဆွေးနွေးကြည့်ကြသေးတာပေါ့။ တစ်ခုတော့ရှိတယ်။ ယူ့အနေနဲ့ ခုပေးထားတဲ့ဈေးနှုန်းထက် တိုးပေးနိုင်ဦးမှာလား”

“သြော် . . . ထိပ်ထားရယ်၊ နွားတစ်ကောင်လုံးဝယ်မှတော့ နဖားကြိုးအဆစ်တောင်းနေစရာ လိုသေးလို့လား”

လှိုင်ထိပ်ထားဦး ရယ်တယ်။

ချစ်ထွတ်တင်က ‘ခဏလေး’ ဆိုပြီး လက်ပတ်နာရီက ခလုတ်ကလေးကို နှိပ်နေတယ်။

“ဘာလုပ်တာလဲ” လှိုင်ထိပ်ထားဦးမေးတယ်။

“ကျောင်းပိတ်ရက်တွေ မြန်မြန်ကုန်သွားအောင် နာရီကို ရွှေ့နေတာလေ” ချစ်ထွတ်တင်က ပြန်ဖြေတယ်။

ကံ့ကော်ပင်တွေပေါ်မှာ အပွင့်တွေ မရှိတော့ပေမယ့် အနံ့ကတော့ ကျန်နေခဲ့တုန်းပဲ။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

ချစ်သူတို့ကို ကွဲသွားစေသည့် အကြောင်းများတွင် ကျောင်းပိတ်ရက်များသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။

ကျောင်းပိတ်ရက်တွေမှာလည်း နွေရာသီကျောင်းပိတ်ရက်သည် အဆိုးဆုံးဖြစ်သည်။ ရက်ရှည်ကြာရသည့်အထဲ ရာသီဥတုကလည်း ပူပြင်းခြောက်သွေ့လိုက်သေးသည်။

လွမ်းရတာချင်းတူတူ ဆောင်းနှင့်မိုးတို့မှာ နည်းနည်းသက်သာလိမ့်မည်ထင်သည်။ မိုးဆိုလျှင် တစိမ့်စိမ့် လွမ်းလို့ရသည်။ ဆောင်းဆိုလျှင်လည်း လွမ်းရသည့်တိုင် အေးအေးချမ်းချမ်း ရှိပေလိမ့်ဦးမည်။

နွေကား ရှိရင်းစွဲ အလွမ်းကို ပိုမိုတိုးပွားစေသည်။ နေ့တာရှည်သဖြင့် ရက်တစ်ရက်သည် ကုန်ခဲ့လှ၏။ ထို့ကြောင့် လွမ်းရသည့်ကာလ ပိုကြာသည်ဟု ထင်ရသည်။ ပြီးတော့ အပူကြောင့် ကျယ်ပြန့်ခြင်းဟူသော နိယာမအရ အလွမ်း၏ထုထည်သည် အပူကြောင့် ကြီးမား၍ လာလေတော့သည်။

အောင်စိုးသည် ကျောင်းပိတ်ရက်များအတွင်း အေးအေးဝင်းကို သတိရလွမ်းဆွတ်နေသော်လည်း စိတ်ကသာ လွမ်းနိုင်သည်။ ကိုယ်ခန္ဓာတော့ ပျင်းရိငြီးငွေ့မနေနိုင်ချေ။ အဖေ့အလုပ်ထဲမှာ အချိန်ပြည့် ဝင်ကူနေရသည်။

အဖေက သိပ်ခိုင်းချင်လှသည်တော့မဟုတ်။ သူက မနေနိုင်ဘဲ ဝင်လုပ်ခြင်းဖြစ်သည်။ ထို့ပြင် ခုနောက်ပိုင်း အဖေ့ကျမ်းမာရေးသည် ဒေါင်ဒေါင်မြည်မဟုတ်။ လူက သွားနိုင်လာနိုင် ရှိသော်လည်း နေပြင်းတာကြောင့်လားမသိ။ တစ်ခါ

တစ်ခါ မူးချင်သလို၊ မောချင်သလို ရှိသည်။ နေ့လယ် နေသိပ်ပြင်းချိန်ဆိုလျှင် အဖေ့ကို နားခိုင်းထားရ၏။

အဖေကတော့ 'ငါ ဘာမှမဖြစ်ပါဘူး' ဟူ၍သာ တွင်တွင်ပြောသည်။ အောင်စိုးက အတင်းနားခိုင်း ထားရ၏။

"အဖေက ဘာမှမဖြစ်ပါဘူးဆိုတော့ ဟုတ်တယ်၊ ဒါပေမယ့် အဖေ့ အသက်လည်း မငယ်တော့ဘူးနော်။ ကျွန်တော်လည်း ကျောင်းပိတ်တုန်း အလ ကားနေမယ့်တူတူ လုပ်ပါရစေ အဖေရယ်" ဟု ပြောထားရသည်။

တစ်ရက်တွင် အောင်စိုးတို့အိမ် မီးကင်း တာဝန်ကျသည်။ မစောင့်ချင်လျှင် အငှားစောင့်ပေးမည့်သူကို ခြောက်ကျပ်ပေးရမည်ဟု ဆိုသည်။ အောင်စိုးက သူ့ဘာသာ စောင့်မည်ဟု ပြောလိုက်သည်။

မီးကင်းစောင့်ရန် အိမ်လေးအိမ် တစ်အိမ်တစ်ယောက်နှုန်းဖြင့် လူလေး ယောက် စောင့်ရသည်။ နှစ်အိမ်က ကိုယ်တိုင် လာစောင့်ကြခြင်းဖြစ်ပြီး ကျန် နှစ်အိမ်က လူငှားစောင့်ခိုင်းသည်။

မီးကင်းစောင့်ရင်း ထွေရာလေးပါး စကားပြောကြရာမှ မီးကင်း အငှားစောင့် နှစ်ဦးက အောင်စိုးကို ခင်မင်သွားကြသည်။ သူတို့ထဲတွင် အောင်စိုးက တက္ကသိုလ်ကျောင်းသား ပညာတတ်ဖြစ်သည့်ပြင် စာဖတ်များသူလည်း ဖြစ် သဖြင့် ဗဟုသုတဖြစ်စရာ အကြောင်းအရာများ ပြောပြနိုင်သည်။ တက္ကသိုလ်ထဲ က အကြောင်းတွေလည်း ပြောပြသည်။

"ကိုအောင်စိုးနဲ့ တူတူစောင့်ရတာ ကောင်းတယ်ဗျာ။ ဗဟုသုတလည်း ရတယ်။ အပျင်းလည်း ပြေတယ်။ ကိုအောင်စိုးနဲ့ ညတိုင်း အတူတူ ကင်းစောင့် ရရင် ကောင်းမယ်" ဟု တစ်ယောက်က ပြော၏။ ထိုစကားကြောင့် အောင်စိုး စိတ်ကူးတစ်ခု ရသွားသည်။

ခုအခါတွင် သူ့အဖို့ ငွေကုန်ကြေးကျ နည်းနည်းပိုများသည်။ သူနှင့် အေးအေးဝင်းတို့သည် ကျောင်းမှာ စားသောက်ဆိုင် သိပ်မထိုင်ဖြစ်ကြသော်လည်း ဟိုအရင် အေးအေးဝင်းနှင့် မတွဲခင်တုန်းကထက်တော့ ပိုပြီး ထိုင်ဖြစ်နေသည်။ အေးအေးဝင်းကတော့ စားသောက်ပြီးလျှင် တစ်ခါတစ်ရံ အတင်းငွေရှင်းတတ်ပါ

သည်။ သို့ရာတွင် များသောအားဖြင့် အောင်စိုးကပင် ရှင်းလေ့ရှိသည်။ မိမိက ယောကျ်ားလေး မဟုတ်လား။

ပြီးတော့ ကျောင်းသွား ကျောင်းပြန် လမ်းစရိတ် ရှိသေးသည်။ ဘတ်စ်ကား လက်မှတ်ဝယ်ရာတွင် သူက အေးအေးဝင်းထက် ဦးအောင် ပေးခဲ့သည်ချည်း ဖြစ်သည်။

ဒီတော့ အသုံးစရိတ်ကလေး ဘာလေးရအောင် ရှာချင်သည်။

ထို့အပြင် အေးအေးဝင်းနှင့်အတူ တစ်ခါတလေ ရုပ်ရှင်ကြည့်ချင်သည်။ ရုပ်ရှင်တစ်ခါကြည့်လျှင် ကုန်ကျမည့်ငွေက မနည်းလှ။

နောက်ပြီး သူ စိတ်ကူးထားတာ တစ်ခုလည်းရှိသည်။ ကျောင်းပြန်ဖွင့်လျှင် အေးအေးဝင်းကို လက်ဆောင်တစ်ခုခု ပေးချင်သည်။ ကျောင်းပြန်ဖွင့်မည့်နေ့ ဖြစ်သော မေလဆယ့်နှစ်ရက်သည် အေးအေးဝင်း၏ မွေးနေ့ဖြစ်၏။ အင်္ကျီစလေး တစ်စ ဝယ်ပေးချင်သည်။

ထို့ကြောင့် မီးကင်း အငှားစောင့်သူများကို နောက်ရက်များတွင် မီးကင်း အငှားစောင့်ဖို့ လူလိုလျှင် သူ့ကိုခေါ်ဖို့ ပြောထားလိုက်သည်။

တစ်နေ့ခြောက်ကျပ် ဆိုသောငွေသည် မနည်းလှ။ ကျောင်းပိတ်ရက်အတွင်း တစ်ပတ် နှစ်ရက်၊ သုံးရက်လောက် စောင့်ရလျှင် ငွေ အတော်အသင့် စုနိုင်မည်။

တကယ်တော့ ရပ်ကွက်ထဲတွင် မီးကင်းအငှားစောင့်သူတွေ မနည်းလှချေ။ သို့ရာတွင် အောင်စိုးနှင့် အတူတူ စောင့်ချင်ကြသဖြင့် သူ့ကို ခေါ်ပါမည်ဟု ဆိုကြသည်။

အစကတော့ အောင်စိုး နောက်နေသည်ဟု သူတို့ ထင်ကြသေးသည်။ တက္ကသိုလ်ကျောင်းသားတစ်ယောက်က မီးကင်းအငှားစောင့်မည် ဆိုခြင်းကို မယုံနိုင်ကြသောကြောင့်ပင် အောင်စိုးက သူ၏ အခြေအနေကို အမှန်အတိုင်း ရှင်းပြရသည်။ မိမိသည် ငွေကြေးပြည့်စုံသူတစ်ယောက် မဟုတ်ကြောင်း တက္ကသိုလ် ပညာသင်နိုင်ဖို့ သားအဖနှစ်ယောက် ကြိုးစားရပုံတွေ ပြောပြမှ ယုံသွားသည်။

အောင်စိုးသည် မီးကင်းအငှားစောင့်မည့်ကိစ္စကို အဖေအား မပြောရဲ။ ပြောလျှင်လည်း အဖေက သဘောမတူပဲ တားမြစ်မည် ဖြစ်သည်။

ဘာမှ မပြောပဲ နေလို့လည်း မဖြစ်။ ညဘက် အောင်စိုး အိမ်မှာမအိပ်လျှင် အဖေက မေးမည်ပင် ဖြစ်သည်။ ထို့ကြောင့် . . .

"တချို့အိမ်တွေက ကင်းမစောင့်နိုင်ကြဘူးလေ အသက်ကြီးတဲ့ လူတွေချည်း ဖြစ်နေတာတို့ ညဘက်အလုပ်ဆင်းရတဲ့ လူတို့ ဘာတို့ပေါ့။ ဒါကြောင့် သား သူတို့အစား ကျွန်တော်က ကူညီတဲ့အနေနဲ့ သွားစောင့်ပေးမှာပါ။ ရပ်ရေး ရွာရေး ဆိုတော့လဲ ဒီလိုပေါ့အဖေရာ၊ ကျွန်တော်လဲ ကျောင်းပိတ်ထားလို့ အားနေတာပဲ" ဟု ပြောထားရသည်။

အောင်စိုးသည် တစ်ပတ်နှစ်ရက်လောက် စောင့်ရသည်။ သုံးပတ်မြောက်မှာ တော့ ဆက်မစောင့်ရတော့။ တခြားအကြောင်းကြောင့်မဟုတ်။ အဖေသိသွား သောကြောင့်ပင် ဖြစ်၏။

အဖေသိသွားပုံက ရပ်ကွက်ထဲမှ လူတစ်ယောက်က အဖေ့ကို ပြောသော ကြောင့်ပင်။ သူကတော့ ဝမ်းသာအားရ ချီးကျူးခြင်းဖြစ်သည်။

"ဦးမြင့်သောင်းသားကတော့ တကယ်လိမ္မာတဲ့ကလေးပဲ တက္ကသိုလ်ကျောင်း လဲ တက်လိုက်သေးတယ်။ အားရင် အဖေ့ကိုလဲ ကူညီလိုက်သေးတယ်။ ဒီကြား ထဲ အလကားမနေဘဲ အပိုဝင်ငွေ ရှာသေးတယ်နော်"

"ဘယ်လို အပိုဝင်ငွေ ရှာလို့လဲဗျ" ဟု အဖေကမေးတော့ . . .

"ဟာ၊ ခင်ဗျား မသိဘူးလား၊ မောင်အောင်စိုးက မီးကင်း အငှားစောင့်ပေး နေတာလေ"

အဖေ အကြီးအကျယ် စိတ်ဆိုးလေတော့သည်။

"မင်းက ဘာကောင်လဲကွ ဟင်၊ ငါကတော့ ငါ့အလုပ်တောင်မှ မခိုင်းရက် ဘူး၊ မလွှဲသာလို့သာ ခိုင်းနေရတာ၊ ဒါကို မင်းက အငှားကင်းသမား လုပ်ရတယ် လို့၊ ဒါ သက်သက်မဲ့ ငါ့ကို အရှက်ခွဲတာနဲ့ အတူတူပဲ"

အဖေသည် အလုပ်လုပ်ခြင်းကို မကြိုက်သောကြောင့် မဟုတ်။ အလုပ်၏ ဂုဏ်ကို နားမလည်သောကြောင့်လည်း မဟုတ်။ ကင်းသမားအလုပ်ကို အထင် သေးသောကြောင့်လည်း မဟုတ်။ အဖေလုပ်နေသော အလုပ်သည်ပင် ကြီးကျယ်

ခန့်ညားပြီး ဂုဏ်ဒြပ်နှင့် ပြည့်စုံသော အလုပ်ဟု မဆိုနိုင်ကြောင်း အဖေလည်း သိမည်ပင်။

သို့ရာတွင် အဖေသည် အောင်စိုးကို တန်ဖိုးထားသည်။ အောင်စိုးအနေဖြင့် ဘွဲ့ရပညာတတ်ကြီးဖြစ်ပြီး တင့်တင့်တယ်တယ်နှင့် အထက်တန်းကျသော လူတစ်ယောက် ဖြစ်လာစေချင်သည်။ ထို့ကြောင့်သာ ကရုဏာဒေါသောနှင့် ပြောနေခြင်းဖြစ်ကြောင်း အောင်စိုးနားလည်သည်။

အောင်စိုးသည် အဖေ့ကို ဘာမျှပြန်မပြောပဲ ခေါင်းငုံ့ပြီး နားထောင်နေသည်။ အဖေက . . .

"ပြောစမ်းပါဦးကွ၊ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် ပိုက်ဆံရှာချင်နေရတာလဲ၊ ငါက မင်းကို မကျွေးနိုင်ဘူး ထင်လို့လား၊ မင်း အခု ငတ်နေလို့လား"

အောင်စိုးက ခေါင်းငုံ့လျက်ကပင် . . .

"ကျွန်တော် မှားပါတယ် အဖေ"

အဖေ့မျက်နှာထားက တင်းနေရာမှ လျော့ကျသွားသည်။ အဖေက ဒီလိုပဲ။ အောင်စိုးကို ကြာရှည်စိတ်မဆိုးတတ်။ ဆူစရာရှိ ဆူပြီး ခဏနေလျှင် ပြန်ပြေသွားသည်သာ ဖြစ်၏။

"အေး၊ ဒါဆိုလဲ ပြီးရောပေါ့ကွာ၊ နောက်ကိုသာ ဒီလို မဖြစ်စေနဲ့၊ အဖေက မင်းကောင်းဖို့ ပြောတာ"

အောင်စိုးက 'မှားပါတယ်' ဟုဆိုသော စကားသည် မီးကင်းစောင့်သည့် ကိစ္စတစ်ခုတည်းအတွက် ပြောသည်မဟုတ်။ အဖေ့ကို မော်ကြည့်သည်။ အဖေ့မျက်နှာထားသည် စိတ်ဆိုးနေဟန် မရှိတော့ချေ။ အောင်စိုးက . . .

"ကျွန်တော် မှားသွားတယ်ဆိုတာ ဒီတစ်ခုတည်းအတွက် မဟုတ်ဘူး အဖေ"

အောင်စိုးသည် အတော်ကြာအောင် မပြောရဲ။ စိတ်ဆိုးလက်စရှိသဖြင့် ဆိုးသွားမှာလည်း ကြောက်သည်။ ပြောလည်း ပြောပြချင်နေသည်။

"ကျွန်တော် . . . ကျွန်တော့်မှာ ချစ်သူရှိနေမိပြီ အဖေ"

ပြောပြီး အဖေ့ကို မရဲတရဲ ကြည့်သည်။ အဖေ ဘာမှမပြော မျက်နှာအမူအယာလည်း အပြောင်းအလဲမရှိ။ အောင်စိုးဆက်ပြောသည်။

"ဒီလို မလုပ်သင့်ဘူးဆိုတာ ကျွန်တော် တွေးမိပါတယ်။ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ရာက သံယောဇဉ်ဖြစ်ပြီး"

"နေစမ်းပါဦးကွ၊ ဒီကိစ္စကို မှားတယ်လို့ မင်းက ဘာဖြစ်လို့ပြောရတာလဲ" ဟု အဖေက ကြားဖြတ်မေးသည်။

အောင်စိုးမဖြေတတ်။ ပြောတတ်သလိုပြောရလျှင် 'အဖေ့ကို အားနာလို့' ဟူ၍သာ ပြောမိပေလိမ့်မည်။ ထို့ကြောင့် သူ မပြောပဲနေသည်။ အဖေကသာ ဆက်ပြောသည်။

ဒီမှာ သားရဲ့ မင်းကို ကောလိပ်ကျောင်းကိုပို့တာ စာသင်ဖို့ တစ်ခုတည်း မဟုတ်ပါဘူးကွ၊ ဒီလောက်တော့ အဖေလဲ သိပါသေးတယ်၊ ကောလိပ်ကျောင်း တက်ရင် ပေါင်းသင်းဆက်ဆံရေးကော အနေအထိုင် အပြောအဆိုပါ တိုးတက် လာမယ်၊ အမြင်လဲ ပိုကျယ်လာမယ်လို့ အဖေ တွက်ထားတာပဲ၊ ပြီးတော့ မင်း အနေနဲ့ ဒီအရွယ်ရောက်ရင် ဒီစိတ်မျိုးဖြစ်လာမယ်ဆိုတာလဲ အဖေ ခန့်မှန်းပြီး သားပါ။ ဒါ မဆန်းပါဘူးကွ၊ ဘာလို့လဲဆိုတော့ အခုပဲကြည့်၊ မင်း မညာတတ် တဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ရပြီ မဟုတ်လား၊ ဒါကို အဖေက ဝမ်းတောင် သာရဦးမယ်"

အောင်စိုးကမှ တကယ် အံ့သြဝမ်းသာသွားခြင်း ဖြစ်သည်။

"တကယ်လား အဖေ" ဟု မေးမိသည်။

အဖေက . . .

"ဟ၊ ငါက နောက်နေရမှာလား၊ သိန်းထွန်းပြောသလို ဘီးပေါက်ပါတယ် ဆိုမှ လေစိမ့်သေးလားလို့ မေးရသလားလို့ ပြောရမလို ဖြစ်နေပြီ"

အဖေက ခဏစဉ်းစားမလို လုပ်နေပြီး . . .

"နေစမ်းပါဦး သားရယ်၊ မင်းမှာ ရည်းစားရှိတာနဲ့ မီးကင်းစောင့်တာက ကော ဘာဆိုင်လို့လဲ"

"ဒီလိုပါ အဖေရာ၊ ကျောင်းမှာ သမီးရည်းစားတွေ စားသောက်ဆိုင် ထိုင် တတ်ကြတယ်လေ။ အဲ့ဒီအခါ ကျွန်တော်က ငွေရှင်းမှ ကောင်းမှာပေါ့၊ ကိုယ်က ယောကျ်ားလေး မဟုတ်လား"

"ဒါတော့ ဟုတ်တာပေါ့ကွ"

"ဒါကြောင့် ကျွန်တော်လဲ အပိုဝင်ငွေလေး ဘာလေးရအောင် လုပ်တာပါ"

"ဒါများကွာ၊ ပိုက်ဆံလိုရင် အဖေ့ ပြောရောပေါ့၊ သုံးစရာရှိတာ သုံးကွ၊ ကျောင်းမှာ နည်းနည်းတော့ လူလူသူသူ ဖြစ်အောင် နေမှပေါ့၊ အဖေ ပို့ရှာပါ့မယ် ကွာ"

အောင်စိုးသည် နင့်ကနဲနေအောင် ဝမ်းသာကြည်နူးသွားသည်။

"အဖေရှာတဲ့ငွေကို ကျွန်တော် မသုံးရက်ပါဘူး အဖေရာ၊ ကျွန်တော့်ဘာသာ ရှာပါ့မယ်"

"မဟုတ်တာ၊ အဖေ့ပိုက်ဆံလဲ မင်းပိုက်ဆံပဲပေါ့၊ တို့မှာ ဒီသားအဖ နှစ်ယောက်တည်းရှိတာ၊ ပြီးတော့ ဒီပိုက်ဆံက အဖေတစ်ယောက်တည်း ရှာတာလဲ မဟုတ်ပါဘူးကွာ၊ မင်းလဲ လုပ်ရတာပဲ မဟုတ်လား"

"ဒီလောက်လဲ မလိုပါဘူးအဖေရာ၊ ကျွန်တော်က သဘောအဖြစ် ပြောတာ ပါ"

"အေးလေ လိုရင်တော့ ပြောကွာ၊ အဲ အဖေတစ်ခုတော့ မေးချင်တယ်"

မေးလိမ့်မည်ဟု ခန့်မှန်းခဲ့ပြီးသား ဖြစ်သည်။ တစ်ခုပဲ။ အောင်စိုးထင်သလို ကောင်မလေးမိဘက ဘာလုပ်သလဲဆိုသော မေးခွန်းမဟုတ်၊ ထိုမေးခွန်းကို လုံးဝ မမေး။

"ကောင်မလေးနာမည်က ဘာတဲ့လဲကွ" ဟူ၍သာ မေးသည်။

"အေးအေးဝင်းတဲ့ အဖေ"

"တနင်္ဂနွေ သမီးပေါ့"

"ဟုတ်မှာပေါ့"

"ဟင်၊ မင်းကလဲကွာ၊ ကိုယ့်ရည်းစား ဘာနေ့သမီးလဲဆိုတာတောင် မသိဘူး လား"

အောင်စိုးက ရယ်ကျဲကျဲလုပ်နေသည်။

"အင်း၊ နေ့သင့် နာမ်သင့် မှည့်ထားတာ ဆိုယင်တော့ တနင်္ဂနွေသမီးပဲ၊ မင်း ကလဲ တနင်္ဂနွေဆိုတော့ ကောင်းပါတယ်လေ၊ နေ့ချင်းထပ်တော့ မြတ်တယ်တဲ့"

"ဒါပေါ့ အဖေရ"

အဖေက ပြုံးပြီး . . .

"မင်းကောင်မလေးက လှရောလှရဲ့လား"

"မဆိုးပါဘူး အဖေ၊ လှပါတယ်"

ပြောပြီးမှ အောင်စိုး စဉ်းစားကြည့်သည်။ အေးအေးဝင်းက တကယ်ရော လှရဲ့လား။ သူကတော့ လှတယ်ဟု ထင်သည်။

"အရမ်းလှတာတော့ မဟုတ်ဘူးပေါ့ အဖေရာ။ ဒါပေမယ့် သူက ချစ်စရာကောင်းပါတယ်" ဟု အောင်စိုးက ရှက်သလိုလို ရယ်ရင်းပြောသည်။

အဖေက ပြုံးနေရာမှ တစ်ခုခုစဉ်းစားသလို တွေသွားပြီး . . .

"မင်း မိန်းမယူသွားရင် အဖေတစ်ယောက်တည်း ကျန်ခဲ့တော့မှာပေါ့ကွာ"

"ဟာ အဖေကလည်း ကျွန်တော်က အဖေတစ်ယောက်တည်း ထားခဲ့ပါမလား၊ သူ့ကိုပါကျွန်တော်တို့အိမ်မှာ လာနေခိုင်းမှာပေါ့"

"သူက ငါတို့အိမ်မှာ နေချင်ပါ့မလားကွာ၊ ငါတို့အိမ်က ခပ်စုတ်စုတ်ရယ်"

"နေမှာပေါ့။ သူတို့အိမ်ကလည်း ကျွန်တော်တို့ထက် သိပ်တော့ ပိုမသာပါဘူး"

"ဟင် မင်းက သူတို့အိမ်တောင် ရောက်ပြီးပြီလား"

"ရောက်တော့ မရောက်ဖူးသေးပါဘူး၊ မှန်းကြည့်ရတာပေါ့ အဖေရာ၊ သူတို့ကလည်း ချမ်းသာတာ မဟုတ်ပါဘူး၊ သူ့အဖေက ရုံးအုပ်လေ"

အောင်စိုးက အခွင့်ကြုံတုန်း အေးအေးဝင်းတို့အခြေအနေပါ အသိပေးလိုက်သည်။

"အေးကွာ၊ ကောင်းပါတယ်၊ ရုံးအုပ်ဆိုတာလည်း နည်းတဲ့အဆင့်တော့ မဟုတ်ဘူးကွ၊ ငါတို့ထက်တော့ သာတာပဲ"

"သူတို့အဖေကလည်း သဘောကောင်းမယ့်ပုံပါပဲ"

"အေး ဒါဆိုလည်း ပြီးတာပေါ့၊ အဲဒီတော့ မင်းကောင်မလေးကို ခေါ်သာခေါ်ခဲ့ကွာ"

"ဟာ အဖေကလည်း"

"ဟ အခုချက်ချင်း ခေါ်ခဲ့လို့ပြောတာ မဟုတ်ပါဘူး၊ အင်း . . . ဒီလိုလုပ်ကွာ၊ တစ်ရက်လောက် အိမ်ကို အလည်ခေါ်ခဲ့ပါလား၊ အဖေလည်း မြင်ဖူးတာပေါ့၊ ဟာ မဖြစ်သေးပါဘူး၊ မိန်းကလေးက ယောကျ်ားကလေးတစ်ယောက် အိမ်ကို ဘယ်လိုက်ချင်ပါ့မလဲ"

"လိုက်လာမှာပါ အဖေ၊ တစ်နေ့နေ့ ကျွန်တော် ခေါ်လာခဲ့ပါ့မယ်"

အဖေက အိမ်နံရံများကိုကြည့်ပြီး . . .

"အိမ်ကို ရေနံတော့ သုတ်မှဖြစ်မယ်ကွ၊ မသုတ်ဖြစ်တာ သုံးနှစ်လောက်ရှိပြီ" ဟု ပြောသည်။ အေးအေးဝင်း လာလည်မှာမို့လို့လား။ ရေနံမသုတ်ဖြစ်တာ ကြာသွားပြီ ဖြစ်ကြောင်း သတိရသွားလို့လား။

သုံးထပ်မိုး၊ သစ်ရိုင်းပျဉ်ပြား၊ သုံးပင်နှစ်ခန်း ဆယ့်ရှစ်ပေပတ်လည် အိမ်ကလေးမှာ လူသုံးယောက် ကောင်းကောင်းနေလောက်မှာပါဟု သူတွေးနေသည်။ အဖေသည်လည်း ထို့အတူ တွေးနေလေမလားမသိ။

*

"ကိုအောင်တို့အကြောင်းကို အဖေသိသွားပြီ" ဟု အောင်စိုးက ပြောသည်။ ကျောင်းဖွင့်ဖွင့်ချင်းနေ့တွင် အောင်စိုးက ကားမှတ်တိုင်မှာ စောင့်နေသည်။ ကျောင်းအတူတူ လာကြသည်။ ကားပေါ်ကဆင်းပြီး ကျောင်းထဲ လျှောက်အလာတွင် အောင်စိုးက ပြောခြင်းဖြစ်သည်။

"ဟင် ဘယ်လိုလုပ် သိသွားတာလဲ"

"ကိုအောင် ပြောပြလိုက်လို့"

"အို . . . ဘာဖြစ်လို့ သွားပြောရတာလဲ"

"နောက်လည်း သိမှာပဲဟာ၊ ကိုအောင်တို့မှာ သားအဖနှစ်ယောက်တည်းဆိုတော့ တိုင်ပင်စရာရှိရင် ဒီအဖေပဲ တိုင်ပင်ရမှာပေါ့"

"အခု သိသွားတော့ အဆူခံရရော မဟုတ်လား"

"မခံရပါဘူး၊ အဆူမခံရတဲ့အပြင် အဖေက အေးကို အိမ်ကိုခေါ်ခဲ့လို့တောင် ပြောသေးတယ်၊ ဘယ်လိုလဲ တစ်ရက်လောက် အိမ်ကို လိုက်လည်ပါလား"

"အံမယ် မလိုက်ရဲပါဘူး"

"ကိုအောင့်ကို မယုံလို့လား"

"မယုံလို့ မဟုတ်ပါဘူး ရှက်လို့"

"ဘာရှက်စရာ ရှိလို့လဲ၊ နောက်ဆို အိမ်မှာ အမြဲတောင် လာနေရဦးမှာ"

အောင်စိုးက နောင်တစ်ချိန်တွင် အေးအေးဝင်းက သူတို့အိမ်မှာ လာနေလို ခြင်း ရှိမရှိ စုံစမ်းမေးမြန်းလိုက်သည်။

"နောက်က နောက်ပဲ၊ အခုက တူတူနေကြဦးမှာမှ မဟုတ်ပဲ"

အေးအေးဝင်းသည် သူတို့အိမ်မှာ လာနေဖို့ ပြဿနာမရှိဟု အောင်စိုး ကောက်ချက်ချသည်။

"အင်းလေ၊ အခု မဟုတ်သေးပါဘူး။ နောက်ကျရင် တစ်ရက်လောက်တော့ အိမ်ကိုလိုက်လည်ပါဦး၊ အဖေက သိပ်တွေ့ချင်နေတယ်၊ အဲ . . . ပြီးတော့ အဖေ ကပြောလိုက်သေးတယ်၊ ခုလောလောဆယ် အိမ်ကို လာမလည်နိုင်သေးဘူးဆိုရင် လည်း မြင်ဖူးတယ်ရှိအောင် ဓာတ်ပုံတစ်ပုံလောက် တောင်းခဲ့ပါတဲ့"

"လုပ်မနေနဲ့ လူကြီးကတော့ ဓာတ်ပုံတောင်းခိုင်းမှာမဟုတ်ဘူး၊ ဒါ သူ့အကြံ ဖြစ်ရမယ်"

အောင်စိုးကရယ်သည်။ သူတို့နှစ်ယောက်သည် အေးအေးဝင်းတို့ အတန်းရှိ ရာ အမရဆောင်ထဲ မဝင်သေးဘဲ မန္တလေးဆောင်ဘက်မှ ပတ်၍ လျှောက်လာခဲ့ ကြခြင်းဖြစ်သည်။

အေးအေးဝင်းက . . .

"အဲ . . . စကားပြောကောင်းနေလိုက်ကြတာ ဘယ်လျှောက်လို့ လျှောက် လာမိမှန်းတောင် မသိတော့ဘူး၊ အတန်းနောက်ကျနေပြီလား မသိဘူး"

"ခဏလေးနေပါဦး အေးရယ်၊ ပြစရာတစ်ခု ရှိလို့ပါ"

မန္တလေးဆောင်အထွက်က အုတ်ခုံမှာ ထိုင်ကြသည်။

"ဒီနေ့ ဘာနေ့လဲ" ဟု အောင်စိုးကမေးသည်။

"တနင်္လာနေ့လေ"

"အဲ့ဒါပြောတာ မဟုတ်ဘူး၊ ဘယ်နှစ်ရက်နေ့လဲ မေးတာ"

"ဆယ့်နှစ်ရက်"

"ဆယ့်နှစ်ရက်ဆိုတော့ ဘာလဲ"

"ဘာရမလဲ၊ ဆယ့်နှစ်ရက်ဆိုတော့ ဆယ့်နှစ်ရက်ပေါ့"

"မသိချင်ယောင် ဆောင်မနေပါနဲ့လေ၊ မေလ ဆယ့်နှစ်ရက်က အေးရဲ့ မွေးနေ့ မဟုတ်လား"

"ဟယ် . . . ဟုတ်သားပဲ၊ ကြည့်စမ်း၊ ကိုယ့်မွေးနေ့ပွဲကို ကိုယ်မေ့နေတယ်၊ ကိုအောင်ပြောမှပဲ သတိရတော့တယ်၊ ကလပ်စ်ပြီးရင် လာခဲ့၊ ကိုအောင့်ကို တစ်ခုခု ကျွေးမယ်၊ ဒါနဲ့ ကိုအောင်က အေးရဲ့မွေးနေ့ကို ဘယ်လိုလုပ် သိတာလဲ"

"ဒီလိုပဲပေါ့၊ ကိုယ့်ချစ်သူရဲ့ မွေးနေ့ဆိုတော့ သိအောင်လုပ်ထားရတာပေါ့၊ အေးရဲ့ မှတ်ပုံတင်နံပါတ်ကိုရော ရွတ်ပြရဦးမလား"

"တော်ပါတော့၊ ယုံပါတယ်၊ ကိုအောင့်မွေးနေ့ကိုလဲ သိထားချင်တယ်၊ ပြောပါဦး"

"အောက်တိုဘာ သုံးဆယ့်တစ်ရက်"

"မှတ်လို့လွယ်သားပဲ"

"ဟုတ်တယ်၊ အေး မှတ်လို့လွယ်အောင် တမင် အဲ့ဒီနေ့မှာ မွေးတာ"

အေးအေးဝင်းကရယ်သည်။ အောင်စိုးက လွယ်အိတ်ထဲမှ စက္ကူအိတ်ကလေး တစ်အိတ်ထုတ်၍ အေးအေးဝင်းကိုပေးရင်း . . .

"အေးအတွက် မွေးနေ့လက်ဆောင်" ဟု ပြောသည်။

အေးအေးဝင်းက အိတ်ထဲက ထုတ်ကြည့်သည်။ အင်္ကျီစလေးတစ်စ၊ တရုတ်ပြည်ဖြစ် အပြာရောင်ပေါ်မှာ အဖြူပွင့်ကလေးတွေပါသည်။

"အေးတစ်ဝတ်စာဆိုရင် ဘယ်လောက်ချုပ်ရမှန်းမသိလို့ တစ်ကိုက်ပဲ ဝယ်ခဲ့တယ်"

"ဘာဖြစ်လို့ ဝယ်လာရတာလဲ ကိုအောင်ရယ်"

"အေးဝတ်စေချင်လို့ပေါ့၊ ကိုအောင်တတ်နိုင်တာ ဝယ်ပေးတာပါ၊ တစ်ကိုက်နှစ်ဆယ့်နှစ်ကျပ်ပဲ ပေးရပါတယ်။ အေးက အရောင်မကြိုက်လို့လား"

"အေးဘာသာ ပိုက်ဆံစုပြီး ဝယ်တာလို့ ပြောပေါ့"

"အဲ့ဒီလို ပြောလို့လည်း မဖြစ်သေးပါဘူး၊ ကိုအောင် စဉ်းစားကြည့်လေ၊ အိမ်မှာ ညီမလေးက ရှိသေးတယ် မဟုတ်လား၊ သူ့ကျတော့ ဝယ်မပေးဘဲ အေးက ဝယ်ဝတ်တယ်ဆိုရင် မတရားရာ ကျမှာပေါ့"

"ကဲပါ အေးရယ်၊ ကိုအောင် ဝယ်ပေးတာကို မငြင်းပါနဲ့။ အိမ်ကမေးရင် သူငယ်ချင်းတွေက စုပြီး လက်ဆောင်ပေးတာလို့ ပြောပေါ့၊ ဟုတ်လား"

"အင်းလေ ဒီလိုပဲ ပြောရမှာပဲ၊ ဒါပေမယ့် နောက်ကိုတော့ ဘာမှ ဝယ်မပေးပါနဲ့နော်၊ ဘာဖြစ်လို့မှ မဟုတ်ပါဘူး၊ ကိုအောင့်မှာ သိပ်ရှိတာလည်း မဟုတ်ပဲနဲ့"

"တစ်ခါတစ်လေပါ အေးရယ်၊ ခုလို ကိုအောင်တတ်နိုင်သလောက် ဝယ်ပေးခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ"

"ဟုတ်ပါတယ်၊ ကိုအောင်ပေးတဲ့ လက်ဆောင်ကို အေးသိပ်တန်ဖိုးထားပါတယ်"

အေးအေးဝင်းက အင်္ကျီစထည့်ထားသော အိတ်ကလေးကိုလွယ်အိတ်ထဲ ထည့်လိုက်သည်။ အင်္ကျီစကလေးသည် နှစ်ဆယ့်နှစ်ကျပ်မျှသာ ပေးရသော်လည်း အဖိုးတန် ပိုးဖဲကတ္တီပါစများကို ရသည်ထက် ပို၍ တန်ဖိုးထားပါသည်။ ချစ်သူထံမှ လက်ဆောင်မဟုတ်လား။

"အတန်းတောင် နောက်ကျနေပြီ သွားရအောင်နော်၊ နေ့လယ်ကျမှ ဆုံတာပေါ့၊ ကိုအောင်စားချင်တာ အေးကျွေးပါ့မယ်"

"စားဖို့ထက် ကိုအောင်လိုချင်တာ တစ်ခုရှိတယ်"

"ဘာလဲ"

"နေ့လယ်ကျတော့ ပြောမယ်လေ" ဆိုပြီး အောင်စိုးက သူ့ပါးကို ပွတ်ပြသည်။

အေးအေးဝင်းက ရှက်ပြုံးပြုံး၏။ ထို့နောက် အမရဆောင်သို့ ပြန်လျှောက်လာခဲ့ကြသည်။ အဆောင်ဆင်ဝင်အောက် ဝင်ခါနီးတွင် အဆောင်ရှေ့မှာ ရပ်ထားသော တိုယိုတာ စပရင့်တာကားလေးထဲ အောင်စိုး အမှတ်တမဲ့ ကြည့်လိုက်မိသည်။

ကားကူရှင်ပေါ်မှာ အပူသက်သာအောင် အုပ်ပြီးချုပ်ထားသော ပိတ်စသည်သူ အေးအေးဝင်းကို လက်ဆောင်ပေးခဲ့သည့် ပိတ်စနှင့် အမျိုးအစားတူ၊ အရောင်တူ၊ အဆင်တူဖြစ်ကြောင်း တွေ့လိုက်ရသည်။ အေးအေးဝင်းကတော့ မြင်မိဟန်မတူ။

အောင်စိုးသည် အေးအေးဝင်းကို မွေးနေ့လက်ဆောင် ပေးရန်အတွက် မီးကင်းစောင့်ပြီး ငွေစုခဲ့သည့်အကြောင်း ပြောမပြဖြစ်တော့ချေ။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

ကျောင်းပြန်ဖွင့်ပြီး သုံးလေးရက်လောက် ကြာတဲ့အထိ လှိုင်ထိပ်ထားဦးကို မတွေ့ရ။ ကျောင်းကို လုံးဝရောက်မလာခဲ့ဘူး။

နေပဲ မကောင်းလို့လား။ ကျောင်းဖွင့်ရင် ချစ်ထွတ်တင်က အဖြေတောင်း တော့မှာမို့ ရှောင်နေတာလား။ ရှောင်တာဆိုရင်လည်း ဘာကြောင့် ရှောင်တာလဲ။ မျက်နှာချင်းဆိုင်ရမှာ မရဲလို့လား။ ဒါမှမဟုတ် တမင်တကာ ပညာသုံးပြီး ချစ်ထွတ်တင်ကို တမျှော်မျှော်ဖြစ်အောင် လုပ်တာလား။

ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် လောလောဆယ်မှာတော့ ချစ်ထွတ်တင်ဟာ မျှော် ရသူ ဖြစ်နေပြီ။

ဒီနေ့ လေးရက်မြောက်တဲ့နေ့။ ဆိုင်ကယ်ကို အင်းလျားလမ်းအတိုင်း မောင်း အလာမှာ ရှေ့ကလျှောက်လာနေတဲ့ အတွဲတစ်တွဲနဲ့ ဆုံတယ်။ မြတ်ဘုန်းအောင်နဲ့ ဝင်းစန္ဒီ။ သူတို့က လက်လှမ်းပြပြီး ရပ်ခိုင်းတယ်။

လှိုင်ထိပ်ထားဦး ဘာကြောင့် ကျောင်းမလာတာလဲဆိုတာကို ဝင်းစန္ဒီ သိချင် သိမယ်။ မသိလည်း စုံစမ်းခိုင်းလို့ရတယ်။ သို့ပေမယ့် ချစ်ထွတ်တင်ကတော့ မမေးချင်ဘူး။ ကိုယ်က သိပ်တွေ့ချင်နေတယ် ဆိုတာမျိုး အဖြစ်မခံနိုင်ဘူး။

"ဘယ်သွားကြမလို့လဲ" လို့ မေးကြတယ်။

မြတ်ဘုန်းအောင်က . . .

"အကြော်သွားစားမလို့ကွ၊ လိုက်စားပါဦးလား"

“တော်ပါပြီ၊ မင်းတို့က အကြော်စားပြီးရင် တစ်နေရာရာမှာ ထိုင်ကြဦးမှာ မဟုတ်လား၊ ငါက ခပ်ကြောင်ကြောင်နဲ့ ပြန်လာရမှာ”

“မင်းလည်း ငါ့လို မြန်မြန်အဆင်ပြေအောင် လုပ်ပေါ့ကွ”

ချစ်ထွတ်တင်က ပခုံးတွန့်ပြပြီး . . .

“အဆင်ပြေလား၊ မပြေလားတော့မသိဘူး၊ ငါ့ကို မတွေ့ချင်လို့ ကျောင်းတောင် မတက်ဘူး”

ဝင်းစန္ဒီက ဝင်ပြီး . . .

“ကိုချစ်ထွတ်မသိသေးဘူးလား” လို့ မေးတယ်။

“ဘာကို သိရမှာလဲ”

“တို့လည်း မိထားကျောင်းမတက်လို့ စိတ်ပူပြီး အိမ်ကို ဖုန်းဆက်ကြည့်တယ်လေ၊ အဲဒီတော့မှ သိရတာ၊ ပြောရမှာတော့ စိတ်မကောင်းစရာပဲ”

“ဘာဖြစ်လို့လဲ”

ချစ်ထွတ်တင်က ခပ်အေးအေးပဲ မေးလိုက်တယ်။ စိတ်ထဲကတော့ ဘာဖြစ်လို့ပါလိမ့်လို့ သိချင်သွားတာ အမှန်ပဲ။

“နေမကောင်းလို့တဲ့၊ အဲ့ဒါ သတင်းလေးဘာလေး မေးလိုက်ပါဦး၊ ဖုန်းဆက်ပြီးမေးပေါ့၊ နံပါတ်သိလား”

ချစ်ထွတ်တင်က . . .

“မသိဘူး” လို့ ညာပြောလိုက်တယ်။

“သရီးတူး ဖိုးအိုအိတ်လေ၊ သတိလည်းထားဦး၊ သူ့အဘိုးကြီး၊ အဘွားကြီးတွေ ဖုန်းလာကိုင်တာနဲ့ တိုးနေဦးမယ်”

“ကျေးဇူးပဲ” လို့ပြောပြီး ဆိုင်ကယ်ကို မောင်းထွက်ခဲ့တယ်။

အပန်းဖြေရိပ်သာထဲကဖုန်းက လူများတယ်။ လူလည်းရှုပ်တယ်။ ဒါကြောင့် စာကြည့်တိုက်အသစ်ကြီး အောက်ထပ်က အများသုံး တယ်လီဖုန်းကပဲ ဆက်လိုက်တယ်။

ဝင်းစန္ဒီ နိမိတ်ဖတ်တဲ့အတိုင်းပဲ တယ်လီဖုန်းလာကိုင်တာ အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်ရဲ့ အသံ။ သူ့အဖေ ဖြစ်လိမ့်မယ်။

"ဟဲလို ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ချစ်ထွတ်တင်က အကြံရပြီး . . .

"ကျွန်တော် ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာ ဌာနကပါ။ မလှိုင်ထိပ်ထားဦး ကျောင်းမတက်တာ သုံးရက်ရှိပြီလို့ သူ့ဌာနက အကြောင်းကြားလို့ပါ။ ခွင့်လည်း မတင်ထားဘူးဆိုတော့ ဘာဖြစ်လို့လဲဆိုတာ စုံစမ်းတာပါ"

"ဩော် . . . ဟုတ်ကဲ့၊ သူ နည်းနည်း နေမကောင်းဖြစ်နေလို့ပါ"

အဘွားကြီးအသံက ပျာပျာသလဲ ဖြစ်နေတယ်။ ဒါကို အခွင့်ကောင်းယူပြီး . . .

"ဟုတ်လား၊ ဖြစ်နိုင်ရင်တော့ သူကိုယ်တိုင် အကျိုးအကြောင်း ရှင်းပြစေချင်ပါတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ရပါတယ်ရှင့်၊ ခဏ ကိုင်ထားပါနော်"

ချစ်ထွတ်တင် ပြုံးမိတယ်။ လှိုင်ထိပ်ထားဦးတို့အမေနဲ့ ပထမဆုံးအကြိမ် စကားပြောဖူးခြင်းပဲ။ စစချင်းမှာပဲ လိမ်လိုက်ရတာ ပျော်စရာတော့ အကောင်းသား။

ခဏအကြာမှာ လှိုင်ထိပ်ထားဦး ဖုန်းလာကိုင်တယ်။

"ဟလို အမိန့်ရှိပါရှင်"

"ထိပ်ထား၊ ကိုယ်ပါ ချစ်ထွတ်တင်လေ"

"ထင်သားပဲ၊ ကျောင်းသားရေးရာကတော့ အိမ်ကို ဖုန်းဆက်မှာ မဟုတ်ပါဘူးလို့"

"နေမကောင်းဘူးဆို၊ ဝင်းစန္ဒီပြောလို့ သိတာ"

"ဟုတ်တယ်"

"တော်တော်ဖြစ်နေလား၊ စပယ်ရှယ်လစ်နဲ့ မပြဘူးလား"

"နည်းနည်းပါးပါးပါ"

"ကိုယ်ကြားကြားချင်း ဖုန်းဆက်တာ"

"ကျေးဇူးတင်ပါတယ်"

"ကိုယ် ဘာအကူအညီ ပေးရဦးမလဲ"

"ရပါတယ်၊ မလိုတော့ပါဘူး"

"ထိပ်ထား"

"ဟင်"

"ဘယ်တော့ နေကောင်းမှာလဲ"

"အို . . . နေမကောင်းတာပါဆိုမှ ရက်ချိန်းအတိအကျ ပြောလို့ရမလား"

"ရတာပေါ့၊ တချို့ဆိုရင် မကြားဖူးဘူးခား၊ ပျောက်မည့်ရက်ကို အတိအကျ ပြောပြီး ကုမည်ဆိုပြီး မဂ္ဂဇင်းတွေထဲမှာ ကြော်ငြာတာလေ"

"ယူကရော အဲဒါမျိုး ကုနိုင်လို့လား"

"ကုနိုင်တယ်၊ ကဲ ရက်ချိန်းပေးလိုက်မယ်၊ နက်ဖြန်ကျရင် ပျောက်ရမယ်"

"အို . . . ဘာ ထရီမင့်မှ မပေးရသေးဘဲနဲ့ ဘယ်လိုလုပ် ပျောက်မှာလဲ"

"ကိုယ်က မေတ္တာပို့တဲ့နည်းနဲ့ ကုတာလေ၊ အခု တယ်လီဖုန်းထဲကနေ ကိုယ့်ရဲ့ မေတ္တာလှိုင်းတွေ လွှတ်ပြီး . . ."

"ရှူး တော်တော့ မယ်မယ်လာနေပြီ" ဆိုပြီး ဖုန်းချသွားတယ်။

ဟိုတစ်ခါ ချစ်ထွတ်တင်က ပြောချင်တာပြောပြီး ဖုန်းအရင်ချပစ်တာကို လက်စားချေလိုက်တာပေါ့။

တစ်ခုတော့ သိလိုက်ရတယ်။ နက်ဖြန် သူကျောင်းတက်မှာ သေချာပြီ။

*

လှိုင်ထိပ်ထားဦး ကားပေါ်ကနေ ကြည့်လိုက်တယ်။ သစ်ပုပ်ပင်ကြီးအောက်မှာ ချစ်ထွတ်တင် ထိုင်နေတာ မတွေ့ရ။ ဘယ်လိုဖြစ်ပါလိမ့်။ ဩော် . . . သိပြီ။ ဟိုးတစ်ခါ သူစောင့်နေလျက်သားနဲ့ မေ့ချင်ယောင်ဆောင်ပြီး သိပ္ပံဆောင်ထဲ ဝင်သွားပြီးမှ ပြန်ထွက်အလာ ဆုံတာကို ပြန် 'လုပ်' လိုက်တာပဲ။ ဒါဆို သူတခြားတစ်နေရာရာက စောင့်နေလိမ့်မယ်။

ကားပေါ်ကဆင်းပြီး သိပ္ပံဆောင်ထဲ ဝင်ခဲ့တယ်။ ရူပဗေဒ ဌာနဘက်ကို ချိုးလိုက်တယ်။ စကြ်န်အုတ်ခုံမှာ ထိုင်စောင့်နေမယ်လို့ ထင်တယ် မဟုတ်ဘူး။

နောက်က ခြေသံကြားတယ်။ သံမှိုရိုက်ထားလို့ တဂေါက်ဂေါက်မြည်နေတဲ့ ဖိနပ်သံ။ သူပဲ ဖြစ်ရမယ်။ ဟုတ်တယ်။

"ထိပ်ထား" လို့ လှမ်းခေါ်တယ်။ ခြေလှမ်း နှေးပေးလိုက်တယ်။ သူ့ဘေးကို ယှဉ်လျှက်ရောက်လာတယ်။

"ကိုယ် စီးကရက်သွားဝယ်နေလို့ ထိပ်ထားလာတာ မတွေ့လိုက်ရတာ၊ ခုမှ ဟိုကောင်ပြောလို့ လိုက်လာတာ"

"ဘယ်ကောင်လဲ"

"ကိုယ့်ရဲ့ ဆိုင်ကယ်လေ သူ့ကို စောင့်ကြည့်ဖို့ မှာခဲ့တယ်"

"ဩော် . . . ယူ့ဆိုင်ကယ်က မျက်စိပါလို့လား"

"အချစ်ကလွဲရင် မျက်စိပါကြတာ ချည်းပါပဲ"

လှိုင်ထိပ်ထားဦးက 'သူကတော့ဒါပဲ' ဆိုတဲ့ဟန်နဲ့ မျက်စောင်းထိုးကြည့်တယ်။

ချစ်ထွတ်တင်က . . .

"နေကောင်းသွားပြီလား" လို့ မေးလိုက်တယ်။

လှိုင်ထိပ်ထားဦး 'အင်း' ဆိုလုပ်ပြီးမှ တော်ကြာ 'ကျွန်တော်တော့ မေတ္တာဓာတ် ကုထုံးကြောင့် ထင်တယ်' လို့ ပြောမှာစိုးလို့။

"ရှင်းရှင်းတော့ မကောင်းတတ်သေးပါဘူး၊ နည်းနည်း မအီမသာ ဖြစ်နေတုန်းပဲ"

"နေမကောင်းတဲ့လူကလည်း အင်္ကျီလက်ပြတ်နဲ့ပါလား"

"နေမကောင်းဘူးဆိုတာက ဖျားတာကို ပြောတာ မဟုတ်ဘူး"

"စိတ်နဲ့ဆိုင်တယ် ဆိုပါတော့"

"ဟုတ်တယ် စိတ်အနှောက်အယှက် ဖြစ်တာဆိုပါတော့ နားပူမခံနိုင်တဲ့ရောဂါလေ"

ချစ်ထွတ်တင် ရယ်လိုက်တယ်။

"နားပူပျောက်တဲ့နည်း ရှိပါတယ်လေ။ လူတစ်ယောက်ကို ပါးစပ်ပိတ်နေစေချင်ရင် သူလိုချင်တဲ့ နှုတ်ပိတ်ခ ပေးလိုက်ပေါ့"

"နှုတ်ပိတ်ခဆိုတာမျိုးဟာ တစ်ခါပေးမိရင် နောက် . . . ထပ်ခါ ထပ်ခါ ပေးနေရတော့တာပဲ၊ ငွေညှစ်တဲ့ ကိစ္စတွေဆို ဒီလိုပဲလေ"

"ကိုယ်က ငွေညှစ်တာ မဟုတ်ပါဘူး အချစ်ညှစ်တာပါ၊ အချစ်အတွက် ပေးရတဲ့ နှုတ်ပိတ်ခဆိုတော့ တစ်ကြိမ်ပေးထားရင် တစ်သက်လုံးအတွက် လုံလောက်ပါတယ်လေ"

"ယူ တစ်ခြားအကြောင်း မပြောတတ်တော့ဘူးလား"

"သြော် . . . ပြောတတ်ပါတယ်" ဆိုပြီး ကုန်ထုတ်ဓာတုဗေဒ ဘာသာရပ် အကြောင်းကို စီကာပတ်ကုံး ပြောပြနေပြန်တယ်။

ရူပဗေဒဌာနကနေ ပြန်ထွက်။ အဓိပတိလမ်းဘက်လျှောက်။ အပန်းဖြေ ရိပ်သာထဲက ဖြတ်လျှောက်တယ်။ ဆိုင်ခန်းတွေရှိတဲ့ နေရာဆိုတော့ လူနည်းနည်း ရှုပ်တယ်။ သို့ပေမယ့် ချစ်ထွတ်တင်ကတော့ ဘာမှဂရုမစိုက်ဘဲ အာဘောင် အာရင်း သန်းသန် ဆက်ပြောနေတုန်းပဲ။ လူကြား သူကြားထဲမှာ ဘာသာရပ်ဆိုင်ရာ စကားလုံးတွေသုံးပြီး ပြောလို့ တချို့က ကြောင်လှချည်လားဆိုပြီး ကြည့်သွားသေးတယ်။

"ခုနပြောတဲ့ သဘောပေါ့ဗျာ၊ ရေရဲ့ မော်လီကျူးတွေကို အဆင့်ဆင့် ပေါက်ကွဲပွားများအောင် လုပ်နိုင်တဲ့ နည်းပညာကို ရပြီဆိုရင် သုံးနိုင်တဲ့နည်းလမ်းတွေ အများကြီးပေါ်လာမယ်။ ဥပမာ . . . မီးသတ် လက်ပစ်ဗုံးဆိုပြီး ထွင်လို့ရတယ်။ မီးလောင်ရင် မီးသတ်ပိုက်နဲ့ ပက်နေစရာ မလိုဘူး။ မီးသတ်လက်ပစ်ဗုံးနဲ့ ပစ်လိုက်၊ ရေမော်လီကျူးတွေ အဆင့်ဆင့် ပေါက်ကွဲမှုအရ ရေထုကြီးတစ်ခု ဖြစ်လာပြီး မီးငြိမ်းသွားမယ်၊ မိုးခေါင်ရေရှားဒေသရဲ့ ကောင်းကင်မှာ အဲ့ဒီဗုံးတွေ ဖောက်ခွဲလိုက်ရင် မိုးတွေ ရွာချလာမယ်"

လှိုင်ထိပ်ထားဦးဟာ သူ့စကားနဲ့သူ မိနေလို့ ချစ်ထွတ်တင်ပြောသမျှ အင်း ဆိုပြီး နားထောင်နေရရှာတယ်။

*

ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့ရဲ့ အခြေအနေက နည်းနည်း ဇတ်မျော နေတယ်လို့ ဆိုရမယ်။ ထူးခြားမှု သိပ်မရှိသေး။ တစ်ယောက်နဲ့ တစ်ယောက် တွေ့လိုက်ရင် အကဲစမ်းတဲ့ စကားတွေ ပြောရင်း အချိန်ကုန်တယ်။ ချစ်ထွတ်တင်က ဟိုအကြောင်း စကားစရင် လှိုင်ထိပ်ထားဦးက လိမ္မာပါးနပ်စွာ ရှောင်ထွက်သွားတယ်။

လှိုင်ထိပ်ထားဦးဟာ ချစ်ထွတ်တင်အပေါ် စိတ်ဝင်စားမှုရှိတာတော့ အမှန်ပဲ။ သို့ပေမယ့် ယတိပြတ် ပြောလို့တော့ မရဘူး။ လှိုင်ထိပ်ထားဦး ဆိုတာကလည်း လုပ်လုပ်ကလေးနေအောင် ပါးနပ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား။

သူ ဘာရည် ရွယ်ချက်နဲ့ ချစ်ထွတ်တင်ကို ဒီလောက်အခွင့်အရေး ပေးနေ တယ်ဆိုတာ သူကိုယ်တိုင်မှ သိနိုင်မယ်။ ခုချိန်မှာ အချိုသတ်ပြီး ပိုင်လောက်တဲ့ အချိန်ကျမှ ဖြုတ်ချလိုက်မှာလား။

ဒီလောက်တော့ လျှော့တွက်ရဲပါ့မလား။ ချစ်ထွတ်တင်ကို သူလှည့်ချင်တိုင်း လှည့်လို့ရမှာ မဟုတ်ဘူးဆိုတာ တွက်မိမှာပါ။

ဒီတော့ ဒီနှစ်ယောက်ဟာ တစ်ယောက်အခြေအနေကို တစ်ယောက်ကြည့် ရင်း၊ အတိုးအဆုတ်လုပ်ရင်း လှုပ်ရှားနေကြတယ်လို့ ဆိုနိုင်တယ်။

လှိုင်ထိပ်ထားဦးကို ချစ်ထွတ်တင် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက ဘယ်သူနဲ့မှ မတူဘူး။ ခုချိန်မှာ ချစ်ထွတ်တင်သာ အောက်ကျို့ခယလိုက်မယ် ဆိုရင် လှိုင်ထိပ် ထားဦးက ညွတ်ပေးမှာ သေချာတယ်။ သို့ပေမယ့် ချစ်ထွတ်တင်က ဒီလောက်မ ပျော့ဘူး။ စွန်မျှားတာလို လျှော့ချည်တင်းချည် လုပ်တဲ့ နည်းစနစ်ကို သုံးတယ်။ တစ်ချိန်ချိန်မှာ လှိုင်ထိပ်ထားဦးကိုယ်တိုင်က ဝန်ခံရမယ်လို့ တွက်ထားတယ်။

ဒီကြားထဲမှာ ဦးမောင်မောင်ကိုကြီးကလည်း တထောင့်ကနေ တစခန်း ထလာပြန်တယ်။

သူဟာ လှိုင်ထိပ်ထားဦးတို့အိမ်ကို အဝင်အထွက်လုပ်လို့ရတဲ့ အခွင့်အရေးရှိ တယ်။ သို့ပေမယ့် ကျောင်းကိုလည်း အခါအားလျော်စွာ ရောက်ရောက်လာတတ် တယ်။

တစ်ခါတလေ ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့ စားသောက်ဆိုင်မှာ ထိုင်ပြီးစကားပြောနေတုန်း ရောက်လာတတ်တယ်။ တစ်ခါတလေကျတော့ ချစ်ထွတ်တင်တို့ ဟိုဟိုဒီဒီ လျှောက်သွားနေလို့ မတွေ့ရဘဲ ပြန်သွားရတာလည်း ရှိတယ်။ တစ်ခါတရံ ချစ်ထွတ်တင်နဲ့ သူနဲ့ နှစ်ယောက်အရင်ဆုံကြတယ်။ အဲ့ဒီအခါမျိုးမှာ စားသောက်ဆိုင်မှာထိုင်ပြီး ဟိုအကြောင်း ဒီအကြောင်း ပြောပေါ့။

ရယ်စရာတော့ အကောင်းသား။ ချစ်ထွတ်တင်နဲ့ သူနဲ့ဟာ ပြိုင်ဘက်တွေပဲ။ သို့ပေမယ့် နှစ်ယောက်ဆုံတဲ့ အခါကျတော့ မိတ်ဆွေတွေလို ရင်းရင်းနှီးနှီး ပြောကြ ဆိုကြတာပါပဲ။ လူကြီးလူကောင်း ဆန်တယ်လို့ ခေါ်မလား။ သံတမန်ဆန်တယ်ခေါ်မလား။

အဲဒီလို နှစ်ယောက်အတူတူ ထိုင်နေကြတုန်း လှိုင်ထိပ်ထားဦး ရောက်လာတယ်ဆိုရင်ပဲ . . .

"ဟော၊ သူတို့ညီအစ်ကို ရောက်နေကြတာကိုး" တဲ့။ တတ်လည်း တတ်နိုင်တဲ့ လှိုင်ထိပ်ထားဦးပဲ။ တကယ်တော့ ညီအစ်ကိုဆိုတာထက် ယောက်ဖဆိုရင် ပိုပြီးမှန်မယ်။ လှိုင်ထိပ်ထားဦးနဲ့ ဦးမောင်မောင်ကိုကြီးတို့က ဆွေမျိုးနီးစပ် မောင်နှမတော်တယ်ဆို မဟုတ်လား။ ဒီငနဲကြီးကတော့ ချစ်ထွတ်တင်တို့ နောက်ပြောင်နေကျစကားနဲ့ ပြောရရင် 'ဘင်ဂေါလ်ရလေးရှင်း' တော်ချင်နေတာပဲ။

ဦးမောင်မောင်ကိုကြီးရဲ့ အခြေအနေကို လှိုင်ထိပ်ထားဦးဆီမှာ တီးခေါက်ကြည့်လို့ ရသမျှ . . .

သူနဲ့ လှိုင်ထိပ်ထားဦးတို့ဟာ မိဘချင်း အလွန် ခင်မင်ရင်းနှီးတယ်။ ဆွေမျိုးလည်းတော်တယ်။ ပြီးတော့ ဦးမောင်မောင်ကိုကြီးတို့ကလည်း အနွယ်တော်တွေထဲကပဲ။ အလွန့်အလွန် ချမ်းသာတာ မဟုတ်ပေမယ့် တော်တော်လေး ချမ်းသာတယ် ဆိုပဲ။

ဒီတော့ကာ လူကြီးချင်း နားလည်မှု ရထားပြီးပြီ။ ဦးမောင်မောင်ကိုကြီး အနေနဲ့ လှိုင်ထိပ်ထားဦးတို့အိမ်ကို ဝင်စေ ထွက်စေပေါ့။ လူငယ်ချင်း မေတ္တာမျှသွားကြရင်လည်း ကန့်ကွက်ရန် မရှိပေါ့။

ခုထိ သိထားရသလောက်တော့ ဦးမောင်မောင်ကိုကြီးဟာ လှိုင်ထိပ်ထားဦးကို ဘာမှ မပြောရသေးဘူး။ ပိုင်ပါတယ်ဆိုပြီး မပြောဘဲနေတာလား။ ပြောစရာမလိုဘူး၊ အချိန်တန်ရင် စပရိန်ကန်လိမ့်မယ်ဆိုပြီး ခပ်အေးအေး နေတာလား။

သိပ်စိတ်ချလက်ချ မဟုတ်တာတော့ ကျိန်းသေတယ်။ ဒါကြောင့်သာ အိမ်ကို သွားတွေ့ရင် ရလျက်သားနဲ့ ကျောင်းကို လာလာနေတာပေါ့။ ကျောင်းမှာ ချစ်ထွတ်တင်ရှိနေတယ်ဆိုတာ သိလို့ လာလာပြီး အကဲခတ်နေတာလည်း ဖြစ်နိုင်တာပဲ။

ဒီလို အခြေအနေမှာပဲ လှိုင်ထိပ်ထားဦးဟာ နည်းနည်းအီနေတဲ့ ဇာတ်လမ်းကို လှုပ်လှုပ်ရှားရှားကလေးဖြစ်အောင် ဖန်တီးလိုက်ပြန်တယ်။

*

"ကိုယ့်ကို ခုထိဘာလို့ အဖြေမပေးသေးတာလဲ။ ကိုယ့်မှာ ထိပ်ထားလက်မခံနိုင်လောက်အောင် ချွတ်ယွင်းချက်တွေများ ရှိနေလို့လား" လို့ ချစ်ထွတ်တင်က မေးတော့ . . .

"အချက်အလက်ကလေးတွေ မပြည့်စုံသေးလို့ပါ၊ နည်းနည်းလိုနေသေးတယ်လေ" လို့ လှိုင်ထိပ်ထားဦးက ပြန်ပြောတယ်။

"ဘာတွေများ လိုနေလို့လဲ၊ ကိုယ်နဲ့ပတ်သတ်လို့ မကျေနပ်နိုင်တာရှိရင် ပြောလေ"

"တချို့အချက်တွေကျတော့ ပြောရခက်တယ်၊ ဘာလိုနေတယ်ဆိုတာ စဉ်းစားကြည့်လို့ မရသေးဘူး"

"ရသလောက် ပြောပေါ့'

လှိုင်ထိပ်ထားဦးက ခဏစဉ်းစားပြီး . . .

"ယူ့ကိုကြည့်လိုက်ရင် အမြဲတမ်း ဆိုင်ကယ်တစ်စီးနဲ့ လျှောက်လိမ့်နေတာပဲ တွေ့ရတယ်"

"သြော် ဆိုင်ကယ်ကအန္တရာယ်များလို့ စိုးရိမ်တယ်ပေါ့။ ကိုယ်က အန္တရာယ်များတဲ့အလုပ်ကိုမှ ပိုပြီးစိတ်ဝင်စားတတ်လို့ပါ၊ အင်းလေ ထိပ်ထားမကြိုက်ဘူးဆိုရင်လည်း ကိုယ် ဆိုင်ကယ်မစီးတော့ဘူး"

"ဒါကိုပြောတာ မဟုတ်ပါဘူး၊ ကျောင်းမတက်ဘဲ လျှောက်သွားနေတာကို ပြောတာ၊ ကျောင်းပြေးတာတော့ တို့မကြိုက်ဘူး"

ချစ်ထွတ်တင် ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားနေတာကို တွေ့တယ်ဆိုရင်တော့ လှိုင်ထိပ်ထားဦးကလည်း အတန်းအပြင်မှာ ရောက်ရောက်နေလို့ တွေ့တာပေါ့၊ သို့ပေမယ့် ချစ်ထွတ်တင်က . . .

"ထိပ်ထားသဘောတော်အတိုင်း ကိုယ်ကျောင်းမှန်မှန်တက်ပါ့မယ်" လို့ပဲ ပြောလိုက်တယ်။

"ပြီးတော့ကော ဘာရှိသေးလဲ"

"ဘာရှိသေးလဲဆိုတော့ အင်း . . . ယူက အမြဲတမ်း ဘောင်းဘီပဲ ဝတ်တယ်နော်၊ တစ်ခါတလေ မြန်မာဆန်ဆန်ကလေးများ ဝတ်စမ်းပါဦး၊ ကိုယ်က မြန်မာလူမျိုးမဟုတ်လား"

လှိုင်ထိပ်ထားဦးက မြန်မာအမျိုးသားဝတ်စုံကို မြတ်နိုးလွန်းလို့ ပြောတာ မဟုတ်မှန်း သိသားပဲ။ ပြောစရာမရှိတာနဲ့ ကြံဖန်ပြောလိုက်တာ ဖြစ်မှာပဲ။

ဘာပဲဖြစ်ဖြစ် ချစ်ထွတ်တင်ကတော့ နောက်တစ်နေ့မှာ မြန်မာဆန်ဆန် ဝတ်စုံကို ဝတ်လာခဲ့တယ်။

ကွမ်းရိုးစင်း လည်ကတုံးအင်္ကျီ၊ တိုက်ပုံအင်္ကျီအဖြူရောင်နဲ့ ယောလုံချည်။

"ဟာ ဘယ်လိုဖြစ်လာတာတုံး ချစ်ထွတ်ရ၊ မင်္ဂလာဆောင် သွားစရာရှိလို့လား၊ ဒါမှမဟုတ် ကိုယ်တိုင် မင်္ဂလာဆောင်မလို့လား"

"မဟုတ်ဘူးကွ၊ ထိပ်ထားက မြန်မာဆန်ဆန်လေး ဝတ်ခဲ့ပါဆိုလို့"

"မဆိုးပါဘူး၊ ကြောင်သားဘဲ"

"ကြောင်တာလဲ မပြောနဲ့လေ၊ လှိုင်ထိပ်ထားဦးနဲ့တွေ့လိုက်ရင် အဲဒီလို ပေါကြောင်ကြောင်တွေ ဖြစ်ကုန်ကြတာပဲ"

သူငယ်ချင်းတွေက ဝိုင်းနောက်ကြ၊ ပြောင်ကြတယ်။ ချစ်ထွတ်တင်ကတော့ ခပ်တည်တည်ပဲ။

“မင်းတို့ ငါ့လိုကြောင်ခွင့်မရလို့ မနာလို ဖြစ်မနေစမ်းပါနဲ့ကွာ” လို့ ပြန်ပြော ပြီး လှိုင်ထိပ်ထားဦးနဲ့တွေ့ဖို့ ထွက်ခဲ့တယ်။

လှိုင်ထိပ်ထားဦးက မမသန်းဆိုင်မှာထိုင်ပြီး ထမင်းသုတ်နဲ့ ကြာဇံဟင်းခါး စားနေတယ်။ ချစ်ထွတ်တင် ရောက်သွားတဲ့အခါ . . .

“အိုး . . . ဒီလိုမှပေါ့။ ဒီအဝတ်အစားနဲ့ ယူနဲ့ သိပ်လိုက်တာပဲ၊ အခုမှ ပိုပြီး ခန့်သွားတယ်” လို့ ပြောတယ်။

ချစ်ထွတ်တင် ဒီလိုဝတ်လာလိမ့်မယ်လို့ လှိုင်ထိပ်ထားဦး ကြိုတင်တွက်ထား ပြီးသား။ ဘောင်းဘီအစား ပုဆိုးဝတ်လာရင်လည်း ပြီးနိုင်တာပဲ။ သို့ပေမယ့် ခုကျတော့ ပွဲထိုင်သွားမယ့် ပုံစံမျိုးလုပ်လာတယ်။ ပြီးတော့ အဝတ်အစားတွေ အကုန်လုံး အသစ်တွေချည်းပဲ။

ချစ်ထွတ်တင်ရဲ့ အကျင့်က ဒီလိုပဲလေ။ တစ်ခုခု လိုက်လျောရပြီဆိုရင် လိုအပ်တာထက် ပိုပြီး လုပ်ပြပစ်လိုက်တတ်တယ်။

ခါတိုင်း ဘောင်းဘီနဲ့ မြင်နေကျ ချစ်ထွတ်တင်ကို တိုက်ပုံတွေ ဘာတွေနဲ့ အကျအနမြင်ရလို့ တခြားစားပွဲမှာ ထိုင်နေတဲ့လူတွေ၊ ဘေးက လျှောက်သွားတဲ့ လူတွေက အထူးအဆန်းလို ကြည့်ကြည့်သွားကြတယ်။ ချစ်ထွတ်တင်ကတော့ ဂရုမစိုက်ပါဘူး။

လှိုင်ထိပ်ထားဦးစိတ်ထဲမှာ တစ်ခုတော့ ဝန်ခံမိတယ်။ ချစ်ထွတ်တင်ဟာ ခုလိုအဝတ်အစားမျိုးနဲ့လည်း ကြည့်လို့ကောင်းနေတာပဲ ဆိုတာပေါ့။

“ထမင်းသုတ် စားပါလား” လို့ လှိုင်ထိပ်ထားဦးက မေးတယ်။

“ဟင့်အင်း၊ ကိုယ်က အစပ်နည်းနည်းကြောက်တယ်”

“ငရုပ်သီးမထည့်ဘဲ ပုဇွန်ခြောက်များများနဲ့ စပါယ်ရှယ်သုတ်ခိုင်းလို့ ရပါ တယ်။ မမသန်းလက်ရာ စားဖူးတယ်မဟုတ်လား သိပ်ကောင်းတယ်”

“စားဖူးတာပေါ့၊ ခုတော့ မစားချင်သေးဘူး၊ ကော်ဖီတစ်ခွက်လောက်ပဲ သောက်တော့မယ်” ဆိုပြီး အရှည်ကြီးကို နက်စ်ကော်ဖီတစ်ခွက် မှာလိုက်တယ်။

ကော်ဖီရောက်လာလို့ ခပ်ပူပူလေး မှုတ်သောက်နေတုန်းမှာ လှိုင်ထိပ်ထားဦးက တောင်ငူဆောင်ဘက်ကိုကြည့်ရင်း ပြုံးယောင်သမ်းသွားတာကို တွေ့လိုက်ရတယ်။

လှိုင်ထိပ်ထားဦးကြည့်တဲ့နေရာကို လိုက်ကြည့်တော့ တောင်ငူဆောင်ရှေ့မှာ ပတ်ပလစ်ကာ အနီရောင်လေးတစ်စင်း လာရပ်တာကို တွေ့ရတယ်။ ဦးမောင်မောင်ကိုကြီးရဲ့ ကားပဲ။

ကားတံခါးပွင့်သွားပြီး ဦးမောင်မောင်ကိုကြီး ထွက်လာတယ်။ သူ့ကို မြင်လိုက်ရတဲ့အခါမှာ တော်ရုံတန်ရုံ ဣန္ဒြေမပျက်တတ်တဲ့ ချစ်ထွတ်တင်တောင်မှ အံ့သြသလို ပါးစပ်ဟသွားတယ်။

ကြည့်ဦးလေ၊ ဦးမောင်မောင်ကိုကြီး ဖြစ်လာပုံက။

ကင်ဇိုအင်္ကျီ အနီရဲရဲနဲ့၊ ဂျင်းဘောင်းဘီနဲ့၊ ဝပ်ကင်းရှူးနဲ့ မိုက်ကယ်ဂျက်ဆင်တပ်တဲ့ မျက်မှန်မည်းကြီးမျိုးနဲ့ သပ်သပ်ရပ်ရပ် ဖြီးနေကျဆံပင်ကို ရှုပ်ရှုပ်ပွပွဖြစ်အောင် လုပ်ထားတယ်။

သူက ရက်ကိုးရက်ကန်းဖြစ်ပြီး လျှောက်လာတယ်။ သူ့ကား ရပ်ထားတဲ့နေရာက စားသောက်ဆိုင် နည်းနည်းလှမ်းတော့ လျှောက်လာနေရင်း သူ့မျက်နှာအထားရခက်နေပုံဟာ တော်တော်ရယ်စရာကောင်းတယ်။

ပြုံးရမလို၊ တည်ရမလို။ ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးကိုလည်း မကြည့်ရဲ။ မကြည့်ပဲလဲ မနေနိုင်။ ဒီကြားထဲမှာ မြန်မာအမျိုးသားဝတ်စုံကို ကျကျနနဝတ်ထားတဲ့ ချစ်ထွတ်တင်ကို မြင်လိုက်တော့ ပြန်လှည့်ထွက်ပြေးချင်လောက်အောင် ဖြစ်သွားတဲ့ မျက်နှာထားကို သတိမပြုမိဘဲ မနေနိုင်။

ချစ်ထွတ်တင်ကတော့ မှင်သေသေဖြစ်အောင် ထိန်းထားနိုင်တယ်။ စိတ်ထဲကတော့ သိလိုက်ပြီ။ လှိုင်ထိပ်ထားဦးက တစ်ကွက်လုပ်လိုက်ပြီဆိုတာကိုပဲ။

“ဟယ် . . . ကြည့်စမ်း၊ ကိုကိုကြီးက ဒီလိုဝတ်လာတော့ တကယ်သားနားတာပဲ၊ နုလည်း အရမ်းနုသွားတယ်၊ မဟုတ်ဘူးလား” လို့ ချစ်ထွတ်တင်ကို လှည့်ပြီး မေးလိုက်သေး။

ချစ်ထွတ်တင်က . . .

“ဟုတ်တယ်၊ ကျွန်တော် လူတောင်မှားသွားတယ်၊ ကားကိုမြင်လို့သာ၊ ဒါတောင် ဦးမောင်မောင်ကိုကြီးမှ ဟုတ်ရဲ့လားလို့၊ ဦးမောင်မောင်ကိုကြီးရဲ့ ညီများ ဖြစ်နေမလားလို့ ထင်မိသေးတယ်” လို့ ဝင်ပင့်ပေးလိုက်တယ်။

ဦးမောင်မောင်ကိုကြီး ပိုပြီးအနေရခက်သွားတယ်၊ ပြုံးဖြဲဖြဲကြီး လုပ်ရင်းက အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး မီးခြစ်ရှာသလိုလို၊ ကျန်လက်တစ်ဘက်ကလည်း ဘောင်းဘီအိတ်တွေ လျှောက်စမ်းနေတယ်။

လှိုင်ထိပ်ထားဦးကတော့ ကျောင်းသားသစ်ကလေးတစ်ယောက်ကို ချောက်တွန်းလိုက်ရတဲ့ ကျောင်းသားကြီးတစ်ယောက်ရဲ့ မျက်နှာထားမျိုးနဲ့။

*

လှိုင်ထိပ်ထားဦးရဲ့ ဦးနှောက်ဉာဏ်သွားပုံကိုတော့ ချီးကျူးစရာပါပဲ။

ကြည့်လေ၊ ဘောင်ဘီဝတ်နေကျလူကို ပုဆိုးဝတ်ခိုင်းတယ်။ ပုဆိုးနဲ့ တိုက်ပုံနဲ့ သပ်သပ်ရပ်ရပ် ဝတ်တတ်တဲ့လူကို ဘောင်းဘီဝတ်ခိုင်းတယ်။ ဒီလူနှစ်ယောက်ကို ဆုံပေးတယ်။ သက်သက် အရူးလုပ်လိုက်တာပဲ။

ချစ်ထွတ်တင်ကတော့ စိတ်မဆိုးပါဘူး။ အဲဒီလို ဉာဏ်ကောင်းတဲ့မိန်းမမျိုးတွေကို သဘောကျတတ်ပါတယ်။

အင်းဝဘုရင် မင်းခေါင်ဟာ မွန်သူရဲကောင်း လဂွန်းအိမ်က တစ်ယောက်နဲ့ အများ ဖြစ်ပေမယ့် အလျှော့မပေးပဲ ပြန်တိုက်ခိုက်နေတာကို တွေ့တော့ . . .

“ငါဟာ သူရဲကောင်းကို ချစ်မြတ်နိုးတော်မူပေတယ်။ ရန်သူပင် ဖြစ်သော်လည်း သွေးကောင်းသူကို လေးစားထိုက်တယ်၊ လဂွန်းအိမ်ကို မသေစေနှင့်၊ အသက်ရှင်လျက် ရအောင်ယူချေ”

မိန့်တော်မူခဲ့တယ်။

ချစ်ထွတ်တင်ကလည်း လှိုင်ထိပ်ထားဦးနဲ့ပတ်သတ်ပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။

သင်းကို အသက်ရှင်လျက် ရအောင်ယူအုံး။

*

နောက်တစ်နေ့ကစပြီး ချစ်ထွတ်တင် နည်းဗျူဟာအသစ်တစ်ခုနဲ့ စတင်လှုပ်ရှားတယ်။

ရှင်းရှင်းကလေးပါ။ လှိုင်ထိပ်ထားဦးက မြန်မာအဝတ်အစား ဝတ်ခိုင်းခဲ့တယ်မဟုတ်လား။ ဒီတော့ ချစ်ထွတ်တင်က နောက်ရက်တွေမှာလည်း အဲဒီအဝတ်အစားကိုပဲ ဆက်ဝတ်တယ်။

ဟိုနေ့က ဝတ်ခဲ့တဲ့ တိုက်ပုံအင်္ကျီ၊ ကွမ်းရိုးအစင်းအင်္ကျီနဲ့ ယောလုံချည်ကို ချည်း နေတိုင်း ရက်ဆက်မလဲဘဲ ဝတ်တယ်။

အဲဒီအခါ ဘာတွေဖြစ်လာသလဲဆိုတော့ အသစ်စက်စက် တစ်ခါမှ မလျှော်ရသေးတဲ့ အဝတ်အစားတွေဟာ . . .

ယောလုံချည်က ကော်တင်ထားတာဆိုတော့ ကြေပြီးရင်ပြန်မဆန့်တော့ဘူး။ ကော်တွေက ချွေးစိုလိုက်၊ ပြန်ခြောက်လိုက်နဲ့ ကွက်ကုန်ပြီ။ အနက်ရောင်ဆိုတော့ လည်း ဖုံတွေတင်ရင် သိသာတယ်။

နောက် . . . တိုက်ပုံအင်္ကျီ၊ အင်္ကျီအဖြူဆိုတာက ပေလွယ်တယ်။ တစ်ရက်နှစ်ရက်ထက်ပိုပြီး ဝတ်လို့မကောင်း။ ခုလို လေးရက်ဆက်တိုက် ဝတ်ပစ်လိုက်တော့ အစွန်းအထင်း၊ အပေအကျံတွေ ဖြစ်ကုန်တာပေါ့။ ဆိုင်ကယ်စီးနေတဲ့လူဆိုတော့ ပိုဆိုးတယ်။ လေထဲမှာ လွင့်လာတဲ့ ဖုန်မှုန့်တွေက ကပ်ပြီး တက်ထရက်အဖြူနဲ့မတူတော့ဘဲ မာလကျင် အဖြူလို ဖြစ်နေတယ်။

ဒီအဝတ်အစားဟာ ချစ်ထွတ်တင်လို လူမျိုးအဖို့ နဂိုကတောင် ထူးထူးခြားခြား ဖြစ်နေတာ ခုလို နေ့စဉ်ရက်ဆက် ဝတ်နေတော့ ပိုပြီးသိသာနေတာပေါ့။

လှိုင်ထိပ်ထားဦးတောင် မနေနိုင်ဘဲ ဖွင့်မေးရတော့တယ်။

"ယူက ဘယ်လိုဖြစ်နေတာလဲ၊ ဒီအဝတ်အစားက မလဲတော့ဘူးလား၊ ဘယ်နှစ်ရက်တောင် ရှိနေပြီလဲ၊ ပေရေနေတာ ကြည့်ရက်စရာတောင် မရှိဘူး"

"ညစ်ညစ်ပတ်ပတ် ဖြစ်နေတဲ့ လူတစ်ယောက်နဲ့ စကားပြောရတာ သိက္ခာကျတယ်လို့ ထင်လို့လား"

"ဒါနဲ့တော့ မဆိုင်ပါဘူး၊ တစ်ခါတလေကျရင် ယူ ဂျင်းပင်အစုတ်ကြီး ဝတ်ချင်ဝတ်လာတတ်တာပဲ၊ ခုဟာက ဒီအဝတ်အစားတွေကို မလဲပဲ နေ့တိုင်းဝတ်နေတာကို ပြောတာ"

"ကိုယ်ဆုံးဖြတ်ချက်တစ်ခုချပြီး ဝတ်နေတာ"

"ဘာဆုံးဖြတ်ချက်လဲ"

"ထိပ်ထားဆီက တိကျတဲ့ အဖြေမရမချင်း ဒီအဝတ်အစားကို မလဲတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

လှိုင်ထိပ်ထားဦး ရယ်လိုက်သည်။

"ဒါတော့ အကျပ်ကိုင်တာပဲ၊ တစ်ခုတော့ သတိထားနော်၊ အကျပ်ကိုင်တယ်ဆိုပြီး သူများကိုမထိဘဲ ကိုယ့်ကိုယ်ကိုယ် ပြန်ထိနေရင် ဘယ်အောင်မြင်မလဲ"

"ထိပ်ထားကိုလည်း ထိသင့်သလောက် ထိမှာပဲ၊ ခုကြည့်လေ ကိုယ်ဒီလိုဝတ်ပြီး ထိပ်ထားနဲ့လာလာတွေ့နေတယ်ဆိုရင်ပဲ ထိပ်ထားမှာ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရပြီ မဟုတ်လား"

"တကယ်လို့ တို့က တစ်သက်လုံး အဖြေမပေးဘဲ နေမယ်ဆိုရင် ယူ တစ်သက်လုံး ဒီအဝတ်အစားနဲ့ပဲ နေသွားမှာလား"

"နေမှာပေါ့၊ ဘာလဲ၊ မလုပ်ရဲဘူး ထင်လို့လား၊ ဒါတင်မကဘူး ထပ်ပြီးတော့တောင် လုပ်စရာတွေ ရှိသေးတယ်။ မျက်နှာမသစ်ဘူး၊ ရေမချိုးဘူး"

"နောက်ပြီးတော့ကော"

"အစာငတ်ခံ ဆန္ဒပြတဲ့အထိ လုပ်ဖို့ စိတ်ကူးရှိတယ်"

လှိုင်ထိပ်ထားဦးက အတော်ကြာအောင် စဉ်းစားသလို လုပ်နေတယ်။ ချစ်ထွတ်တင်က တိုက်ပုံအင်္ကျီလက်မှာတင်နေတဲ့ ဖုန်တွေကို လက်နဲ့တောက်ပြီး ခါမယ်လုပ်ပြီးမှ ဒီအတိုင်းထားလိုက်တယ်။

လှိုင်ထိပ်ထားဦးက . . .

"ယူ မနက်ဖြန်ကျရင် အဝတ်အစား လဲခဲ့တော့နော်"

လှိုင်ထိပ်ထားဦးက မီးစိမ်းပြလိုက်ပြီ။ ဘာကိုဆိုလိုတယ်ဆိုတာ သိသာပါတယ်။

"ဒါဆို ကိုယ့်အချစ်ကို ထိပ်ထား လက်ခံပြီပေါ့နော်"

"အဲ့ဒီလို ဟုတ်မဟုတ်ဆိုတာ မနက်ဖြန်ကျမှ ပြောရမှာလေ"

"မနက်ဖြန်ဘာပြောမယ်ဆိုတာ အခုကြိုမသိဘူးလား"

"ဒါက ထိပ်တန်းလို့ဂုဏ်ချက်ပဲ ပေါက်ကြားလို့ မဖြစ်ဘူး"

"ရင်းနှီးတဲ့ လူအချင်းချင်းအနေနဲ့ တိုးတိုးတိတ်တိတ်တောင် ပြောလို့ မဖြစ်ဘူးလား"

"မဖြစ်ဘူးလေ၊ ဘာကြောင့်လဲဆိုတော့ မနက်ဖြန် ဘာပြောမယ်ဆိုတာ တို့ဘာသာတို့တောင် မသိသေးဘူး"

ချစ်ထွတ်တင်ပြုံးလိုက်တယ်။

"ဒါမျိုးက ဖြစ်တတ်ပါတယ်။ တကယ်လို့ ထိပ်ထား ဆုံးဖြတ်ရခက်နေရင်လည်းပြောလေ၊ ကိုယ်လည်း ကူပြီး စဉ်းစားပေးပါ့မယ်" လို့ ပြောလိုက်တယ်။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

ထုံးစံအတိုင်း အောင်စိုးထမင်းဘူးက အရင်ကုန်သွားသည်။ အေးအေးဝင်းကတော့ တဝက်သာသာလောက်သာ ကုန်သေးသည်။ အောင်စိုးသည် အေးအေးဝင်းကိုစောင့်ပြီး ထမင်းဖြည်းဖြည်းစားဖို့ ကြိုးစားရာ မအောင်မြင်သေးချေ။ အေးအေးဝင်းသည်လည်း အောင်စိုးလို မြန်မြန်စားကြည့်လို့ မရသေး။

"ကိုအောင် ထမင်းမဝသေးရင် ယူစားလေ"

အေးအေးဝင်းက ထမင်းဘူးကို အောင်စိုးဘက် တိုးပေးသည်။

"တော်ပါပြီ။ ဝပါပြီ"

"သိပါတယ်၊ ကိုအောင် မဝသေးပါဘူး၊ စားပါ၊ အေးက တမင် ကိုအောင်စားရအောင် ထမင်းပိုထည့်လာတာ၊ အေးက သိပ်စားတာမှ မဟုတ်တဲ"

"ရပါတယ်၊ အေးပဲ စားပါ"

"စားပါလို့ ဆိုနေ"

အောင်စိုး ကြာကြာဟန်မဆောင်နိုင်။ ဒီနေ့ အေးအေးဝင်းက ငရုတ်သီးဟင်းချက်လာခဲ့သည်။ ငရုတ်သီးစိမ်းကို ပုစွန်ခြောက်နှင့် ချက်ခြင်းဖြစ်သည်။ တစ်ခါက အေးအေးဝင်း ငရုတ်သီးဟင်းချက်လာရာ အောင်စိုးက ကြိုက်သည်ဆို၍ မကြာခဏ ချက်ခြင်းဖြစ်သည်။ အောင်စိုးဟင်းကတော့ အာလူးဆီပြန်ဖြစ်သည်။ အောင်စိုးသည် စားလို့ကောင်းသဖြင့် တကယ်ပင် ထမင်းမဝသေး။ သို့ရာတွင် အေးအေးဝင်းထမင်းဘူးထဲက သုံးလေးဇွန်းသာ ခပ်စားသည်။

"ခုနောက်ပိုင်း အေးက ထမင်းများများထည့်လို့ အမေကတောင် ပြောသေးတယ်။ ထမင်းပိုစားပြီး ဝလည်းမလာဘူးတဲ့"

အောင်စိုးက ရယ်၍ . . .

"အေးကွာ၊ ကိုအောင့်အတွက် ထမင်းပိုပိုထည့်လာတာ အားနာစရာတောင်ကောင်းနေပြီ"

"ဘာ၊ အေးကိုများ အားနာရသေးလား"

"အေးကို အားနာတာ မဟုတ်ပါဘူး၊ ယောက္ခမကြီးကို"

"အံမယ်၊ အသားယူနေပြန်ပြီ"

"အသားယူစရာလည်း မရှိပါဘူး၊ ငရုတ်သီးပဲ ယူစရာရှိတယ်၊ ကိုအောင်တကယ်ပြောတာပါ။ အားနာတယ်ဆိုတာက ဒီလိုလေ၊ ကိုအောင့်အတွက် ထမင်းပိုပိုထည့်လာတော့ အေးတို့အိမ်မှာ ဆန်ပိုကုန်မှာပေါ့"

"ဟာ၊ မပြောပလောက်ပါဘူး"

"တစ်နေ့နည်းနည်း နည်းနည်းနဲ့ ရက်တွေကြာရင် တစ်ပြည်စ၊ နှစ်ပြည်စတော့ ဖြစ်သွားမှာပေါ့"

"ကိုအောင်ကကော အေးအတွက် ကားခပေးပေးနေရတာက ပိုတောင်ကုန်ဦးမယ်"

"ဒါလည်း မပြောပလောက်ပါဘူးလေ၊ နောက်ဆိုရင် တစ်သက်လုံးတောင် လုပ်ကျွေးသွားရမှာ မဟုတ်လား"

"အေးကလည်း ကိုအောင့်ကို ချက်ပြုတ်ကျွေးမွေးရမှာ မဟုတ်လား"

"အင်းလေ၊ ခုကတည်းက လာချက်ကျွေးရင် ကောင်းမှာပဲနော်၊ ကိုအောင်တို့သားအဖမှာ ဖြစ်သလို ချက်ပြုတ်စားနေရတာ"

"ဒါတော့ ဖြည်းဖြည်းပေါ့၊ ကိုအောင် ဟင်းချက်တတ်လားဟင်"

"တတ်တာပေါ့၊ ယောကျ်ားချည်းရှိတဲ့အိမ်မှာ ထမင်းဟင်းမချက်တတ်လို့ ဘယ်ဖြစ်မလဲ။ ကျကျနနတော့ မဟုတ်ဘူးပေါ့လေ။ ဟင်းဖြစ်ရုံပါပဲ"

"ခု ချက်လာတဲ့ အာလူးဟင်းကကော ကိုအောင်ချက်တာလား"

အောင်စိုးက ခေါင်းညိတ်ပြသည်။

"စားလို့ ကောင်းသာပဲ"

"ကောင်းမှာပေါ့၊ ဒီဟင်းချက်နည်းကို ကိုအောင်တို့နားက အားလူးပူရီသည်ကြီးဆီမှာ တပည့်ခံပြီး သင်ထားတာ"

အေးအေးဝင်းက ထမင်းဘူးကို အောင်စိုးဘက်တိုးပေးပြီး . . .

"ကိုအောင်စားလိုက်တော့ အေးဝပြီ"

"အေးစားလိုက်ပါ"

"အေးက သိပ်မစားနိုင်ဘူးဆိုတာ ကိုအောင်သိသားပဲ၊ ကဲပါ၊ စားလိုက်ပါ"

သုံးလေးဇွန်းစာလောက် ထမင်းနှင့် ကွမ်းသီးလုံးလောက်ကျန်သော ငရုတ်သီးဟင်းကလေးအတွက် တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် စေတနာပြုနေကြသည်ကို တခြားသူတွေမြင်လျှင် ရယ်ချင်ကောင်း ရယ်ချင်ကြပေလိမ့်မည်။ သူတို့ကတော့ ဒါကလေးကိုပင် ကြည်နူးစရာတစ်ခုဟု သဘောထားကြသည်။

အောင်စိုးက ထမင်းတစ်ဇွန်း ခပ်စားသည်။

"အေးက အစားအသောက်နည်းလို့ ပိန်တာ" ဟု ပြောလိုက်သည်။

အေးအေးဝင်းက . . .

"အံမယ်၊ သူကတော့ တော်တော် ဝဝဖြိုးဖြိုး ရှိရှာတာကိုး"

"ကိုအောင်က လှုပ်လှုပ်ရှားရှားနေလို့ အသားတွေကျစ်ပြီး မဝတာပါ။ မဝပေမယ့် ကြွက်သားတွေ ထွားကြိုင်းတယ်၊ ဒီမှာကြည့်" ဆိုပြီး အောင်စိုးက လက်နှစ်ဖက်ကိုမြှောက်၍ ကွေးပြီး ဗလပြသလို လုပ်သည်။

ဗြိကနဲ မြည်သွား၏။ အင်္ကျီချိုင်းက ချုပ်ရိုးတွေ ပြုတ်ထွက်ကုန်ခြင်းဖြစ်သည်။ အေးအေးဝင်းက ရယ်သည်။ အောင်စိုးလည်း လိုက်ရယ်လျက် . . .

"တွေ့တယ်မဟုတ်လား၊ သန်မာထွားကြိုင်းလွန်းလို့ ချုပ်ရိုးတွေတောင် ပြုတ်ထွက်ကုန်တာ"

"ကောင်းတယ်" ဟု ပြောရင်း အေးအေးဝင်းက လွယ်အိတ်ထဲမှ ပိုက်ဆံအိတ် သေးသေးလေးကို ထုတ်သည်။ ဇစ်ကိုဆွဲဖွင့်ပြီး အထဲက ကတ်ပြားလေးမှာ ပတ်ထားသော အပ်ချည်နှင့် အပ်ကိုယူ၍ . . .

"ကဲ အင်္ကျီချွတ်၊ ချုပ်ရိုးပြုတ်သွားတာ အေးပြန်သီပေးမယ်"

"ဟာ အေးကလဲ အင်္ကျီကျွတ်ကြီးနဲ့ သူများတွေမြင်သွားရင် ရှက်စရာကြီး"
"ဘယ်သူမှမှ မရှိတာ"
အားလပ်ချိန်ဖြစ်၍ အတန်းထဲမှာ လူရှင်းနေသည်။ သူတို့နှစ်ယောက်တည်းသာ ရှိသည်။
"ကိုအောင့်မှာ စွပ်ကျယ်မပါဘူး၊ ကိုယ်တုံးလုံးကြီး တော်ကြာ တစ်မျိုးအထင်ခံနေရအုန်းမယ်"
"ဒါဆိုလည်းပြီးရော၊ အိမ်ကျမှ ပြန်ချုပ်တော့"
"အေးက အပ်ချည်နဲ့အပ် အမြဲဆောင်ထားတာပဲလား"
"အမြဲတော့ မဆောင်ပါဘူး၊ ဒီနေ့မှ တမင်ယူလာတာ"
"ဘာလုပ်ဖို့လဲ"
"ဒီမှာလေ"
အေးအေးဝင်းက အောင်စိုး၏ လွယ်အိတ်ကိုပြသည်။ အောင်စိုး၏ လွယ်အိတ်သည်လည်း ချုပ်ရိုးတွေပြုတ်ပြီး ပက်လက်ဖြစ်နေသဖြင့် အလွယ်တကူ တွယ်ချိတ်ဖြင့် ချိတ်ထားခြင်းဖြစ်သည်။
"အဲဒါကြီး အမြင်မတော်လို့ ချုပ်ပေးမလို့ အပ်ချည်နဲ့အပ် ယူလာတာ၊ ဒီကျတော့ အင်္ကျီပါ ချုပ်ပေးရမလို ဖြစ်နေပြီ"
"အေးက သိပ်အလိုက်သိတတ်တာပဲ၊ ဒါကြောင့် အေးကို . . ."
ဆိုပြီး အေးအေးဝင်း ပုခုံးပေါ် လက်တင်မည်အပြုတွင် အတန်းချိန်နီးသဖြင့် ပြန်လာသော စိုးစိုးမော်တို့ကို တွေ့လိုက်ရ၍ လက်တုံ့သွားသည်။ သူ့လက်သည် အေးအေးဝင်းပုခုံးနား ရောက်နေပြီဖြစ်သောကြောင့် . . .
"ဟို . . . ပုရွက်ဆိတ်ထင်တယ်" ဟု ပြောပြီး ဘာမှမရှိဘဲ အင်္ကျီကို ခါထုတ်ပေးလိုက်သည်။
စိုးစိုးမော်က . . .
"ပုရွက်ဆိတ်မဟုတ်ပါဘူး၊ ကင်းခြေများပါ" ဆိုလိုက်သဖြင့် အောင်စိုး ရှက်ကိုး ရှက်ကန်းဖြစ်ပြီး သွားတော့မယ်ဟု နှုတ်ဆက်ကာ လစ်သွားသည်။
"ဘယ်ကိုလဲ အနှောက်အယှက် ဖြစ်သွားလား" စိုးစိုးမော်ကစသည်။

"ဖြစ်တာပေါ့"

"ကောင်းခန်းရောက်နေတုန်းမို့ပေါ့ ဟုတ်လား"

"တော်စမ်းပါ၊ သူ့လွယ်အိတ် ပြနေလို့ ချုပ်ပေးမလို့ လုပ်နေတာ၊ နင်တို့ရောက်လာတာနဲ့ ချုပ်တောင် မပေးလိုက်ရတော့ဘူး"

"သိပ်ကြင်နာနေတယ်၊ ဟုတ်လား"

"ကြင်နာရတာပေါ့ဟဲ့၊ နင်က ဒါတွေ ကိုယ်ချင်းမစာတတ်သေးပါဘူး" ဟု လဲ့လဲ့မြင့်က ဝင်ပြောသည်။

သူတို့ထဲတွင် စိုးစိုးမော်က ခုထိ တစ်ယောက်တည်း အဖော်မရှာပဲ နေနေတုန်းဖြစ်သဖြင့် မကြာခဏ ဝိုင်းစလေ့ရှိသည်။

"နင်တို့က ဘယ်သွားနေကြတာလဲ" ဟု အေးအေးဝင်းက မေးသည်။

စိုးစိုးမော်က . . .

"လှည်းတန်းဘက် ခဏသွားတာ၊ နှုတ်ခမ်းနီဗူး သွားဝယ်တာလေ၊ ဈေးကြီးလိုက်တာဟယ်။ ကစ်ဒလီက နှစ်ဆယ့်ခုနစ်ကျပ်တဲ့"

"များတာပေါ့၊ သွင်းဈေး နှစ်ဆယ်လောက်ပဲ ရှိတယ်"

နှုတ်ခမ်းဆိုးဆေးတွေ ဘာတွေ ဝယ်လေ့မရှိသော အေးအေးဝင်းက သွင်းဈေးကိုပါ သိနေသဖြင့် အံ့သြပြီး . . .

"နင်က ဘယ်လိုလုပ်သိတာလဲ" မေးကြသည်။

"သိတာပေါ့၊ ငါတို့အိမ်နားမှာ သင်္ဘောသားတစ်ယောက် ရှိတယ်လေ၊ သူ့မိန်းမ ပစ္စည်းတွေသွားသွင်းတာ ငါအဖော်လိုက်သွားဖူးတယ်"

"ဟုတ်လား၊ နင်က ငါတို့တောင် မပြောဘူး၊ အဲဒီလိုနေရာကဝယ်ရင် ဈေးသက်သာတာပေါ့"

"နင်တို့လိုချင်ယင် ငါယူလာပြမယ်"

"ဒီလိုလုပ်ဟာ၊ နှုတ်ခမ်းနီရော လက်သည်းဆိုးဆေးရော၊ ခရင်ပတ်ဖ်တို့ ရေမွှေးတို့ပါ ယူခဲ့၊ ငါတို့ အစ်မတွေ သူတို့ သူငယ်ချင်းတွေကိုပါ ပြပေးမယ်၊ နင့်အတွက်လဲ သုံးဖို့စွဲဖို့ ရတာပေါ့"

သူတို့သည် ခင်မင်ပေါင်းသင်းလာခဲ့သည်မှာ ကြာပြီဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြပြီ။ အေးအေးဝင်းအတွက် ထိုကဲ့သို့ ပစ္စည်းတို့ အဝတ်အထည်တို့ တစ်ဆင့်ယူရောင်းပေးပြီး သုံးစွဲဖို့ ငွေရှာရသည့် ကိစ္စမှာ အဆန်းမဟုတ်တော့ချေ။ ထိုအကြောင်းပြောရန် သူငယ်ချင်းတွေကလည်း ဟိုးအရင်ကလို အားနာနေစရာ မလိုတော့ချေ။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

လှိုင်ထိပ်ထားဦးရဲ့ စိတ်ထဲမှာ ပထမဆုံးအကြိမ် ဘရာစီယာစဝတ်တဲ့နေ့ တုန်းကလို ခံစားရတယ်။

ဒီနေ့ဟာလဲ လှိုင်ထိပ်ထားဦးအတွက် ထူးခြားတဲ့ အမှတ်တရနေ့ တစ်နေ့ပဲ။ ဒီနေ့မှာ ချစ်ထွတ်တင်ဆိုတဲ့ လူတစ်ယောက်ကို ချစ်သူအဖြစ် လက်ခံရတော့မှာ မဟုတ်လား။

လှိုင်ထိပ်ထားဦးဟာ ယောကျ်ားလေး တော်တော်များများနဲ့ တွေ့ဖူးပါတယ်။ အားလုံးဟာ လှိုင်ထိပ်ထားဦးရဲ့ အချစ်ကို လိုချင်သူတွေချည်းပဲ။ သို့ပေမယ့် တစ် ယောက်မှ စိတ်တိုင်းမကျခဲ့ဘူး။

နှစ်ယောက်ကတော့ အဲဒီစာရင်းမှာ မပါဘူး။ ကိုကိုကြီးနဲ့ ချစ်ထွတ်တင်။

ကိုကိုကြီးဟာ အဘက်ဘက်မှ ပြောစရာမလိုတဲ့လူ။ ချမ်းသာတယ်၊ ပညာ တတ်တယ်။ မိဘချင်းလဲအဆင်ပြေတယ်။ ပြီးတော့ ရိုးသားတယ်။ အဲဒီလို အစစ အရာရာ ပြောစရာမရှိတဲ့အတွက်ကြောင့်ပဲ သူ့ကို လှိုင်ထိပ်ထားဦး ပယ်လိုက်ရ တာပါပဲ။

စဉ်းစားကြည့်လေ။ လှိုင်ထိပ်ထားဦးဘဝဟာလဲ အစစ ပြည့်စုံတာပဲ။ ပြီး တော့ အားလုံးက အလိုလိုက် အကြိုက်ဆောင်ထားခဲ့ကြတာပဲ။ ဒီကြားထဲမှာ နောက်ထပ် အလိုလိုက်မယ့်လူတစ်ယောက် ထပ်တိုးလာတာဟာ ဘာလုပ်ရမှာ လဲ။

ဟုတ်တယ်။ ကိုကိုကြီးဟာ လှိုင်ထိပ်ထားဦးကို အရမ်းအလိုလိုက်တယ်။ သူနဲ့ဆိုရင် စိတ်ကောက်ခွင့်တောင် ရမှာမဟုတ်ဘူး။ ဘာကြောင့်ဆို စိတ်ကောက်စရာ မလိုလောက်အောင် ဂရုစိုက်နေမှကိုး။ ကဲ . . . လေ . . . ဘယ်လိုလုပ်ပျော်စရာကောင်းမှာလဲလို့။

အဓိကအချက်ကတော့ ကိုကိုကြီးကို လုံးဝစိတ်ဝင်စားလို့မရတဲ့ အကြောင်းပဲ။ ဒါမျိုးဆိုတာကလဲ အခက်သားကလား။ သူ့ဟာသူ ဘာကြီးဖြစ်နေနေ ကိုယ့်စိတ်ထဲကမှ မချစ်နိုင်တာ ဘာတတ်နိုင်မှာလဲ။

ချစ်ထွတ်တင်ကတော့ ချမ်းသာတာချင်းတူတာကလွဲရင် ကိုကိုကြီးနဲ့ တခြားစီပဲ။ သူဟာ အမြဲတမ်း သွက်လက်လှုပ်ရှားနေတယ်။ သတ္တိလဲရှိတယ်။ စကားပြောလည်း ကောင်းတယ်။ ဟာသဉာဏ်ရှိတယ်။ သူနဲ့ စကားအခြေအတင်ပြောရတာဟာ စိတ်လှုပ်ရှားစရာကောင်းတယ်။ သူနဲ့တွေ့ရတာ ဘာနဲ့တူသလဲဆိုတော့ စွန့်စားမှုတစ်ခုကို ပြုလုပ်တဲ့အခါ ရင်တဖိုဖို ဖြစ်ရသလိုမျိုးပဲ။

ဒါကြောင့် ချစ်ထွတ်တင်ကိုရွေးဖို့ ဆုံးဖြတ်လိုက်တာပဲ။

ဒီနေ့ ကျောင်းကိုလာရတာ စိတ်ထဲမှာ ပျော်သလိုလို၊ ရင်ခုန်သလိုလို ရှိလှတယ်။ ကျောင်းကို ပထမဆုံး စတက်ရတဲ့ နေ့တုန်းကလိုပဲ။ အတွေ့အကြုံသစ်တစ်ခုကို ရတော့မယ် မဟုတ်လား။

အရင်ကဆိုရင် အိမ်မှာ စားချင်တာစား၊ ဝတ်ချင်တာဝတ်၊ သီးချင်းခွေ နားထောင်၊ ရုပ်မြင်သံကြားကြည့်၊ ဝတ္ထုဖတ်၊ ကျောင်းရောက်တော့လည်း သူငယ်ချင်းတွေနဲ့ စကားတွေပြော၊ စားသောက်ဆိုင်မှာ ထိုင်ပြီး စားသောက်၊ နောက်တော့ အိမ်ကကား လာကြို၊ အိမ်ပြန်။

ဒီအတိုင်း လုံးချာလိုက်နေရတာ ကြာတော့ ငြီးငွေ့လာပြီလေ။

ဒီနေ့ အဖြေပေးမယ်လို့ ချစ်ထွတ်တင်ကို ပြောခဲ့တယ်။ တစ်ခု စဉ်းစားမိသေးတယ်။ မနေ့တုန်းက နက်ဖြန်ကျရင် အဖြေပေးမယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဒီနေ့ ချစ်ထွတ်တင်က မေးရင်လည်း မနက်ဖြန်လို့ ပြောထားတာလေ၊ နက်ဖြန်မှပေါ့လို့ နောက်လိုက်ဦးမှပဲ။ ဒါဆိုရင် ချစ်ထွတ်တင် ဘာပြောမလဲမသိ။ သူက စကားတတ်တယ် မဟုတ်လား။

ကားက အဓိပတိလမ်းပေါ်ကနေ သိပ္ပံဆောင်ဘက်သွားတဲ့ လမ်းသွယ်ထဲ ချိုးဝင်လိုက်တယ်။ အရင် ချစ်ထွတ်တင် စောင့်နေတတ်တဲ့ သစ်ပုပ်ပင် အရိပ်အောက်မှာ သူမရှိဘူး။

တွက်တော့ တွက်ထားပြီးသားပါလေ။ ချစ်ထွတ်တင်ဟာ ဒီလိုနေ့မျိုးမှာ တစ်ခုခုတော့ ထူးခြားအောင် လုပ်မှာပဲဆိုတာ။

ဆင်ဝင်အောက်မှာ ကားရပ်တော့ ကားပေါ်ကဆင်းပြီး သိပ္ပံဆောင်ထဲ ဝင်ခဲ့တယ်။

စကြ်န်လမ်းထောင့်ချိုး တစ်ခုခုကနေ ရုတ်တရက်ထွက်လာပြီး မတော်တဆ ဝင်တိုက်မိသလိုလိုနဲ့ "ဆောရီးနော်" "ဟာ ထိပ်ထားပါလား" လို့ အံ့ဩဟန် လုပ်ချင်လုပ်လိမ့်မယ်။

သို့ပေမယ့် အတန်းထဲ ရောက်လာတဲ့အထိ ချစ်ထွတ်တင်ကို မတွေ့ရသေး။ ကျောင်းတက်တဲ့ အထိလဲ မလာသေး။ အတန်းတွေ အချိန်တွေ တစ်ချိန်ပြီး တစ်ချိန် ပြီးသွားတယ်။ အဲဒီလိုနဲ့ နေ့လယ်အားလပ်ချိန်တောင် ရောက်လာခဲ့တယ်။

ချစ်ထွတ်တင် နေများမကောင်းလို့လား။ ဒါမှမဟုတ် မပြောကောင်း မဆိုကောင်း ဆိုင်ကယ်မောင်းရင်း ထိမိခိုက်မိလို့များလား။

သက်သက်မဲ့ လူကိုစိတ်ပူအောင် နောက်ကျပြီးမှ လာတာဆိုရင်တော့လား သိမယ်။ ဒီနေ့ အဖြေမပေးဘဲ ထားလိုက်မယ်။ ပြန်ညှင်းပစ်လိုက်ဦးမယ်။

စားသောက်ဆိုင်ဘက်ကို ထွက်လာခဲ့တယ်။ ရှိစီတို့ကို မခေါ်တော့ဘဲ တစ်ယောက်တည်း လာခဲ့တယ်။ အင်းလေ . . . သူတို့ကလည်း အရင်လို မလိုက်ချင်တော့ပါဘူး။ သူတို့မှာလည်း သူတို့အတွဲတွေ ကိုယ်စီနဲ့မဟုတ်လား။

"မလှိုင်ထိပ်ထားဦး" လို့ ခေါ်တဲ့အသံ ကြားမိသလိုပဲ။ လှည့်တော့ မကြည့်ဖြစ်။ ကျောင်းမှာက နာမည်ခေါ်တိုင်း လှည့်ကြည့်လို့ မဖြစ်ဘူးလေ။ တော်ကြာ လှည့်ကြည့်ပြီးမှ ဘာမှမဟုတ်သလို အကြောင်ရိုက်ချင် ရိုက်တတ်ကြတာ။

"မလှိုင်ထိပ်ထားဦး" လို့ ထပ်ခေါ်ပြီး လူတစ်ယောက် ဘေးကလိုက်လာတယ်။ ပညာပေးလိုက်ဦးမယ်လို့ စိတ်ကူးပြီး"

"ဘာလဲ ပြောလေ" လို့ ချိုချိုသာသာ ပြန်ပြောလိုက်တယ်။

သူက . . .

“ကျွန်တော် ချစ်ထွတ်တင်ရဲ့ သူငယ်ချင်းပါ။ သူက စာတစ်စောင် ပေးခိုင်းလိုက်လို့” ဆိုပြီး လေယာဉ်စာအိတ်တစ်အိတ်ကို လှမ်းပေးနေတယ်။ တော်တော်လည်း အလိုက်ကမ်းဆိုးမသိတဲ့ ကောင်ပါလား။ လမ်းလယ်ကောင်ကြီးမှာ သူများတွေမြင်ရင် ဘယ်လိုထင်မလဲ။ သူက စာပေးတာကို လှိုင်ထိပ်ထားဦးက ယူသွားပါတယ်လို့ မထင်ပေဘူးလား။

တပြိုင်နက်တည်းမှာပဲ ချစ်ထွတ်တင်က ကိုယ်တိုင်မလာဘဲ ဘာကြောင့် စာပေးခိုင်းလိုက်ရတာလဲလို့ သိချင်သွားတယ်။ ဒါကြောင့် . . .

“လွယ်အိတ်ထဲ ထည့်လိုက်” လို့ ပြောလိုက်တယ်။

ဟိုကောင်က စာကို လွယ်အိတ်ထဲ အသာထည့်ပေးပြီး ပြန်လှည့်ထွက်သွားတယ်။

စားသောက်ဆိုင်ကို မသွားဖြစ်တော့ဘူး။ ကျောင်းသူများ အပန်းဖြေစခန်းထဲ ဝင်လာခဲ့တယ်။ စာအိတ်ကို ထုတ်တယ်။ လေယာဉ်စာအိတ်ပဲ။ ဖောက်လိုက်တယ်။

ထိပ်ထား

ကိုယ် ထိပ်ထားကို သိပ်ချစ်ပါတယ်။ ဒါပေမယ့် အခြေအနေချင်းက ကွာခြားလှပါတယ်။ ကိုယ်က သာမန် အညတြတစ်ယောက်။ ထိပ်ထားက တော်ဝင်သူကလေး မဟုတ်လား။ ထိပ်ထားနဲ့ ကိုယ်နဲ့ မတန်ပါဘူး။ ကိုယ့်ထက် ရာထူးရောဂုဏ်ဒြပ်ပါ သာတဲ့လူကို ကိုယ် မယှဉ်ရဲပါဘူး။ ဒါကြောင့် ကိုယ်နောက်ဆုတ်ပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ထိပ်ထားဘဝ သာယာချမ်းမြေ့ပါစေ။

တစ်ခါက
ချစ်ထွတ်တင်

လှိုင်ထိပ်ထားဦးအဖို့ အကြီးအကျယ် ထိုးနှက်ခံလိုက်ရတဲ့ ပွဲပဲ။ ချစ်ထွတ်တင်က တစ်ကွက်သာသွားခဲ့ပြီ။ ရှင်းရှင်းပြောရရင် ဒီပွဲမှာ လှိုင်ထိပ်ထားဦး ရှုံးတယ်။

သို့ပေမယ့် အဲဒီအရှုံးကို လှိုင်ထိပ်ထားဦးက ဝန်မခံဘူး။ လှိုင်ထိပ်ထားဦးရဲ့ ဘဝမှာ အရှုံးဆိုတာ မရှိခဲ့ဖူးဘူး။ ဒါကြောင့် ရှုံးတယ်ဆိုတာကို နားမလည်ဘူး။ မသိဘူး။

ပုံပြင်ထဲက မင်းသားလေးတစ်ပါလိုပဲ။ ဟိုဘဝက 'မရှိတာကို မသိတဲ့ကိုယ် ဖြစ်ရပါလို၏' လို့ ဆုတောင်းခဲ့တာ ဒီဘဝမှာ ဆုတောင်းပြည့်ပြီး အကုန်လိုတရ နေတယ်။ သူ့မယ်တော်က ငါ့သားလေးမရှိတာကို မသိရင် တစ်နေ့ခက်မယ်ဆိုပြီး သိအောင် ကြံတယ်။

ဘယ်လိုကြံသလဲဆိုတော့ တစ်နေ့ မင်းသားလေးက ကစားနေတုန်း မုန့်ဆာလို့ အခိုင်းအစေတစ်ယောက်ကို မယ်တော်ဆီမှာ မုန့်အတောင်းခိုင်းလိုက်တယ်။ မယ်တော်က မရှိဘူးလို့ ပြန်ပြောလိုက်တယ်။ မရှိတာကိုမသိတဲ့ မင်းသားလေးက အဲဒီ မရှိမုန့်ပဲ ပေးလိုက်ပါလို့ ဆိုသတဲ့။ ဒီတော့မှ မယ်တော်က အုပ်တစ်ခုထဲမှာ ဘာမုန့်မှမထည့်ဘဲ ပေးခိုင်းလိုက်တယ်။

သို့ပေမယ့် မင်းသားလေးရဲ့ ဆုတောင်းကောင်းခဲ့တော့ နတ်ဗြဟ္မာတွေက မနေနိုင်ဘူး။ လမ်းမှာပဲ နတ်သုဒ္ဓါတွေကို အုပ်ထဲတိတ်တဆိတ် ထည့်ပေးလိုက်သတဲ့။ မင်းသားလေးဟာ နတ်သုဒ္ဓါတွေကို စားကြည့်တော့ သိပ်စားလို့ကောင်းနေတာနဲ့ 'တယ်ကောင်းတဲ့ မရှိမုန့်ပါလား၊ ထပ်တောင်းချေဦး' လို့ ဆိုသတဲ့။

လှိုင်ထိပ်ထားဦးလည်း ဒီလိုပဲ။ ဒီလိုဆန္ဒနဲ့ အမြဲပြည့်စုံနေခဲ့တော့ မပြည့်စုံခြင်းဆိုတာကို မသိဘူး။ မခံစားတတ်ဘူး။ ဒါကြောင့် ချစ်ထွတ်တင်နဲ့ ရင်ဆိုင်ရာမှာ ရှုံးနိမ့်သွားရတယ်လို့ လက်မခံဘူး။

ချစ်ထွတ်တင်ရဲ့စာကို ဖတ်လိုက်ပြီးတော့ ဝမ်းနည်းသွားရတယ်လို့ ကိုယ့်ကိုကိုယ် မထင်ဘူး။ စိတ်ဆိုးသွားတယ်။ ဒေါသဖြစ်သွားတယ်လို့ပဲ ထင်တယ်။

ဒီတော့ တစ်နည်းနည်းနဲ့ တုံ့ပြန်ဖို့ ကြိုးစားတယ်။ လွယ်လွယ်လေးပဲ။ ကိုကိုကြီးကို အသုံးချလိုက်ရုံပေါ့။

ကိုကိုကြီးကို ကျောင်းကို မကြာခဏ လာလည်ခိုင်းတယ်။ ကိုကိုကြီးနဲ့ တပူးတွဲတွဲ နေပြတယ်။ အိမ်ကို ကားနဲ့ ပြန်ပို့ခိုင်းတယ်။ ဒီနည်းနဲ့ ချစ်ထွတ်တင်ကို ပြန်ပြီး ပညာပေးလိုက်ပြီလို့ ထင်တယ်။

ချစ်ထွတ်တင်က ပညာရသွားသလား၊ မရဘူးလားတော့ မသိ။ လှိုင်ထိပ်ထားဦးကတော့ ကိုကိုကြီးနဲ့ တွဲပြရလို့ မပျော်မိတာ အမှန်ပဲ။ ကိုကိုကြီးနေရာမှာ ချစ်ထွတ်တင်သာဆိုရင် . . . လို့ မကြာခဏ တွေးမိတာကို ဖွတ်ပေ့ပစ်နေရတယ်။

ချစ်ထွတ်တင်ကကော။

လူတွေဟာ တခြားလူတွေနဲ့ ယှဉ်ပြိုင်တဲ့အခါ အနိုင်ရချင်ကြတာချည်းပါပဲ။ နိုင်လိုက်ရတဲ့အခါ ဆိုရင်လည်း ပျော်တတ်ကြတာပါပဲ။

ချစ်ထွတ်တင် အနေနဲ့လည်း လူသားတစ်ယောက်အနေနဲ့ အနိုင်ရခြင်း အပေါ် သာယာမိတာ အမှန်ပါပဲ။ သို့ပေမယ့် နိုင်ရဖန်များတော့လည်း ပျင်းသလိုလိုဖြစ်လာတယ်။ ရှုံးရတဲ့အရသာဟာလည်း ဘယ်လိုပါလိမ့်လို့ တွေးပြီး တစ်ခါတစ်ခါ အရှုံးပေးကြည့်ချင်စိတ်တောင် ပေါက်ပေါက်လာတတ်သေးတယ်။

လှိုင်ထိပ်ထားဦးနဲ့ ယှဉ်ရတဲ့အခါကျတော့ နည်းနည်းသတိထားရတယ်။ လှိုင်ထိပ်ထားဦးက ကိုယ့်ကိုယ်ကိုယ် နည်းနည်းအထင်ကြီးနေတယ်။ ချစ်ထွတ်တင်နဲ့ဦးမောင်မောင်ကိုကြီးတို့ ယောကျ်ားသားနှစ်ယောက်ကို အရှုးလုပ်ချင်တယ်။ ဒါကြောင့် နည်းနည်း ပညာပေးလိုက်တာပဲ။

ဒီပွဲမှာ ချစ်ထွတ်တင် နိုင်လိုက်ရတယ် ဆိုပါစို့။ ကဲ . . . ဒီတော့ အနိုင်ရလို့ ပျော်သလား၊ ထင်သလောက် မပျော်တာ အမှန်ပဲ။

လှိုင်ထိပ်ထားဦးဆီ စာရေးပေးပြီးတဲ့နောက် တစ်ပတ်လောက် ကိုယ်ရောင်ဖျောက်ထားလိုက်တယ်။ ဖြစ်ချင်တော့ တစ်ရက်မှာ ကျောင်းထဲကိုဆိုင်ကယ်စီးပြီး ဝင်အလာ ရှေ့ကသွားနေတဲ့ ပတ်ဘလစ်ကာ ကားလေးနဲ့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တယ်။

ဦးမောင်မောင်ကိုကြီးရဲ့ ကားပဲ။ ဒီအချိန်ဆိုတော့ လှိုင်ထိပ်ထားဦးကို ကျောင်းလိုက်ပို့တာ ဖြစ်ရမယ်။

ဆိုင်ကယ်ကို စက်ရှိန်မြှင့်တယ်။ ဟွန်းဆက်တိုက်တီးပြီး ကားကို ကျော်တက်တယ်။ ရှေ့နားကျတော့ ဂငယ်ကွေ့ပြန်ကွေ့ပြီး ကားနဲ့ မျက်နှာချင်း ဆိုင်လိုက်တယ်။

ဦးမောင်မောင်ကိုကြီး လန့်ပြီး ကားကို ဘရိတ်ဆောင့်ဖမ်းတယ်။ ချစ်ထွတ်တင်က ဆိုင်ကယ်ကို ခေါင်းတည့်ထားပြီး ကားနားရောက်မှ အသာရှောင်ကွေ့မောင်းထွက်လာခဲ့တယ်။

နောက်တော့မှ ဘာကြောင့် ဒီလို လုပ်မိပါလိမ့်လို့ စဉ်းစားတယ်။ ကိုယ်က အသာရထားတဲ့လူပဲ။ အေးအေးဆေးဆေး နေလိုက်ရုံပေါ့။ ဘာဖြစ်လို့ ခုလို မခံချင်တဲ့ အမူအရာ အပြုအမူမျိုးတွေ ပြမိတာလဲ။

ပြီးတော့လည်း လှိုင်ထိပ်ထားဦးနဲ့ တွေ့နေကျ အချိန်တွေမှာ မတွေ့ရတဲ့အခါ ဘာကြောင့် မနေတတ်၊ မထိုင်တတ် ဖြစ်နေတာလဲ။

အနိုင်ရလိုက်တယ်ဆိုတာ ဟုတ်ကော ဟုတ်ရဲ့လားလို့ သံသယဖြစ်စရာရှိလာခဲ့ပြီ။

တကယ်တော့ ဓားသွေးကျောက်နဲ့ ဓားလိုပါပဲ။ ဓားတစ်လက်ဟာ ဓားသွေးကျောက်ပေါ်မှာ သွေးလိုက်ရလို့ ထက်ရှလာသလို သူ့ရဲ့ သံမှုန့်အချို့ကို ဆုံးရှုံးခံလိုက်ရတာပါပဲ။ ဒီလိုပဲ ဓားသွေးကျောက်ဟာလည်း ဓားရဲ့အသွားကို စားလိုက်ရသလို ကျောက်သားအချို့ကို အပွန်းအပဲ့ ခံလိုက်ရတာပါပဲ။

ဓားနဲ့ ဓားသွေးကျောက် ဘယ်သူက နိုင်သလဲ။

*

ကမ္ဘာပေါ်မှာ နျူကလီးယား စစ်ကြီးဖြစ်ရင် ဘယ်သူမှ နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် စေ့စပ်ဆွေးနွေးခြင်းသည်သာ အကောင်းဆုံးနည်းလမ်း ဖြစ်တယ်လို့ ငြိမ်းချမ်းရေးသမားတွေက ပြောကြတယ်။

ခုလည်း ဒီကိစ္စမှာ ငြိမ်းချမ်းရေး သံတမန်ကတော့ မြတ်ဘုန်းအောင်ပါပဲ။

သူက . . .

"ချစ်ထွတ်ရာ၊ မင်းတို့နှစ်ယောက် ဟန်ဆောင်နေကြတာပါကွာ၊ တကယ်တော့ တစ်ယောက်ကို တစ်ယောက် လက်လွှတ်မခံနိုင်ကြဘူး"

"ငါက သူ့ကို စိတ်ဝင်စားမှုရှိတယ်ဆိုတာ ဝန်ခံထားတာပဲ၊ သူက သက်သက်မဲ့ ငါ့ကို အရူးလုပ်ချင်လို့ ငါက နည်းနည်းပညာပေးလိုက်တာပါ၊ ခုလည်း ဟိုငနဲကြီးနဲ့ တွဲနေပြီမဟုတ်လား ပြီးပြီပေါ့"

"ဦးမောင်မောင်ကိုကြီးက အခု နိုင်ငံခြားသွားပါပြီကွ"

"ဩော် ဒီလိုကိုး၊ ဟိုလူကြီး နိုင်ငံခြားသွားနေတုန်းမှာ ငါနဲ့တွဲ ဟိုကပြန်လာတော့မှ ငါ့ကိုကန်ထုတ်မှာပေါ့"

"မဟုတ်တာကွာ၊ မင်းသိပြီးသား ဖြစ်မှာပါ။ လှိုင်ထိပ်ထားဦးက ဒီလူကြီးကို လုံးဝစိတ်ကူးတာ မဟုတ်ဘူး။ မင်းကို မခံချင်အောင် လုပ်ချင်လို့ တမင်တွဲပြနေတာပါ၊ အဲဒီလို မင်းကို မခံချင်အောင် လုပ်နေတယ်ဆိုကတည်းက သူ မင်းအပေါ် ဂရုတစိုက် လုပ်နေတာနဲ့ အတူတူပဲပေါ့"

မြတ်ဘုန်းအောင်လိုဘဲ ဝင်းစန္ဒီက လှိုင်ထိပ်ထားဦးဆီမှာ စကားတောက်ကြည့်တယ်။ လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်အကြောင်းလာမပြောနဲ့လို့ ခါးခါးသီးသီး ပြောလိုက်သတဲ့။ ဒါဆို သေချာပြီ၊ လှိုင်ထိပ်ထားဦးလည်း ချစ်ထွတ်တင်အပေါ်မှာ စိတ်မပြတ်သေးဘူး။

ဒီနှစ်ယောက်ကို ပြန်ဆုံအောင် လုပ်ကြတယ်။ လွယ်လွယ်လေးပဲ။ ချစ်ထွတ်တင်ကို မြတ်ဘုန်းအောင်က ခေါ်လာ။ လှိုင်ထိပ်ထားဦးကို ဝင်းစန္ဒီက ခေါ်လာပြီး တစ်နေရာမှာ တွေ့ပေးလိုက်တာပေါ့။

ချစ်ထွတ်တင်ရော လှိုင်ထိပ်ထားဦးပါ ဟိုနှစ်ယောက်က တမင်ဆုံအောင် ညာပြီးခေါ်လာတာဆိုတာ သိသွားပဲ။ မသိချင်ယောင်ဆောင်ပြီး လိုက်လာကြတာပေါ့။ ဆုံမိတဲ့အခါ အံ့သြတဲ့ဟန် လုပ်ရတာတော့ သိပ်မခဲယဉ်းပါဘူး။

"ကဲ . . . သူငယ်ချင်းတို့ အေးအေးဆေးဆေး ဆွေးနွေးကြပေါ့ကွာ" လို့ ပြောပြီး မြတ်ဘုန်းအောင်တို့က ရှောင်ထွက်သွားကြတယ်။

စားသောက်ဆိုင် တစ်ဆိုင်ရဲ့ သီးသန့်ခန်းလေးထဲမှာ မှာထားတဲ့ စားစရာတွေကို တို့ကနန်း၊ ဆိတ်ကနန်း စားကြရင်း တစ်ယောက်နဲ့ တစ်ယောက် အကဲခတ်နေတယ်။

ချစ်ထွတ်တင်က ဟိုအခါကလိုပဲ တိုက်ပုံအင်္ကျီအဖြူ၊ ယောလုံချည်အနက် ကွမ်းရိုးစင်းရှပ်အင်္ကျီတို့ကို ပြန်ဝတ်လာခဲ့တယ်။ အမှတ်တရသဘော။

တကယ်တော့ သိပ်များများစားစား ပြောနေဖို့ မလိုတော့ပါဘူး။ စကားစလိုက်ဖို့ပဲ အရေးကြီးတယ်။

ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးရဲ့ ဖန်ခွက်ထဲကို အချိုရည် ငှဲ့ထည့်ပေးရင်း . . .

"ထိပ်ထား" လို့ ခေါ်လိုက်တယ်။ လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ကို ကြည့်တယ်။

"ကိုယ့်ကို မုန်းနေပြီလားဟင်" ချစ်ထွတ်တင်ကမေးတယ်။

လှိုင်ထိပ်ထားဦးက ဘာမှမပြော။

"ကိုယ် ထိပ်ထားကို တကယ်ချစ်ခဲ့တာပါ၊ ကိုယ်ရေးလိုက်တဲ့ စာအကြောင်းကို မေ့လိုက်ပါတော့၊ ထိပ်ထားကိုယ့်ကို အခု အဖြေပေးပါတော့"

ချစ်ထွတ်တင်ရဲ့ လေသံဟာ ထူးခြားနေတယ်။ အရင်လို ထေ့သလိုလို၊ ငေါ့သလိုလို မဟုတ်ဘူး။ တည်တည်ငြိမ်ငြိမ်ရှိပေမယ့် လှိုက်လှိုက်လှဲလှဲဖြစ်နေတယ်။

လှိုင်ထိပ်ထားဦးကလည်း ဘယ်လိုဖြစ်နေမှန်းမသိ။ ချစ်ထွတ်တင်နေရာမှာ တခြားလူတစ်ယောက်ဆိုရင် တစ်စုံတခု ချက်ချင်းပဲ ပြန်ပြောမိမှာပဲ။ ခုတော့ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေတယ်။ တစ်ခါမှ မခံစားရဖူးတဲ့ ခံစားမှုမျိုးကို ကြုံနေရတယ်။

ရင်တွေခုန်တယ်၊ ခြေဖျား လက်ဖျားတွေ အေးတယ်၊ အသက်ရှူမြန်တယ်၊ ကတုန်ကရင် ဖြစ်တယ်။ ချစ်ထွတ်တင်ကို မကြည့်ရဲတော့။

အသားစုံကြော် ပန်းကန်ထဲက အသည်းဖတ်တစ်ဖတ်ကို တူနဲ့ ညှပ်ယူတယ်၊ ချက်ချင်းပဲ ပြန်လွှတ်ချလိုက်တယ်။

"ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

ချစ်ထွတ်တင်ရဲ့အသံက တိုးတိုးညင်းညင်းကလေး။

“ပြောပါဦး ထိပ်ထားရယ်”

ချစ်ထွတ်တင်ရဲ့ လက်တစ်ဖက်က လှိုင်ထိပ်ထားဦးရဲ့ လက်ခုံကလေးကို အုပ်ပြီး ကိုင်လိုက်တယ်။

အို . . . သူ့ရဲ့ လက်တွေကလည်း အေးစက်နေတာပါပဲလား။

နှုတ်ခမ်းတွေကတော့ နွေးထွေးနေမှာပဲ ထင်ရဲ့။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

"ကိုအောင် ဂိတ်အထိ ဆက်စီးသွားလေ၊ အေး ဒီမှတ်တိုင်မှာ ဆင်းမယ်"

"ဘာလုပ်ဖို့လဲ"

"ကျောက်ကုန်းဈေးထဲ ခဏဝင်စရာရှိလို့"

"ကိုအောင်လည်း ဆင်းမယ်လေ၊ အေးတစ်ယောက်တည်း လမ်းလျှောက်ပြန်နေရပါဦးမယ်"

"ရပါတယ်၊ တော်ကြာ ကိုအောင်အဝေးကြီး လျှောက်ပြန်နေရမယ်"

အပြန်အလှန်ပြောနေတုန်း ဘတ်စကားက မှတ်တိုင်မှာရပ်သည်။ အေးအေးဝင်းက 'နေခဲ့ပါ' ဟု ပြောပြီး ကားပေါ်ကဆင်းသည်။ အောင်စိုးကပါ လိုက်ဆင်း၏။ ကားလမ်းကို ဖြတ်ကူးပြီး ဈေးတန်းဘက် လျှောက်ခဲ့သည်။

"အေးက ဈေးထဲမှာ ဘာဝယ်မလို့လဲ" အောင်စိုးမေးသည်။

အေးအေးဝင်း ပြောရမှာ ခက်နေသည်။ သူသည် စိုးစိုးမော်တို့ဆီက ယူလာသော အင်္ကျီဟောင်းတွေ အဟောင်းဆိုင်မှာသွင်းဖို့ ဈေးမှာဆင်းခဲ့ခြင်း ဖြစ်သည်။ ခု အောင်စိုးပါလာသဖြင့် အဟောင်းဆိုင်ဝင်ရမှာ ခက်နေသည်။

"ဘာရယ်မဟုတ်ပါဘူး၊ ဒီဈေးထဲမှာ ငါးခြောက်ကောင်းကောင်း ရတတ်တယ်ဆိုလို့" ဟူ၍သာ ပြောလိုက်ရသည်။ သူစကားနှင့် ယုတ္တိရှိအောင် ငါး

ခြောက်ဆိုင်တွေဘက်တော့ သွားလိုက်ရဦးမည်ဟု စိတ်ကူး၏။ ထိုသို့ စိတ်ကူးနေစဉ်မှာပင် သူသွင်းနေကျအဟောင်းဆိုင်ရှေ့ ရောက်လာသည်။ မိန်းမကြီးက . . .

"ညီမရေ ရောင်းဖို့ပါလား" ဟု လှမ်းမေးသည်။ အေးအေးဝင်းက ခေါင်းခါပြရင်း တခြားဘက်ကို ကွေ့သွားရ ကောင်းသားဟု တွေးမိသည်။ အောင်စိုးကတော့ ဘာမှမသိသဖြင့် မိန်းမကြီးကို ဘုကြည့် လှမ်းကြည့်သည်။ ဆိုင်ကို လွန်လာသောအခါ အောင်စိုးက . . .

"အဲဒီ အဟောင်းရောင်းတဲ့ လူတွေဟာ ဒီလိုပဲ၊ လူမြင်ရင် ရောင်းဖို့ပါလားချည်း လှမ်းမေးတာပဲ၊ နည်းနည်းပါးပါး လူကြည့်မေးတာ မဟုတ်ဘူး၊ ဒီမှာတော်သေးတယ်။ တချို့နေရာတွေဆို နောက်က တကောက်ကောက်လိုက်မေးတာ အတင်းဆွဲထား မတတ်ဘဲ"

အေးအေးဝင်းက ပြုံး၍ . . .

"ခုလိုမေးတာ တကယ်သိလို့မေးတာပါ"

အောင်စိုးက လှည့်ကြည့်ပြီး . . .

"ဘာသိတာလဲ"

"အေးက တစ်ခါတစ်လေ အဲဒါလုပ်တယ်လေ" ဆိုပြီး သူငယ်ချင်းတွေဆီက အင်္ကျီဟောင်းတွေယူပြီး ရပ်ကွက်ထဲမှာရောင်း၊ ဈေးမှာသွင်း လုပ်သည့်အကြောင်း ပြောပြသည်။

"ခုလဲ ပါလာသေးတယ်"

လွယ်အိတ်ထဲက စက္ကူအိတ်ကိုပုတ်ပြရင်း ပြောသည်။

"ဒါဆို ဘာဖြစ်လို့ အဲဒီဆိုင် မဝင်တာလဲ"

"ကိုအောင်ပါလာလို့ပေါ့"

"ဘာဆိုင်လို့လဲ"

"ကိုအောင်များ သိက္ခာကျမလားလို့ပေါ့"

"ဘာဖြစ်လဲ၊ ဒါအလုပ်ပဲဥစ္စာ၊ လာ ပြန်သွားရအောင်"

ခုန အဝတ်ဟောင်းဆိုင်သို့ ပြန်လျှောက်လာခဲ့ကြသည်။ အေးအေးဝင်းက ဆိုင်ရှင်မိန်းမကြီးကို အင်္ကျီတွေထုတ်ပြသည်။ မိန်းမကြီးက ထုံးစံအတိုင်း အင်္ကျီ

တွေကို အပြန်ပြန်အလှန်လှန် စစ်ဆေးပြီး တော်တော်နွမ်းနေပြီ။ ပုံစံကလဲ ခေတ်မမီ စသည်ဖြင့်ပြောသည်။ အေးအေးဝင်းကလည်း သုံးလေးခါထက် ပိုမဝတ်ရသေးကြောင်း၊ ပိတ်စတွေက အကောင်းစားတွေဖြစ်ကြောင်း ပြောသည်။ မိန်းမကြီးက အနည်းဆုံးဈေးက စပြောသည်။ အေးအေးဝင်းက တိုးတောင်းသည်။ တစ်ထည်ချင်း ဈေးဆစ်ပြီးနောက် အားလုံးပေါ်မှာ တစ်ကျပ်လျှော့ဟု ဆိုပြန်သည်။ အေးအေးဝင်းက . . .

"မလုပ်ပါနဲ့ အဒေါ်ရာ၊ ကျွန်မအတွက် အားလုံးပေါင်းမှ လေးငါးကျပ် ကျန်တာပါ။ တချို့ဟာတွေဆို ရှုံးတောင် ရှုံးတယ်။ တခြားဟာတွေနဲ့ ပြန်ထေရမှာ"

"ငါးမူးတော့ လျှော့အေ" ဟု ကပ်ဆစ်နေသဖြင့် လျှော့ပေးလိုက်ရသည်။ ဆိုင်က ပြန်ထွက်လာပြီးတော့ အေးအေးဝင်းက ပြောသည်။

"ကိုအောင် လက်ဖက်ရည် သောက်မလားဟင်"

"မသောက်တော့ပါဘူး"

"သောက်ပါ၊ အေး အလုပ်လုပ်လို့ရတဲ့ငွေနဲ့ ကိုအောင့်ကို လက်ဖက်ရည်တိုက်ချင်လို့ပါ"

"ဒီတစ်ခါ မဆိုးပါဘူး၊ အေးအတွက် ဆယ့်သုံးကျပ်လောက် ကျန်တယ်"

"ဟင် ဆိုင်မှာတုန်းက ပြောတော့ လေးငါးကျပ်ဆို"

အေးအေးဝင်းကရယ်၍ . . .

"အရောင်းအဝယ်လုပ်တယ်ဆိုတာ ဒီလိုပဲပြောရတာပေါ့၊ ဆိုင်က မိန်းမကြီးတောင် ကြည့်ပါလား၊ အသစ်နီးပါးကောင်းတဲ့ အင်္ကျီကို ချုပ်ရိုးတွေဆွဲနေပြီလို့ ပြောတာလေ၊ ကဲပါ လာပါ"

လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။ အောင်စိုးက လက်ဖက်ရည် သောက်သည်။ အေးအေးဝင်းက ကြံရည်သောက်သည်။

"ဘယ်လိုလဲကိုအောင်၊ အဝတ်ဟောင်းရောင်းတဲ့ ကောင်မလေးဆိုပြီး အေးကို အထင်သေးသွားပြီလား"

အေးအေးဝင်းကပြောရာ၊ အောင်စိုးက . . .

"ဘာလို့ အထင်သေးရမှာလဲ၊ ချီးတောင် ချီးကျူးမိသေးတယ်။ အေးက အရောင်းအဝယ် လုပ်တတ်သွားပဲလို့၊ တကယ်ဆို အေးကသာ ကိုအောင့်ကို အထင်သေးရမှာ၊ ကိုအောင်က စက်ဘီးပြင်တဲ့လူရဲ့သား မဟုတ်လား"

"ဟင့်အင်း၊ အထင်မသေးပါဘူး၊ စက်ဘီးပြင်ပြီး သားကို တက္ကသိုလ်ပို့တာ ဂုဏ်ယူစရာတောင် ကောင်းသေးတယ်"

"နောက်ပြီး အေးကို ပြောပြရဦးမယ် ဟိုတစ်ခါ အေးကို လက်ဆောင်ပေးတဲ့ အင်္ကျီစလေ သိတယ်မဟုတ်လား၊ အဲ့ဒီအင်္ကျီစဝယ်ဖို့ ပိုက်ဆံကို ကိုအောင် ဘယ်လိုရှာတယ် ထင်သလဲ"

"ပြောပါဦး"

"နွေရာသီ ကျောင်းပိတ်တုန်းက ကိုအောင် မီးကင်းအငှား လိုက်စောင့်ပြီး ရတဲ့ငွေထဲက စုထားတာ"

"ကိုအောင်က အေးကို တော်တော်ချစ်တယ်နော်၊ အေး ဝမ်းသာပါတယ်၊ ကိုအောင်ဟာ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် အေးကို ရရာအလုပ်လုပ်ပြီး ကျွေးမှာပဲဆိုတာ သက်သေပြတဲ့ သဘောပေါ့နော်"

အောင်စိုးကျေနပ်သွားသည်။ အေးအေးဝင်းကို ကြည့်တော့လည်း ကြည်နူးပျော်ရွှင်နေပုံရ၏။

*

အောင်စိုးတို့ အိမ်ကလေးသည် သုံးပင် နှစ်ခန်းဖြစ်သည်။ ဆယ့်ရှစ်ပေ ပတ်လည် ကျယ်သည်။ အကာက ပျဉ်ကာဖြစ်၏။ အထပ်သားမိုးထားသည်။ မိုးထားတာ လေးငါးနှစ်ကြာပြီဖြစ်သဖြင့် သိပ်မကောင်းတော့။ တချို့နေရာတွေမှာ မိုးယိုချင်နေပြီ။ ကာထားသော ပျဉ်က သစ်ရိုင်းဖြစ်၍ ဆွေးစပြုပြီ။ ဒီနှစ် ရေနံသုတ်လိုက်နိုင်သဖြင့် တော်သွားသည်။

"ကိုအောင်တို့ဘက်တွေက ကျူးကျော်ရပ်ကွက်တော့ မဟုတ်ဘူး။ ဒါပေမယ့် ဂရန်ပိုင်လည်း မဟုတ်ဘူး။ ဘာအမျိုးအစားလို့ ခေါ်မလဲဆိုတာ ကိုအောင်လည်း

မသိဘူး။ အိမ်ကို ပိုင်ဆိုင်တယ်ဆိုတဲ့ စာချုပ်စာတမ်းတွေ ဘာတွေလဲ မရှိဘူး။ သန်းခေါင်စာရင်းနဲ့ ကုန်ဝယ်စာအုပ်က စာချုပ်ပဲ။ အိမ်အရောင်းအဝယ် လုပ်ရင်လည်း ရောင်းတဲ့လူက ငွေယူပြီး ဆင်းပေးလိုက်၊ ဝယ်တဲ့သူက ငွေပေးပြီး တက်နေလိုက်၊ ဒါပဲ”

အောင်စိုးက သူတို့အိမ်အကြောင်း ရှင်းပြသည်။

“ဒါလည်း တစ်မျိုးတော့ ကောင်းတာပဲ။ ပြဿနာ မရှုပ်တော့ဘူးပေါ့” ဟု အေးအေးဝင်းက ပြန်ပြောသည်။

အောင်စိုးတို့အိမ်ကို အေးအေးဝင်းအား အလည်ခေါ်လာခဲ့သည်။ ကားမှတ်တိုင်မှ အိမ်သို့လျှောက်အလာတွင် အောင်စိုးက အေးအေးဝင်းကို ပြောပြနေခြင်းဖြစ်၏။

ရပ်ကွက်ထဲ ဖြတ်လာကြသောအခါ လူအချို့ သူတို့ကို တစေ့တစောင်း အကဲခတ်ကြသည်။ ပြီးတော့ အချင်းချင်း လက်တို့ပြီး မှတ်ချက်ချကြသည်။

သူတို့သည် အောင်စိုးကို ခင်မင်ကြသည်။ ထို့ကြောင့် အောင်စိုးနှင့် တွဲလာသော မိန်းကလေးကို ဘယ်လိုပါလိမ့်ဟု သိလိုကြခြင်းသာဖြစ်သည်။ လူ့သဘာဝအရ စပ်စုလိုစိတ်ရှိသည်မှန်သော်လည်း အမနာပ ပြောကြရန်တော့ မဟုတ်ချေ။

“ကောင်မလေးက မဆိုးဘူးနော်၊ ချစ်စရာလေး”

“ကောလိပ်ကျောင်းကပဲ ထင်တယ်”

“အောင်စိုးက လူတော်ကလေးဆိုတော့ ကျွန်မတို့ကလည်း ဒီလိုအဆင့်အတန်းရှိတာမျိုးနဲ့ပဲ တွေ့မယ်ဆိုတာ ကြိုတွက်ထားပြီးသားပါ”

“ဦးမြင့်သောင်းကြီးတော့ ချွေးမကောင်းကောင်း ရတော့မယ်ဟေ့” စသည်ဖြင့် ချီးကျူးစကား ပြောကြသည်။

ထိုကဲ့သို့ ပြောနေကြလိမ့်မည်ကို အောင်စိုးကလည်း ရိပ်မိသည်။ သူသည် အေးအေးဝင်းနှင့် တွဲလာရသဖြင့် ဂုဏ်လည်းယူသည်။ မိန်းကလေးတစ်ယောက်နှင့် ခုလိုတွဲလာသဖြင့် ရှက်လည်း ရှက်နေသည်။

အေးအေးဝင်းသည်လည်း ရပ်ကွက်ထဲမှ လူအချို့က ကွက်ကြည့်ကွက်ကြည့် လုပ်နေသဖြင့် ရှက်နေသည်။

"ရှက်စရာကြီး" ဟုလည်း ပြောသည်။

အောင်စိုးက . . .

"ဘာလို့ ရှက်ရမှာလဲ၊ ကျောင်းမှာလည်း အမြဲတွဲနေတာပဲဟာ၊ အဆန်းလုပ်လို့"

"ကျောင်းမှာ တွဲတာကတော့ တစ်မျိုးပေါ့၊ ခုကျတော့ ကိုအောင့်ကို သိနေတဲ့လူတွေကြားမှာဆိုတော့"

"ကဲပါ အေးရယ်၊ အိမ်နားလည်း ရောက်လာပါပြီ"

အောင်စိုး စိတ်ထင့်သွားသည်။ အဖေ့ကို ဆိုင်ထဲမှာပင် အလုပ်လုပ်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဒီနေ့ အေးအေးဝင်းကို ခေါ်လာမည်။ အဖေ အဝတ်အစား ကောင်းကောင်းလေး ဝတ်ထားနော်ဟု မနက်တုန်းက နောက်သလို ပြောင်သလိုနှင့် မှာခဲ့သေးသည်။ ခုတော့ အဖေက စွပ်ကျယ်စုတ်နှင့် စက်ဆီတွေပေနေသော လုံချည် အဟောင်းကြီးနှင့် စက်ဘီးခြေနင်း တစ်ခုကို သဲကြီးမဲကြီး ဖြုတ်နေသည်။ အောင်စိုးတို့ လာသည်ကို မမြင်သေး။

"အဖေ" ဟု အောင်စိုးက ခေါ်သည်။

ထိုအခါကျမှ အဖေက မော့ကြည့်သည်။ အောင်စိုးက 'အဖေကလည်းဗျာ' ဆိုသောအကြည့်ဖြင့် ကြည့်မိ၏။

အဖေက . . .

"ဟာ၊ အေးအေး၊ အဖေက မင်းတို့ မလာကြသေးဘူးမှတ်လို့၊ ကဲ . . . အိမ်ပေါ်တက်ကြလေကွယ်"

အိမ်ပေါ်တက်လာကြပြီး အသင့်ခင်းထားသည့် ဖျာပေါ်မှာ ထိုင်ကြသည်။ အဖေက . . .

"ခဏထိုင်ကြဦးနော်" ဆိုပြီး အိမ်ခန်းထဲ ဝင်သွားသည်။

ခဏအကြာမှာ ပြန်ထွက်လာသည်။ အဖေလုပ်လာပုံက အလှူအတန်းသွားသည့်အခါ ဝတ်ဖို့သိမ်းထားသော အဝတ်အစားတွေ ထုတ်ဝတ်လာခဲ့သည်။ ရှပ်အင်္ကျီအဖြူ လက်တိုနှင့် ဘန်ကောက်လုံချည် ရွှေဖလားရောင်။

အောင်စိုးသည် အဖေ့ပုံစံကိုကြည့်ပြီး ရယ်လည်း ရယ်ချင်သည်။ သနားလည်း သနားသွားသည်။ အဖေက ထိုင်လိုက်ပြီး . . .

"အဖေက မင်းတို့ ညနေလောက်မှ ရောက်မယ်ထင်နေတာ၊ ရေတောင် မချိုးရသေးဘူး" ဟု ရယ်ကျဲကျဲပြောသည်။

အမှန်ဆိုလျှင် အေးအေးဝင်းကသာ အဖေ့ရှေ့မှာ မနေတတ်၊ မထိုင်တတ်ဖြစ်နေရမည်။ ခုတော့ အဖေက အေးအေးဝင်းရှေ့မှာ မနေတတ်သလို ရှိုးတို့ရှန့်တန့် ဖြစ်နေ၏။ သူ့အဝတ်အစားများကြောင့်လည်း ဖြစ်ချင်ဖြစ်ပေမည်။ အေးအေးဝင်းကတော့ ရိုးသားသော လူကြီးတစ်ယောက်အဖြစ် လေးစားချစ်ခင်လိုက်မိသည်။

"ဒါ ကျွန်တော်ပြောပြောနေတဲ့ အေးအေးဝင်းလေ အဖေ"

"သြော် . . . အေး အေး၊ အောင်စိုးကတော့ ခဏခဏ ပြောပါတယ်"

"ဟုတ်ကဲ့"

အေးအေးဝင်းက ပြုံးပြီး ပြောလိုက်သည်။

အဖေသည် ဂနာငြိမ်ငြိမ် မထိုင်နိုင်သေး။ အိမ်ခန်းထဲ ဝင်သွားပြန်သည်။ ချိုင့်တစ်လုံး ဆွဲပြီး ပြန်ထွက်လာသည်။

"ဘာလုပ်မလို့လဲ အဖေ" အောင်စိုးကမေးသည်။

"စပတ်ကလင်လေးဘာလေး တိုက်ရအောင်လေကွာ"

"ဟာ၊ အဖေမသွားပါနဲ့။ ကျွန်တော် သွားမှာပေါ့"

"မင်းတို့ဘာသာ အေးအေးဆေးဆေး စကားပြောနေကြစမ်းပါ။ ခုပဲ နေပူထဲက လာကြတာ၊ အမောဖြေစမ်းပါဦး"

"မဟုတ်တာ အဖေရာ"

အောင်စိုးကထပြီး အဖေ့လက်ထဲကချိုင့်ကို ယူမည့်ဟန်ပြင်သည်။ အဖေက လက်ကိုနောက်သို့ဆုတ်သည်။

"ဘာမှမသောက်တော့ပါဘူး ဝယ်မနေပါနဲ့" ဟု အေးအေးဝင်းက ဝင်ပြောသည်။

အဖေက . . .

"ဟာ၊ အိမ်ကိုလာပြီး ဘာမှမကျွေးရ၊ မမွေးရရင် ဘယ်ဖြစ်မလဲ"

"ကျွန်တော် . . ."

အောင်စိုးစကားမဆုံးခင် အဖေက လှစ်ကနဲ ထွက်သွား၏။ အောင်စိုးက အေးအေးဝင်းအနားမှာ ပြန်ထိုင်လိုက်သည်။

အေးအေးဝင်းက . . .

"ကိုအောင်တို့အဖေက ကိုအောင့်ကို တော်တော်ချစ်တာပဲနော်"

"ဟုတ်တယ်၊ ခုလည်း ကြည့်ပါလား၊ ကိုအောင်တို့ လွတ်လွတ်လပ်လပ် နေရအောင် ရှောင်ထွက်သွားတာလေ" ဆိုပြီး အေးအေးဝင်းလက်မောင်းကို ကိုင်လိုက်သည်။

"ဟင်းနော်"

အေးအေးဝင်းက လက်ကိုပုတ်ချလိုက်၏။ အောင်စိုးကလည်း သူ့အိမ်ထဲမှာမို့ အခွင့်အရေးယူသည်ဟု အထင်ခံရမည်ဆိုး၍ လက်ကို ပြန်ရုပ်ထားလိုက်သည်။

ချိုင့်တစ်လုံးဆွဲပြီး ခပ်သုတ်သုတ်လျှောက်လာသော ဦးမြင့်သောင်းကို မြင်သောအခါ အအေးဆိုင်မှ ဦးကုလားက . . .

"အလို ဦးမြင့်သောင်း၊ အဝတ်သစ် အစားသစ်တွေနဲ့ မင်္ဂလာဆောင် သွားမလို့လား၊ ဟုတ်သေးပါဘူး၊ လက်ထဲမလဲ ချိုင့်ကြီးဆွဲလို့ပါလား" ဆိုမှ ဦးမြင့်သောင်းလည်း အဝတ်အစားတွေ သတိရပြီး ရှက်ရယ်ရယ်လျက် . . .

"ဟဲဟဲ၊ အိမ်မှာ ဧည့်သည်လာလို့ဗျ။ ပေးစမ်းပါဗျာ၊ စပတ်ကလင်နှစ်ပုလင်းလောက်၊ ရေခဲကို ဒီချိုင့်ထဲထည့်၊ ပုလင်းတွေတော့ ပြီးမှ လာပို့တော့မယ်"

စပတ်ကလင် ပုလင်းများနှင့် ချိုင့်ကိုဆွဲ၍ ထွက်လာပြီးမှ အိမ်မှာ ဖန်ခွက်ကောင်းကောင်းမရှိသည်ကို သတိရသဖြင့် ပြန်လှည့်လာသည်။

"တစ်လက်စတည်း ဖန်ခွက်သုံးလုံးလောက်ပါ ခဏငှားစမ်းပါကွာ"

ဖန်ခွက်တွေယူပြီး ခပ်သုတ်သုတ် ထွက်လာသည်။ လက်ဖက်ရည်ဆိုင်ဝင်ပြီး ကိတ်မုန့်သုံးချပ် ဝယ်သည်။ စားပွဲထိုးကလေးတွေက . . .

"ဦးလေး မင်္ဂလာဆောင်က ပြန်လာတာလား" ဟု မေးကြသေးသည်။

လက်ဖက်ရည်ဆိုင်မှ ထွက်လာပြီး ဒူးယားဝယ်ဖို့ စိတ်ကူးရသည်။ ပြီးမှ အေးအေးဝင်းနှင့် ဒူးယား ဘာမျှမဆိုင်ကြောင်း တွေးမိသဖြင့် မဝယ်တော့ချေ။

အိမ်ထဲပြန်အဝင်တွင် အောင်စိုးက ပုလင်းတွေ၊ ချိုင့်တွေ လှမ်းယူရင်း . . .

"အဖေကလည်း မသွားပါနဲ့ဆိုဗျာ" ဟု ပြောသည်။

"သောက်စေချင်လို့ပေါ့လကွာ"

အဖေကပြန်ပြောသည်။

"ကဲ . . . အဖေ၊ ဒါတွေ ကျွန်တော်ထည့်ခဲ့မယ်။ အဖေသွားထိုင်တော့၊ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်လေ အဖေ"

"အေးပါ"

စားရင်းသောက်ရင်း စကားပြောကြသည်။ အေးအေးဝင်းက အိမ်ရှေ့ခန်း ပြင်ဆင်ထားပုံကို ကြည့်သည်။ အိမ်ထောင်ပရိဘောဂ များများမရှိ။ ဖျာတစ်ချပ်၊ ပက်လက်ကုလားထိုင်တစ်လုံး၊ အောင်စိုး စာကြည့်စားပွဲနှင့် ကုလားထိုင်တစ်လုံး တို့သာရှိသည်။ အိမ်အတွင်းခန်းနှင့် အိမ်ရှေ့ခန်းကို ဝါးထရံဖြင့် ကာထားသည်။ ထရံပေါ်မှာ ပြက္ခဒိန်တစ်ခု ချိတ်ထားသည်။ ဘုရားစင်မှာ သောက်တော်ရေ တစ်ခွက် ကပ်ထားသည်။ ပန်းတော့မရှိ။ ကြမ်းခင်းများသည် ညီညီညာညာ မဟုတ်သော်လည်း ပြောင်အောင် လှည်းကျင်းထားသည်။ ထောင့်တစ်ထောင့်မှာ စက်ဘီး ပစ္စည်းတချို့ ပုံထားသည်။

"အေးကွယ်၊ ဦးလေးတို့အိမ်ကတော့ ယောကျ်ားတွေချည်း နေတာဆိုတော့ သပ်သပ်ရပ်ရပ်တော့ မရှိဘူးပေါ့။ ဒါတောင် မနေ့က အောင်စိုးလှည်းကျင်းထားလို့" ဟု အဖေကပြောသည်။

သူလာမည်ဆို၍ အောင်စိုး အိမ်ကို သန့်ရှင်းရေးလုပ်ထားကြောင်း အဖေက မကွယ်မဝှက် ပြောလိုက်သဖြင့် အေးအေးဝင်းနှင့် အောင်စိုးတို့ တစ်ယောက်နှင့် တစ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။

ထိုအချိန်တွင် အိမ်ရှေ့က "ဦးလေးရေ' ဟု ခေါ်သံကြားရသည်။ အဖေက အိမ်ပေါက်ဝထွက်ပြီး 'ဘာလဲ' မေးသည်။ ကောင်လေးတစ်ယောက် စက်ဘီး တစ်စီးကို တွန်းပြီး ဆိုင်ထဲဝင်လာသည်။

"စပုတ်တိုင် ကျိုးသွားလို့ လုပ်ပေးပါဦး"

"အေး ထားခဲ့၊ ညနေ လာယူလေ"

"ဟာ၊ အရေးကြီးလို့ပါ၊ အခု လုပ်ပေးလို့ မရဘူးလား"

"မရဘူးကွ၊ ဒီမှာ ဧည့်သည်နဲ့ စကားပြောနေလို့"

"ဒါဆိုလည်း ထားခဲ့မယ်လေ၊ မြန်မြန်လေးတော့ လုပ်ထားပေးပါ"

"အေး . . . အေး"

အေးအေးဝင်းသည် အဖေက သူ့ကို အရမ်းဂရုစိုက်နေသဖြင့် အားနာနေသည်။

"သမီးနဲ့ အောင်စိုးက အတန်းချင်း အတူတူပဲလား"

အဖေက မေးသည်။ အေးအေးဝင်းက . . .

"နောက်ဆုံးနှစ်ချင်းတော့ တူပါတယ်။ မေဂျာချင်းတော့ မတူဘူး"

"ဩော် ကောလိပ်ကျောင်းမှာ ဗိုလ်မှူးတွေက အုပ်ချုပ်တာကိုး"

"ဟာ အဖေကလည်း မေဂျာဆိုတာ ဗိုလ်မှူးကိုပြောတာမဟုတ်ဘူး။ ဘာသာချင်း မတူဘူးလို့ ပြောတာ"

"ဟင်၊ သမီးက ဗုဒ္ဓဘာသာမဟုတ်ဘူးလား"

"ဘာသာဆိုတာ ဘာသာရပ်ကို ပြောတာအဖေရ။ ဒီလိုလေ၊ ကျွန်တော်က ဒဿနိကဗေဒကို အဓိကသင်ရတယ်။ သူက သမိုင်းအဓိက သင်ရတယ်"

အောင်စိုးက ထပ်ရှင်းပြသည်။

အဖေသည် အေးအေးဝင်းကို တစ်ချိန်လုံး အရိပ်တကြည့်ကြည့်နှင့် ရှိနေသည်။ အေးအေးဝင်းကို အဖေ ကျေနပ်သဘောကျပုံ ရသည်။ သို့ရာတွင် အောင်စိုးကတော့ စိုးရိမ်စိတ်ရှိနေတုန်း။ အေးအေးဝင်းမှာ ဘာချွတ်ယွင်းချက်များ ရှိနေမလဲဟု အဖေ့ကိုယ်စား ရှာကြည့်သည်။ အသားသိပ်မဖြူဘဲ ခပ်လတ်လတ်သာ ရှိနေသည်ကို အဖေသဘောကျပါ့မလားဟု ကြံဖန်တွေးပူလိုက်သည်။

ပြန်ခါနီးတွင် အေးအေးဝင်းက ကျွတ်ကျွတ်အိတ်ထဲက မျက်နှာသုတ်ပုဝါတစ်ထည်ကို ထုတ်သည်။

"ဦးလေးကို ကျွန်မ ကန်တော့ပါရစေ" ဟု ပြောသည်။

အဖေက . . .

"ဟာ နေပါစေကွယ်၊ ကန်တော့တာ လက်ချည်းပဲ ကန်တော့လည်း ပြီးတာပါပဲ"

အဖေ့ကို ကန်တော့ဖို့ကိစ္စကို အောင်စိုးတောင် ကြိုတင်မသိခဲ့။ ထို့အတွက် အဖေ့လိုပင် အံ့ဩဝမ်းသာသွားရသည်။ အေးအေးဝင်းက မျက်နှာသုတ်ပုဝါကို အောင်စိုးအားလှမ်းပေးသည်။ အောင်စိုးက မျက်နှာသုတ်ပုဝါကို အဖေ့ပေါင်ပေါ် တင်ပေးလိုက်သည်။

အေးအေးဝင်းက ဒူးတုပ်လိုက်ရင်း အောင်စိုးကို တစ်ချက်လှမ်းကြည့်သည်။ အောင်စိုးလည်း အေးအေးဝင်းဘေးမှာ ဒူးတုပ်ထိုင်လိုက်သည်။

"ကန်တော့လေ"

အေးအေးဝင်းကပြောပြီး လက်အုပ်ချီသည်။ အောင်စိုးကလည်း လက်အုပ်ချီလိုက်သည်။ ဦးချကြသည်။ အဖေက လှိုက်လှဲသော အသံဖြင့် . . .

"အေးကွယ် ကျမ်းမာ ချမ်းသာကြပါစေ၊ ပညာများလည်း ပြည့်စုံအောင် သင်နိုင်ကြပါစေ၊ လိုရာဆန္ဒနဲ့ ပြည့်စုံပြီး ဘေးဘယာ ကင်းဝေးကြပါစေ"

အိုအောင်မင်းအောင် ပေါင်းကြရပါစေဆိုသော စကားကို မပြောမိအောင် အဖေ မနည်းထိန်းထားရသည်။ ထိုစကားကို စိတ်ထဲကပင် ပြောလိုက်သည်။ အေးအေးဝင်းက ပေးတဲ့ဆုနဲ့ ပြည့်ပါစေဟု ပြောသည်။

ထို့နောက် အဖေ့ကို အေးအေးဝင်းက နှုတ်ဆက်သည်။ အောင်စိုးက လိုက်ပို့သည်။

"အဖေ့ကို သဘောကျရဲ့လားဟင်၊ အဖေက နည်းနည်းတော့ အတယ်"

အောင်စိုးကပြောသည်။ အေးအေးဝင်းက . . .

"ရိုးတာပါ ကိုအောင်ရဲ့၊ အေးတော့ ကိုအောင့်အဖေကို သိပ်သဘောကျတာပဲ၊ စိတ်ထားလည်း သိပ်ပြည့်ဝတာပဲနော်"

"ဒါဆို ကိုအောင်တို့ လက်ထပ်ပြီးရင် ကိုအောင်တို့အိမ်မှာ မေးလာနေနိုင်မလား"

အေးအေးဝင်းက စဉ်းစားသည်။

"ခုတော့ မပြောနိုင်သေးဘူးလေ၊ အိမ်မှာက အစ်ကိုကြီးမရှိတဲ့နောက် အေးပဲ အကြီးဆုံးဖြစ်နေတာကိုး၊ အဖေတို့ အမေတို့က ထည့်လိုက်နိုင်မလားပဲ၊ အင်းလေ ထည့်ရမှာပေါ့၊ ကိုအောင့်ကျတော့လည်း အဖေကြီးကို တစ်ယောက်တည်း ထားခဲ့လို့ဘယ်ဖြစ်မလဲ၊ အေး ကိုအောင်တို့အိမ်မှာပဲ လာနေဖြစ်လိမ့်မယ် ထင်ပါရဲ့"

"ကိုအောင်တို့အိမ်က သိပ်တော့ မကောင်းဘူးနော်"

"အေးတို့အိမ်ကကော ဘာထူးလို့လဲ၊ အိမ်မှာလူများတော့ ကျဉ်းတယ်တောင် ထင်ရသေးတယ်" ဟု ပြောပြီးပြုံးသည်။

"ဘာပြုံးတာလဲ" ဟု အောင်စိုးကမေးသည်။

"ဩော် . . . အေးတို့က ဘွဲ့တောင်မရသေးဘူး၊ ဘယ်အိမ်မှာ နေမယ်ဆိုတာတွေ ပြောနေကြတာ တွေးမိလို့ပါ"

"အေးကို ကိုအောင် တစ်ခုမေးရဦးမယ်၊ ကိုအောင့်ဘက်ကတော့ ဘာမှ ပြဿနာမရှိဘူးဆိုတာ အေးအသိပဲနော်၊ အေးတို့ မိဘတွေကတော့ ကိုအောင်နဲ့ သဘောတူပါ့မလား"

"တူမယ် ထင်တာပဲ၊ တစ်ခုပဲ ရှိတယ်၊ ခုလောလောဆယ်တော့ အသိပေးလို့ ဖြစ်မှာမဟုတ်ဘူး။ အဖေက ကျောင်းနေတုန်း ရည်းစားထားတာတွေ ဘာတွေ ကြိုက်မယ်မထင်ဘူး"

"ဖြည်းဖြည်းတော့ ပြောပြတာပေါ့လေ၊ ခုဆိုရင် ကျောင်းပြီးဖို့ကလည်း ဘာမှလိုတော့တာမှ မဟုတ်ဘဲ"

အေးအေးဝင်းကို တာမွေလေးဘူတာသို့ လိုက်ပို့သည်။ မြို့ထဲဘက်မှလာသော မင်္ဂလာဒုံရထားစီးလျှင် တစ်ဘူတာပဲစီးရမည်ဖြစ်သည်။ ရထား တော်တော်နှင့်မလာလျှင် လမ်းလျှောက်သွားရမည်ဟု အေးအေးဝင်းကပြောသည်။ သူတို့ ဘူတာရောက်ပြီး မကြာခင်မှာပင် ရထားလာသဖြင့် အဆင်ပြေသွားသည်။

အောင်စိုး အိမ်ပြန်ရောက်သောအခါ အဖေ့ကို မူလအတိုင်း စွပ်ကျယ်စုတ်၊ လုံချည်ဟောင်းတို့ဖြင့် စက်ဘီးပြင်ဆိုင်ထဲမှာ တွေ့ရသည်။

အောင်စိုးက အဖေ့ဘေးမှာ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး . . .

"ဘယ်လိုလဲ အဖေ" ဟု မေးသည်။

အဖေက စပုတ်တိုင်ကို သံကွင်းဝိုင်းဖြင့် ရစ်၍ ချိန်နေရာမှ . . .

"စပုတ်တိုင် ကျိုးသွားတာကွ" ဟု ပြောသည်။

"ဒါပြောတာ မဟုတ်ပါဘူး အဖေရာ၊ ဟိုလေ အဖေ့ ချွေးမလောင်းကို သဘောကျရဲ့လားလို့"

အဖေက သံကွင်းဝိုင်းကိုချလိုက်ပြီး . . .

"ဘယ့်နှယ် ပြောပါလိမ့်ကွာ၊ မိန်းကလေးက လှလည်းလှ၊ လိမ္မာလည်းလိမ္မာ၊ ပညာလည်းတတ်၊ ပြောစရာတစ်ကွက်မှ မရှိဘူး၊ ငါ့သား မင်းရွေးတာ သိပ်တော်တယ်ကွာ၊ အင်း . . ."

အဖေသည် အားပါးတရ ပြောနေရာမှ နည်းနည်းငိုင်သွားသည်။ အဝေးကို ငေးကြည့်နေသည်။ ထို့နောက် ခပ်လေးလေး ပြောသည်။

"မင်းအမေသာရှိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲကွာ"

*

**This eBook is for the use of anyone anywhere at no cost.**

**Commercial use of this book will be at your OWN RISK!**

ချစ်ကြပြီဆိုတော့လည်း သူများတကာထက် သဲကြတယ်။ ဘယ်သူမှ လိုက်လို့မမှီဘူး။ ချစ်ခဲ့ကြပြီး နောက်ပိုင်းမှာ လှိုင်ထိပ်ထားဦးနဲ့ ချစ်ထွတ်တင်တို့ကို တကွဲစီ မမြင်ကြရတော့ဘူး။ တစ်စုံတစ်ယောက်ဟာ ချစ်ထွတ်တင်ကိုဖြစ်စေ၊ လှိုင်ထိပ်ထားဦးကိုဖြစ်စေ၊ တစ်ယောက်ထီးတည်း တွေ့ရမယ်ဆိုရင် တစ်စုံတစ်ခု လိုနေသလို အင်္ဂါရပ်နဲ့ မပြည့်မစုံသလိုလို ခံသားလာရနိုင်တယ်။ အဲဒီလောက်ထိပဲ။

ခွဲနေကြတဲ့ အချိန်ဆိုလို့ ကျောင်းတက်ချိန်ရယ်၊ လှိုင်ထိပ်ထားဦး အိမ်သာဝင်တဲ့အချိန်ရယ်ပဲ ရှိတယ်။ လှိုင်ထိပ်ထားဦး အတန်းပြီးလို့ ထွက်လာတဲ့အခါ ချစ်ထွတ်တင် မရောက်သေးဘဲ တစ်မိနစ်လောက် နောက်ကျသွားရင်ပဲ လှိုင်ထိပ်ထားဦးမှာ ချက်ချင်းပဲ ကမာရွတ်ရဲစခန်းပြေးပြီး လူပျောက်တိုင်ချက် ဖွင့်တော့မတတ် ပျာယာခတ်သွားတတ်တယ်။

ချစ်ထွတ်တင်ကလည်း လှိုင်ထိပ်ထားဦး အိမ်သာဝင်သွားတာနဲ့ လက်ကနာရီကို တကြည့်ကြည့်နဲ့။ ငါးမိနစ်ထက် ပိုကြာသွားတာနဲ့ စိတ်ပူတဲ့ အမူအယာဖြစ်လာရော၊ အဲဒီအခါမှာ လှိုင်ထိပ်ထားဦးက . . .

“ကိုကိုချစ်ကလည်း နည်းနည်းကြာသွားတာက ခရင်ပတ်ဖ် ပြန်ဖို့ပြီး နှုတ်ခမ်းနီ ထပ်ဆိုးနေလို့ပါ။ အဲဒါလည်း သူ့အတွက်ပဲ မဟုတ်လား” လို့ ပြောတတ်တယ်။

ချစ်ထွတ်တင်က ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှာ မမေဝင်းက ဦးဘချစ်ကို ကိုကိုချစ်လို့ခေါ်တာ သိပ်သဘောကျတယ်လေ။ ဒါကြောင့် ကိုကိုချစ်လို့ ခေါ်ခိုင်းတာ။

အတန်းပြီးတဲ့အခါမှာ စားသောက်ဆိုင် ထိုင်တဲ့အခါထိုင် အင်းလျားဘက် လမ်းလျှောက်ရင်း အကြော်စားတဲ့အခါ စား။ တစ်ခါတစ်လေ လှည်းကူးမှာ မုန့်ဟင်းခါး သွားစားတဲ့အခါစား။ ရန်ကင်းစားတော်ဆက်၊ အင်းလျားကန် ဟိုတယ်နေရာတို့မှာ သွားစားတဲ့အခါ စားပေါ့။

တချို့နေ့တွေကျတော့ ချစ်ထွတ်တင်က ကားယူလာတယ်။ လှိုင်ထိပ်ထားဦးအိမ်က ကားလာကြိုမယ့် အချိန်ကို တွက်ပြီး ပြည်လမ်းဘက်၊ ပဲခူးလမ်းဘက် ကားစီးထွက်ကြတယ်။ အိမ်ကကား လာကြိုမယ့်အချိန်ကိုမှီအောင် မြန်မြန်မောင်းပြီးပြန်ရတာ ရင်တထိတ်ထိတ်နဲ့ အရသာ တစ်မျိုး။

တကယ်တော့လဲ လှိုင်ထိပ်ထားဦးတို့ ကားဒရိုင်ဘာကြီးက သိပြီးသားပါ။ တမင် မသိချင်ယောင် ဆောင်နေတာ။

ဟုတ်တယ်။ ဒရိုင်ဘာဆိုတာ အကင်းပါးရတယ်။ နီးရာဓားကို ကြောက်ရတဲ့သဘောရှိတယ်။ အတွေ့အကြုံအရ နှုတ်လုံဖို့ဟာ အရေးကြီးတယ်။ အပြောမတတ်ရင် အန္တရာယ်ကြီးတယ်ဆိုတာ သိနေပြီ။

ဥပမာဆိုပါတော့ ကောင်မလေး ရည်းစားထားတာကို မျက်နှာလို မျက်နှာရနဲ့ လူကြီးတွေကိုတိုင်လိုက်ရော။ ကောင်မလေးက ငြိုးထားလိမ့်မယ်။ တစ်ချိန်ချိန်အကွက်ဆိုက်တဲ့အခါ ပြန်ပြီး ချောက်တွန်းမယ်။ ဓာတ်ဆီခိုးရောင်းတယ် ဆိုတာမျိုး သမီးကို ကားပေါ်မှာ ရိသဲ့သဲ့လုပ်ပါတယ်ဆိုတာမျိုး ပြောလိုက်ရင် အလုပ်ပြုတ်ဖို့ ကြိမ်းသေပဲ။

ဒီတော့ ဘာပဲမြင်မြင် မမြင်ချင်ယောင် ဆောင်နေ၊ ဘာပဲသိသိ မသိချင်ယောင် ဆောင်နေ၊ အဲဒီလိုနေတဲ့အတွက် အရှုံးမရှိဘူး။ ကောင်မလေးရဲ့ ရည်းစားက လက်ဘက်ရည်ဖိုးဆိုပြီး နှစ်ဆယ် အစိတ် ပေးသွားတာမျိုး၊ ကောင်မလေးက ဦးလေးမိန်းမအတွက်ဆိုပြီး ထဘီလေးဘာလေး စွန့်ကြဲတာမျိုးတောင် ရှိတတ်တယ်။

လှိုင်ထိပ်ထားဦးရဲ့ ဒရိုင်ဘာကြီးကိုလဲ ချစ်ထွတ်တင်က ပေါင်းထားပြီးသားပါ။ ချစ်ထွတ်တင်က ရက်ရောတတ်တဲ့ လူဆိုတော့ တစ်ခါတလေ ခုနှစ်ဆယ့်ငါးကျပ်တန်တစ်ရွက်၊ တခါတလေများ တက်ထရက်ပုဆိုး အသစ်စက်စက်တောင် ပေးသေး။

လှိုင်ထိပ်ထားဦးကလဲ ဒရိုင်ဘာကြီးရဲ့မိန်းမနဲ့ သမီးအတွက် ရှန်လုံချည်တို့ အင်္ကျီအဟောင်းတို့ ပေးပါတယ်။ အင်္ကျီဟောင်းဆိုပေမယ့် နှစ်ခါ၊ သုံးခါထက် ပိုမဝတ်ရသေးတာတွေပါ။

ဒီတော့ ပြီးရောပေါ့။ ဘာပူစရာ ရှိသေးလဲ။

*

တစ်ခါတလေတော့ အင်းလျားကန်စပ်မှာထိုင်ရတာ ပျော်စရာကောင်းတယ်။ သစ်ပင်ရိပ်ကောင်းကောင်းအောက်မှာထိုင်ပြီး ရွက်လှေကလေးတွေကိုကြည့်ရတာ ကြည်နူးဖို့ကောင်းတယ်။ ဒီနေ့တော့ ရွက်လှေကလေးတွေ မတွေ့ရ။

ချစ်ထွတ်တင်က စီးကရက်ဗူးနဲ့မီးခြစ်ကို လှိုင်ထိပ်ထားဦးဆီပေးလိုက်တယ်။ လှိုင်ထိပ်ထားဦးက စီးကရက်တစ်လိပ်ကို မီးညှိပေးတယ်။ ချစ်ထွတ်တင်က အဲဒီလို လှိုင်ထိပ်ထားဦးကိုယ်တိုင် မီးညှိပေးတဲ့ စီးကရက်ကိုမှ သောက်လို့ကောင်းသတဲ့လေ။ စီးကရက်ဖင်ဖျားမှာ နှုတ်ခမ်းနီစကလေး ပေကျံသွားတာကို သိပ်သဘောကျတယ်။

"ဒီနေ့ ကိုကိုချစ်ကို အပြစ်ပေးရမယ်" လို့ လှိုင်ထိပ်ထားဦးက ပြောတယ်။

"ကိုကိုချစ်က ဘယ်တုန်းက ဘာလုပ်ဘူးလို့လဲ"

"ဟိုးအယင်တုန်းက အပြစ်တွေအတွက်ပေါ့"

"ဘယ်လိုအပြစ်ပေးမှာလဲ၊ အပြစ်တစ်ခုအတွက် အနမ်းတပွင့်လား"

"သွားစမ်းပါ၊ ရမယ် အားကြီးကြီး၊ အပြစ်တစ်ခုအတွက် ဗိုက်ခေါက်တချက်ဆွဲလိမ်ခံရမယ်"

"ရက်စက်လှချည်လားကွယ်၊ နားရွက်ဆွဲပြီး ထိုင်ထလောက်နဲ့ မရဘူးလား"

"မရဘူး"

"ဒါဆိုလဲ ငိုချင်းလေးတစ်ပုဒ်လောက် ဆိုပါရစေဦး ပုဏ္ဏားတော်ကြီးရယ်"

"ကဲ . . . မြန်မြန်ဆို အချိန်မရှိဘူး"

ချစ်ထွတ်တင်က ဒူးထောက်လိုက်တယ်။

"ကဲ ဆိုပြီ၊ အဟမ်း စိတ်များပင် ပူစရာပါဗျာ ထိပ်ထားခင် သူမသနားတာကြောင့် လင်ယူကာ သွား အား ဟားဟားဟာ"

ချစ်ထွတ်တင်က အသံနေအသံထားနဲ့ ရင်ကိုထုထုပြီး ဆိုပြတော့ လှိုင်ထိပ်ထားဦးက ရယ်တယ်။

"ကဲ ဆိုပြီးရင် ပြစ်ချက်တွေပြောတော့မယ်၊ ဗိုက်ခေါက်အသင့်ပြင်"

ချစ်ထွတ်တင်က ခါးကော့ပေးတယ်။

"တစ်အချက် . . . ဟိုအရင်တုန်းက ပုဂံလမ်းပေါ်မှာလေ၊ ထိပ်ထားကို ပိုက်ဆံဆယ်ပြား ကျပျောက်လို့လားဆိုပြီး နောက်သွားတဲ့အတွက် . . . တစ်ခါ"

ချစ်ထွတ်တင်ရဲ့ ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်တယ်။ တကယ်လိမ့်တာတော့မဟုတ်။ အင်္ကျီစကိုလိမ်တာ။ ချစ်ထွတ်တင်က တကယ်နာတဲ့ဟန်နဲ့ . . .

"အံမယ်လေး၊ သေရချည့်ရဲ့ဗျာ"

"သိပ်မအော်နဲ့၊ နောက်တစ်ခု ရှိသေးတယ်။ ရည်းစားစကား ပြောတာကို ကောင်းကောင်းမပြောဘူး၊ ဖုန်းနဲ့ဆက်ပြီး မနက်ဖြစ်မှ ပြောမှာလေးဘာလေးနဲ့ လူကို သက်သက် စိတ်တထင့်ထင့်ဖြစ်အောင် လုပ်တဲ့အတွက် . . . "

"အံမယ်လေးဗျ"

"ဘယ်လိုဖြစ်တာလဲ၊ ဘာမှတောင် မလုပ်ရသေးဘူး"

လှိုင်ထိပ်ထားဦးက တစ်ချက် ဆွဲလိမ်ပြန်တယ်။

"ပြီးတော့ ပြောရဦးမယ်၊ သူပဲ အဖြေမရရင် သေရပါတော့မယ်ဆိုပြီး ဖြစ်နေလို့ သူများက အဖြေပေးမယ်လဲလုပ်ရော မလာဘဲ ရှောင်နေတဲ့အတွက် . . . ကဲ . . . အင်း . . . အင်း"

"ဟာ၊ နှစ်ခါတောင်"

"ဟုတ်တယ်၊ ဒါက အပြစ်ကြီးတဲ့အတွက် အပြစ်ဒဏ် နှစ်ဆ သတ်မှတ်တယ်"

"ဒါပဲ မဟုတ်လား"

"မပြီးသေးဘူး၊ အရင်က ရည်းစားဘယ်နှစ်ယောက်ရှိခဲ့လဲ ပြောစမ်း"

"တစ်ယောက်မှ မရှိပါဘူး"

"ဘာ၊ ညာမယ်တော့ မကြံနဲ့နော်၊ အကုန်သိပြီးသား၊ ဟိုအရင်က ကောင်မလေးတွေနဲ့ တွဲတွဲနေတာ မတွေ့ဘူးမှတ်လို့လား"

"အဲဒါတွေက အလကားပါ အပျော်သဘောတွဲတာ၊ သူတို့က သိပ်တွဲချင်နေလို့ လိုက်လျောရတာပါ၊ သူတို့ကို လုံးဝ စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှလဲ ချစ်တယ်လို့ မပြောဖူးဘူး၊ ကိုကိုချစ်တာ ထိပ်ထားတစ်ယောက်ပဲ ရှိပါသေးတယ်"

"ဘာပဲဖြစ်ဖြစ် တွဲတာက တွဲတာပဲ၊ အားလုံး ဘယ်နှစ်ယောက်လဲ၊ မှန်မှန်ပြော"

"ခုနှစ်ယောက်၊ ရှစ်ယောက်၊ ကိုးယောက်လောက်"

"အင်းလေ၊ ဆယ်ယောက်ပဲ ထားလိုက်ပါတော့"

"ဒါဆိုလာခဲ့ ဆယ်ချက်ဆွဲလိမ်ရမယ်"

"များလှချည်လား"

"တစ်ယောက် တစ်ချက်နှုန်းလေ"

"ဒါဆို ဆယ့်လေးချက်ပြည့်ပြီနော်။ ခွေးရူးပြန်မှာ မကြောက်ရတော့ဘူး"

"ဘာလဲ၊ ဘာပြောတာလဲ"

"ခွေးရူးကိုက်ရင်း ဗိုက်ကို ဆေးဆယ့်လေးလုံး ထိုးရတယ်လေ"

"ကြည့်စမ်း၊ တို့ကို ခွေးရူးမလေးလို့ ပြောတာပေါ့လေ . . . ကဲ"

လှိုင်ထိပ်ထားဦးက ရင်ဘတ်ကို လက်သီးနဲ့ထုဖို့ ရွယ်တယ်။ ချစ်ထွတ်တင်က လက်ကိုဖမ်းဆွဲပြီး လှိုင်ထိပ်ထားဦးကို ရင်ခွင်ထဲ ပွေ့လိုက်တယ်။ ပြီးတော့ . . .

"ထိပ်ထား၊ ဟိုမှာကြည့်စမ်း၊ သစ်ပင်ပေါ်မှာ"

"ဘာလဲဟင်၊ ဘာလဲ"

"ဟိုမှာလေ ကြည့် ဟိုဘက်သစ်ကိုင်းကို ကူးသွားပြီ၊ တွေ့လား"

"ဟယ် . . . ရှဥ့်ကလေး"

"ရှဥ့်ကလေးက ဘယ်လိုအော်သလဲ နားထောင်ကြည့်စမ်း"

"အင်း . . . ကျွတ်ကျွတ်လို့ အော်တယ်"

"ဟာ၊ သေသေချာချာ နားထောင်စမ်းပါ၊ ကစ်ကစ်တဲ့၊ ကြားလား"

"ဘာဖြစ်လဲ"

"ဩော် . . . ရှဥ့်ကလေးက ကစ်(စ) ပေးဖို့ သတိပေးတာလေ"

"သွား"

"သွားမဟုတ်ဘူး၊ ဟောဒီ နှုတ်ခမ်းလေးပါ"

ရှဥ့်ကလေးက ကစ်ကစ် . . . ကစ်ကစ်လို့အော်ပြီး သစ်ကိုင်းတစ်ကိုင်းကနေ တစ်ကိုင်းကို ခုန်ကူးနေတယ်။ သစ်ကိုင်းတွေ လှုပ်ရှားပြီး ကျန်ခဲ့တယ်။

*

This eBook is for the use of anyone anywhere at no cost.
Commercial use of this book will be at your OWN RISK!

"မွှေးလိုက်တာ" ဟု အောင်စိုးကပြောသည်။

အေးအေးဝင်း၏ ပါးပြင်ကလေးသည် ကလေးငယ်တစ်ယောက်၏ လက်ဖဝါးကလေးလို ရဲကနဲ ဖြစ်သွားသည်။ မျက်လွှာကလေးချပြီး ခေါင်းငုံ့ထား၏။

"ဘာလိမ်းထားတာလဲဟင်"

အောင်စိုးက ပါးပြင်ကို လက်ညှိုးဖြင့်ပွတ်ကြည့်ရင်း မေးသည်။

"တက္ကသိုလ်မိတ်ကပ် နည်းနည်းခံပြီး ခရင်ပတ်ဖ် ရိုက်တာပေါ့"

အောင်စိုးက အေးအေးဝင်းကိုယ်ကလေးကို ပွေ့ဖက်လိုက်ပြီး နောက်တစ်ကြိမ်ထပ်မွှေးသည်။

"အား . . . အားဆေးတစ်ခွက် သောက်လိုက်ရသလိုပဲအေးရယ်၊ အင်အားတွေပြည့်ပြီး လန်းဆန်းသွားတာပဲ" ဟု ပြောပြီး မြက်ခင်းပေါ် ပက်လက်လှန်လှဲချလိုက်သည်။ မျက်စိမှိတ်ထားလိုက်၏။

နံနက်ခင်းသည် သာတောင့်သာယာ ရှိနေသည်။ လေစိမ့်စိမ့် အေးအေးကလေးက တိုက်ခတ်နေသည်။ ကမ်းစပ်ကို လာရောက်ထိခတ်သော ရေလှိုင်းဂီတသံသည် စည်းချက်ကျကျ နာပျော်ဖွယ် ရှိလှသည်။ ငှက်ပျိုကလေးများ၏ တေးသံက ရေလှိုင်းသံနှင့်အတူ ချိုသာလှ၏။

"ကိုအောင်"

အေးအေးဝင်းကခေါ်သည်။ အောင်စိုးက မထူး။ မျက်စိကိုမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေသည်။

"ဩော် . . . တကယ်အိပ်ပျော်သွားတာကိုး၊ ဒီလိုဆိုတော့လဲ တကယ့်ကလေးလေး အတိုင်းပါပဲလား ကိုအောင်ရယ်"

အေးအေးဝင်းက အောင်စိုး၏ဆံပင်ကို သပ်ပေး၏။ အောင်စိုးက ငြိမ်ခံနေသည်။ နဖူးပေါ်ကို လေရွှေးရွှေးတိုးဖော့သည်။ ထို့နောက် နူးညံ့သောအတွေ့အထိ။

ထိုအခိုက် ဘယ်လက်လက်မက ပူကနဲဖြစ်သွားသဖြင့် သတိပြန်ဝင်လာသည်။ စိတ်ကူးအယဉ်လွန်ပြီး လက်မကို တူဖြင့်ထုမိခြင်းဖြစ်သည်။ ခပ်ဖွဖွ ထုမိခြင်းဖြစ်၍ သိပ်တော့ မနာချေ။

"ခဏနော် အေး၊ အလုပ်ပြီးတော့မှ စိတ်ရှိလက်ရှိ စိတ်ကူးယဉ်တော့မယ်" ဟု စိတ်ထဲကပြောပြီး အလုပ်ဆက်လုပ်သည်။

တန်းပေါ်မှာတင်ပြီး ညှပ်ထားသော ဘီးခွေကို လှည့်လိုက်သည်။ ဘီးအလည် ညီမညီကြည့်သည်။ သာမန်လူတို့အဖို့တော့ ညီပြီဟုထင်လိမ့်မည်။ အောင်စိုးကတော့ လုပ်နေကျမို့ နည်းနည်းယိုင်နေသေးကြောင်း သိသည်။ တူဖြင့် ဘီးခွေအနားစွန်းများကို ခပ်ဆဆ မှေး၍ထုရင်း ညှိနေသည်။

ဒီနေ့ သူကျောင်းမတက်ဖြစ်ချေ။ ညတုန်းက အဖေဖျားသည်။ မနက်ကျတော့ ကိုယ်တွေလက်တွေ ကိုက်နေသည်။ ထို့ကြောင့် အဖေ့ကို နားခိုင်းထားလိုက်သည်။

ပြင်လက်စ စက်ဘီးတစ်စီးရှိနေသည်။ ဒီနေ့ညနေ အပြီးလုပ်ပေးရမည်ဖြစ်သည်။ အသေးအဖွဲ ပြင်ဆင်ခြင်းမဟုတ်၊ အိုဗာဟောခေါ် စက်ဘီးတစ်စင်းလုံးကို ပြန်ပြင် ပြန်သပေးရခြင်းဖြစ်သည်။ ငွေလည်း မြိုးမြိုးမြက်မြက်ကလေး ရမည်ဖြစ်၏။ ညနေ အဖေ့ကို ဆေးခန်းသွားပြပေးဖို့ ငွေလိုနေတာနှင့် အတော်ပဲဖြစ်သည်။ ထို့ကြောင့် အောင်စိုး ကျောင်းမတက်တော့ဘဲ အပြီးသတ်နေခြင်းဖြစ်သည်။

အေးတော့ မျှော်နေမှာပဲဟု တွေးမိပြန်သည်။ လေးဆယ့်ငါး ကားဂိတ်မှာ တမျှော်မျှော်နှင့် စောင့်နေလိမ့်မည်။ တော်ကြာလို့ မလာမှ တစ်ယောက်တည်း

သွားရလိမ့်မည်။ ထိုင်စရာ နေရာမှ ရပ့်မလား။ ကားကလည်း သိပ်ကျပ်မှာပဲ။ သူမလာလို့ စိတ်များပူနေမလားမသိ။ အင်းလေ . . . တစ်ရက်တလေပဲဟာ။ ဟိုး အရင်ကဆိုရင်လည်း အေးတစ်ယောက်တည်း သွားနေကျပါ။ ကျောင်းမှာ ဒီနေ့ ဘာတွေသင်မလဲမသိ။ စာမေးပွဲကလည်း နီးပြီ။

"ဟေ့ကောင်လေး၊ ကျောင်းမသွားဘူးလားကွ"

ကိုသိန်းထွန်းက ဆိုက်ကားပေါ်မှ ဆင်းလာရင်း မေးသည်။

"အဖေ နည်းနည်း နေမကောင်းလို့ဗျာ"

"ဟုတ်လား၊ အဘိုးကြီး ခုတလော ခဏခဏဖြစ်တယ်နော်"

"အသက်လည်း ကြီးပြီမဟုတ်လား"

ကိုသိန်းထွန်းက ဆေးပေါ့လိပ်တိုကို မီးညှိ၍ဖွာလိုက်ပြီး ဆေးလိပ်ကိုင် လျက်ကပင် . . .

"သြော် . . . ဟုတ်ပြီ၊ ခုရက်ပိုင်း ဆိုက်ကားလိုင်စင်လဲဖို့ ပြင်တဲ့ဆင်တဲ့ လူတွေ တော်တော်များတော့ မင်းအဖေ ပင်ပန်းသွားတယ်ထင်တယ်။ အင်း အဘိုးကြီးလည်း သားကို မိန်းမပေးစားဖို့ အတော်ကြိုးစားနေတာကိုး"

"အဖေကလည်း ခက်ပါတယ်ဗျာ၊ တချို့အလုပ်တွေ ကျွန်တော်ကျောင်းက ပြန်လာမှ လုပ်ရင်လည်း ရသားနဲ့ ထားလိုက်ပါလို့ ပြောတာလည်း မရဘူး၊ အသက်ကြီးလာတော့ သိပ်လုပ်ဖို့ မကောင်းဘူးဗျ၊ ကိုသိန်းထွန်းတို့လည်း ကြည့် ပြောဦး။ အင်းလေ . . . ကျွန်တော်လည်း နောက်တစ်လလောက်ဆို ကျောင်းပြီး သွားပါပြီ၊ အဲဒီကျမှ အဖေ့ကို လုံးဝ နားခိုင်းလိုက်တော့"

"အေး . . . ကောင်းတယ်ကွ၊ ကဲ ငါ အဘိုးကြီးနဲ့ စကားပြောလိုက်ဦးမယ်" ဆိုပြီး ကိုသိန်းထွန်း အိမ်ထဲဝင်သွားသည်။

အောင်စိုးက အလုပ်ဆက်လုပ်၏။ သေသေချာချာ သပ်သပ်ရပ်ရပ်ဖြစ် အောင်လုပ်သည်။ အဖေက ပြောဖူး၏။

"တချို့နေရာတွေမှာ ပြီးပြီးရော လုပ်ပေးလိုက်လို့ရတယ်၊ စက်ဘီးပိုင်ရှင်က ဘာမှသိမှာ မဟုတ်ဘူး၊ သူက ဘာမှမသိလို့ ဘာမှမဖြစ်တာက အရေးမကြီးဘူး၊

ကိုယ်က မဟုတ်မဟတ် လုပ်ပေးလိုက်တာ ကိုယ့်ဘာသာ သိနေတာက ရှက်စရာ ကောင်းတယ်”

အောင်စိုးသည် ခုအခါတွင် စက်ဘီးပြင်သည့် အတတ်ပညာကို အဖေ့နီးပါး လောက်ပင် တတ်မြောက်နေပြီဖြစ်သည်။ အဖေကလည်း အောင်စိုးဝင်ကူသည်ကို အရင်ကလောက် မတားမြစ်တော့။ အောင်စိုးက ‘အလုပ်များများလုပ်ပြီး ငွေစုရ မယ်အဖေ’ ဟု ပြောထားသည်။ အဖေ့စိတ်ထဲတွင် အောင်စိုးမိန်းမယူဖို့ ငွေစုတာ ဖြစ်မှာပဲဟုတွက်ပြီး အလုပ်ဝင်ကူသည်ကို မပြောဘဲနေခြင်း ဖြစ်လိမ့်မည်။ အဖေ ထင်တာ မှန်သင့်သလောက် မှန်လေသည်။

‘ကလင် . . . ကလင်’ ဆိုသော ဘဲလ်သံကြားရသည်။ မော့ကြည့်လိုက် တော့ ဦးကပ်စီးကို တွေ့ရ၏။ ဦးကပ်စီးဆိုသည်မှာ နာမည်ရင်းတော့ မဟုတ်။ ကပ်စေးနည်းလွန်းသဖြင့် ဦးကပ်စီးဟု ခေါ်ကြခြင်းဖြစ်သည်။ သူက ပွဲစားဖြစ်၍ ငွေချို့တဲ့သူတစ်ယောက်မဟုတ်။ သို့ရာတွင် ငွေကုန်ကျရမည်ကို အလွန်နှမျော တတ်သူဖြစ်သည်။ စီးလည်း စီးပိုးတတ်သည်။

ခုလည်း သူ့စက်ဘီးဘာကျွတ်က လေစိမ့်နေသည်ကို ပြင်လျှင် ပိုက်ဆံကုန် မည်စိုး၍ အသွားတစ်ခေါက် အပြန်တစ်ခေါက် ဝင်၍ လေထိုးနေခြင်းဖြစ်သည်။

အမှန်က လေတစ်ခါထိုး ဆယ့်ငါးပြားပေးရသည်။ သူကတော့ လေးငါး ချက်လောက်ထိုးတာပဲဆိုပြီး မပေးဘဲနေသည်။

“အောင်စိုးရေ . . . လေထိုးတံလေးခဏလောက်၊ တစ်ချက်နှစ်ချက်ပါကွာ”

အောင်စိုးက ဘာမှမပြောဘဲ ခေါင်းသာ ညိတ်ပြလိုက်သည်။ သူလေထိုးနေ တုန်း ကိုသိန်းထွန်းပြန်ထွက်လာသည်။ ဦးကပ်စီးကိုမြင်လျှင် . . .

“လေတစ်ခါထိုး ဆယ့်ငါးပြားနော်” ဟု လှမ်းပြောသည်။

ဦးကပ်စီးက . . .

“အံမယ် ဆိုင်ရှင်ကတောင် ဘာမှမပြောဘဲနဲ့ မင်းက”

“အောင်စိုးတို့က အားနာလို့ လာမှမပြောတာပေါ့ဗျ၊ ခင်ဗျားက သိတတ်တဲ့ အနေနဲ့ ပေးမှပေါ့”

“အလကားရတဲ့ လေပဲကွာ၊ ပိုက်ဆံပေးရဦးမှာလား”

အောင်စိုးက ဘာမှမပြောရန် ကိုသိန်းထွန်းကို မျက်ရိပ်ပြသည်။ သို့ရာတွင် ကိုသိန်းထွန်းက မရ။

“လေက အလကားရပေမယ့် လေထိုးတံက အလကားမရဘူးဗျ။ အလကား ရတဲ့ လေလိုချင်ရင် ခင်းဗျားပါးစပ်နဲ့ ခင်ဗျားမှုတ်ထည့်ပါလား”

ကိုသိန်းထွန်းက ပိတ်ပြောပစ်လိုက်တော့လည်း ဦးကပ်စီးက ဟဲဟဲ . . . ဆို ပြီး ထွက်သွားမည်အပြုတွင် ကိုသိန်းထွန်းက . . .

“ဦးမြင့်သောင်းကြီး နေမကောင်းဘူးဗျ၊ သတင်းလေးဘာလေး ဝင်မေးလိုက် ပါဦး”

“ဟုတ်လား” ဆိုပြီး ဦးကပ်စီး အိမ်ထဲဝင်သွားသည်။

ကိုသိန်းထွန်းသည် သံခွက်ထဲမှ သံမှိုတစ်ခုကိုယူ၍ ကတ်တာနှင့် ထိပ်ဖျား ကိုတိလိုက်သည်။ ပြီးတော့ ဦးကပ်စီး၏ စက်ဘီးရှေ့တာယာထဲသို့ မြုပ်ရုံ လောက် တူဖြင့်ရိုက်ထည့်ထားလိုက်၏။

အောင်စိုးက . . .

“ဘာလုပ်တာလဲဗျ” ဟု မေးရာ . . .

“မင်းအသာနေစမ်းပါ၊ သံမှိုကို တာယာတထောက် မြုပ်ရုံလောက် စိုက် ထည့်ထားတယ်၊ ခုတော့ ဘာမှဖြစ်မှာ မဟုတ်သေးဘူး၊ စက်ဘီးကို နင်းသွား တော့မှ အလေးချိန်နဲ့ တဖြည်းဖြည်းချင်း နင်းပြီးဝင်သွားမှာ”

“ဟာ မလုပ်ကောင်းပါဘူးဗျာ”

“အို . . . ဒီလိုလူမျိုးကို ဒီလိုပညာပေးရမယ်ကွ၊ ကြည့်နေ . . . မကြာခင် ဘီးပေါက်လို့ဆိုပြီး မင်းဆီကို လာပြင်ရလိမ့်မယ်၊ တကယ်လို့ လာရင် ဖာပြီးတဲ့ ကျွတ်ကို တာယာထဲပြန်ထည့်တဲ့အခါ ခဲလုံးခပ်ချွန်ချွန်လေးတစ်လုံးပါ ထည့်ပေး လိုက်၊ အဲဒါဆို နောက်ထပ်တခါ ထပ်ပေါက်ဦးမှာပဲ”

“ဟာဗျာ၊ ကျွန်တော်မလုပ်ချင်ပါဘူး၊ ခု အဲဒီမှိုလဲ ပြန်ဖြုတ်ပေးလိုက်ပါဗျာ”

ထိုစဉ် ဦးကပ်စီး ပြန်ထွက်လာသည်။ နှုတ်ဆက်ပြီး စက်ဘီးနင်း၍ ထွက် သွား၏။

ကိုသိန်းထွန်းက ရယ်၍ . . .

"ဟား ဟား သွားပြီ၊ ငါ ဒီလူကြီးကို ကြည့်မရတာ ကြာပြီကွ၊ သိပ်စီးပိုးတာ တစ်ခါလည်း ငါ့ဆိုက်ကားစီးပြီး တစ်ကျပ်ကျတာကို ခုနစ်ဆယ့်ငါးကျပ်တန်ကြီး ထုတ်ပေးတယ်။ မအမ်းနိုင်ဘူးဆိုတော့ ဒါဆို အကြွေရှိသလောက်ပဲ ယူပေါ့ကွာဆိုပြီး ပြားခုနှစ်ဆယ် ပေးသွားတယ်။ အဲဒီကတည်းက ငါတေးထားတာ၊ ခုမှ မိတော့တာပဲ"

ကိုသိန်းထွန်းလည်း နှုတ်ဆက်ပြီး ထွက်သွားသည်။ အောင်စိုးသည် ခွေဖြောင့်ပြီးနောက် အဖေ့ကို ဆန်ပြုတ်ပြုတ်ပေးဖို့ သတိရသည်။ ပိုပြီးကောင်းအောင် မြူစွမ်ပြုတ် ဝယ်တိုက်လိုက်မည်ဟု စိတ်ကူးလိုက်၏။

"မနေ့က ဘာလို့ကျောင်းမတက်တာလဲ"

အေးအေးဝင်းက တွေ့တွေ့ချင်းမေးသည်။

"အဖေ နည်းနည်းနေမကောင်းလို့"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ပျာပျာသလဲမေးသည်။ အောင်စိုးက မဖြေသေးဘဲ ဂိတ်မှာထိုးထားသော အလှည့်ကျကားပေါ် တက်သည်။ နှစ်ယောက်တန်း ထိုင်ခုံမှာ ထိုင်ကြပြီးမှ . . .

"တစ်နေ့လုံး ထိုင်ပြီး အလုပ်လုပ်ရလို့ အညောင်းမိပြီး ဖြစ်တာပေါ့၊ ဖျားပြီးတော့ အဆစ်အမြစ်တွေကိုက်နေတာ၊ ဒီနေ့တော့ တော်တော်သက်သာသွားပါပြီ"

"အေး လာကြည့်ဦးမှပဲ"

"ရပါတယ် သိပ်ဖြစ်တာမှမဟုတ်ပဲ"

"သိပ်မဖြစ်ဖူးဆိုပြီးတော့ တော့ ပေါ့ပေါ့ဆဆ မနေနဲ့၊ အသက်ကလည်း ကြီးပြီမဟုတ်လား"

"ဒါတော့ ဟုတ်တယ်၊ ဆရာဝန်ကလည်း ပြောတယ်၊ သိပ်အပင်ပန်းမခံနဲ့၊ သိပ်လည်း အညောင်းမမိစေနဲ့၊ နားနားနေနေ နေပြီး အားရှိအောင် လုပ်ရမယ်တဲ့ အဲဒါ . . ."

အောင်စိုးက အနားရောက်လာသော ကားစပယ်ယာကို ကျပ်တန်တစ်ရွက် ပေးလိုက်သည်။ ပြန်အမ်းငွေနှင့် လက်မှတ်ကို ယူပြီးမှ ဆက်ပြောသည်။

"အဲဒါ . . . 'အေး' ကို ကိုအောင် တောင်းပန်စရာတစ်ခုရှိလို့"

"အဖေနေမကောင်းတာနဲ့ အေးကို တောင်းပန်တာနဲ့ ဘာများဆိုင်လို့လဲ ကိုအောင်ရဲ့"

"ဒီလိုပါ၊ အဖေ့ကို သိပ်အလုပ်မလုပ်စေချင်တော့ဘူးလေ၊ ဒါကြောင့် ကိုအောင်က ဆိုင်ကိုပိုပြီး တာဝန်ယူရလိမ့်မယ်။ အဲဒါ အရင်ကလို ကျောင်းမှာ အေးနဲ့ အချိန်ကြာကြာ တွေ့နိုင်တော့မှာ မဟုတ်ဘူး"

"ဒါများကိုအောင်ရယ်၊ တောင်းပန်နေစရာ မလိုပါဘူး၊ ကိုအောင်က မပြော ရင်တောင် အေးက ပြောရမှာပါ။ တစ်ခုပဲရှိတယ် ကိုအောင်၊ ကျောင်းတော့ အပျက်မခံစေချင်ဘူး။ စာမေးပွဲ သိပ်နီးလာပြီ မဟုတ်လား"

"ကျောင်းတော့ မှန်မှန်တက်မှာပါ။ ဒါပေမယ့် အရင်လို ညနေပိုင်းထိတော့ နေနိုင်မှာ မဟုတ်ဘူး။ ကျူတိုရီယယ်ကလပ်စ်တွေ လွှတ်သင့်ရင် လွှတ်ရမှာပဲ။ ဒါကြောင့် အေးနဲ့တူတူပြန်ဖို့ မလွယ်ဘူး၊ နေ့လယ် အားလပ်ချိန်ကျရင်လည်း လာတွေ့ချင်မှ တွေ့နိုင်မှာ"

"ရပါတယ် ကိုအောင်ရယ်၊ မနက်မနက် ကျောင်းတူတူ သွားနေရဦးမှာ မဟုတ်လား၊ ဒါဆို အေး ကျေနပ်ပါပြီ။ အင်း . . . စနေနေ့လောက်ဖြစ်ဖြစ် ကိုအောင်တို့အိမ် အေးလာခဲ့ဦးမယ်။ ကိုအောင်တို့အဖေ အေးကိုတွေ့ရင် စိတ်ချမ်း သာသွားမှာပါ"

ထိုနေ့က နေ့လယ် ကျောင်းဆင်းချိန်တွင် အောင်စိုးက အေးအေးဝင်းကို နှုတ်ဆက်ရုံသာ နှုတ်ဆက်ပြီး အိမ်သို့ပြန်ခဲ့သည်။ အိမ်ပြန်ရောက်သောအခါ သူမှာခဲ့သည့်အတိုင်း အဖေ့ကို ဆိုင်ထဲမှာတော့မတွေ့ရ။ သို့ရာတွင် အိမ်ရှေ့ခန်း မှာထိုင်ပြီး ဖလိုင်းမှီးပင်နယံကို တံစဉ်းဖြင့် သနေသည်ကို တွေ့လိုက်ရသည်။

"ဟာ အဖေကလည်း မလုပ်ပါနဲ့လို့ ပြောထားတဲ့ဟာ"

အဖေ့လက်ထဲက တံစဉ်းကိုဆွဲလုရင်း အောင်စိုးကပြောသည်။

"ချွေးလေးဘာလေးထွက်ပြီး ပေါ့သွားအောင်လို့ပါကွာ၊ ဆရာဝန်ကလည်း သိပ်အညောင်းမခံနဲ့လို့ ပြောထားတယ်မဟုတ်လား" ဟု အဖေက ဆင်ခြေပေး သည်။

"အညောင်းမခံနဲ့ဆိုတာက တစ်နေ့လုံးထိုင်ပြီး အလုပ်မလုပ်နဲ့လို့ ပြောတာ အဖေရ၊ နည်းနည်းပါးပါး လမ်းကလေးဘာလေး လျှောက်ပြီး နားနားနေနေ နေလို့ ပြောတာ၊ ကဲ . . . ထ အဖေ"

အောင်စိုးက အဖေ့လက်မောင်းကိုကိုင်၍ ထခိုင်းသည်။ ပြီးတော့ ပက်လက်ကုလားထိုင်မှာ ထိုင်စေသည်။ သူက ကြမ်းပြင်ပေါ်မှာ တပျဉ်ခွေ ထိုင်ချလိုက်ပြီး

"အဖေရယ်၊ ကျွန်တော် တစ်သက်လုံး အဖေ့စကားကို နားထောင်ခဲ့တာပါ၊ ဒီတစ်ခါတော့ ကျွန်တော့်စကားကို အဖေနားထောင်ရလိမ့်မယ်"

"သိပ်မပင်ပန်းပါဘူးကွာ၊ အကြာကြီးလည်း မဟုတ်ပါဘူး"

"ဒီမှာအဖေ၊ ကျွန်တော်က အဖေလဲသွားမှာစိုးလို့ ပြောနေတာ၊ ဆရာဝန်ကလည်းပြောတယ်၊ အဖေသာ ကိုယ့်ကျမ်းမာရေး ကိုယ်ဂရုမစိုက်လို့ရှိရင် လေးဘက်နာ ဖြစ်လာနိုင်တယ်တဲ့"

"ကွာ၊ တသက်လုံး လုပ်လာခဲ့တဲ့ဟာ၊ ခုကျမှ မလုပ်ရဘူးဆိုတော့ ဘယ်နေတတ်မလဲကွ"

"အမြဲမလုပ်ရဘူးလို့ မဆိုလိုပါဘူးအဖေရာ၊ နောက် အဖေအားရှိလာတော့ ပြန်လုပ်ချင် လုပ်ပေါ့၊ တစ်ပတ် ဆယ်ရက်လောက် နားနေဖို့ ပြောတာပါ"

"ဆိုင်က ပိတ်ထားလို့ ဘယ်ဖြစ်မလဲ"

"ဆိုင်ကိစ္စ ကျွန်တော်ကြည့်လုပ်ပါ့မယ်၊ ကျောင်းအားချိန်မှာ လုပ်မှာပါ"

"မင်းရဲ့ စာကျက်ချိန်တော့ ထိခိုက်ခံလို့ မဖြစ်ဘူးနော်"

"ဒါလည်း ကျွန်တော် ထည့်တွက်ထားပြီးသားပါ၊ အဖေဘာမှမပူနဲ့၊ ကျွန်တော် စာမေးပွဲလည်း အောင်ရမယ်၊ ဘွဲ့လည်း ရရမယ် ဟုတ်ပြီလား"

"အေးပါကွာ၊ ဒါဆိုလည်း သားစကားကို အဖေနားထောင်ပါ့မယ်"

"ဒါပဲနော် အဖေ၊ ကျွန်တော်ကျောင်းသွားနေတုန်းမှာ အဖေ အလုပ်ခိုးမလုပ်ရဘူး၊ လုပ်တယ်ကြားရင် ကျွန်တော် ကျောင်းမတက်ဘဲ အဖေ့ကို တစ်ချိန်လုံး ထိုင်ကြည့်နေမှာပဲ"

အဖေကရယ်သည်။

“အေးပါ သားရယ်၊ အဖေ ကတိပေးပါတယ်၊ သားသာ စာမေးပွဲအောင်ဖို့ အဓိကထားပြီး လုပ်စမ်းပါ။ မင်းခုလို အဖေ့ကို ဂရုစိုက်တော့ ခုချက်ချင်းတောင် နေကောင်းပြီး အားတွေပြည့်သွားသလိုပဲ”

“အံမယ် အဖေ ဒီလိုတော့ ဘယ်ရမလဲဗျ။ အဖေက နေကောင်းပြီဆိုပြီး အလုပ်ထလုပ်ဦးမလို့လား”

သားအဖနှစ်ယောက် ရယ်ကြသည်။

“ကဲ အဖေ ဆေးသောက်ရဦးမယ် မဟုတ်လား”

“သောက်ပြီးပါပြီကွ”

“ညနေ ဘာစားမလဲ အဖေ”

“ထမင်းစားလို့ရမလား၊ ဆန်ပြုတ်တို့ မြူစွမ်တို့က အာသာ မပြေဘူးကွ”

စားချင်တာ စားလို့ရတယ်လို့ ဆရာဝန်ကပြောတယ်။ တစ်ခုတော့ရှိတာပေါ့ အဖေရာ၊ မြန်မာအယူအဆဆိုရင်တော့ တက်စာတို့ ချုပ်စာတို့ မစားနဲ့ဦးပေါ့။ အဖေ ဘာစားချင်လဲပြော”

“အုန်းထမင်းနဲ့ ငါးသလောက်ပေါင်း”

“အဖေနော် အဖေ”

အဖေကရယ်၍ အောင်စိုးခေါင်းကိုပုတ်ပြီး . . .

“နောက်တာပါကွာ၊ ငါးခြောက်ဖုတ်နဲ့ ဟင်းခါးလေးဆို တော်ပါပြီ၊ အင်း ငါ့သား ငါ့သား . . . အရင်က ကလေးလို့ပဲ အဖေထင်ခဲ့တာ၊ အခု အဖေနေမကောင်းဖြစ်မှပဲ ငါ့သားကြီး ဘယ်လောက်အားကိုးရတယ်ဆိုတာ အဖေ သိရတာပဲ”

“အဖေက အောင်စိုးလက်မောင်းကို ဖြစ်ညှစ်ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ အဖေ့လက်များသည် အောင်စိုး၏ ကိုယ်တွင်းသို့ အင်အားဓာတ်များ စီးဝင်သွားစေသည်ဟု အောင်စိုးခံစားရ၏။

*

စနေနေ့မနက်ပိုင်း အောင်စိုးတို့အိမ်သို့ အေးအေးဝင်း ရောက်လာသည်။ အဖေနေမကောင်းသည်ကို သတင်းလာမေးခြင်းဖြစ်သည်။ အေးအေးဝင်းက အဖေ့အတွက် ကျိုင်းတုံပေါင်မုန့်ဝယ်လာသည်။ ပြီးတော့ အဖေ အဆစ်အမြစ်တွေ ကိုက်သည့်အတွက် လိမ်းရန် ဂုဏ်မင်းလိမ်းဆေး တစ်ပုလင်းလည်းပါသည်။

အဖေသည် အေးအေးဝင်းက သူ့ကိုလာကြည့်သဖြင့် အလွန်ဝမ်းသာနေသည်။ အဖေလည်း နေကောင်းနေပါပြီ။ ဒုက္ခရှာလို့ကွယ်၊ လာရတာ သိပ်နီးတာ မဟုတ်ဘူး၊ စသဖြင့် အားနာသည့် စကားများ ပြောသော်လည်း ခုလို အေးအေးဝင်းက ဂရုတစိုက်ရှိသဖြင့် ကျေနပ်ပုံရသည်။

အောင်စိုးက အေးအေးဝင်းအပြန် တာမွေလေးဘူတာသို့ လိုက်ပို့သည်။ ရထားလာဖို့ အချိန်စောသေးသဖြင့် အေးအေးဝင်းက လမ်းလျှောက်ပြန်မည်ဟု ပြောသည်။ အောင်စိုးက ဖြတ်လမ်းအစပ်နားထိ လိုက်ပို့သည်။

အေးအေးဝင်း အိမ်ပြန်ရောက်သောအခါ အမေက . . .

"နင့်သူငယ်ချင်းနှစ်ယောက်လာတယ်၊ စိုးစိုးမော်နဲ့ လဲ့လဲ့မြင့်လို့ ပြောတယ်" ဟု ဆိုသည်။

အေးအေးဝင်း ထိတ်ကနဲ ဖြစ်သွား၏။ အကြောင်းမှာ မနက်က အောင်စိုးတို့ အိမ်သွားခါနီးတွင် အမေ့ကို 'စိုးစိုးမော်တို့အိမ်မှာ အလှူရှိလို့ သွားဦးမယ်' ဟု ပြောခဲ့သောကြောင့်ဖြစ်သည်။ ခု အမေ့စကားအရ အလိမ်ပေါ်သလို ဖြစ်သွားပြီ။ အမေ့မျက်နှာကို ကြည့်ခြင်းဖြင့် သူ့အပေါ် သံသယတွေ ဖြစ်နေကြောင်း သိလိုက်ရသည်။

"မီးသွေး"

အိမ်ရှေ့က အော်သံကြားသည်။ မီးသွေးဝယ်သူ လာခြင်းဖြစ်၏။ အေးအေးဝင်းသည် အမေရှေ့က အခိုက်အတန့် ရှောင်နေလို့ရသွားသဖြင့် နည်းနည်းစိတ်သက်သာရာ ရသွားသည်။

"လာပြီ၊ လာပြီ" ဆိုပြီး မီးသွေးဆိုင်ရှိရာ အိမ်ရှေ့သို့ ဆင်းခဲ့သည်။

ပပနှင့် ဖိုးကုလားတို့ မောင်နှမဖြစ်သည်။ ပပက . . .

"မီးသွေး တစ်ဆယ်သားပေးပါ" ဟု ပြောပြီး ငါးမူးစေ့တစ်စေ့ ပေးသည်။

အေးအေးဝင်းက မီးသွေးတစ်ဆယ်သားကို ပိုပိုသာသာချိန်ပြီး ပပ၏ တောင်းကလေးထဲ ထည့်ပေး၏။ သူသည် လုပ်ကိုင်ရာတွင် ခပ်ဖြည်းဖြည်း အချိန်ဆွဲ၍ လုပ်နေမိသည်။ ပပကို ပိုက်ဆံဆယ့်ငါးပြား ပြန်အမ်းလိုက်သည်။ ပပက မျက်လုံးကလေးပြူး၍ . . .

"မီးသွေးတစ်ဆယ်သားကို ဘယ်လောက်လဲ" မေးသည်။

"သုံးဆယ့်ငါးပြားလေ"

"ဟင် ပြားသုံးဆယ် မဟုတ်ဘူးလား၊ အမေကပြောတော့"

"တစ်ပိဿာယူရင်တော့ သုံးကျပ်လေ၊ တစ်ဆယ်သား ဆိုရင်တော့ သုံးဆယ်ငါ့ပြား"

"ဒုက္ခပါပဲ" ဟု ပပက ညည်းသည်။

"ဘာဖြစ်လို့လဲ"

အေးအေးဝင်းကမေးရာ ပပက ငိုမဲ့မဲ့ဖြင့် . . .

"အမေက ငါးမူးပေးလိုက်တယ်၊ မီးသွေးဖိုး ပြားသုံးဆယ်ပေးပြီး ကျန်တာကို သမီးနဲ့မောင်လေး တစ်ယောက်ဆယ်ပြားစီယူတဲ့၊ မီးသွေးဖိုး သုံးဆယ့်ငါးပြား ဆိုရင် ဘယ်လိုလုပ် ဆယ်ပြားစီ ယူလို့ရမလဲ"

"သြော် . . . ဒီလိုလား၊ မီးသွေးဖိုးကတော့ လျှော့လို့မရဘူး၊ ဒါပေမယ့် တစ်ယောက်ဆယ်ပြားစီဖြစ်အောင် ဒေါ်လေးက ငါးပြားစိုက်ပေးမယ် ဟုတ်လား" ဆိုပြီး ငါးပြားထပ်ပေးလိုက်သည်။

ပပလည်းပျော်သွားပြီး သူ့မောင်လေး ဖိုးကုလားကို လက်ဆွဲ၍ မီးသွေးခြင်းကို လက်ကကိုင်ကာ မျက်စောင်းထိုးအိမ်ရှိ မုန့်ဆိုင်သို့ ထွက်သွားသည်။

အေးအေးဝင်းသည် မီးသွေးရောင်းပြီးသော်လည်း အိမ်ပေါ်ပြန်မတက်သေး။ မီးသွေးအိတ်ထဲက မီးသွေးတစ်ဝက် အောက်သွန်ချပြီး အကြေနှင့်အကောင်း ရွေးရင်း အချိန်ဖြုန်းနေလိုက်သည်။

ခဏအကြာတွင် ခြေသံကြားရသည်။ အမေ ဆိုင်ထဲကို လိုက်ဝင်လာခြင်း ပင်ဖြစ်သည်။

"မိအေးဝင်း" အမေကခေါ်သည်။

အေးအေးဝင်း ဆတ်ကနဲ တုန်သွားသည်။ အမေသည် ဆူစရာ ကြိမ်းစရာ ရှိလျှင် ခုလို မိအေးဝင်းဟု ခေါ်တတ်စမြဲ။

အေးအေးဝင်း ထိုက်လျက်ကပင် အမေ့ကိုမော့ကြည့်သည်။ အမေ့မျက်နှာက နည်းနည်း တင်းမာနေသည်။

“ညည်းမနက်က ဘယ်သွားတာလဲ မှန်မှန်ပြောစမ်း”

အေးအေးဝင်းက အသံကို တိုးတိုးတုန်တုန်ဖြင့် . . .

“ဟို . . . သူငယ်ချင်းတစ်ယောက်ရဲ့ အဖေ နေမကောင်းလို့ သွားကြည့်တာ ပါ”

“မနက်ကပြောတော့ စိုးစိုးမော်တို့အိမ်မှာ အလှူရှိလို့သွားတာဆို၊ ခု စိုးစိုးမော် က ဒီကို ရောက်လာတယ်၊ ညည်းက ပြောတော့တစ်မျိုး၊ သွားတော့ တစ်နေရာ၊ ဘာဖြစ်လို့ ငါ့ကို ညာသွားရတာလဲ ပြောစမ်း”

အမေစိတ်ဆိုးပြီဆိုလျှင် ကြောက်ရသည်။ ခု ကြီးတော့မှသာ မရိုက်တော့ ခြင်းဖြစ်သည်။ ငယ်ငယ်တုန်းကလိုသာဆိုလျှင် ခြေသလုံးတွေ အရှိုးထင်အောင် အရိုက်ခံရမှာ သေချာသည်။ ပြီးတော့ အပြစ်တွေထဲမှာ လိမ်ပြောတာကအဆိုးဆုံး ဟု အမေယူဆသည်။

အေးအေးဝင်းသည် အမေ့ကို မကြည့်ရဲတော့။ ခေါင်းငုံ့ပြီး မီးသွေးမှုန့်တွေ ပေကျံနေသော လက်များကိုသာ ကြည့်နေသည်။

“ညည်း ဘယ်လိုခြေလှမ်းတွေ လှမ်းနေတယ်ဆိုတာ ငါမသိဘူး မှတ်နေလို့ လား၊ ငါ့မှာလဲ နားနဲ့ မျက်စိနဲ့၊ အေး . . . မျက်စိနဲ့ မမြင်တောင် နားနဲ့တော့ ကြားရသေးတာပဲ၊ ကျောက်ကုန်းဈေးထဲမှာ ဒီကနေ ဈေးသွားရောင်းနေတဲလူတွေ အများကြီး။ ပြောတဲ့လူက ပြန်ပြောလို့ ညည်းအကြောင်း ငါသိရတာပဲ”

အေးအေးဝင်း မျက်ရည်ဝဲလာသည်။ ဘာမျှတော့ပြန်မပြော။ ဘာပြောရမှန်း လည်း မသိချေ။ အမေကသာ ဆက်ပြောနေသည်။

“မိဘကတော့ မရှိမဲ့ရှိမဲ့ကြားက ကျောင်းထားပေးရတယ်၊ အိမ်မှာ ဘယ် လောက် ခြိုးခြံချွေတာနေရတယ်ဆိုတာ နင်အသိ၊ ဒါကို မသိတတ်ဘူး၊ ညည်းက ဟိုမှာ . . . ငါမပြောလိုက်ချင်ဘူး”

အေးအေးဝင်း ရှိုက်စပြုသည်။ အမေ့ကို တဖြည်းဖြည်း မော့်ကြည့်သည်။ မော့်လိုက်တော့မှ မျက်ရည်က ပါးနှစ်ဘက်ပေါ် စီးကျလာသည်။

"ကျွန်မ မှားပါတယ် အမေရယ်၊ အမေတို့ စေတနာကို နားမလည်လို့ မဟုတ်ပါဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ခင်မင်မိကြရာက သံယောဇဉ် ဖြစ်သွားကြတာပါ"

အမေသည် အေးအေးဝင်း အကြောက်အကန် ငြင်းလိမ့်မည်ဟု ထင်ထား သလား မသိ။ ခုလို ဝန်ခံစကား ပြောလိုက်သဖြင့် အမေအံ့သြသလို ဖြစ်သွား သည်။

အေးအေးဝင်းက ငိုရှိုက်ရင်းကပင် . . .

"အမေ မကြိုက်ဘူးဆိုရင် သမီးသူ့ကို အဆက်ဖြတ်ပါ့မယ်" ဟု ပြောပြီး ဆိုင်ထဲက ပြေးထွက်သွားသည်။ အမေသည် ငေးကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့၏။

*

ကိုအောင် . . .

အေးတို့ကိစ္စကို အမေသိသွားပြီ၊ အေးလဲအဆူခံရတယ်။ အေးတို့မှားခဲ့ကြပြီ ထင်တယ်။ အမေတို့ စိတ်မချမ်းသာမယ့် ကိစ္စမျိုးတော့ အေးမလုပ်ချင်ဘူး၊ အေး ကိုနားလည်ပါ ကိုအောင်ရယ်၊ ကိုအောင့်ကို အေးသိပ်ချစ်တယ်ဆိုတာတော့ ယုံပါ။ ဒါပေမယ့် ရှေ့ကိုဆက်မတိုးတာ အကောင်းဆုံးဖြစ်လိမ့်မယ် ထင်တယ်။ အေးကို မေ့လိုက်ပါတော့နော်။

အေး

အောင်စိုးသည် စာကိုဖတ်ပြီး အတန်ကြာအောင် ငိုင်နေသည်။ ပြီးမှ ဘေးမှာထိုင်နေသော အေးအေးဝင်းကို တစ်ချက်လှည့်ကြည့်သည်။ အေးအေးဝင်းက သူ့ကို မကြည့်။ ရှေ့ကိုသာ ငေးနေသည်။ အောင်စိုးက စာကို တစ်ခေါက်ပြန်ဖတ်သည်။ ပြီးတော့ . . .

"ဘာသဘောလဲဟင် အေး"

အေးအေးဝင်းက မဖြေသောအခါ . . .

"ကိုအောင့်ကို အဆက်အသွယ် ဖြတ်တော့မယ့် သဘောပေါ့နော်၊ ဒီလိုဆိုရင် အစကတည်းက ကိုအောင့်ကို မချစ်ဘဲ နေခဲ့ပါလားအေးရယ်၊ ခုတော့ ကိုအောင် ဘယ်လိုလုပ်ပြီး နေရမှာလဲဟင်"

အေးအေးဝင်း၏ လက်မောင်းနှစ်ဘက်ကို ကိုင်လှုပ်ရင်း . . .

"ပြောစမ်းပါဦး အေးရဲ့"

"အေး ပြောပါရစေဦးကိုအောင်၊ အေးပြောတာလည်း နားထောင်စမ်းပါဦး"

အေးအေးဝင်းက အောင်စိုးလက်ကို အသာအယာဖယ်ချပြီး . . .

"အမေကဆူတော့ အေးလည်း သိပ်ကြောက်သွားတယ်၊ ဘာလုပ်ရမှန်းလည်းမသိပဲ ဒီစာကို ရေးမိတာပါ။ ရေးပြီးတော့ ဝမ်းလည်းနည်း စိတ်တွေလည်း ရှုပ်ပြီး အေးငိုတာပဲ၊ နောက်တော့မောပြီး မှေးကနဲ အိပ်ပျော်သွားတယ်၊ ဖြတ်ကနဲ လန့်နိုးတော့ အခန်းထဲမှာ မေမေရောက်နေတာ တွေ့ရတယ်။ အမေက ကိုအောင့်ဆီရေးတဲ့စာကို ဖတ်ပြီးသွားပြီလေ"

အောင်စိုးက စိတ်လှုပ်ရှားစွာ နားထောင်နေသည်။

"အေးလည်း ကြောက်လွန်းလို့ တုန်နေတာပဲ၊ အမေက ဘာပြောသလဲဆိုတော့ ညည်းကို အဆက်ဖြတ်ရမယ်လို့ ဘယ်သူက ပြောလို့လဲတဲ့"

"ဟင်"

အောင်စိုး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အမေက အဲဒီလိုပြောတော့ အေးအရမ်း အံ့ဩသွားတာပေါ့၊ အဲဒါ အမေက ပြောသေးတယ်၊ သမီးလည်း အရွယ်ရောက်နေပြီပဲ၊ တစ်နေ့နေ့ ဒါမျိုးကြုံလာမယ်ဆိုတာ အမေတွက်ပြီးသားပါတဲ့၊ သမီးကို ပညာတွေလည်း သင်ပေးပြီးပြီ၊ သမီး

မှာ အသိဉာဏ်ရှိတယ်ဆိုတာလည်း အမေယုံတယ်တဲ့၊ ကိုယ့်အတွက် အသင့်တော်ဆုံး ဖြစ်မယ့်သူကို ရွေးနိုင်လိမ့်မယ်လို့ အမေယုံကြည်ပါတယ်တဲ့”

အောင်စိုးသည် စိတ်အားထက်သန်စွာ ‘ဟုတ်လား’ ဟု စကားဝင်ထောက်သည်။

“အမေကဆူတော့ အေးက မငြင်းဆန်ဘဲ ဝန်ခံတဲ့အပြင် အမေစိတ်ချမ်းသာဖို့အတွက် ဘာမဆို လုပ်မယ်ဆိုတာ သိသွားလို့ အမေက အေးကို သနားသွားတယ်ထင်ပါတယ်”

“ပြီးတော့ကော”

“ပြီးတော့ ဒီကိစ္စကို အဖေမသိစေနဲ့ဦးတဲ့၊ ဖြုန်းကနဲဆို အဖေက လူအေးပေမယ့် စိတ်ဆတ်တယ်တဲ့၊ အမေ အေးအေးဆေးဆေး ပြောပြမယ်တဲ့၊ ပြီးတော့ အမေက ကိုအောင့်အကြောင်း မေးတယ်”

“အေးက ပြောပြလိုက်ရောလား”

ခေါင်းညိတ်ပြသည်။

“အမေက ဘာပြောလဲဟင်”

အောင်စိုးစိတ်ပူပန်စွာ မေးပြန်သည်။

“ ရိုးရိုးသားသားဆို ပြီးတာပါပဲတဲ့”

အောင်စိုး သက်ပြင်းချလိုက်ပြီး . . .

“ဒါများအေးရယ်၊ ကိုအောင့်ကို သက်သက်မဲ့ စိတ်ဆင်းရဲအောင် စာတွေဘာတွေ ပြနေရသေးတယ်၊ စောစောကတည်းက ပြောပြလိုက်လည်း ပြီးတာပဲဟာ”

“တမင်တကာ ကိုအောင်ဆွေးသွားအောင် လုပ်တာ၊ ပြီးမှ ခုလို အမှန်အတိုင်းပြောပြတော့ ကိုအောင်ပိုပြီး ဝမ်းသာရတာပေါ့ ဟုတ်လား”

“ခုတော့ ဟုတ်တာပေါ့၊ ခုန စာဖတ်လိုက်ရတုန်းကဆိုရင် ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး”

“ကိုအောင့်ကို မေးရဦးမယ်၊ အဲဒီစာကို ရေးလိုက်မိတဲ့အတွက် အေးကို စိတ်ဆိုးလားဟင်”

“မဆိုးပါဘူး အေးရယ်၊ ဒီစာကို ကိုအောင့်ကို တကယ်ပေးဖြစ်ခဲ့ရင်တောင် ကိုအောင် ဝမ်းနည်းရုံဘဲရှိမှာပါ၊ အေးကို ကိုအောင် စိတ်ဆိုးရက်မှာ မဟုတ်ပါဘူး”

*

ရပ်ရှင်ရုံကထွက်ကတည်းက မိုးရွာနေတယ်။ ကျောင်းဘက်ကို ပြန်အလာ ဦးဝိစာရလမ်းပေါ်ရောက်တော့ မိုးကပိုသည်းလာတယ်။ သို့ပေမယ့် ချစ်ထွတ်တင်ကတော့ ကားကို အရှိန်မလျှော့ဘူး၊ မိုးတွေ သိပ်သည်းတဲ့အခါမျိုးမှာ လမ်းချော်မှာကို မကြောက်ရဘူးလေ၊ ခပ်ဖွဲဖွဲကလေး ရွာတဲ့အခါမျိုးသာ ပိုကြောက်ရတာ။

တစ်ခုတော့လည်း ကောင်းပါတယ်။ မိုးသိပ်ရွာနေတော့ မိုးမှုန်တွေကြောင့် ကားထဲကို ကောင်းကောင်း မမြင်ရတော့ဘူး မဟုတ်လား။ လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ရဲ့ ပခုံးပေါ်မှာ ခေါင်းမှီပြီး ပါလာတယ်။

ဟံသာဝတီအဝိုင်းကို ကွေ့ပြီးတော့ ပြည်လမ်းပေါ် ရောက်လာတယ်။ ပညာရေး တက္ကသိုလ်ရှေ့နားအရောက်မှာ ချစ်ထွတ်တင်က ကားကို ရုတ်တရက် ထိုးရပ်လိုက်ပြီး . . .

“ထိပ်ထား ထိပ်ထား” လို့ အလန့်တကြား ခေါ်လိုက်တယ်။

“ဘာလဲဟင်၊ ဘာဖြစ်လို့လဲ”

ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးရဲ့လက်ကို ရင်ဘတ်ပေါ်တင်လိုက်ပြီး . .

“ကိုယ့်မှာ နှလုံးသားမရှိတော့ဘူး”

“ဟာ ကိုကိုချစ်ကလည်း အလန့်တကြားနဲ့ ဘာမှန်းလဲ မသိဘူး”

လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ရဲ့ ရင်ပတ်ကိုထုတယ်။

“တကယ်ပြောတာ”

“မရှိရအောင် ဘယ်ရောက်သွားလို့လဲ”

"ကိုယ့်နှလုံးသားက ကိုယ့်ကိုစိတ်ကောက်ပြီး ထွက်သွားတာ"

လှိုင်ထိပ်ထားဦး ရယ်တယ်။

"ဒါဆိုလည်း သတင်းစာထဲကနေ ကြော်ငြာထည့်ပြီး ပြန်ခေါ်ပေါ့"

"အဲဒီလို ပြန်ခေါ်ရင် မင်းဆန္ဒအတိုင်း ဖြစ်စေရပါမယ်လို့ ထည့်ကြော်ငြာရမှာပေါ့"

"သူ့ဆန္ဒက ဘာတဲ့လဲ"

"လူပျိုကြီးဘဝနဲ့ မနေချင်တော့ဘူးတဲ့"

"အံမယ်"

"ဟုတ်တယ် ထိပ်ထားရယ်၊ ကိုကိုချစ်တော့ အမြန်ဆုံး လက်ထပ်ချင်ပြီ"

"သိပ်မစောင့်ရတော့ပါဘူး၊ ဘွဲ့ရတော့ လက်ထပ်ကြတာပေါ့"

"ထိပ်ထားတို့အိမ်က သဘောတူမှာလား"

"ထိပ်ထားချစ်တဲ့သူကို သဘောတူမှာပေါ့"

"ဦးမောင်မောင်ကိုကြီးရော ဘယ်လိုလုပ်မှာလဲ"

"သူနဲ့တော့ တစ်သက်လုံးမယူဘူး"

"တကယ်လို့ အိမ်က အတင်းစီစဉ်ရင်ကော"

"ဘယ်ရမလဲ၊ အဲဒါဆို ကိုကိုချစ်နောက်ကို လိုက်ခဲ့မှာပေါ့"

ပြောရင်းဆိုရင်းမှာပဲ ချစ်ထွတ်တင်က ဖောက်လာပြန်တယ်။ မြန်မာ့အသံက ရုပ်မြင်သံကြားလွှင့်တဲ့ တာဝါတိုင်ထိပ်ပေါ်ကို လက်ညှိုးထိုးပြပြီး . . .

"ဟာ . . . ထိပ်ထား ဟိုမှာတွေ့လား"

"ဘာလဲ၊ ဘာလဲ"

"ကိုယ့်နှလုံးသားလေ၊ အဲဒီထိပ်ကနေ ခုန်ချမယ်လို့ ပြောနေတယ်"

"ကိုကိုချစ်ကလည်း လုပ်ပြန်ပြီ"

"ဟုတ်တယ် ထိပ်ထားရဲ့၊ ကိုယ့်နှလုံးသားကပြောနေတယ်၊ သူလုပ်ခိုင်းတာ မလုပ်ရင် ခုန်ချလိုက်မယ်တဲ့"

"ဘာလုပ်ခိုင်းတာလဲ"

ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တယ်။

ပြည်လမ်းမပေါ်မှာ ကားတွေရှင်းနေတယ်။ ကားမှန်က ရေငွေ့ပျံလို့ ကားထဲကို မမြင်သာဘူး။

မိုးက သည်းလို့ကောင်းတုန်း။

ကားထဲမှာတော့ မက်စ်ဖက်တာ မိတ်ကပ်နဲ့၊ နှုတ်ခမ်းနီနံ့၊ ပွန်းပီးယားရေမွှေးနံ့တွေက လွှမ်းမိုးနေတယ်။

*

လှိုင်ထိပ်ထားဦးတို့အိမ်မှာ အခြေအနေတွေ ထူးခြားနေပြီ။ လူကြီးတွေရဲ့ လှုပ်ရှားမှုက သိသာလာတယ်။ ဦးမောင်မောင်ကိုကြီးက နိုင်ငံခြားကပြန်လာခါနီးပြီလေ။ ဦးမောင်မောင်ကိုကြီးရဲ့ မိဘတွေက အိမ်ကို မကြာခဏ လာလည်ကြတယ်။ အမေနှစ်ယောက်ဟာ တိုးတိုးကျိတ်ကျိတ် စကားပြောကြ တိုင်ပင်ကြနဲ့။

လှိုင်ထိပ်ထားဦးကတော့ သိလိုက်ပြီ။ ဦးမောင်မောင်ကိုကြီး ပြန်ရောက်မယ့်အချိန်နဲ့ စာမေးပွဲပြီးမယ့်အချိန်နဲ့ အံကိုက်လောက်ပဲ။ ဒီတော့ အဲဒီအချိန်မှာ စေ့စပ်ထားမယ်။ အောင်စာရင်းထွက်တဲ့ အချိန်လောက်မှာ လက်ထပ်ပေးမယ်။ ဒီလိုပဲ ဖြစ်နိုင်တယ်။

လှိုင်ထိပ်ထားဦးကိုတော့ လူကြီးတွေက ဘာမှမပြောသေး။ စာမေးပွဲနီးနေတဲ့အချိန်မို့လို့ မပြောတာဖြစ်လိမ့်မယ်။ မယ်မယ်က ဦးမောင်မောင်ကိုကြီးဟာ ဘယ်လောက်တော်ကြောင်း၊ ဘယ်လောက်ရိုးသားကြောင်းတွေကိုတော့ မကြာခဏဆိုသလို ပြောပြီး နားဝင်အောင် စတင်ကြိုးစားနေပြီ။

"အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်" လို့ လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ရဲ့ ရင်ခွင်ကိုမှီပြီး ပြောတယ်။

"ထိပ်ထား သိပ်စိတ်ရှုပ်တာပဲ၊ တကယ်လို့ မယ်မယ်တို့က ကိုကိုကြီးနဲ့ အတင်းပေးစားရင် သူ့ကိုတော့ မယူဘူး၊ ထိပ်ထားကိုယ်ထိပ်ထား သတ်သေပစ်လိုက်မှာ"

ပြောရင်းက မျက်ရည်ဝဲလာတယ်။ ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးရဲ့ မေးစေ့ကလေးကို ဆွဲမော့လိုက်ပြီး . . .

"ဟင် ထိပ်ထားငိုနေတယ်၊ ဘာဖြစ်လို့ ငိုနေတာလဲ တိတ်ပါ၊ ကိုကိုချစ် တစ်ယောက်လုံး ရှိသေးတာပဲ၊ အားငယ်စရာ မလိုပါဘူး"

"ဘာလုပ်ရမှာလဲဟင်"

"ကိုယ့်နောက်ကို လိုက်ခဲ့ပေါ့၊ လိုက်မှာလား"

လှိုင်ထိပ်ထားဦးက ခေါင်းညိတ်တယ်။

"ကိုယ့်ကို သိပ်ချစ်လားဟင်" လို့ ချစ်ထွတ်တင်ကမေးတယ်။

"မေးမှ မေးရက်တယ်ကိုကိုချစ်ရယ်၊ ကိုကိုချစ်နဲ့ ခွဲရမယ့်ကိစ္စမျိုးဆိုရင် စိတ်ကူးကြည့်တာတောင် အရမ်းခံစားရပါတယ်"

"ကဲ . . . ဒါဆိုလည်း စိတ်အေးအေးနေတော့၊ ကိုကိုချစ် ကြည့်ပြီးတော့ စီစဉ်ထားမယ်၊ အရေးကြုံလာရင် ထိပ်ထားက သတ္တိရှိဖို့ လိုတယ်နော်"

"အချစ်အတွက်ဆို သတ္တိရှိရမှာပေါ့ ကိုကို၊ အို . . . ဘယ်တော့မှ မခွဲဘူး။ ကိုကို့ကို သိပ်ချစ်တယ်"

လှိုင်ထိပ်ထားဦးက ချစ်ထွတ်တင်ရဲ့ ရင်ခွင်မှာ မျက်နှာအပ်လိုက်တယ်။ ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးရဲ့ ကျောပြင်ကို ပွတ်သပ်ပေးရင်း ဆံပင်ကလေးတွေကို နမ်းနေတယ်။

*

အောင်စိုးသည် ရင်တထိတ်ထိတ်နှင့် လာခဲ့သည်။ အေးအေးဝင်းက အိမ်ကို အလည်ခေါ်သောကြောင့် လာခဲ့ခြင်းဖြစ်သည်။ အမေနဲ့လည်း တွေ့ရတာပေါ့ဟု အေးအေးဝင်းကပြောသည်။ ရုံးဖွင့်ရက်ဖြစ်သောကြောင့် အေးအေးဝင်းတို့ အဖေ တော့ အိမ်မှာရှိလိမ့်မည် မဟုတ်ချေ။

အေးအေးဝင်းပြောပြသည့် အမှတ်အသား လမ်းညွှန်အတိုင်း လျှောက်လာခဲ့ သည်။ လမ်းကြားနှစ်ခုလောက်ကို ချိုးဝင်ခဲ့ရ၏။ မီးသွေးဆိုင်ကလေးကို တွေ့ သည်။

အေးအေးဝင်းတို့သည် အိမ်တစ်လုံး၏ တစ်ခြမ်းကို ငှါးနေကြခြင်းဖြစ်သည်။ အိမ်က သွတ်မိုးပျဉ်ကာ ဖြစ်သည်။ အိမ်ရှေ့ဧည့်ခန်းက ကျဉ်းကျဉ်းကလေးပင်။ ဆက်တီကုလားထိုင် ခပ်နွမ်းနွမ်း သုံးလုံးနှင့် ခေါက်ကုလားထိုင် နှစ်လုံးရှိသည်။

အောင်စိုးလာမည့်အကြောင်း အေးအေးဝင်းက အမေ့ကို ကြိုပြောထားပြီး ဖြစ်သည်။ တကယ်တော့ အမေက အောင်စိုးနှင့် တွေ့ချင်သည်ဟု ဆိုသဖြင့် အေးအေးဝင်းက ခေါ်ပေးခြင်းဖြစ်သည်။

အေးအေးဝင်းတို့အမေသည် အသားလတ်လတ် ခပ်ပိန်ပိန်ဖြစ်သည်။ ရုပ်က အေးအေးဝင်းနှင့် သိပ်မတူ။ အေးအေးဝင်းက အဖေတူဖြစ်နိုင်သည်။ အမေသည် စကားပြောပုံ ခပ်ပြတ်ပြတ်ဖြစ်သော်လည်း အသံက ချိုသာသည်။ အောင်စိုးကို

ဆက်ဆံပုံက ပျူပျူငှာငှာရှိသည်။ အောင်စိုး၏ မိဘတွေအကြောင်း မေးသည်။ အောင်စိုးက . . .

"ကျွန်တော့်မှာ အမေမရှိတော့ပါဘူး၊ ကျွန်တော် မွေးစကတည်းက ဆုံးသွားတာပါ၊ ကျွန်တော်တို့ သားအဖနှစ်ယောက်တည်းပဲ ရှိပါတယ်။ အဖေက အခု စက်ဘီးပြင်ဆိုင် ဖွင့်ထားပါတယ်" ဟု ပြောပြသည်။

အေးအေးဝင်း အမေက မမေးရသေးခင်ပင် အောင်စိုးက သူ့အဖေ၏ အလုပ်အကိုင်ကို ပြောပြလိုက်သည်။ ထိုအကြောင်းကို အမေ့အား အေးအေးဝင်းက ပြောပြခဲ့ပြီး ဖြစ်ချင်လည်း ဖြစ်ပေလိမ့်မည်။

"သြော် . . . အေး ကောင်းပါတယ်ကွယ်၊ ကိုယ်ပိုင်လုပ်ငန်းဆိုတော့ ကိုယ့်လက် ကိုယ့်ခြေ လုပ်လို့ရတာပေါ့၊ ဒေါ်ဒေါ်တို့တောင်မှ အေးအေးဝင်းတို့အဖေ ပင်စင်ယူပြီးရင် ကျောက်ကုန်းဈေးထဲမှာဖြစ်ဖြစ် ဆိုင်ကလေးတစ်ဆိုင် တည်မလား စိတ်ကူးထားတယ်" ဟု အမေကပြောသည်။

မိမိတို့ လုပ်ငန်းကို အထင်အမြင်သေးဟန် မပြသဖြင့် အောင်စိုး စိတ်သက်သာရာ ရသွားသည်။

အေးအေးဝင်း၏ မောင်လေးက အိမ်ရှေ့ထွက်လိုက် နောက်ဖေးဝင်လိုက် လုပ်ရင်း အောင်စိုးကို အကဲခတ်နေသည်။ အေးအေးဝင်း၏ ညီမလေးကလည်း မီးသွေးဆိုင်ထဲမှနေ၍ တစ်ချက်တစ်ချက် ခိုးကြည့်ရင်း ပြုံးစိစိဖြစ်နေသည်။

အောင်စိုးပြန်သွားသောအခါ အမေက . . .

"ကောင်လေးက ရိုးပုံရပါတယ်" ဟု ပြောသည်။

ထိုအကြောင်းကို အောင်စိုးက သူ့အဖေကို ပြန်ပြောပြရာ အဖေက ဝမ်းသာအားရဖြင့် . . .

"ဒါဆို အဖေ ဘယ်တော့လိုက်တောင်းပေးရမလဲ" ဟု ပြောသည်။

"ဟာ နေပါဦးအဖေရာ ဖြေးဖြေးပေါ့" ဟု ပြောထားရသည်။

နှစ်ဘက်လူကြီးများနှင့် ပြေလည်ပြီဖြစ်သော်လည်း အောင်စိုးနှင့် အေးအေးဝင်းတို့ နှစ်ယောက်သည် လွတ်လွတ်ကျွတ်ကျွတ် မပျော်နိုင်ကြသေး။

စာမေးပွဲက အလွန်နီးနေပြီဖြစ်သည်။ ကျောင်းမှာ တစ်ယောက်နှင့်တစ်ယောက် ကြာကြာမတွေ့နိုင်ကြ။ မနက် ကျောင်းအတူတူ သွားကြစဉ်လောက်သာ ဘတ်စကားပေါ်မှာ အေးအေးဆေးဆေး စကားပြောရသည်။

စာမေးပွဲမဖြေခင် ကိုယ်ပိုင်စာကြည့်ရက်အဖြစ် ကျောင်းပိတ်ပေးသည်။ ထိုရက်များတွင် သူတို့မတွေ့ဖြစ်ကြတော့။

အောင်စိုးသည် စက်ဘီးပြင်ဆိုင်ထဲမှာ အလုပ်လုပ်ရင်း စာကြည့်သည်။ အဖေက မလုပ်စေချင်။ သူလည်း နေကောင်းနေပြီဖြစ်၍ အောင်စိုးကို အေးအေးဆေးဆေး စာကြည့်စေပြီး သူအလုပ်ပြန်လုပ်ချင်နေသည်။ အောင်စိုးက လုပ်ခွင့်မပြု။

အဖေသည် ကျမ်းမာလာပြီဖြစ်သော်လည်း နားလက်စနှင့် ဆက်နားစေချင်သေးသည်။ အောင်စိုး စာမေးပွဲဖြေနေသည့်ရက် ဆိုလျှင်တော့ ဆိုင်ကိုကြည့်နိုင်မည်မဟုတ်။ ဆိုင်ပိတ်ထားလည်း မဖြစ်။ ဖောက်သည်တွေ ပျက်သွားလျှင်မကောင်း။ ထိုရက်တွေကျလျှင်တော့ အဖေပဲ ဆိုင်ကိုကြည့်ရပေလိမ့်မည်။ ဘီးပေါက်တာလောက် စပုတ်တိုင်လဲတာလောက် စသော အသေးအဖွဲတွေပဲ လက်ခံခိုင်းမည်။ ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး အဖေ့ကိုကူဖို့ ခေါ်ထားမည်။ အဖေက ကြည့်ရုံကြည့်ပြီး ကောင်းလေးကို လုပ်ခိုင်းလျှင်ဖြစ်နိုင်သည်ဟု စိတ်ကူးထားသည်။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

လှိုင်ထိပ်ထားဦးတို့အိမ်မှာတော့ လူကြီးတွေ အလုပ်ရှုပ်နေကြပြီ။ ဦးမောင်မောင်ကိုကြီး နိုင်ငံခြားက ပြန်လာခါနီးလို့ စေ့စပ်ကြောင်းလမ်းရေး ကိစ္စအတွက် လူကြီးချင်း ကြိုတင်ညှိနှိုင်းနေကြတဲ့ ကြားထဲမှာ သတင်းတစ်ခုကို ရရှိလိုက်ကြတယ်။

အံ့သြတုန်လှုပ် ချောက်ချားဖွယ်သတင်းပဲ။ လှိုင်ထိပ်ထားဦးဟာ ကျောင်းမှာ ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့သတင်း။

မယ်မယ်တစ်ယောက် အရမ်းစိုးရိမ်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။ လှိုင်ထိပ်ထားဦးကို ဖွင့်မေးပြီး စစ်ဆေးဖို့ကလည်း စာမေးပွဲ ဖြေခါနီးရက် ဖြစ်နေတယ်။ ဖေဖေကတော့ ခုချိန်မှာ ဘာမှမပြောသေးဘဲ မသိချင်ယောင်ဆောင်နေ၊ စာမေးပွဲပြီးတာနဲ့ ကိုကိုကြီးနဲ့ စေ့စပ်ကြောင်းလမ်းနိုင်အောင် စီစဉ်ထားလို့ အကြံပေးတယ်။

ဒီအတောအတွင်းမှာ လှိုင်ထိပ်ထားဦးနဲ့ တွဲနေတဲ့ ကောင်လေးဟာ ဘယ်သူလဲလို့ စုံစမ်းတယ်။

နာမည်က ချစ်ထွတ်တင်။ ဝင်ဒါမီယာထဲမှာ နေတယ်။ ဦးဝေလရဲ့သား။ အရမ်း ချမ်းသာတယ်။

ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ မယ်မယ်ကတော့ သဘောမတူနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ လှိုင်ထိပ်ထားဦးတို့ ကိုယ်တိုင်ကလဲ ချမ်းသာပြီးသားပဲ။

ဦးမောင်မောင်ကိုကြီးတို့ကလည်း ချမ်းသာတာပဲ။ ချမ်းသာတာချင်းအတူတူ ဦးမောင်မောင်ကိုကြီးက အဘက်ဘက်ကသာတယ်။

ဂုဏ်သရေရှိတဲ့ အလုပ်အကိုင်လဲရှိတယ်။ နိုင်ငံခြားပြန်လည်းဖြစ်တယ်။ မိဘချင်းလည်း ရင်းနှီးတယ်။ စေ့စပ်ဖို့ အစီအစဉ်တွေလဲ လုပ်ပြီးနေပြီ။

အရေးကြီးဆုံးက မျိုးရိုးပဲ။ ဦးမောင်မောင်ကိုကြီးတို့ဟာ ဆွေကြီးမျိုးကြီးထဲက။ ဆွေနီးမျိုးစပ်တော်တယ်ဆိုကတည်းက ဒီကိစ္စက ရှင်းနေပြီ။ သူတို့ကလည်း မဟာမျိုး မဟာနွယ်တွေထဲကပဲ၊ ဘာမှ ပြောစရာမရှိတဲ့ သူငယ်ပေါ့။

ချစ်ထွတ်တင်တို့ကတော့ သိပ်ပြီး မျိုးရိုးထင်ရှားသူတွေမဟုတ်ဘူး။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကဆိုရင် သာမန် လူလတ်တန်းစားအဆင့်လောက်ပဲ ရှိတယ်။ နောက်ပိုင်းကျမှ စီးပွားတွေအရမ်းတက်ပြီး ချမ်းသာလာတာ။ ဘာပဲဖြစ်ဖြစ် ချစ်ထွတ်တင်တို့ဟာ သာမာန် အသည်းသားမျိုးရိုးပဲ။ ဘိုးဘွားအစဉ်အဆက်က ချမ်းသာကြွယ်ဝလာတဲ့ ဆွေကြီးမျိုးကြီး မဟုတ်ဘူး။

ဒါ့ကြောင့် မယ်မယ်က လုံးဝသဘောမတူနိုင်ဘူး။ အမျိုးဂုဏ်ကို စောင့်ထိန်းဖို့က အရေးအကြီးဆုံး မဟုတ်လား။

မယ်မယ်တို့ရဲ့ လှုပ်ရှားမှုတွေကို လှိုင်ထိပ်ထားဦးက သိနေတယ်။ အိမ်မှာ 'မခါ' ဆိုတာ ရှိတယ်လေ။ သူက လှိုင်ထိပ်ထားဦး မွေးခါစကတည်းက အိမ်မှာ အလုပ်လုပ်နေတာ။ ဒါကြောင့် အိမ်ရဲ့ လူယုံလိုဖြစ်နေတယ်။ ပြီးတော့ လှိုင်ထိပ်ထားဦးကလည်း သူ့လက်ပေါ်မှာ ကြီးလာတာမို့ သိပ်ချစ်တယ်။ ဖေဖေတို့၊ မယ်မယ်တို့ ပြောနေတဲ့စကားတွေ သူက ချောင်းနားထောင်ပြီး လှိုင်ထိပ်ထားဦးကို အကုန်ပြန်ပြောတာကိုး။

ဒါကြောင့် လှိုင်ထိပ်ထားဦးက အခြေအနေကို အကုန်သိနေတယ်။ မလွယ်ဘူး။ လှိုင်ထိပ်ထားဦးကို အိမ်က မျက်ခြည်မပြတ် စောင့်ကြည့်နေမှာ သေချာတယ်။

ဒီအကြောင်းတွေ ချစ်ထွတ်တင်ဆီ အကြောင်းကြားရမယ်။ အိမ်မှာ တယ်လီဖုန်းလိုင်းခွဲ သုံးလုံးရှိတယ်။ တစ်လုံးကဆက်ရင် တခြားတစ်လုံးလုံးကနေ ခိုးနားထောင်လို့ရတယ်။

ဒီတော့ ဘာလုပ်ရမလဲဆိုရင် ဖေဖေရော မယ်မယ်ပါ အိမ်ရှေ့ခန်းမှာ ရှိနေတဲ့အချိန် လူကြီးတွေရှေ့မှာပဲ ချစ်ထွတ်တင်ဆီ ခပ်တည်တည်နဲ့ ဖုန်းလှည့်လိုက်တယ်။ မသင်္ကာစရာလဲ မရှိတော့ဘူး။ တခြားဖုန်းကနေ ခိုးနားထောင်လို့လည်း မရတော့ဘူး။

"ပြောပါ ချစ်ထွတ်တင်ပါ"

"ဟလို . . . ဝင်းစန္ဒီရှိပါသလား"

ချစ်ထွတ်တင်က သိလိုက်ပြီ။

"ထိပ်ထား၊ ပြောစရာရှိတာ ပြောလေ"

"သြော် . . . ဟော့ စန္ဒီ၊ ငါပါဟ၊ ထိပ်ထားလေ၊ အေး . . . စာတွေတော်တော်ကျက်ပြီးပြီလား၊ ငါတော့ ကွာလီဖိုင်းဖြစ်အောင် ကြိုးစားနေတယ်"

အဲဒါ စကားဝှက်ပဲ။ အိမ်က သိသွားပြီလို့ ဆိုလိုတာ။

ချစ်ထွတ်တင်က . . .

"ကိုယ်နားလည်ပြီ ခုအတိုင်း အသာလေး မေးနေလိုက်၊ ကိုယ်စီစဉ်မယ်"

"အေး ဟုတ်ပြီ၊ နင့်ဆီမှာ ပရက်တီကယ်တုန်းက အင်စရပ်ရှင်တွေရှိရင် ပေးပါဦးဟ၊ ကောင်းပြီလေ၊ စာမေးပွဲဖြေတော့ ယူလာခဲ့"

ရှေ့ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာ ဝင်းစန္ဒီကတစ်ဆင့်ပြောပါလို့ ဆိုလိုတာပဲ၊ ချစ်ထွတ်တင်က . . .

"စိတ်အေးအေးသာနေနော်၊ ဟန်မပျက်စေနဲ့ နောက်ပြီး ကိုယ်ပြောတဲ့ အစီအစဉ်အတိုင်း အတိအကျလုပ်ဖို့ အရေးကြီးတယ်"

"အင်းပါ ဒါပဲနော်"

ဖုန်းချလိုက်ပြီးနောက် လှိုင်ထိပ်ထားဦးက ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ။

"ကိုကိုကြီးက ဘယ်နေ့ပြန်ရောက်မှာမှာလဲဟင် မယ်မယ်" လို့ ဘာမှမသိထားသလိုပုံစံနဲ့ မေးလိုက်တယ်။

မယ်မယ်က . . .

"နှစ်ရက်နေ့လောက်ရောက်မယ်ပြောတယ်"

“ဟင် . . . ဒါဆို သမီးစာမေးပွဲအပြီးလောက်မှာပေါ့၊ အတော်ပဲ ကိုကိုကြီးကို ပြင်သစ်က ပါဖျူန်းကောင်းကောင်း မှာထားတယ်၊ ကျောင်းပိတ်ရက် လျှောက်လည်ရင် သုံးရမယ်”

ကလေးလေးတစ်ယောက်လို ပျော်ရွှင်မြူးနေပုံမျိုး လုပ်ပြလိုက်တယ်။

*

ဒီလိုနဲ့ စာမေးပွဲရက်ကို ရောက်လာတယ်။ ထင်ထားတဲ့အတိုင်းပဲ။ စာမေးပွဲဖြေတဲ့ဆီကို မယ်မယ်ကိုယ်တိုင် လိုက်လာတယ်။ မခါလည်း ပါတာပေါ့။

“မယ်မယ်ကလည်း သမီးကို သူငယ်တန်းကလေးများ မှတ်နေလို့လား၊ မယ်မယ်လိုက်စောင့်စရာမလိုပါဘူး၊ ရပါတယ်” လို့ ထိပ်ထားဦးက သွေးတိုးစမ်းလိုက်သေးတယ်။

မယ်မယ်က . . .

“စိတ်မချလို့ပေါ့သမီးရယ်၊ နောက်ဆုံးနှစ် စာမေးပွဲဆိုတော့ အရေးကြီးတယ်မဟုတ်လား” လို့ပြောပြီး ပြုံးနေတယ်။

လှိုင်ထိပ်ထားဦးကလည်း ပြုံးနေလိုက်တာပါပဲ။

ဒီကြားထဲမှာ ချစ်ထွတ်တင်က လုံးဝ ကိုယ်ယောင်ဖျောက်နေလိုက်တယ်။ အဘွားကြီးက ယုံရတာ မဟုတ်ဘူး။ ချစ်ထွတ်တင်ကို မြင်ဖူးချင် မြင်ဖူးနေမှာ။

ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့ အဆက်အသွယ် လုပ်ဖို့ကတော့ သိပ်မခဲယဉ်းပါဘူး။ ဝင်းစန္ဒီကတစ်ဆင့် ပြောကြရုံပဲ။ ချစ်ထွတ်တင်က အစီအစဉ်အသေးစိတ်ကို အတိအကျ ညွှန်ကြားထားတယ်။ လှိုင်ထိပ်ထားဦး လုပ်ရမယ့်အပိုင်းက သိပ်မခဲယဉ်းပါဘူး။ ကျန်တာတွေ ချစ်ထွတ်တင်က စီစဉ်သွားမှာပါ။

အစီအစဉ်ကို အကောင်အထည်ဖော်မယ့်နေ့ကတော့ စာမေးပွဲနောက်ဆုံးနေ့။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

စာမေးပွဲနောက်ဆုံးနေ့။

အောင်စိုးနှင့် အေးအေးဝင်းတို့သည် စာမေးပွဲအပြီးတွင် အင်းလျားကန်ဘက်သို့လျှောက်ခဲ့ကြသည်။ အကြော်စားသည်။ ပြီးတော့ ကန်စပ်ရှိ သစ်ပင်ရိပ်တစ်ခုမှာ ထိုင်ကြသည်။

"စာကျက်ရတာ တော်တော်ပင်ပန်းသွားတယ် ထင်တယ်။ ကိုအောင် တော်တော်လေးပိန်သွားတယ်" ဟု အေးအေးဝင်းကပြောသည်။

"အေးလည်း ပိန်သွားတာပဲ၊ အေး ဖြေနိုင်တယ် မဟုတ်လား"

"ဖြေနိုင်ပါတယ်၊ ကိုအောင်ကော"

"ဖြေနိုင်တာပေါ့၊ အင်း . . . စာမေးပွဲပြီးသွားတော့ စိတ်ထဲမှာ တော်တော်ပေါ့ပါးသွားတယ်နော်၊ ဒါပေမယ့် ကျောင်းမတက်ရတော့ဘူးဆိုရင် အေးနဲ့ သိပ်တွေ့ရတော့မှာ မဟုတ်ဘူးနော်"

"တွေ့ချင်ရင် အိမ်ကိုလာလည်ပေါ့၊ အမေကလည်း ကိုအောင့်ကို လက်ခံထားပြီးပြီပဲ မဟုတ်လား"

"တော်ကြာ အေးတို့အဖေနဲ့ တိုးနေလို့ ပြဿနာတက်နေပါဦးမယ်"

"ဒီအတွက် မပူပါနဲ့လေ၊ အမေက အဖေ့ကို ပြောပြထားမှာပါ"

"အေးတို့အဖေက သဘောတူပါ့မလား"

"တူမှာပေါ့၊ အဖေက သဘောကောင်းပါတယ်။ အမေသဘောတူတယ်ဆိုရင် အဖေကလည်း ကျေနပ်မှာပါ"

"ကဲ . . . ပညာရေးကိစ္စလဲပြီးပြီ၊ လူကြီးတွေကလည်း ကျေနပ်ကြပြီ၊ ဘာလိုသေးလဲ"

အေးအေးဝင်းက အောင်စိုးကိုကြည့်၍ . . .

"ကိုအောင့်ကို ပြောစရာတစ်ခုရှိတယ်"

"ပြောလေ"

"အေးတို့ ဘယ်တော့လက်ထပ်ကြမှာလဲဟင်"

"အေးရဲ့ ဆန္ဒကို ပြောပါဦးလေ"

အေးအေးဝင်းက ခပ်တိုးတိုးပြောသည်။

"အေးရဲ့စိတ်ကူးက ဘွဲ့ရပြီးရင် အလုပ်ရှာမယ်၊ အလုပ်ရပြီးတဲ့အခါကျတော့ အဖေတို့ အမေတို့ကို လုပ်ကျွေးချင်သေးတယ်၊ ပြီးတော့လည်း ညီမလေး ဆယ်တန်းအောင်လာလို့ ကျောင်းဆက်တက်ဖြစ်တယ်ဆိုရင်လဲ အေးရှာလို့ရတဲ့ငွေနဲ့ ထောက်ပံ့ချင်သေးတယ်။ ညီမလေး ဘွဲ့ရတဲ့အထိ ကိုအောင် စောင့်နိုင်ပါမလား ဟင်" ပြောပြီး အောင်စိုးကို မရဲတရဲကြည့်သည်။

အောင်စိုးက . . .

"အေးတို့မိသားစု အခြေအနေကို ကိုအောင် နားလည်ပါတယ် အေးရယ်၊ အေးရဲ့ဆုံးဖြတ်ချက် မှန်ပါတယ်၊ ကိုအောင် အေးကို စောင့်နိုင်ပါတယ်၊ စောင့်ပါ့မယ်၊ တကယ်တော့ အေးက ခုလိုပြောတဲ့အတွက် ကိုအောင်ကတောင် ကျေးဇူးတင်ရဦးမှာပါ"

"ဘယ်လို၊ ကျေးဇူးတင်တယ် ဟုတ်လား"

"အင်းလေ၊ တကယ်တော့ အေးပြောတဲ့ စကားမျိုးကို ကိုအောင်ကလည်း ပြောချင်နေတာပါ၊ စပြောရမှာ ခက်နေလို့၊ ကိုအောင့်မှာလဲ အကြောင်းလေးတွေ ရှိတယ်လေ၊ ကိုအောင်စိတ်ကူးထားတာက အဖေ့ကို အလုပ်ကနားပြီး အေးအေး

ဆေးဆေး နေခိုင်းမယ်၊ ဒီကြားထဲမှာ ကိုအောင်က အလုပ်ကို ဖိဖိစီးစီး ကြိုးကြိုးစားစားလုပ်ပြီး ငွေစုမယ်၊ ဖြစ်နိုင်ရင် ကိုအောင်တို့ဆိုင်ကို စက်ဘီးပြင်ယုံ သက်သက်မဟုတ်ဘဲ စက်ဘီးအပိုပစ္စည်းတို့ ဘာတို့ပါရောင်းတဲ့ ကုန်စုံဆိုင်ကလေးဖြစ်အောင် တိုးချဲ့ချင်တယ်။ အေးပြောတဲ့ အချိန်လောက်ဆိုရင် ကိုအောင် အေးကို တင့်တင့်တယ်တယ် လက်ထပ်နိုင်မှာပါ”

“ကိုအောင်”

အေးအေးဝင်းက ခေါ်သည်။ သူ့နှုတ်ခမ်းကလေးသည် တရွရွ လှုပ်နေပြီးနောက် . . .

“ကိုအောင့်ကို အေးသိပ်ချစ်တယ်” ဟု ပြောပြီး အောင်စိုးလက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။

အောင်စိုးက အေးအေးဝင်း၏ ဆံစကလေးများကို သပ်တင်ပေးသည်။ ပြီးတော့ ချွေးစို့နေသော နဖူးကလေးကို . . .

ဒီနေ့သည် ကျောင်းသားဘဝ၏ နောက်ဆုံးနေ့ဖြစ်သည်။ နက်ဖြန်ဆိုလျှင် လက်တွေ့ဘဝ လူ့လောကထဲသို့ ခြေစုံပစ်၍ ဝင်ကြရပေတော့မည်။ သူတို့သည် နက်ဖြန်ကို မကြောက်ချေ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကျောင်းနေစဉ်ကာလကတည်းကပင် လုပ်ငန်းခွင်ထဲသို့ ခြေတစ်လှမ်း ဝင်နှင့်ခဲ့ကြပြီး ဖြစ်သောကြောင့်ပင်။

အင်းလျားကန်ကြီးသာ မှတ်တမ်းလွှာ စာရွက်ကြီးတစ်ခုဖြစ်လျှင် ကျောင်းတော်သူ၊ ကျောင်းတော်သားတို့၏ အမှတ်တရ နှုတ်ဆက်စာတမ်းများဖြင့် ပြည့်နက်နေလိမ့်မည် ဖြစ်ပေသည်။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

လိုင်ထိပ်ထားဦးတို့ မယ်မယ်ဟာ လုံခြုံရေးအစီအစဉ်တွေ အပြည့်အဝ လုပ်လာခဲ့တယ်။ ဒီနေ့ စာမေးပွဲ နောက်ဆုံးနေ့ဆိုတော့ အရေးကြီးတယ်ဆိုတာ သူလဲ သိတယ်လေ။ လိုင်ထိပ်ထားဦးဟာ စာမေးပွဲရက်တွေ အတွင်းမှာ လုံးဝဣန္ဒြေ မပျက်ပဲ နေခဲ့တယ်။ ချစ်ထွတ်တင်ကလဲ အရိပ်အယောင်ကလေးတောင် လာမပြဘူး။ ခုလို ထူးထူးခြားခြား ငြိမ်သက်နေတာကိုက သူတို့ တစ်ခုခု ကျိတ်ကြံနေကြတာများလားလို့ မယ်မယ်က သံသယရှိတယ်။

ဒါကြောင့် အကွက်စေ့စေ့ စီမံလာပုံကိုကြည့်။

လိုင်ထိပ်ထားဦး စာမေးပွဲခန်းထဲဝင်သွားတာနဲ့ မယ်မယ်နဲ့ မခါတို့က အခန်းအပြင်ကနေစောင့်နေတယ်။ စကြ်န်ထောင့်မှာတော့ ဗလတောင့်တောင့် ကရာတေးသမားတစ်ယောက်ကို စောင့်ခိုင်းထားတယ်။ မတော်တဆ ချစ်ထွတ်တင်က အတင်းဝင်ဆွဲရင် ကာကွယ်ဖို့ပေါ့။

ဆိုင်ကယ်သမား တစ်ယောက်ကတော့ ချစ်ထွတ်တင်ရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေတယ်။ အရေးကြုံတဲ့အခါ အသင့်လိုက်နိုင်အောင် ဆိုင်ကယ်တစ်စင်းကိုလည်း အဆင်သင့်ပြင်ထားတယ်။ ချစ်ထွတ်တင်ရဲ့ ဆိုင်ကယ် ရပ်ထားတဲ့ အနီးအနားမှာ ရပ်ခိုင်းထားတယ်။

ချစ်ထွတ်တင်ကလည်း အစီအစဉ်ဇယားကို စနစ်တကျ ဆွဲထားပြီးသားပဲ။ လူတစ်ယောက်က စောင့်ကြည့်နေတယ်ဆိုတာလည်း သိတယ်။ သို့ပေမယ့် ဘာမှ မထူးခြားသလို စာမေးပွဲခန်းထဲ ခပ်အေးအေးပဲ ဝင်သွားတယ်။ ချစ်ထွတ်တင်ရဲ့

အစီအစဉ်မှာ ပါဝင်ကူညီမယ့် သူငယ်ချင်းတွေကတော့ သူတို့လုပ်ရမယ့် အစိတ်အပိုင်းအတွက် အသီးသီး ပြင်ဆင်ပြီးနေကြပြီ။

စာမေးပွဲ ဖြေချိန်တွေဟာ တဖြည်းဖြည်း ကုန်ဆုံးသွားတယ်။ အချိန်စေ့ဖို့ နာရီဝက်အလို . . .

တိုက်ပုံအင်္ကျီတွေ ဘာတွေနဲ့ သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ လူငယ်တစ်ယောက် မယ်မယ့်ဆီကို လျှောက်လာတယ်။ မယ်မယ့်ဘေးမှာ ရပ်ပြီး ရိုရိုသေသေနဲ့ . . .

"ဒီက အန်တီ ဒေါ်ခင်ဘုန်းလှိုင်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်ကွယ်၊ ဘာကိစ္စများ ရှိလို့ပါလဲ"

လူငယ်က အားနာဟန် စိတ်မကောင်းဟန်နဲ့ . . .

"ပြောရမှာတော့ စိတ်မကောင်းစရာပါပဲ၊ အန်တီ စိတ်အေးအေးထားပြီး နားထောင်ပါခင်ဗျာ"

"ဟင် . . . ဘာပါလိမ့်"

ဒေါ်ခင်ဘုန်းလှိုင် ပြူးပြူးပြာပြာနဲ့ မေးတယ်။ လူငယ်က သက်ပြင်းချလိုက်ပြီး . . .

"ဒီလိုပါခင်ဗျ၊ ကျွန်တော်တို့ဆီကို ခုပဲ ဖုန်းဆက်အကြောင်းကြားလို့ပါ"

"ဘာလဲဟင်၊ ဘာလဲ အန်တီ ရင်ထိတ်လိုက်တာကွယ်"

ရင်ကိုဖိပြီးပြောတယ်။

"ရန်ကုန်ဆေးရုံကြီးက ဖုန်းဆက်တာပါ၊ အန်တီရဲ့ ခင်ပွန်း ဦးဆင်မင်း ရုတ်တရက် သတိလစ်ပြီး လဲကျသွားလို့ . . ."

"ဟင် . . . ဘုရား ဘုရား"

ဒေါ်ခင်ဘုန်းလှိုင် မျက်လုံးကြီးပြူးပြီး ကြောင်တောင်တောင် ဖြစ်နေတယ်။ လူငယ်က လက်မောင်းကို ကိုင်လှုပ်ပြီး . . .

"သတိထားပါ အန်တီ၊ အဲဒါ ဆေးရုံကို အမြန်ဆုံးလိုက်လာဖို့ . . ."

ဒီတော့မှ ဒေါ်ခင်ဘုန်းလှိုင် လှုပ်ရှားလာတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ပြူးပြူးပျာပျာ ဖြစ်ပြီး . . .

"ဒါဆို သမီး . . . သမီးကို ဘယ်လိုလုပ်ရမလဲ"

အခန်းထဲကို လှမ်းကြည့်တော့လဲ လှိုင်ထိပ်ထားဦးက စာမေးပွဲကို အားသွန်ခွန်စိုက်ဖြေနေတုန်း။ လူငယ်က ဝင်ပြီး . . .

"ဒီလိုလုပ်ပါလား အန်တီ၊ အန်တီ ဆေးရုံကိုလိုက်သွားပါ။ ဟောဒီ အစ်မကြီးကို စောင့်ခိုင်းထားပေါ့၊ အန်တီတို့သမီး စာမေးပွဲဖြေပြီးတာနဲ့ ကျွန်တော်တို့ ကျောင်းကကားနဲ့ ဆေးရုံကို အမြန်ဆုံးလိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပါပဲကွယ်၊ ဟဲ့ မခါ၊ သမီးကို သေသေချာချာ ဂရုစိုက်ပြီး ခေါ်ခဲ့နော်"

"ဟုတ်ကဲ့"

ဒေါ်ခင်ဘုန်းလှိုင် သုတ်သုတ်ပြာပြာ ထွက်သွားတယ်။ စင်္ကြံထောင့်မှာ စောင့်နေတဲ့လူကို ခပ်မြန်မြန်မှာပြီး မပြေးရုံတမည် ထွက်သွားတယ်။

လှိုင်ထိပ်ထားဦး သိလိုက်ပြီ။ ချစ်ထွတ်တင်ရဲ့ သူငယ်ချင်းတစ်ယောက်က မယ်မယ့်ကို တစ်ပတ်ရိုက်လွှတ်လိုက်ပြီ။

တကယ်တော့ လှိုင်ထိပ်ထားဦး စာမေးပွဲဖြေပြီးနေတာကြာပြီ။ တမင်တကာ မပြီးသေးချင်ယောင်ဆောင်ပြီး စာရေးသလို လုပ်နေခဲ့တာ။

ခုတော့ အချိန်ကျပြီ။ အဖြေစာရွက်ကိုအပ်ပြီး အခန်းအပြင် ထွက်လာခဲ့တယ်။

မခါက . . .

"ထိပ်ထားလေး ဟို . . . ဟို . . . ဖေဖေကြီး နေမကောင်းလို့တဲ့၊ ဆေးရုံရောက်နေတယ်။ အဲဒါ မယ်မယ်ကြီးတော့ သွားပြီ၊ ထိပ်ထားလေးကို ကျောင်းကကား လိုက်ပို့မယ်တဲ့"

"ဟင် ဟုတ်လား၊ ဒါဆို မခါ ကျောင်းဆောင်ရှေ့က ကားရပ်တဲ့နေရာမှာ သွားစောင့်နေ၊ ထိပ်ထား ကျောင်းကားကိစ္စ သွားပြောဦးမယ်"

မခါကတော့ နှစ်ခါမပြောရပါဘူး၊ ထိပ်ထားက သွားဆိုသွား၊ လာဆိုလာ မဟုတ်လား။

အဲဒီအချိန်မှာ ဝင်းစန္ဒီလဲ အဖြေလွှာအပ်ပြီး ထွက်လာတယ်။

"ဘယ်လိုလဲ"

"သွားကြစို့"

လိုင်ထိပ်ထားဦးနဲ့ဝင်းစန္ဒီ စင်္ကြန်အတိုင်း လျှောက်လာတယ်။ စင်္ကြန်ထောင့်မှာစောင့်နေတဲ့ ကရာတေးသမားလည်း နောက်နား မလှမ်းမကမ်းက လိုက်လာတယ်။

လိုင်ထိပ်ထားဦးတို့လဲ စားသောက်ဆိုင်ဘက် ထွက်တဲ့လမ်း အတိုင်း လျှောက်လာပြီးမှ အိမ်သာထဲကို လှစ်ကနဲ ချိုးဝင်လိုက်တယ်။

နောက်ကလိုက်လာတဲ့ကောင်လည်း ဟန်မပျက် ဆက်လျှောက်သွားပြီး ခပ်လှမ်းလှမ်းကနေ ရပ်စောင့်နေတယ်။ သူက စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိတယ်။

အဲ့ဒီအချိန်မှာ မြတ်ဘုန်းအောင်က ကျောင်းသားများ အပန်းဖြေခန်းထဲမှာ ထိုင်ရင်း နာရီကို ကြည့်နေတယ်။ လိုင်ထိပ်ထားဦးတို့ အိမ်သာထဲဝင်သွားပြီး ငါးမိနစ်တိတိ ကြာတဲ့အချိန်မှာ အခန်းထဲကထွက်တယ်။ အိမ်သာခန်းနဲ့ မလှမ်းမကမ်းမှာစောင့်နေတဲ့ ကရာတေးသမားဆီကို လျှောက်သွားတယ်။ အိမ်သာရှေ့ ကဖြတ်အလျှောက်မှာ 'ဟတ်ချိုး' လို့ တစ်ချက် နှာချေလိုက်တယ်။

"မီးခြစ်ကလေးများ မပါဘူးလားခင်ဗျာ" လို့ ကရာတေးသမားကို ပြောတယ်။

"သြော် . . . ရပါတယ်" ဆိုပြီး မီးခြစ်ထုတ်ပေးတယ်။

မြတ်ဘုန်းအောင်က မီးမညှိသေးဘဲ မီးခြစ်ကို ကိုင်ထားရင်း . . .

"သြော် . . . ဒါနဲ့၊ သင်္ချာနောက်ဆုံးနှစ်တွေ ဘယ်အခန်းမှာ ဖြေရသလဲဗျ သိလား"

"ဗျာ၊ အင်း . . . ကျွန်တော်လည်း မသိဘူးဗျာ"

"ဟုတ်လား၊ သူငယ်ချင်းက ကျောင်းက မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ဟိုဒင်း ကျွန်တော်က ညီမတစ်ယောက်ကို လာစောင့်တာ"

အဲဒီလို စကားမရှိစကားရှာပြီး ပြောနေတုန်း လိုင်ထိပ်ထားဦး အိမ်သာထဲက ထွက်လာတယ်။ ဒီဘက်ကို လုံးဝလှည့်မကြည့်ဘဲ ဟိုဘက်ကို ခပ်သုတ်သုတ် လျှောက်သွားတယ်။

ကရာတေးသမား လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး . . .

"ဟို . . . ကျွန်တော့်မီးခြစ်"

"အဲ . . . ဟုတ်သားပဲ" ဆိုပြီး မြတ်ဘုန်းအောင်က အင်္ကျီအိတ်ထဲက ဆေးပေါ့လိပ်ကို ထုတ်ပြီး မီးခြစ်ခြစ်တယ်။

မီးက ချက်ချင်းမတောက်ဘူး။ သုံးလေးခါ ခြစ်ပြီးမှ တောက်တယ်။ မီးတောက်လာတော့လည်း မြတ်ဘုန်းအောင်က မီးညီအောင် ခပ်ဖြည်းဖြည်း ညှိနေတယ်။ လိုင်ထိပ်ထားဦးက ဓာတုဗေဒဌာနဘက် ချိုးကွေ့သွားပြီ။

"ကျေးဇူးပဲ"

မြတ်ဘုန်းအောင်က မီးခြစ်ကို ပြန်ပေးတယ်။ ဟိုကောင်လှမ်းအယူမှာ လက်ချော်သွားသလိုနဲ့ မီးခြစ်ကို အောက်ပစ်ချလိုက်သေးတယ်။

"အို . . . ဆောရီး"

ဟိုကောင်လည်း မီးခြစ်ကို ကုန်းကောက်ပြီး တချိုးတည်း လစ်တာပဲ။

လိုင်ထိပ်ထားဦးက ဓာတုဗေဒ ဌာနဘေးကဖြတ်ဆင်းပြီး မြေနီလမ်းအတိုင်း ဇယ်ဘက်ကို ချိုးကွေ့ပြီးလျှောက်တယ်။ ကရာတေးသမားလည်း ခြေလှမ်းကျဲကျဲ လှမ်းပြီး လိုက်ရတယ်။ လိုင်ထိပ်ထားဦးက တော်တော်လေး လျှောက်မိလို့ အင်းလျားဘက်ထွက်ခါနီး အရောက်မှာ ဆတ်ကနဲ နောက်ပြန်လှည့်လိုက်တယ်။

"ဟိုက်"

ကရာတေးသမား မျက်လုံးပြူးသွားတယ်။ လိုင်ထိပ်ထားဦး မဟုတ်ဘဲ ဝင်းစန္ဒီဖြစ်နေလို့ဘဲ။ ဝင်းစန္ဒီက ပြန်လျှောက်လာပြီး ဟိုကောင်နဲ့ မျက်နှာချင်းဆိုင်မှာ ခါးထောက်ရပ်လိုက်တယ်။

"ရှင် ကျွန်မနောက်ကို ဘာလိုက်လုပ်တာလဲ"

ဝင်းစန္ဒီက မျက်နှာထားတင်းတင်းနဲ့ မေးတယ်။ ဟိုကောင် ကြောင်ရပ်နေရာက . . .

"ဟို . . . ဟို" ဆိုပြီး ဘာပြောရမှန်းမသိ ဖြစ်နေတယ်။

"ရှင် ကျွန်မကို နှောင့်ယှက်မလို့မဟုတ်လား၊ ကျွန်မ အော်လိုက်မယ်၊ ဒီမှာ ကယ်ကြပါဦး . . . ကျွန်မကို နှောင့်ယှက်နေတယ်" လို့ ဝင်းစန္ဒီက အော်ရော . .

"ဟာ မဟုတ်ပါဘူး . . . မဟုတ်ပါဘူး" ဆိုပြီး တချိုးတည်း ပြေးတော့တာပဲ။ ဒီတော့မှ ဝင်းစန္ဒီက ဟက်ဟက်ပက်ပက် ရယ်လိုက်တယ်။

ဖြစ်ပုံက ဒီလိုလေ။

လှိုင်ထိပ်ထားဦးနဲ့ ဝင်းစန္ဒီတို့ဟာ အိမ်သာခန်းထဲအရောက်မှာ အဝတ်အစားချင်း လဲဝတ်လိုက်ကြတယ်။ ဆံပင်ပုံစံချင်းကလည်း ခပ်ဆင်ဆင်၊ ကိုယ်လုံးကိုယ်ပေါက်ချင်းကလည်း သိပ်မကွာ၊ လှိုင်ထိပ်ထားဦးက အရပ်နည်းနည်းပိုရှည်တာပဲရှိတယ်။ ဒီတော့ ဝင်းစန္ဒီက လှိုင်ထိပ်ထားဦးရဲ့ အဝတ်အစားတွေကို ဝတ်လိုက်တဲ့အခါ နောက်နားခပ်လှမ်းလှမ်းက ကြည့်လိုက်ရင် လှိုင်ထိပ်ထားဦးမှတ်ပြီး နောက်က လိုက်လာတာပေါ့။

ဝင်းစန္ဒီက အယောင်ပြပြီး မျှားခေါ်သွားတဲ့ အချိန်ကျမှ လှိုင်ထိပ်ထားဦးက ဝင်းစန္ဒီရဲ့ အဝတ်အစားတွေနဲ့ အိမ်သာခန်းထဲကထွက်လာပြီး မြတ်ဘုန်းအောင်ရဲ့ ကားနဲ့ လိုက်သွားတာပဲလေ။

အဲဒီအချိန်မှာ ချစ်ထွတ်တင်ကိုလည်း ဆိုင်ကယ်သမား တစ်ယောက်က စောင့်ကြည့်နေတယ်။ ချစ်ထွတ်တင် အချိန်စေ့ခေါင်းလောင်းထိုးခါနီး ဆယ်မိနစ်အလိုမှာ အချိန်ကိုက်ပြီးထွက်လာတယ်။ ဆိုင်ကယ်သမားက မလှမ်းမကမ်းကနေ နောက်ယောင်ခံ လိုက်လာတယ်။

ချစ်ထွတ်တင်က ဆိုင်ကယ်ရပ်ထားတဲ့ စာကြည့်တိုက်ရှေ့ကို ခပ်သုတ်သုတ် လျှောက်သွားတယ်။ ပြီးတော့ ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးတယ်။ အရှိန်နဲ့ မောင်းထွက်တယ်။ ဟိုငနဲကလည်း ဆယ်ကိုက်လောက်အကွာကနေ မောင်းလိုက်လာတယ်။

ချစ်ထွတ်တင်က ဆိုင်ကယ်ကို အဓိပတိလမ်းပေါ် မောင်းတက်လိုက်တယ်။ ပြီးတော့မှ တစ်ပတ်ပတ်ပြီး အဝင်လမ်းက ပြန်ဝင်၊ စာကြည့်တိုက်ရှေ့မှာ ပြန်ရပ်

လိုက်တယ်။ နောက်ကကောင်လည်း ခပ်ကြောင်ကြောင်နဲ့ ချစ်ထွတ်တင်လုပ်သလို တစ်ပတ်ပတ်ပြီး စာကြည့်တိုက်ရှေ့ ပြန်ရပ်လိုက်ရတယ်။

ချစ်ထွတ်တင်ကတော့ သိပ်မှင်သေတယ်။ နောက်ယောင်ခံလိုက်နေတာကို လုံးဝမသိသလိုဘဲ။ စားသောက်ဆိုင်တန်းတွေဘက် သွားပြီး သစ်ခွရည်တစ်ခွက်ကိုမှာပြီး ခပ်အေးအေး ထိုင်သောက်နေလိုက်တယ်။ ဆိုင်ကယ်သမားလည်း တခြားဆိုင်တစ်ဆိုင်ဝင်ထိုင်ပြီး လက်ဖက်ရည်မှာသောက်တယ်။

ချစ်ထွတ်တင်က အအေးသောက်ပြီးတော့ ငွေရှင်းပြီး ထွက်လာတယ်။ ဟိုင်နဲလည်း လက်ဖက်ရည်ဖိုးရှင်းပြီး နောက်ကလိုက်လာတယ်။ စာကြည့်တိုက်ရှေ့ပြန်ရောက်တော့ ချစ်ထွတ်တင် ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးလိုက်တယ်။ ဟိုင်နဲလည်း သူဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးတယ်။ မရဘူး။ နှစ်ခါသုံးခါနှိုးလို့ မရတော့မှ စစ်ဆေးကြည့်လိုက်တော့ သူ့ဆိုင်ကယ်က ပလပ်ကြိုးကို တစ်ယောက်ယောက်က ဖြုတ်ယူထားတာ တွေ့လိုက်ရတယ်။

သူ ပြူးပြူးပျာပျာနဲ့ ချစ်ထွတ်တင်ကို ကြည့်လိုက်တော့ ချစ်ထွတ်တင်က ဆိုင်ကယ်စက်သံ တဝီးဝီးလုပ်ရင်း ပြုံးပြတယ်။ ပြီးတော့ ခပ်ငြိမ့်ငြိမ့်ကလေးပဲ မောင်းထွက်သွားတယ်။

ဟိုင်နဲ ယောင်ပြီး ချစ်ထွတ်တင်ဆိုင်ကယ်နောက်ကို ပြေးလိုက်မလို့ လုပ်သေးတယ်။ ပြီးမှ မကျေမချမ်းနဲ့ ရပ်ပြီးကျန်ခဲ့တယ်။

*

ဒေါ်ခင်ဘုန်းလှိုင် ကားပေါ်ကဆင်းပြီး ဆေးရုံကြီး အရေးပေါ်ဌာနကိုဝင်တယ်။ စိတ်ပူပြီး ကသုတ်ကရက်ထွက်လာလို့ ဘယ်ဌာနဆိုတာ မမေးခဲ့ရဘူး။ ဒါကြောင့် အရေးပေါ်ဌာနမှာ ဟိုမေးဒီမေးနဲ့ နောက်ဆုံးကျမှ ဆေးရုံမှတ်ပုံတင်ဌာနက အဖြေရလိုက်တယ်။

ဒီဆေးရုံမှာ ဦးဆင်မင်းဆိုတဲ့ နာမည်နဲ့ ဆေးရုံတက်တဲ့သူ တစ်ယောက်မှ မရှိပါဘူးတဲ့။

ဒေါ်ခင်ဘုန်းလှိုင် ရင်ထဲက ဒိန်းကနဲဖြစ်သွားတယ်။ ဘာလုပ်လို့ လုပ်ရမှန်း မသိဖြစ်နေပြီးမှ သတိရသွားပြီး အိမ်ကို ဖုန်းလှမ်းဆက်လိုက်တယ်။

ဖုန်းကိုင်တဲ့လူကတော့ သူ့ရဲ့ ချစ်လှစွာသောခင်ပွန်း ဦးဆင်မင်းကိုယ်တိုင်ပါပဲ။

ဒေါ်ခင်ဘုန်းလှိုင် သိလိုက်တယ်။ သူ တစ်ပတ်ရိုက်ခံလိုက်ရပြီ၊ ဦးဆင်မင်းကို အကျိုးအကြောင်း ပြောပြတယ်။ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွေကို အကြောင်းကြားဖို့ ပြောလိုက်တယ်။

*

အင်းလျားလမ်းထဲက ခြံဝင်းတစ်ခုမှာ ဆုံမိကြတယ်။

"ကဲ . . . သူငယ်ချင်း ငါတို့တာဝန်ကျေပါတယ်နော်" လို့ မြတ်ဘုန်းအောင်ကပြောတယ်။

ဝင်းစန္ဒီက လှိုင်ထိပ်ထားဦးကိုဖက်ပြီး . . .

"ထိပ်ထား သိပ်ပျော်နေလားဟင်"

လှိုင်ထိပ်ထားဦးက ရှက်ပြုံးလေးပြုံးပြီး . . .

"မပျော်နိုင်သေးပါဘူး စန္ဒီရယ်၊ ရင်တထိတ်ထိတ်ပဲ"

ချစ်ထွတ်တင်နဲ့ လှိုင်ထိပ်ထားဦးတို့က မော်ဘီက မြတ်ဘုန်းအောင်တို့ပိုင်တဲ့ စိုက်ပျိုးရေးခြံကို သွားကြမှာ။ မြတ်ဘုန်းအောင်က ကားနဲ့လိုက်ပို့မယ်လို့ ပြောသေးတယ်။ ကားက အရေးအကြောင်းဆိုရင် ရှောင်ရတိမ်းရခက်လို့ ချစ်ထွတ်တင်က ဆိုင်ကယ်နဲ့ပဲ သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"ချစ်ထွတ် ဟိုကျရင် ဘာမှအားမငယ်နဲ့နော်၊ ခြံစောင့်ကြီးကို ငါအကုန်မှာထားပြီးပြီ၊ မင်းတို့အတွက် အားလုံး အဆင်သင့်စီစဉ်ထားတယ်" လို့ ပြောရင်း ချစ်ထွတ်တင်ရဲ့ ပခုံးကိုပုတ်ပြီး မျက်စိမှိတ်ပြလိုက်တယ်။

ခေါင်းစွပ်တွေ စွပ်လိုက်ကြတယ်။ စက်နှိုးတယ်။

"ဂွတ်လပ်"

မြတ်ဘုန်းအောင်တို့က နှုတ်ဆက်တယ်။ ချစ်ထွတ်တင်တို့က ပြန်နှုတ်ဆက်ပြီး ဆိုင်ကယ်ကိုမောင်းထွက်ခဲ့တယ်။ လှိုင်ထိပ်ထားဦးက ဝင်းစန္ဒီရဲ့အဝတ်အစားတွေ ဝတ်ထားတုန်းပဲ။ ချစ်ထွတ်တင်ကလည်း မြတ်ဘုန်းအောင်ရဲ့ ဂျာကင်အင်္ကျီကို ဝတ်လာခဲ့တယ်။

အင်းလျားလမ်းအတိုင်း မောင်းထွက်လာခဲ့တယ်။ ဘွဲ့နှင်းသဘင်ခန်းမနောက်ဘက် အရောက်မှာ လှိုင်ထိပ်ထားဦးက . . .

"ကိုကိုချစ် နောက်မှာ ဆိုင်ကယ်နှစ်စင်း လိုက်လာတယ်" လို့ ထိတ်လန့်တကြား ပြောလိုက်တယ်။ ချစ်ထွတ်တင်က ဆိုင်ကယ်အရှိန်ကို မြှင့်တယ်။

ဟော . . . ရှေ့မှာလဲ . . .

လင်းရိဗာကားတစ်စင်းက လမ်းကိုပိတ်ပြီး ကန့်လန့်ရပ်ထားတယ်။

"ထိပ်ထား ကိုယ့်ခါးကို သေသေချာချာ ဖက်ထားနော်"

ချစ်ထွတ်တင်ကပြောပြီး ဆိုင်ကယ်ကို ညာဘက်ချိုးကွေ့လိုက်တယ်။ အရှိန်နဲ့မို့လို့ နှစ်ပေလောက်ကျယ်တဲ့ မြောင်းကလေးကို လွှားကနဲကျော်ပြီး ဟိုဘက်ကို ကျတယ်။ ဆိုင်ကယ်ကို အင်းလျားကန်ဘောင်ပေါ် ဦးတည်လိုက်တယ်။

ကန်ဘောင်ပေါ်တက်ပြီး မောင်းတယ်။ နောက်က ဆိုင်ကယ်တစ်စင်း လိုက်လာတယ်။ ကန်ဘောင်ပေါ် လိုက်တက်တယ်။ ချစ်ထွတ်တင်က ကိုက်ငါးဆယ်လောက် ဆက်မောင်းပြီးမှ ဆိုင်ကယ်ကို ပြန်ကွေ့လိုက်တယ်။

နောက်ကလိုက်လာတဲ့ ဆိုင်ကယ်ကို မျက်နှာချင်းဆိုင်တယ်။ စက်ရှိန်ကိုမြှင့်ပြီး တည့်တည့်ကြီးဝင်တိုက်တယ်။ ဟိုဆိုင်ကယ်သမားလဲ လန့်ပြီး ညာဘက်ကို ချိုးချတယ်။

သွားပြီ။ အရှိန်မထိန်းနိုင်ပဲ ကန်ဘောင်ပေါ်ကနေ လူရော ဆိုင်ကယ်ပါ လျှောပြီး ရေထဲကျသွားတယ်။ ရေက သိပ်မနက်လို့ လူကတော့ နစ်မသွားဘူး။ ကမ်းစပ်ကို လေးဘက်ထောက်ပြီး ပြန်တက်လာတယ်။ ဆိုင်ကယ်ကတော့ ရေမွန်းနေပြီ။ ချစ်ထွတ်တင်က လက်ပြပြီး ဆိုင်ကယ်ကို ပြန်ကွေ့လိုက်တယ်။

ကျန်တဲ့ဆိုင်ကယ်တစ်စင်းက ပြည်လမ်းဘက်ကပတ်ပြီး ကန်ဘောင်ပေါ် တက်လာတယ်။ ညှပ်ပူးညှပ်ပိတ် ဖမ်းမလို့ပေါ့လေ။ ဘယ်ရမလဲ။ ချစ်ထွတ်တင် က . . .

"မြဲမြဲကိုင်ထားနော်" လို့ပြောပြီး ဆိုင်ကယ်ကို ကန်ဘောင်ကနေ အောက်ကို ဆင်းတဲ့ ကွန်ကရစ်လှေကားအတိုင်း မောင်းပြီး ဆင်းလာခဲ့တယ်။ လိုက်လာတဲ့ ဆိုင်ကယ်သမား မဆင်းရဲဘူး။

ပြည်လမ်းပေါ် ရောက်လာတယ်။ အင်းလျားလမ်းက ကွေ့ထွက်လာတဲ့ လင်းရိဗာကားကို မြင်လိုက်ရတယ်။ ဒီကားကို မျက်ခြေပြတ်ရမယ်။ ဟိုဆိုင်ကယ် ကလဲ ကန်ဘောင်ပေါ်ကနေ ပြန်ပတ်လိုက်လာပြီ။

ဆိုက်ကယ်စက်ရှိန်မြှင့်တယ်။ ဝေါကနဲ ထိုးထွက်သွားတယ်။ ခါတ်တိုင်တွေ ဟိုဘက်ကဖြတ်သွားတဲ့ကားတွေ၊ လမ်းဘေးကလူတွေ ရိပ်ကနဲ ရိပ်ကနဲ ကျန်ခဲ့ တယ်။

အင်းလျားလေးနား ရောက်လာပြီ။ ရှေ့ကဂျစ်ကားတစ်စင်းကို ကျော်တက် တယ်။ လွယ်တော့မလွယ်ဘူး။ မျက်နှာချင်းဆိုင်ကလဲ ကားတစ်စင်း လာနေ တယ်။ လမ်းကလဲ အကွေ့ကြီး။ ဂျစ်ကားကို ကျော်တက်ပြီးတော့ မျက်နှာချင်း ဆိုင်က ကားကိုရှောင်ဖို့ လမ်းမှန်ကို ပြန်တက်တယ်။ တစ်ပြိုင်နက်တည်းမှာ ကွေ့လဲ ကွေ့ရသေးတယ်

အဲဒီအခိုက် လုံးဝမမျှော်လင့်တဲ့ အန္တရာယ်။ လမ်းပေါ်မှာအိုင်နေတဲ့ အင်ဂျင် ဝိုင်ကွက်ကြီး။

နင်းမိတာနဲ့ ဘီးကချော်ထွက်သွားတယ်။ ဆိုင်ကယ်က ယမ်းပြီး လျှောထွက် သွားတယ်။ သိပ်သတိကောင်းလွန်းလို့သာ လမ်းဘေးက ကွန်ကရိတိုင်တွေနဲ့ ဝင်မဆောင့်တာ။

သို့ပေမယ့် . . .

"ထိပ်ထား . . . သတိထား"

ဆိုင်ကယ်က ကွန်ကရိတိုင်တွေကြားက သီသီကလေး ထွက်ပြီး လေထဲ မြောက်တက်သွားတယ်။ အောက်မှာ ပေနှစ်ဆယ်လောက်နက်ရှိုင်းတဲ့ ချိုင့်ကြီး။

လှိုင်ထိပ်ထားဦးရဲ့ စူးစူးဝါးဝါး အော်လိုက်တဲ့အသံ။ ပြီးတော့ မြေပြင်ပေါ်ကိုတရှိန်ထိုး။

မှောင်သွားတယ်။

*

ချစ်ထွတ်တင် ပြန်သတိရလာတယ်။ မွေ့ရာတစ်ခုပေါ်မှာ လှဲနေတယ်လို့ သိလိုက်တယ်။ ဆေးရုံပေါ်မှာ ဖြစ်လိမ့်မယ်။ တစ်ကိုယ်လုံး နာကျင်နေတယ်။ ညာဘက်လက်ကို လှုပ်ကြည့်တယ်။ ရတယ်၊ မဆိုးဘူး။ ဗယ်ဘက်လက်ကို လှုပ်ကြည့်တယ်။ စူးကနဲ နာသွားတယ်။

"ဟော . . . သားလေး သတိရပြီထင်တယ်"

မေမေ့အသံ ကြားရတယ်။ မျက်စိဖွင့်ကြည့်တယ်။ အစတော့ ဝါးနေတယ်။ နောက် တဖြည်းဖြည်း ကြည်လင်လာတယ်၊ စိုးရိမ်တကြီး ကြည့်နေတဲ့ မေမေ့မျက်နှာ။ ပြီးတော့ တည်တည်ငြိမ်ငြိမ်ပဲ ရှိနေတဲ့ ဖေဖေ။

"သား၊ သားလေး သတိရပြီနော်"

မေမေကမေးတယ်။ ချစ်ထွတ်တင်က ခေါင်းညိတ်ပြပြီး . . .

"ကျွန်တော် ဘာတွေဖြစ်သွားသေးလဲ"

ဖေဖေက . . .

"သိပ်ကြီးကြီးကျယ်ကျယ် မထိပါဘူးကွာ၊ ဟဲလ်မက်နဲ့ဆိုတော့ ခေါင်းကို မထိဘူးပေါ့၊ ကြီးကြီးမားမားဆိုလို့ ဘယ်ဘက်လက် အဆစ်လွဲသွားတာလောက်ပါပဲ၊ ကျန်တာကတော့ ပွန်းတာပဲ့တာလောက်ပေါ့ သားရယ်"

"လှိုင်ထိပ်ထားဦးရော ဘာဖြစ်သွားသေးလဲ"

"ကလေးမက သိပ်ကံကောင်းတယ်ကွ၊ ဆိုင်ကယ်ပေါ်ကနေ လွင့်ထွက်သွားတာ ရေအိုင်ထဲကျသွားလို့ ဘာမှမဖြစ်သလောက်ပဲ"

"တော်သေးတာပေါ့၊ သူတို့က ကျွန်တော့်ကို အမှုဖွင့်သေးလား"

"အစကတော့ ရဲစခန်းတိုင်ထားတာပဲ၊ ခုတော့ သူတို့လည်း သူတို့သမီး ပြန်ရသွားတော့ တိုင်ချက်ကို ရုပ်သိမ်းသွားပါပြီ"

"ဩော် . . . ထိပ်ထားက သူ့အိမ်ပြန်ရောက်သွားပြီကို"

မေမေက ချစ်ထွတ်တင်ရဲ့ရင်ဘတ်ပေါ် လက်တင်ပြီး . . .

"အဲဒီအတွက် ဘာမှမပူပါနဲ့သားရယ်၊ မေမေတို့ သားဆန္ဒအတိုင်း ဖြစ်အောင် အပြင်းအထန် ကြိုးစားပါ့မယ်"

"ဒီကိစ္စအတွက် ဖေဖေ့တာဝန်ထားပါကွာ" လို့ ဖေဖေကလည်း ပြောတယ်။

*

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**

လှိုင်ထိပ်ထားဦး အိပ်ရာပေါ်မှာ လှဲနေတယ်။ ဖြစ်ခဲ့တဲ့ကိစ္စက လေးရက်ကြာခဲ့ပြီဖြစ်ပေမယ့် ခုထိ အကြောက်မပြေသေးဘူး။ ကံကောင်းထောက်မလို့ ဘာမှတော့ ဒဏ်ရာကြီးကြီးကျယ်ကျယ်မရခဲ့ဘူး။ နည်းနည်း ပွန်းပွဲ့သွားတာလောက်ပဲ။ သို့ပေမယ့် ခုလို မတော်တဆဖြစ်မှုမျိုး တစ်သက်လုံး မကြုံခဲ့ဘူးတော့ စိတ်ထဲမှာ သိပ်ထိခိုက်ရတယ်။

ညဆိုရင် အိပ်မပျော်ဘူး။ မှေးကနဲဖြစ်သွားရင်လည်း ဆိုင်ကယ်ပေါ်က လွင့်စဉ်ကျတဲ့ အိပ်မက်ကိုမက်ပြီး လန့်အော်မိတယ်။

နေရထိုင်ရတာ လန်းလန်းဆန်းဆန်းမရှိဘူး။ မောမောနေတယ်။ အားလည်း သိပ်ငယ်တာပဲ။

အဲဒီ ပြဿနာ ဖြစ်ပြီးကတည်းက လှိုင်ထိပ်ထားဦး အိမ်ထဲက အိမ်ပြင်ထွက်ခွင့် မရဘူး။ အင်းလေ . . . ထွက်နိုင်တဲ့ အင်အားလည်း မရှိပါဘူး။ တယ်လီဖုန်းလဲ ဆက်ခွင့်မရဘူး။ အိပ်ခန်းထဲမှာထားတဲ့ တယ်လီဖုန်းတစ်လုံးကိုလည်း ဖြုတ်ထားလိုက်ကြပြီ။

ကိုကိုချစ် သူဘာဖြစ်သွားသေးလဲ။ ဒဏ်ရာကြီးကြီးကျယ်ကျယ်များ ရသွားသေးလား။ သူ့ကို ဖမ်းထားကြပြီလားလို့လဲ စိုးရိမ်ခဲ့ရတယ်။ မခါက သူကြားရထားတဲ့သတင်းတွေ ပြန်ပြောပြမှ သိရတယ်။

ချစ်ထွတ်တင် ဆေးရုံပေါ်ရောက်နေတယ်။ ဒဏ်ရာရသွားပေမယ့် စိုးရိမ်စရာ မရှိဘူးဆိုလို့ စိတ်နည်းနည်းအေးရတယ်။

သို့ပေမယ့် ကိုကိုချစ်နဲ့တော့ နောက်ထပ် ပြန်တွေ့ရတော့မှာ မဟုတ်ဘူးထင်ပါရဲ့။ ဖေဖေတို့ မယ်မယ်တို့က ကိုကိုကြီးနဲ့ စေ့စပ်ဖို့ အမြန်ဆုံး စီစဉ်ကြတော့မှာပါ။ ကိုကိုကြီးက မနက်ဖြန်ဆို ပြန်ရောက်ပြီ။ ချစ်ထွတ်တင် ဆေးရုံက မဆင်းနိုင်ခင်မှာ စေ့စပ်ပွဲကို လုပ်ဖြစ်အောင်လုပ်မှာလား မသိ။ ကိုကိုချစ်သာ ဒဏ်ရာအနာတရဖြစ်မနေဘူးဆိုရင် မဖြစ် ဖြစ်တဲ့နည်းနဲ့ လာခေါ်လှည့်မှာပဲ။

ခုတော့ . . .

တွေးရင်းက ဝမ်းနည်းပြီး မျက်ရည်တွေကျလာတယ်။

"ထိပ်ထားလေး၊ ထိပ်ထားလေး" လို့ခေါ်ပြီး မခါ အခန်းထဲ ပြေးဝင်လာတယ်။

"ဟင် . . . ဘာဖြစ်လဲဘာဖြစ်လို့လဲ၊ အထိတ်တလန့်နဲ့ မခါရယ်၊ ထိပ်ထားနေမကောင်းဘူးဆိုတာလည်း သိရဲ့သားနဲ့"

လှိုင်ထိပ်ထားဦးက ရင်ကလေးဖိပြီး ပြောတယ်။

"သတင်းထူးတစ်ခု ပြောချင်လို့ပါ ထိပ်ထားရဲ့"

"ဘာသတင်းလဲ ပြောစမ်းပါမြန်မြန်"

"အောက်မှာလေ ဧည့်သည်တွေရောက်နေတယ်"

"ဘယ်သူတွေလဲ"

"ကိုချစ်ထွတ်တင်ရဲ့ အဖေနဲ့အမေလေ"

"ဟင် . . . ဟုတ်လား"

လှိုင်ထိပ်ထားဦး လှဲနေရာက ထထိုင်တယ်။ မခါက တွဲထူပေးလိုက်ပြီးမှ . .

"ထိပ်ထားလေးသွားလို့ ဘယ်ဖြစ်မလဲ၊ အေးအေးဆေးဆေး လှဲနေပါ။ မခါ မယောင်မလည်နဲ့ သွားနားထောင်ပြီး သူတို့ပြောသမျှ ထိပ်ထားကို အကုန်ပြန်ပြောပါ့မယ်"

"ဒါဆိုသွား၊ မြန်မြန်သွား မခါ"

မခါထွက်သွားတော့မှ အိပ်ရာပေါ် ပြန်လှဲလိုက်တယ်။

လူကြီးတွေ ဘာများပြောကြမှာပါလိမ့်။ ဖေဖေတို့ မယ်မယ်တို့ကတော့ အပြတ်ငြင်းလွှတ်လိုက်မှာပဲ ထင်ပါရဲ့။

ဧည့်ခန်းထဲမှာတော့ နှစ်ဘက်မိဘတွေ မျက်နှာချင်းဆိုင်မိကြပြီ။

ချစ်ထွတ်တင်ရဲ့အဖေ ဦးဝေလက အရပ်မြင့်မြင့် သန်သန်မာမာရှိတုန်း။ အမေ ဒေါ်တင်တင်ကြီးကတော့ နည်းနည်းဖိုင့်စပြုပြီ။ မျက်နှာကတော့ ကျက်သရေရှိရှိ လှတုန်း။

လှိုင်ထိပ်ထားဦးရဲ့အဖေ ဦးဆင်မင်းကတော့ တော်တော်ဝနေပြီ။ အမေ ဒေါ်ခင်ဘုန်းလှိုင်က ခပ်သွယ်သွယ်၊ မိန်းမတွေအနေနဲ့ဆိုရင် အရပ်မြင့်တယ်လို့ ဆိုရမယ်။ ထူးခြားတဲ့ ရုပ်ရည်ရှိတယ်။

အမျိုးသမီးကြီးနှစ်ယောက် ဝတ်ထားတဲ့စိန်ထည်တွေကလည်း အချင်းချင်း စူးစူးစိုက်စိုက် ကြည့်နေသယောင် ဝင်းကနဲ၊ လက်ကနဲ။ ဦးဝေလက စကားစတယ်။

"ကျွန်တော်တို့ ဒီနေ့လာကြတဲ့ ကိစ္စကတော့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအတွက် တောင်းပန်ဖို့ပါပဲ"

ဒေါ်တင်တင်ကြီးက ထောက်ခံတဲ့အနေနဲ့ ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ရဲ့သားက ဟောဒီလူကြီးမင်းများအပေါ် အမှားပြုခဲ့တာများရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါရစေ"

ဦးဆင်မင်းရဲ့ စိတ်ထဲမှာ 'အင်း . . . ပြောပုံဆိုပုံကတော့ အထက်တန်းကျသားပဲ' လို့တွေးမိပြီး တစ်ခုခုပြောမယ်အလုပ်မှာ ဒေါ်ခင်ဘုန်းလှိုင်က ဖြတ်ပြီး . .

"လူကြီးလူကောင်းပီပီ တောင်းပန်တယ်ဆိုရင်တော့ ကျေနပ်ရမှာပေါ့လေ" လို့ လေသံမှန်မှန်နဲ့ ပြောလိုက်တယ်။

မခါက အအေးဖန်ခွက်တွေကို ရွှေရေး ယွန်းလင်ဗန်းပေါ်တင်ပြီး ယူလာတယ်။

"ကဲ သုံးဆောင်လိုက်ကြပါဦး"

ဦးဆင်မင်းကပြောတယ်။ ဦးဝေလက အအေးဖန်ခွက်ကိုယူပြီး တစ်ငုံ ငုံလိုက်တယ်။ ပြီးတော့ . . .

"ဒါဆို ကျွန်တော်တို့အနေနဲ့ သားရေးသမီးရေး ကိစ္စများကို ဆက်ပြီး ဆွေးနွေးခွင့် ရှိပါသလားခင်ဗျာ"

ဒေါ်ခင်ဘုန်းလှိုင်က . . .

"ဒီလိုရှိပါတယ်ရှင်၊ ပြောရမှာလဲ အများကြီးပဲ အားနာပါတယ်၊ ကျွန်မတို့မှာ သမီးအတွက် နေရာချထားပေးဖို့ စီစဉ်ပြီးသား ဖြစ်နေပါပြီ၊ ဦးဝေလတို့ နောက်ကျသွားတဲ့အတွက် အများကြီးပဲ ဝမ်းနည်းပါတယ်"

ဒေါ်ခင်ဘုန်းလှိုင်ရဲ့ လေသံနဲ့ စကားလုံးတွေက ယဉ်ကျေးဖွယ်ရာပေမယ့် မျက်နှာကတော့ တင်းမာနေတယ်။ ဟုတ်တာပေါ့လေ၊ ကိုယ့်ကို တစ်ပတ်ရိုက်ပြီး ကိုယ့်သမီးကို ခိုးပြေးတဲ့လူရဲ့ အဖေနဲ့အမေကို လက်ခံတွေ့ဆုံရတာ မဟုတ်လား။ သို့ပေမယ့် လူကြီးလူကောင်းပီပီ ဟန်တော့ ကောင်းရမှာပေါ့။

"ကျွန်မထပ်ပြီး တောင်ပန်းပါရစေရှင်၊ ကလေးများကလည်း ခေတ်ကာလ သားသမီးတွေဆိုတော့ မဆင်မခြင် လုပ်မိတာလေးတွေ ရှိတာပေါ့။ ကျွန်မတို့ လူကြီးတွေက ဒါကို ထိန်းကျောင်းတည့်မတ်ပေးမယ်ဆိုရင် အဆင်ပြေသွားနိုင်မယ် ထင်ပါတယ်။ နောက်ပြီး ကလေးချင်းကလဲ မေတ္တာမျှနေပြီးသားဆိုတော့ . . .

ဒေါ်တင်တင်ကြီးကပြောတယ်။

ဒေါ်ခင်ဘုန်းလှိုင်က . . .

"အားနာနာနဲ့ပဲ ပြောရတော့မှာပဲ၊ ကျွန်မတို့က မျိုးရိုးဂုဏ်သိက္ခာကို အလွန်ပဲထိန်းသိမ်းရတဲ့ အစဉ်အလာရှိပါတယ်။ ဒါကြောင့် သမီးကို နေရာချထားပေးရာမှာလည်း မျိုးရိုးအစဉ်အလာကို သတိထားပြီး ထည့်သွင်းစဉ်းစားရပါတယ်"

ဒေါ်ခင်ဘုန်းလှိုင်ရဲ့ စကားဟာ ဦးဝေလတို့ကို စတင် တိုက်ခိုက်တာပဲ။ ဦးဝေလတို့မျက်နှာ ကွက်ကနဲ ပျက်သွားလိမ့်မယ်လို့ ထင်လိုက်တယ်။ သို့ပေမယ့် ဦးဝေလက ခပ်ပြုံးပြုံးပဲ . . .

"ကျွန်တော်တို့ဟာလည်း မျိုးရိုး အညံ့အဖျင်းထဲက မဟုတ်ဘူးဆိုတာ သိစေအပ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာဆိုရင် ဟံသာဝတီ ဘုရင်မင်းမြတ်ဖြစ်တဲ့ သုရှင်တကာရွတ်ပိရဲ့ မိဖုရားတစ်ပါးက ဆင်းသက်လာတဲ့ မျိုးရိုးဖြစ်ပါတယ် ခင်ဗျာ"

ဒေါ်ခင်ဘုန်းလှိုင် နည်းနည်းလေး တွေသွားတယ်။ ဦးဝေလက . . .

“ကျွန်တော်တို့အနေနဲ့ အထောက်အထားတစ်ခု တင်ပြပါရစေ” ဆိုပြီး တိုက်ပုံအင်္ကျီအိတ်ထဲက ရွှေနဲ့လုပ်ထားတဲ့ ဗူးကလေးတစ်ဗူးကို ထုတ်လိုက်တယ်။

ဒီအိမ်မှာ ဘယ်သူဩဇာ အကြီးဆုံးလဲဆိုတာ သိနေပြီ။ ဒါကြောင့် ဒေါ်ခင်ဘုန်းလှိုင်ကို ဗူးလေးကမ်းပေးလိုက်တယ်။

ဒေါ်ခင်ဘုန်းလှိုင်က ဗူးကလေးကိုယူတယ်။ ဖွင့်ကြည့်လိုက်တယ်။ အထဲမှာ ပတ္တမြားလက်စွပ်တစ်ကွင်း။

ဦးဝေလက . . .

“အဲဒီ လက်ဝတ်တော်ဟာ ကျွန်တော်တို့ရဲ့ ပထမမျိုးဆက်ဖြစ်တဲ့ ကျွန်တော့် အဘိုးရဲ့ ဘွားတော်ကြီးကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ချီးမြှင့် ပေးသနားခဲ့တဲ့ လက်ဝတ်တော်ပါပဲ ခင်ဗျာ”

လက်စွပ်မှာတပ်ထားတဲ့ ပတ္တမြားကြီးဟာ မာကျောတဲ့အရာတစ်ခုလို့တောင် မထင်ရဘူး၊ သွေးစက်တစ်စက်လို ရဲပြီး အရည်လဲ့နေတယ်။ ပတ္တမြားရဲ့ အရောင်ဟာ ဒေါ်ခင်ဘုန်းလှိုင်ရဲ့ မျက်လုံးတွေမှာတောင် ထင်ဟပ်နေတယ်။ ဦးဝေလက . . .

“ဒီလက်ဝတ်တော်ကို ကျွန်တော်တို့ ဆွေစဉ်မျိုးဆက် ထိန်းသိမ်းခဲ့တာပါ ခင်ဗျာ၊ တကယ်လို့ ဦးဆင်မင်းတို့ ဒေါ်ခင်ဘုန်းလှိုင်တို့ လက်ခံမယ်ဆိုရင် အဲဒီ လက်ဝတ်တော်ကို တင်တောင်းပါရစေ”

ဒေါ်ခင်ဘုန်းလှိုင်က ဦးဆင်မင်းကို ဖြတ်ကနဲ တစ်ချက်ကြည့်လိုက်တယ်။ ဦးဆင်မင်းက ဒေါ်ခင်ဘုန်းလှိုင်ကို မကြည့်ဘူး။ ပတ္တမြားလက်စွပ်ကိုပဲ ငေးစိုက်ကြည့်နေတယ်။

*

"ကိုယ် စိတ်မကောင်းပါဘူး" လို့ ဦးမောင်မောင်ကိုကြီးက သုံးကြိမ်မြောက် ထပ်ပြောတယ်။

ချစ်ထွတ်တင်ဆီကို ဦးမောင်မောင်ကိုကြီး လာတွေ့တော့ ချစ်ထွတ်တင် အံ့သြသလို ဖြစ်သွားသေးတယ်။ ပြီးမှ တစ်ခုခု အပေးအယူလုပ်ဖို့လာတာ ဖြစ်မှာ ပဲလို့ တွက်လိုက်တယ်။

"ကိုယ် နိုင်ငံခြားက ပြန်ရောက်ရောက်ချင်း ဒီသတင်းကို ကြားရတာပဲ ကြားကြားချင်း ကိုယ်အရမ်း အံ့သြတုန်လှုပ်သွားရပါတယ်။ စိတ်မကောင်းခြင်း ကြီးစွာလည်း ဖြစ်ရပါတယ်။ စိတ်မကောင်း ဖြစ်ရတယ်ဆိုတာက တခြား အကြောင်းမဟုတ်ပါဘူး၊ ကိုချစ်ထွတ်တင် ခုလို အနာတရ ဖြစ်ရတဲ့အတွက်ပါပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ" လို့ ချစ်ထွတ်တင်က ပြောတယ်။

"ကိုချစ်ထွတ်တင်ရဲ့ ဒဏ်ရာတွေက ဘယ်လိုနေသေးလဲ"

"ကောင်းသလောက် ရှိနေပါပြီ။ တစ်ရက်၊ နှစ်ရက်နေရင် ဆေးရုံက ဆင်းရ တော့မှာပါ"

ဒီလူကြီး ဘာကြောင့်လာတာလဲ။ မဆိုင်တာတွေ လျှောက်ပြောနေတယ်။ သူပြောချင်တာကို မပြောသေးဘဲ နေနေတာ သိသာတယ်။ ဒါကြောင့် . . .

"ဦးမောင်မောင်ကိုကြီးမှာ ကျွန်တော့်ကို ပြောဖို့ကိစ္စ အထွေအထူးများရှိသေး လား" လို့ ဖွင့်မေးလိုက်ရတော့တယ်။

ဦးမောင်မောင်ကိုကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"ဟုတ်ပါတယ်၊ ကိုယ့်မှာ ပြောစရာတစ်ခု ရှိပါတယ်" ဆိုပြီး မပြောသေးဘဲ တွေးနေပြန်တယ်။ ပြီးမှ . . .

"ကိုယ်ဟာ ကိုချစ်ထွတ်တင်နဲ့ ထားလေးတို့ကြားမှာ အနှောင့်အယှက်ပေးတဲ့ လူကြမ်းကြီးတစ်ယောက်များ ဖြစ်နေပြီလား" လို့ ပြောတယ်။

လူကြမ်းကြီးမဟုတ်ဘဲ မင်းသားဖြစ်ချင်ရင် အလွမ်းဇာတ်ကလေး ခင်းလိုက် ပါလားလို့ ချစ်ထွတ်တင် စိတ်ထဲက ပြောတယ်။ ပါးစပ်ကတော့ . . .

"ကျွန်တော် ဒီလိုမယူဆပါဘူး" လို့ဘဲ ပြန်ပြောလိုက်တယ်။

ဦးမောင်မောင်ကိုကြီး ငိုင်နေပြန်တယ်။ သက်ပြင်းချပြန်တယ်။

"ဒီပြဿနာကို ဖြေရှင်းဖို့ ကိုယ့်အနေနဲ့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချမှတ်ဖို့ လိုအပ်နေပြီထင်တယ်"

ချစ်ထွတ်တင်ဦးနှောက် အလုပ်များသွားတယ်။ ဖြစ်နိုင်ချေကို ခန့်မှန်းတယ်။ အဖြေထုတ်တယ်။ ပြီးတော့ . . .

"ဦးမောင်မောင်ကိုကြီးရဲ့ အဆုံးအဖြတ်ကို ကျွန်တော် နာခံဖို့အသင့်ပါပဲ" လို့ ရိုသေကျိုးနွံတဲ့လေသံနဲ့ ပြောတယ်။

ဦးမောင်မောင်ကိုကြီးဟာ အပြင်ကို အကြာကြီးကြာအောင် ငေးကြည့်နေပြီး

"ကိုယ်နောက်ဆုတ်ပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ" လို့ တုန်ခါလှိုက်မောတဲ့အသံနဲ့ ပြောတယ်။

ဆက်ပြီး . . .

"တကယ်တော့ ချစ်တဲ့သူချင်း ပေါင်းဖက်ကြတာဟာ အသင့်လျော်ဆုံးအမှန်ကန်ဆုံးပါ၊ ချစ်သူနှစ်ဦးအတွက် ကိုယ်အနစ်နာခံလိုက်ပါတော့မယ်"

ဦးမောင်မောင်ကိုကြီးက တိုက်ပုံအင်္ကျီအိတ်ထဲက ဘူးကလေးတစ်ဘူးကို ထုတ်တယ်။ ရွှန်းဆွန်း ဓာတ်ငွေ့မီးခြစ်ကလေး။ ချစ်ထွတ်တင်ကို လှမ်းပေးပြီး . .

"အစကတော့ ကိုချစ်ထွတ်တင်ကို လက်ဆောင်ပေးဖို့။ ခုတော့ ဒါကို ကိုယ့်ရဲ့ မင်္ဂလာလက်ဆောင်အဖြစ် ပြောင်းလဲပေးအပ်ခဲ့ပါတယ်"

ဦးမောင်မောင်ကိုကြီး မတ်တပ်ရပ်လိုက်တယ်။

"ကိုယ်သွားတော့မယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ" လို့ပြောတယ်။

ပြီးတော့ မသွားအားသေးဘူး။ ခဏ စဉ်းစားနေပြီးမှ . . .

"ငါ့ညီနဲ့ ထားလေးတို့ အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းဖက်ကြရပါစေလို့ ကိုယ်ဆုတောင်းခဲ့ပါတယ်ကွာ" လို့ပြောပြီး ချစ်ထွတ်တင်ကို လက်ကမ်းပေးတယ်။ ချစ်ထွတ်တင်က ဦးမောင်မောင်ကိုကြီးရဲ့ လက်ကိုဆုပ်ကိုင်ပြီး လှုပ်ယမ်းနှုတ်ဆက်လိုက်တယ်။ ဦးမောင်မောင်ကိုကြီးက ချစ်ထွတ်တင်ကို ရီဝေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်ရင်း အားယူပြီး ပြုံးပြတယ်။ ပြီးတော့ ချာကနဲ လှည့်ထွက်သွားတယ်။

ချစ်ထွတ်တင် ပြုံးမိတယ်။ ဒီလူကြီး ဒီစကားမျိုးတွေ ပြောလိမ့်မယ်လို့ ထင်သားပဲ။ သူတို့လို လူကြီးမျိုးတွေက မေတ္တာဆိုတာ စွန့်လွှတ်ခြင်းလို့ ခံယူထားကြတယ်မဟုတ်လား။ ပြီးတော့ အချစ်အတွက် အနစ်နာခံရတဲ့ အလုပ်မျိုးကို သိပ်ဝါသနာပါကြတာ။ ခုလို စွန့်လွှတ် အနစ်နာခံလိုက်ရတဲ့အတွက် သူ့တစ်သက်လုံး ဂုဏ်ယူလို့ဆုံးမှာ မဟုတ်တော့ဘူး။ ရယ်ရတယ်နော်။

*

**This eBook is for the use of anyone anywhere at no cost. Commercial use of this book will be at your OWN RISK!**

"ကိုကိုချစ်"

လှိုင်ထိပ်ထားဦးက ခုတင်နားကို အပြေးကလေး လာတယ်။

"ကိုကိုချစ်ရယ်"

ချစ်ထွတ်တင်ရဲ့ လက်ကို ဆုပ်ကိုင်ပြီး မျက်ရည်တွေကျလာတယ်။

"အို . . . ထိပ်ထား ဘာဖြစ်လို့ငိုရတာလဲ၊ ကိုကိုချစ်လည်း နေကောင်းနေပြီပဲကွယ်"

"ဝမ်းနည်းလို့ ငိုတာ မဟုတ်ပါဘူး ဝမ်းသာလို့ပါ"

"ဝမ်းသာတယ် ဟုတ်လား"

"ဟုတ်တယ်ကိုကိုချစ်၊ အဲဒီသတင်းကို ပြောပြချင်လို့ ထိပ်ထားကိုယ်တိုင်လာခဲ့တာပါ။ မယ်မယ်တို့ကလေ ထိပ်ထားကို ကိုကိုချစ်နဲ့ သဘောတူလိုက်ပြီတဲ့ သိလား"

"ဟာ၊ ဝမ်းသာလိုက်တာ ထိပ်ထားရယ်"

ချစ်ထွတ်တင်က လှိုင်ထိပ်ထားဦးရဲ့ လက်မောင်းကလေးကိုကိုင်ပြီး မျက်နှာချင်းကပ်သွားအောင် ဆွဲယူလိုက်တယ်။

"ဟင် . . . ကိုကိုချစ်နော်၊ ဆေးရုံပေါ်မှာ" လို့ပြောပြီး ကိုယ်ကို ပြန်ခွာလိုက်တယ်။ နောက် ချစ်စရာကောင်းလောက်အောင် ပြုံးပြီး . . .

"နောင်များကျမှနော်" လို့ပြောတယ်။

ချစ်ထွတ်တင်က လက်ခုံကလေးကိုပဲ ယူနမ်းလိုက်ရတယ်။

အဲ့ဒီအချိန်မှာ . . .

"ဟေး . . . ခုထိလွမ်းလို့မပြီးသေးဘူးလား" ဆိုတဲ့ အသံနဲ့အတူ မြတ်ဘုန်းအောင်နဲ့ ဝင်းစန္ဒီတို့ ရောက်လာတယ်။

မြတ်ဘုန်းအောင်က ချစ်ထွတ်တင်ကို . . .

"သူငယ်ချင်း၊ မင်း လူကြီးတွေကို ပြစ်မှားလို့ ဝဋ်လည်တာကွ" လို့ပြောတယ်။

"ဘာဖြစ်လို့လဲ"

"မင်းက လှိုင်ထိပ်ထားဦးတို့အဖေ ဆေးရုံတင်ထားရတယ် ဘာညာနဲ့ ညာခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ခု မင်း ဆေးရုံတက်ရတာ"

"အေး ဟုတ်တယ်ကွ၊ ခုတော့ ပြီးသွားပါပြီကွာ၊ မင်းတို့ကို ဝမ်းသာစရာ ပြောရဦးမယ်။ ငါတို့နှစ်ယောက်ကို လူကြီးတွေက သဘောတူလိုက်ပြီ"

"ဟာ၊ ဟုတ်လား"

မြတ်ဘုန်းအောင်က ချစ်ထွတ်တင်ကို လက်ဆွဲနှုတ်ဆက်ပြီး . . .

"ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း"

ဝင်းစန္ဒီကလည်း လှိုင်ထိပ်ထားဦးကို ဖက်လိုက်တယ်။ ပြီးတော့ . . .

"ဟင်၊ ထိပ်ထား မျက်ရည်တွေနဲ့ပါလား"

"သြော်၊ မျက်စိထဲ ပိုးကောင်ဝင်သွားလို့ထင်ပါရဲ့" လို့ ချစ်ထွတ်တင်က ဝင်ပြောတယ်။

လှိုင်ထိပ်ထားဦးက . . .

"ကိုကိုနော်" ဆိုပြီး ချစ်ထွတ်တင်ရဲ့ ရင်ဘတ်ကို ထုမယ်လုပ်ပြီးမှ . . .

"ဟင်း သူနာသွားမှာစိုးလို့" လို့ မျက်စောင်းကလေးထိုးပြီး ပြောလိုက်တယ်။

*

စေ့စပ်ကြောင်းလမ်းပွဲကို စထရင်းဟိုတယ်မှာ လုပ်မယ်။ မင်္ဂလာဧည့်ခံပွဲကို အင်းလျားကန် ဟိုတယ်မှာ လုပ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။

ပြဿနာ တစ်ခုပဲရှိတယ်။ လက်ထပ်ပြီးရင် ဘယ်အိမ်မှာနေကြမလဲဆိုတာ။ တစ်ဦးတည်းသော သားနဲ့ တစ်ဦးတည်းသော သမီးဆိုတော့ နှစ်ဖက်စလုံးက သူတို့အိမ်တွေမှာ နေစေချင်ကြတယ်။ နောက်ဆုံး တစ်အိမ်မှာ တစ်လ၊ တစ်လှည့်စီ နေဖို့ သဘောတူလိုက်ကြတယ်။

သူတို့အားလုံး ပျော်ရွှင်နေကြတာပေါ့။

*

နောက်လေးနှစ်ခန့် ကြာသောအခါ အောင်စိုးနှင့်အေးအေးဝင်းတို့ လက်ထပ်ဖြစ်ကြသည်။ မင်္ဂလာဆောင်ကို အေးအေးဝင်းတို့အိမ်မှာ ပြုလုပ်သည်။ ဧည့်သည်များကို ရေခဲမုန့် ကျွေးသည်။

အေးအေးဝင်းက အောင်စိုးတို့အိမ်မှာ လိုက်နေသည်။ အေးအေးဝင်းက မူလတန်းပြ ဆရာမကလေး ဖြစ်သွားသည်။ အောင်စိုးသည် စက်ဘီးပြင်ဆိုင်ကို တိုးချဲ့၍ အပိုပစ္စည်းရောင်းသော ကုန်စုံဆိုင်ကလေး ဖွင့်နိုင်လာသည်။ အေးအေးဝင်းတို့ မိဘများကို တစ်လငါးဆယ် ထောက်ပံ့ကြသည်။

သူတို့လည်း ပျော်တော့ ပျော်ကြပါသည်။

မင်းလူ
၂-၄-၈၆

**This eBook is for the use of anyone anywhere at no cost.**
**Commercial use of this book will be at your OWN RISK!**


www.myanmarcupid.net